စာပေဗိမာန် စာမူဆုရ

www.burmeseclassic.com

# ဝေဝေ မောင်စိန်ထွေး

## ဦးနှောက်တစ်လုံး၊ လက်တစ်ဖက်၊ မျက်စိတစ်လုံး ဘဝခရီးအဆက်

ZAW GRAPHIC DESIGN : KYAW MINN MOUNG



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့်ဖွဲ့စည်းပုံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသား၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

မိခင်သို့ . . .

မိမိလူဖြစ်လာသည့် ကာလမှ ယခုလက်ရှိအချိန်အထိ ရင်အုပ်မကွာ အခါမလပ် ပြုစုစောင့်ရှောက်လာခဲ့ရှာသော အသက်ရွယ်ရှစ်ဆယ်နှင့်ရှစ်နှစ်ရှိ ယနေ့တိုင် ကျန်းမာလျက်ရှိသည့် မိခင်အား ထူးခြား... မွန်မြတ်... သန့်စင်... သိမ်မွေ့... နူးညံ့... လေးနက်သော ဤအနုပညာပစ္စည်း တစ်ရပ်ဖြင့် ရိုသေစွာ ပူဇော်ကန်တော့ပါ၏

မောင်စိန်ထွေး

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာရေးသူ၏အမှာ | |
| ၁။ | မမျှော်လင့်ခဲ့သည့် ဘဝအကြောင်းတရားများ | ၁ |
| ၂။ | လောကဓံမုန်တိုင်းနှင့် ကျွန်တော်တို့မိသားစု | ၈ |
| ၃။ | တစ်နှစ်အတွင်း လူ့လောကကို စွန့်ခွာရတော့မည့် ဖေဖေ | ၁၃ |
| ၄။ | စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပေါ်လာခြင်း | ၂၉ |
| ၅။ | ဖွဲ့သတ္တိတန်ခိုးပေးလေသူ | ၅၈ |
| ၆။ | အပြင်လောကနှင့်ကျွန်တော် | ၇၃ |
| ၇။ | ရေအလှူပေးခြင်း | ၈၃ |
| ၈။ | တက်ရောက်ခဲ့ဖူးသည့်တစ်ခုတည်းသော မင်္ဂလာဧည့်ခံပွဲ | ၉၅ |
| ၉။ | ကျွန်တော့်ဘဝထဲသို့ ဝင်ရောက်လာသော မိန်းကလေး | ၁၀၂ |
| ၁၀။ | လမ်းမလျှောက်နိုင်သူ၏ခရီးကြမ်းများ | ၁၀၈ |
| ၁၁။ | စည်ကားနေသောကျွန်တော်တို့အိမ်ကြီး | ၁၁၆ |
| ၁၂။ | ကျွန်တော့်မျက်စိဒုက္ခပေးလေပြီ | ၁၂၄ |
| ၁၃။ | မျက်စိနှစ်ဆယ့်ငါးလုံးအလင်းရလေအောင် | ၁၆၁ |
| ၁၄။ | ရက်စက်သောကံကြမ္မာ | ၁၆[illegible] |
| ၁၅။ | အဖေ့ကိုချစ်တဲ့သမီး | [illegible] |
| ၁၆။ | ဘဝကိုရင်ဆိုင်ကြမည်၊ | |


www.burmeseclassic.com

www.burmeseclassic.com

၁၇။ တကယ့်အချစ်ဇာတ်လမ်းတစ်ပုဒ် ၂၀၀
၁၈။ မေတ္တာစိတ်မြတ်အအေးဓာတ်လွှမ်းပတ် ကမ္ဘာခြုံပါစေ ၂၁၅

❖ ❖ ❖ ❖ ❖

BURMESE CLASSIC .com

# စာရေးသူ၏အမှာ

ကျွန်တော်သည် ခုနစ်လသားအရွယ် လူမမယ်ဘဝ၌ ပိုလီယိုခေါ် အကြောသေရောဂါကြောင့် ခြေလက်အင်္ဂါများ သေသွားပြီး ဘီးတပ်ကုလားထိုင်ဖြင့် သွားလာနေထိုင်လှုပ်ရှား ရသည့်ဘဝပိုင်ရှင် တစ်ဦးဖြစ်လေသည်။

ကျွန်တော်သည် အသက်သုံးဆယ်မပြည့်သေးခင် အရွယ်မှာပင် ကျွန်တော့်ဘဝအကြောင်းကို ၁၉၇၀ ပြည့်နှစ်အတွက် စာပေဗိမာန်စာမူဆု ရခဲ့သည်။ မောင်စိန်ထွေး၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိဖြင့် ကိုယ်အင်္ဂါမသန်စွမ်းသူတစ်ဦး၏ ဘဝရုန်းကန်လာရ ပုံနှင့် စာရေးဆရာဘဝရောက်ရှိခဲ့ရပုံတို့ကို ကြေကွဲဖွယ်လေးများ အား ရယ်မောစရာလေးများဖြစ်အောင် ရေးခြယ်ပြရင်း စာဖတ်သူ၌ ဘဝအားမာန်ဖြစ်အောင် တင်ပြခဲ့ဖူးပါသည်။

ထိုမှတစ်ဖန် စာရေးဆရာဘဝ၌ ဦးနှောက်တစ်လုံးနှင့် စာရေးနိုင်သည့် လက်တစ်ဖက်ကိုသာ အားကိုးပြုရင်း တွေ့ကြုံလာခဲ့ရသော ဘဝအကြောင်းတရားများအား၊ ၁၉၇၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရ "ဦးနှောက်တစ်လုံး- လက်တစ်ဖက်- ရှေ့ခရီး အစ" စာအုပ်၌ ရေးဖွဲ့ခဲ့၏။

ယခုမူ "ဦးနှောက်တစ်လုံး- လက်တစ်ဖက်- မျက်စိတစ်လုံး- ဘဝခရီးအဆက်" ဟူသော အနုပညာရသပစ္စည်းတစ်ရပ် ဖြစ်ပေါ်လာခဲ့ရပြန်လေပြီ။

ဤအနုပညာရသပစ္စည်းတွင်ကား စာဖတ်သူအတွက် "ဘဝအတွေးအခေါ်နှင့် လောကအမြင်" လေးများတွေ့ထိခံစားနိုင်အောင် ဦးတည်ကြိုးပမ်းထားမိပါသည်။ ကြိုးပမ်းထားချက်၌ စင်စစ် အရင်းအနှီးကြီးမားလှစွာ၏။

www.burmeseclassic.com

www.burmeseclassic.com

တကယ့်အကြောင်းရပ်များဖြစ်သည့်အတိုင်း ကျွန်တော့်၏ ဘဝနှင့်ရင်းခဲ့ရသော အရင်းအနှီးများ ဖြစ်လေသည်။ တကယ့် အကြောင်းရပ်ဟူသည် လောကအတွက် ခိုင်မာသေချာသော ကျမ်းကြီး ကျမ်းခိုင် ကျောက်စာတိုင်များသာ ဖြစ်ပါ၏။

ကျွန်တော်တို့သည် လောကသဘာဝအရ ဒုက္ခအရှုံးတရား နှင့်ကြုံလာလျှင်၊ ယင်းဒုက္ခအရှုံးတရားအတွက် ငိုညည်းနေရုံဖြင့် အချိန်ကုန်သွားပါက အရှုံးထဲတွင် ထပ်၍ပိုမိုဆုံးရှုံးသွားခြင်းသာ အဖတ်တင်ပါလိမ့်မည်။

ယင်းအရှုံးဒုက္ခတရားအား "နင်လားဟဲ့လောကဓံ" ဟု ကြိမ်းဝါးရင်း တစ်စုံတစ်ခု ပြန်လှန်အံတုနိုင်လျှင် လောကအတွက် အမြတ်ထွက်နိုင်သည်မဟုတ်ပါလား။

ဤသဘောအတိုင်း ကျွန်တော်သည် "ပေါ်လီယာနာ" အတွေးအခေါ်ကို လက်ကိုင်ပြု၍ ကြိုးပမ်းကြည့်သောအခါ၊ ယခု စာအုပ်သုံးအုပ်ပင် အမြတ်ထွက်ပေါ်ခဲ့ရလေပြီ။

ကျွန်တော်သည် ဤစာအုပ်ကို ရေးသားရာတွင် တကယ် ဖြစ်ပျက်သည့်တကယ့်အကြောင်းအရာများ ဖြစ်သည့်အတိုင်း အထူးသတိကြီးစွာထား၍ ရေးသားရပါ၏။

အချို့အကြောင်းအရာတို့သည် အလျဉ်းသင့်ရာအကြောင်း ကြုံကြိုက်သည့် စာနယ်ဇင်းတို့၌ ကျွန်တော့်ဘဝနှင့် ပတ်သက်ပြီး ရေးခဲ့ဖူးသောအကြောင်းအရာအချို့လည်း ပါဝင်နိုင်ပါသည်။ မိမိ ဘဝအကြောင်း မိမိရေးသည်ဆိုသော်လည်း မိမိနှင့် ထိစပ်နေသည့် သက်ရှိသက်မဲ့အရာအားလုံးသည် မိမိနှင့် နွယ်ယှက်၍ မျောပါ စီးဆင်းပါဝင်နေပါ၏။

ကလောင်တို့၏ ထိန်းသိမ်းအပ်သော အကျင့်သိက္ခာ စည်းကမ်းအရ အမည်နာမ နေရာဌာန အချိန်ကာလတို့ကိုလည်း မလိုအပ်လျှင် တတ်နိုင်သမျှ ချန်လှပ်ကျော်လွှား၍ ရေးရပါသည်။

အချို့အကြောင်းအရာတို့တွင် အပေါ်ယံရှပ်ခပ်ကွဲကွဲ ရေးရသည်မျိုးလည်း ရှိ၏။ ဖြစ်နိုင်သမျှ ဝတ္ထုတစ်ပုဒ်ဖတ်သလို ခပ်ပေါ့ပေါ့ပါးပါး ဖြစ်အောင် ဦးတည်ရေး၏။ မိမိ ပေးလိုသောရသနှင့် လောကအမြင်ကို စာဖတ်သူ၌ ခံစားမိနိုင်လျှင် လုံလောက်ပြီသာ ဖြစ်သည်။

စင်စစ် ကိုယ်အင်္ဂါမသန်စွမ်းသူ ဘဝပိုင်ရှင်တစ်ဦးအဖို့ လူ့လောက၌ ရပ်တည်ရေးဆိုသည်မှာ တကယ်မလွယ်လှသော ကိစ္စဖြစ်ပါသည်။

ထိုထက်ပို၍ လူ့ဘဝ၌ ဝင်ဆံ့ဖို့၊ လူ့ဘောင်လောကအား အကျိုးပြုနိုင်ဖို့ ဆိုသည်မှာကား ပို၍ခက်ခဲသော အလုပ်မျိုးဖြစ်ပါ၏။

လူသာမန်တစ်ဦးပင်လျှင် မလွယ်ကူလှသော ဘဝ အကြောင်း ကိစ္စမျိုးများ၌ ကိုယ်အင်္ဂါမသန်စွမ်းသူတစ်ဦးအဖို့ဆိုပါက အောင်မြင်အဆင်ပြေရန်မှာ ကြီးမားသောဘဝအခက်အခဲ အတားအဆီးကြီးဖြစ်နေနိုင်ပါ၏။

၁၀-၈-၀၂ နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် "မစုပုံချစ်" ၏ "စုပုံချစ်မှ မိဘပြည်သူများသို့" ဟူသော ဆောင်းပါးကို ဖတ်မိပါသည်။

"သမီး၏အမည်မှာ မစုပုံချစ်ဖြစ်ပါသည်၊ သမီး သည် ညောင်တုန်းမြို့ အမှတ် (၁) အခြေခံပညာအထက် တန်းကျောင်း အဋ္ဌမတန်းတွင် ပညာသင်ကြားလျက် ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သမီးကို လူအတော်များများ သိရှိပြီး ဖြစ်လိမ့်မည်ဟု ထင်ပါသည်။ အထူးသဖြင့် ဆရာဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် အခြေခံပညာကျောင်းသားကျောင်းသူအများစုသည် သမီးကိုမြင်ဖူးကြပါလိမ့်မည်။

သမီးသည် ကိုယ်လက်အင်္ဂါမပြည့်စုံသူတစ်ဦးဖြစ်ပါသည်။ သမီးတွင် ဘယ်ခြေထောက်တစ်ချောင်းသာ အကောင်းပကတိ ရှိပါသည်။ ညာခြေထောက်နှင့် လက်နှစ်ဖက်သည်မည်သို့သော အတိတ်ကံကြွေးကို ပြန်လည်ပေးဆပ်ဖို့ဖြစ်လာသည်မသိပါ။ ပြည့်စုံမှန်ကန်စွာတည်ဆောက်ခြင်းမရှိ၍ ကိုယ်အင်္ဂါချို့တဲ့သူတစ်ဦး အဖြစ်မွေးဖွားကြီးပြင်းခဲ့ရပါတော့သည်။ "ကိုယ်အင်္ဂါချို့တဲ့သူ" ဆိုသည်မှာ အပြောရလွယ်သလောက် ရှင်သန်လူလားမြောက်ဖို့ မလွယ်ကူပါ။ အခက်အခဲများစွာ ရှိပါသည်။ အခြားကိစ္စများ အသာထားပါ။ နေ့စဉ်လူမှုဘဝအလုပ်များကိုပင် မိမိဘာသာတစ်ဦးတည်း ဖြေရှင်းရသည်မှာ အလွန်စိတ်ပင်ပန်းရသော ကိစ္စဖြစ်ပါသည်။ မျက်နှာသစ်ခြင်း၊ သွားတိုက်ခြင်း၊ အိမ်သာတက်ခြင်း၊ အင်္ကျီလဲလှယ်ဝတ်ဆင်ရခြင်း၊ ထမင်းစားခြင်း စသည်တို့မှသည် ကျောင်းတက်ခြင်း၊ ဆော့ကစားခြင်း၊ အိမ်နီးဝန်းကျင်လည်ပတ်ခြင်း၊ ပွဲလမ်းသဘင်သွားခြင်း အထိပါဝင်ပါသည်။

"တွေးကြည့်ရုံနှင့်ပင် အလွန်စိတ်ပင်ပန်းဖွယ်နေ့စဉ်ကိစ္စရပ်များ ဖြစ်ပါသည်။ လက်မရှိပါဘဲ လက်ရှိသူတို့ပြုမူလှုပ်ရှားသလို လှုပ်ရှားနေရသည်မှာ ခက်ခဲလှပါသည်။ . . .

မသန်စွမ်းကလေးငယ်တစ်ဦးအတွက် ဘဝရှာနေပျော်ဖို့ ပညာသင်ယူရာ၌ ထူးချွန်ထက်မြက်ဖို့ဆိုသည်မှာ "ဝန်းကျင်ကောင်း" လိုအပ်ပါသည်။ . . .

သမီးတို့သည် ခွဲခြားဆက်ဆံခံရခြင်းကို အလွန်နာကြည်းပါသည်။ မသန်စွမ်းသူများကို သနားစရာဟု ရှုမြင်ခြင်းကိုလည်း လက်မခံနိုင်ပါ။ တန်းတူရည်တူ ဆက်ဆံခြင်း၊ အခက်အခဲကို ဝိုင်းဝန်းကူညီဖြေရှင်းခြင်း၊ အားပေးနှစ်သိမ့်ခြင်းဖြင့်သာ စာသင်ခန်းထဲတွင် အဆင်ပြေစွာ သင်ယူရပ်တည်နိုင်ပါသည်။ . . .

ယင်းကဲ့သို့ သဘာဝအတိုင်း ဘဝအခက်အခဲများ ကြီးမားစွာ ရှိနေသည်မှန်သော်လည်း ကိုယ်အင်္ဂါမသန်စွမ်းသူအချို့တို့သည် လူ့ဘောင်လောက၌ ရုန်းကန်ထိုးဖောက်၍ သာမန်လူများကိုပင် ကျော်လွှားကာ စင်မြင့်သို့ ရောက်လာသူများလည်း ရှိတတ်လေသည်။

၁၃-၉-၀၂ နေ့ထုတ် အတွဲ (၄)၊ အမှတ် (၇၈) မြန်မာဘိုင်း(မ်) ဂျာနယ်၌၊ ကင်းဘရစ်တက္ကသိုလ်တွင် ဆာအိုင်းဇက်နယူတန်၏ သင်္ချာပါမောက္ခရာထူးယူထားသော ကမ္ဘာကျော် ရူပဗေဒ ပညာရှင် စတီဖင်ဟော်ကင်းအား ပေကျင်းတွင်ကျင်းပသော နိုင်ငံတကာ သင်္ချာပညာရှင်များ စည်းဝေးသို့ တက်ရောက်လာပုံကို တွေ့လိုက်ရ၏။ သူသည် ငယ်စဉ်ကပင် ရောဂါကြောင့် လမ်းလျှောက်နိုင်၊ စကားမပြောနိုင်ခဲ့သူဖြစ်ပြီး၊ သင်ခန်းစာများကို အထောက်အကူပစ္စည်းများ သုံး၍ ပို့ချခဲ့သည်ဟု သိရပါသည်။

၂၉-၉-၀၂ နေ့ထုတ် မြန်မာ့အလင်းသတင်းစဉ်၌ "အာရှအမြင့်ဆုံး မျှော်စင်ထိပ်သို့ ဘီးတပ်ကုလားထိုင်ဖြင့် တက်ရောက်ခဲ့" ဟူသော သတင်းတစ်ပုဒ်ပါဝင်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အသက် ၃၁ နှစ်အရွယ်ရှိ၊ ကနေဒါနိုင်ငံသား အောက်ပိုင်းအကြောသေဝေဒနာရှင် ဂျက်အဒန်သည် တိုရွန်တိုမြို့ရှိ လေ့ကားအထစ်ပေါင်း ၁၇၇၆ ထစ်ရှိသော ကမ္ဘာ့အမြင့်ဆုံး စီအင်မျှော်စင်ထိပ်သို့ ဘီးတပ်ကုလားထိုင်ဖြင့် တက်ရောက်နိုင်ခဲ့ကြောင်းနှင့် သူသည် ဘီးတပ်ကုလားထိုင်ဖြင့် မျှော်စင်ထိပ်သို့ ရောက်သည်အထိ တက်ရောက်ရန် ကြိုးပမ်းခဲ့သော ပထမဦးဆုံး လူသားတစ်ဦးဖြစ်ပြီး တက်ရောက်ခဲ့သည့် ကြာမြင့်ချိန်မှာ ငါးနာရီခန့်ဖြစ်သည်ဟု ဆိုပါသည်။

သူသည် ကိုးနှစ်သားအရွယ်မှစပြီး ခြေထောက်များ လှုပ်ရှားမရဖြစ်ခဲ့ရပြီး မသန်စွမ်းသူများ၏ အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ် ၁၂ ခုရရှိထားကြောင်းနှင့် အကြောသေသူများ ပါဝင်ယှဉ်ပြိုင်သည့် ကမ္ဘာ့တံခွန်စိုက်အားကစားပြိုင်ပွဲများ၌ ရရှိသည့် ငွေတံဆိပ်နှစ်ခုလည်း ပါဝင်သည်ဟု ဆို၏။ အမျိုးသားမီတာ ၁၅၀၀ ဘီးတပ်ကုလားထိုင်ဖြင့် အပြေးပြိုင်ပွဲတွင် ဦးစွာကမ္ဘာ့စံချိန်တင်ထားနိုင်သူလည်း ဖြစ်ခဲ့သည်ဟုဆို၏။

သူတို့၏ ကြိုးပမ်းအားထုတ်မှုစိတ်ဓာတ်ကို လေးစားအားပေး ချီးကျူးကြရမည်သာဖြစ်၏။ ဤကဲ့သို့သော ပုဂ္ဂိုလ်များအပေါ် သုံးသပ်၍ ကျွန်တော်တို့သည် "လူ၏တန်ဖိုး" ကို နားလည်နိုင်လိမ့်မည်ထင်ပါသည်။

လူသည် အဓိကအားဖြင့် ဦးနှောက်တစ်လုံးကောင်းနေသမျှ ကာလပတ်လုံး လူ့၏တန်ဖိုး မဆုံးနိုင်ပေ။ မိမိ၏ဦးနှောက်ကို အသုံးချပုံချနည်းနှင့် လူ့လောကအတွက် အကျိုးပြုဖို့ ကြိုးပမ်းပုံ ကြိုးပမ်းနည်းအပြင်းအပျော့၊ အကြီးအသေးသာ ကွာကောင်းကွာပါလိမ့်မည်။

ထိုမှထွက်ပေါ်လာသော အစွမ်းအစ၊ စွမ်းဆောင်ချက်၊ လှုပ်ရှားမှုတို့သည် လူ၏တန်ဖိုးဖြစ်နေရပါ၏။

သို့ဖြစ်သည့်အတိုင်း ဘဝနှင့်ရင်း၍ ရရှိလာအပ်သော ကိုယ်တွေ့အကြောင်းအရာများကို ရေးဖွဲ့ထားသည့် ဤအနုပညာ ပစ္စည်းအား ခံစားသူ၏ အာရုံဝယ် တစ်စုံတစ်ရာ အကျိုးပြုနိုင်သည် ဆိုပါလျှင်၊ ယနေ့အထိ လူ့ဘဝ၌ ရပ်တည်လျက်ရှိနေသေးသော ကျွန်တော့်အဖို့ အသက်ရှင်နေရကျိုးနပ်သည်ဟု ဖြေသိမ့်နိုင်လိမ့်မည် ဖြစ်ပါသတည်း။

မောင်စိန့်ထွေး

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁)

# မမျှော်လင့်ခဲ့သည့် ဘဝအကြောင်းတရားများ

"ကျွန်တော်ကား မိမိ၏ဦးနှောက်တစ်လုံးနှင့် လက်ယာလက်တစ်ဖက်ကို အလွန်ယုံကြည်ကိုးစားသူပါတည်း။ သို့သော်သည်ဦးနှောက်တစ်လုံးနှင့် သည်လက်တစ်ဖက်၏ ရှေ့ခရီးလမ်းမှာကား. . " ဟူ၍ ၁၉၇၀ ပြည့်နှစ်စာပေဗိမာန်စာမူဆု၊ သုတပဒေသာ (ဝိဇ္ဇာပညာရပ်) တတိယဆုရခဲ့ပါသော **"မောင်စိန်ထွေး၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ"** စာအုပ်၌ အဆုံးသတ်ခဲ့ပါသည်။

ထိုစဉ်က ကျွန်တော်သည် အသက်အရွယ်သုံးဆယ်နှစ်ပင် မပြည့်သေးပါ။ ဘဝတစ်ခုလုံးနှင့်စာလျှင် အလွန်တရာ နုနယ်သေးသော အသက်အရွယ်ဖြစ်ပါ၏။

ထိုနောက် တစ်ဖန် ၁၉၇၅ ခုနှစ် စာပေဗိမာန်စာမူဆု၊ စာပဒေသာ ဒုတိယဆုရခဲ့ပါသော၊ ကျွန်တော်ရေးသားခဲ့သည့် "ဦးနှောက်တစ်လုံး လက်တစ်ဖက် ရှေ့ခရီးအစ" စာအုပ်၏ အဆုံးသတ်၌လည်း. . .

"တကယ်တော့ ကျွန်တော်သည် ခါချဉ်ကောင်မာန်ကြီးနှင့် တောင်ကြီးကိုဖြိုမည့်ကြံနေခြင်းမျိုးလည်း ဖြစ်ကောင်း ဖြစ်နေပေမည်ထင်ပါသည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော်၏ ပတ်ငင်း ဦးနှောက်တစ်လုံးနှင့် လက်တစ်ဖက်၏ ရှေ့ခရီးလမ်းအစတို့ တချင်း



www.burmeseclassic.com

www.burmeseclassic.com

နှင်းတမ်းထုတ်ကြည့်မိလေသောအခါ. . ." ဟူသော စာသားဖြင့် ပြီးဆုံးစေခဲ့၏။

စင်စစ် ကျွန်တော်အလွန်ယုံကြည်ကိုးစားပါသည်ဆိုသော "ဦးနှောက်တစ်လုံးနှင့် လက်တစ်ဖက်" သည်အလွန်အစွမ်းထက်ပြီး အားကိုးလောက်အောင် တန်ခိုးကြီးမား ထူးခြားစွာရှိနေသောကြောင့်ကား မဟုတ်ချေ။ မိမိဘဝမှာ အားကိုးဖွယ်ရာဟူ၍ ဤဦးနှောက်နှင့် လက်တစ်ဖက်သာရှိပါသည်ဟု ဆိုလိုသည့် သဘောသာ ဖြစ်ပါ၏။

လူ့လောကတွင် လူ့ဘဝဟူသည် အလွန်အံ့သြဖွယ်ရာများနှင့် မမျှော်လင့်မထင်မှတ်ဘဲ ကြုံကြရတတ်လေသည်။ လောကဓံ မုန်တိုင်းဟူသည်ကလည်း ဘဝကို နိမ့်တုံမြင့်တုံ အမျိုးမျိုးအဖုံဖုံ ဖြစ်စေအောင် ဖန်တီးတတ်ကြောင်းလည်း လူတိုင်း ကြုံကြတွေ့ကြရ တတ်စမြဲ ဖြစ်၏။

ထိုစာအုပ်များကို ရေးစဉ်က ကျွန်တော်အမှတ်မထားမိသော၊ လူတစ်ယောက်၏ ဘဝ၌ အရေးပါဆုံးဖြစ်သည့် ကျွန်တော့် မျက်စိနှစ်လုံးမှ တစ်လုံးကိုသာ အားကိုးအားထားပြုရတော့မည့် အဖြစ်ဆိုးမျိုး ကြုံမည်ဟူ၍ကား ကျွန်တော်မသိခဲ့ချေ။

အလားတူပင် ဘဝအဖြစ်အပျက်များ၌ အခြားအကြောင်းအရာများလည်း ယခုလိုကြုံရလိမ့်မည်၊ ကြုံနိုင်ကောင်းသည်ဟူ၍ ကျွန်တော်တွက်ဆကြည့်မိသည့်ထဲတွင် မပါဝင်ပါ။

## ကျွန်တော့်ဘဝဖြစ်စဉ်နှင့်ဘဝအမြင်

ကျွန်တော်သည် မိခင်ဝမ်းမှကျွတ်ပြီး လူမှန်းမသိတတ်သေးသည့် ခုနစ်လသားအရွယ်၌ ပိုလီယိုခေါ် အကြောသေရောဂါဖြစ်တာ ခြေလက်များ သေသွားပြီး လုံးဝလမ်းမလျှောက်နိုင်တော့ဘဲ မစွမ်းမသန် ဒုက္ခိတအခြေအနေမျိုးဖြင့် လူ့ဘဝကို စခဲ့ရပါ၏။



လူမှန်းမသိခင် ခုနစ်လသားကလေးငယ်ဘဝအရွယ်မှ စကာ မစွမ်းမသန် ဒုက္ခိတဘဝဖြင့် စခဲ့ရသော လူသားတစ်ဦးအဖို့ လူ့ဘဝ၌ "လူ"အဖြစ် ရပ်တည်လာနိုင်ရန်မှာ စေ့စေ့ တွေးကြည့် လေလေ၊ ခက်ခဲပင်ပန်းလေလေ ရှိနိုင်ပါသည်။ အနိမ့်ဆုံးအဆင့် စားမှုသောက်မှု၊ နေမှုထိုင်မှု၊ သွားမှုလာမှု မည်သည့်ကိစ္စရပ်မှာမဆို လွယ်ကူလှသည်မဟုတ်မည်မှာ သေချာ၏။

သို့သော် ကျွန်တော်သည် သာမန်လူတစ်ယောက်အဖို့ မည်သို့မျှ အခက်အခဲမရှိသည့် အညစ်အကြေး စွန့်ခြင်း အသေးအမွှားကိစ္စရပ်လေးမှအစ၊ စားမှုသောက်မှု၊ နေမှုထိုင်မှုစသော အရာအားလုံးကို သိတတ်စအရွယ်မှစ၍ မိမိဘာသာအဆင်ပြေအောင် စွမ်းဆောင်ကြိုးပမ်းခဲ့လေသည်။

ထိုမှတစ်ဖန် ကျောင်းသင်ပညာရရှိအောင် သင်ယူမှု၊ အသိဉာဏ်ပညာတိုးတက်အောင် ကြိုးပမ်းမှု၊ လူ့လောကတွင်းဝင်ဆံ့ရေးတိုးဝင်မှု စသဖြင့်၊ နောက်ဆုံးစာရေးဆရာတစ်ယောက်အဖြစ် နိုင်ငံက အသိအမှတ်ပြုရသည့်အချိန်အထိ အဆိုပါ "မောင်စိန်ထွေး၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ" စာအုပ်၌ရေးဖွဲ့ခဲ့ပါသည်။

ယင်းစာအုပ်၌ အဓိကထားရေးဖွဲ့ခဲ့သည်မှာ လူ့လောက၌ လူတစ်ယောက်အဖြစ် အသက်ရှင်ရပ်တည်လာနိုင်အောင် ကြိုးပမ်းအားထုတ်ခြင်း အကြောင်းအရာများသာ ဖြစ်၏။ စာဖတ်သူ အတွက် စိတ်ဓာတ်ခွန်အား ဖြစ်စေရန် ရည်ရွယ်ရင်း ဖြစ်သည်။

သတ္တဝါမှန်သမျှသည် ဘဝ၌ အသက်ရှင်ရပ်တည်နေနိုင်သည်ဆိုလျှင်ပင် ဘဝအောင်မြင်ခြင်းဖြစ်သည်ဟု သတ္တဗေဒ သဘောတရားက ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် လူသားအတွက်မူကား လူအဖြစ် လူ့လောက၌ အသက်ရှင်ရပ်တည်နေနိုင်ရုံးလေးဖြင့် ဘဝအောင်မြင် ပြည့်စုံပြီဟု မဆိုနိုင်ပေ။ လူ့ဘဝ၌ ရပ်တည်နေစဉ် လူသည် လူနှင့်တူအောင်၊ လူ့တန်ဖိုးရှိအောင် များစွာ လုံ့လထုတ်ရပါဦးမည်။

ထိုသို့ ကြိုးပမ်းအားထုတ်ခြင်း၊ လှုပ်ရှားရုန်းကန်ခြင်းသည် ခရီးတစ်ခုဖြစ်နေနိုင်၏။

သည်ခရီးအကြောင်းကို "ဦးနှောက်တစ်လုံး လက်တစ်ဖက် ရှေ့ခရီးအစ" စာအုပ်၌ ရေးခဲ့ခြင်းဖြစ်လေသည်။ ရှေ့ခရီးအစ၏ နောက်ပိုင်းကို ထိုစဉ်က ကျွန်တော်မသိနိုင်ပါ။ ကျွန်တော်တို့သည် မိမိတို့၏ ရှေ့အနာဂတ်တွင် ဖြစ်ပေါ်လတ္တံ့သော မိမိတို့၏ဘဝခရီးများကို မည်သူမျှ သေချာပိုင်ပိုင်ကြိုတင်သိနိုင်စွမ်း ရှိနိုင်မည် မဟုတ်ချေ။

မှန်ပါသည်။ ကျွန်တော်သည်လည်း မိမိတွေးထင်တွက်ဆမထားသော ဘဝခရီး၏အကြောင်းအရာများနှင့် ကြုံတွေ့လာရသောအခါ၊ ယင်းအကြောင်းအရာအဖြစ်အပျက်များကို သုံးသပ်လျက် "ဘဝအမြင်" များ ထုတ်နုတ်နိုင်လျှင် လောကအတွက် အမြတ်ဖြစ်နိုင်ကောင်းသည် မဟုတ်ပါလား။

## ဦးနှောက်တစ်လုံးလက်တစ်ဖက်ရှေ့ခရီးအစ

"ဦးနှောက်တစ်လုံးလက်တစ်ဖက်ရှေ့ ခရီးအစ" စာအုပ်၌ ကျွန်တော်သည် လမ်းမလျှောက်နိုင်သူ စာရေးဆရာတစ်ယောက်က လေ့လာရေးခရီးတစ်ခုအဖြစ် အညာဒေသဘက်ဆီသို့ ခရီးသွားခြင်းအကြောင်း၊ လိပ်ခေါင်းရောဂါကုသရာမှ မေးခိုင်ရောဂါပိုးဝင်ပြီး အသက်ဆုံးပါးတော့မည့် အခြေအနေဖြစ်ရပုံ၊ စာပေလောကလှိုင်းတံပိုးထဲဝယ် လူးလွန့်ရုန်းကန်ကူးခတ်လှုပ်ရှားရပုံ စသည်များကို ဖော်ပြခဲ့၏။



တစ်ဖန် ယင်းစာအုပ်နိဂုံး မချုပ်မီ တစ်နေရာ၌ စာရေးဆရာ (ဦး) ရန်အောင်နှင့် ပြောသောစကားအမေးအဖြေလေး တစ်ခု ပါဝင်ပါသေးသည်။

"မင်းကို မင်းမိဘတွေက ထမင်းကျွေးထားတယ်မို့လား"

"ဟုတ်ကဲ့"

မှန်ပါ၏။ မိမိကိုယ်မိမိ "တန်ဖိုးရှိသည့်လူ" ဖြစ်လိုလှသဖြင့် ရရှိလာသော ဘဝ၌ မည်သို့မည်ပုံ ရုန်းကန်ကြိုးစားခဲ့ရပုံနှင့် နောက်ဆုံး နိုင်ငံကအသိအမှတ်ပြုသည့် စာရေးဆရာတစ်ဦး ဖြစ်လာရကြောင်း၊ လေကြီးမိုးကြီး စကားကြီးစကားကျယ်တွေ သုံးနှုန်းလျက် မိမိကိုယ်မိမိ နှစ်သိမ့်စိတ်အားတင်းသည်ဖြစ်စေ-

စင်စစ် ထိုအချိန် ထိုအခါ ထိုစာအုပ်တွေ ရေးနေသည့် အသက်သုံးဆယ်နှစ်ပတ်ဝန်းကျင် အရွယ်လောက်အထိ မိဘက ကျွန်တော့်အား ထမင်းကျွေးထားရတုန်း အခြေအနေအဆင့်မျှသာ ရှိသေးကြောင်း ဝန်ခံရမည်သာ ဖြစ်ပါ၏။

"အေး-၊ ငါအခု အသက်ခုနစ်ဆယ် ပြည့်တော့မယ်။ ခုအထိ ငါ့အမေကလည်း ငါ့ကို ထမင်းကျွေးရတုန်းပဲကွ" ဟု ဆရာကြီး(ဦး) ရန်အောင်က မိဘမေတ္တာစေတနာကိုလည်း ထင်ရှားစေခဲ့၏။

ကျွန်တော်သည် မိဘက မိမိအား ကျွေးမွေးထားသည့် ဘဝမျိုးကို မကျေနပ်နိုင်ပေ။ ယင်းအခြေအနေမျိုးကို မိမိကိုယ် မိမိလည်း အားမလိုအားမရ ရှိမိရသည်မှာ အမှန်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် မိမိဘဝကို မိမိ၏ အစွမ်းအစဖြင့် ရပ်တည်ချင်လှပါ၏။ မိမိဘဝသာမက ဖြစ်နိုင်လျှင် အခြားအခြားသော ဘဝဘဝများစွာအတွက်လည်း မိမိ၏ အစွမ်းအစဖြင့် ကူညီဖေးမပေးစွမ်းချင်လှသည့် စေတနာဆန္ဒမျိုး ကျွန်တော့်ရင်၌ ရှိပါသည်။

သို့သော် လက်တွေ့တွင်မူ ကျွန်တော်ကဲ့သို့သော ကျောင်းသင်ပညာ၌ မူလတန်းအောင်အဆင့်လောက်သာ ကျောင်းနေခဲ့ဖူးရသည့်အပြင်၊ လုံးဝလမ်းမလျှောက်နိုင်သောကြောင့် ဘီးတပ်ကုလားထိုင်ကိုသာ အချိန်ပြည့် သုံးစွဲနေရသော ခြေလက်မသန်စွမ်းသည့် ဒုက္ခိတ တစ်ဦးဟု ဆိုရမည့် လူတစ်ယောက်အဖို့ အခြားသောသူတစ်ဦးဦး၏ဘဝကို ဖေးမကူညီပေးနိုင်ရန်ဝေးစွ၊ မိမိဘဝကိုပင် မိမိကောင်းမွန်ချောမော ဖြောင့်တန်းအောင် ရပ်တည်ရေးမှာ ဖြစ်နိုင်ကောင်းပါမည်လော။

**လူနှင့်သူ့အစွမ်းအစ**

လူ့လောက လူ့ဘဝဟူသည် များစွာထူးခြားဆန်းကြယ်လှ၏။ အကြောင်းအရာတစ်ခုအပေါ် “မဖြစ်နိုင်ဘူး၊ မဖြစ်ဘူး” ဟူ၍လည်း ကံသေကံမ ပြောရန် မဖြစ်နိုင်ပါ။ လူ့ဘဝ၏ အကွေ့အဝိုက်၊ အခုန်အပျံ၊ အနိမ့်အမြင့် ဟူသော လောကဓံ ဝဲဂယက်၏ လှည့်ကွက်များသည် အံ့သြဖွယ်၊ တုန်လှုပ်ဖွယ်၊ ရင်မောဖွယ် ကောင်းလှလေသည်။

တကယ်တော့ လူတိုင်းတွင် အစွမ်းအစဟူသည် ကြီးမားသည် ဖြစ်စေ၊ သေးငယ်သည်ဖြစ်စေ ရှိကြသည်သာ ဖြစ်၏။



သို့သော် အချို့သော သူတို့သည် မိမိတို့၏ အစွမ်းအစ အတိမ်အနက်၊ အပြင်းအပျော့ကို ထုတ်ဖော်ခွင့် မကြုံရသဖြင့်၊ အစွမ်းအစမရှိသူကဲ့သို့ ဖြစ်ရသည်လည်း ရှိပါလိမ့်မည်။

အချို့သူတို့မှာမူ မိမိတို့၏ လုပ်ပိုင်ခွင့်ရှိသမျှ၊ လုပ်နိုင်သမျှ လုပ်ကိုင်ခဲ့ကြသောကြောင့် “လူစွမ်းကောင်းကြီး” တကယ်ဟုတ်ကောင်းမှ ဟုတ်မည်ဖြစ်သော်လည်း၊ လောကဓာတ်ခံ၌ “လူစွမ်းကောင်းကြီး” တစ်ဦးလိုပင် ရှိကောင်းရှိခဲ့ရသည်လည်း ရှိပါမည်။

ကျွန်တော်သည်လည်း ကျွန်တော်လုပ်နိုင်သမျှ လုပ်ပိုင်ခွင့်ရှိသလောက်လုပ်ကိုင်ချင်လှပါ၏။ ရနိုင်သမျှအခွင့်အခါကောင်းကို စောင့်စား မျှော်လင့်မိပါသည်။

အခွင့်အခါပေးသမျှကြိုးစားမည်ဟူ၍ စိတ်၌ ထာဝရရှိနေ၏။

ယင်းကဲ့သို့ ကျွန်တော့်စိတ်မာတ်၌ ဖြစ်ပေါ်နေချိန်၊ ကျွန်တော့်အသက် အရွယ် သုံးဆယ်နှစ်ကျော်ကျော်ခန့် အချိန်၌ ကျွန်တော်တို့မိသားစု အသိုက်အအုံကြားဝယ် ဘဝအခြေအနေ အကြောင်းအရာများ ပြောင်းလဲလာလျက်ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂)

## လောကစံမှန်တိုင်းနှင့် ကျွန်တော်တို့မိသားစု

ကျွန်တော်တို့မိသားစု၏ စီးပွားရေးအခြေအနေများမှာ မတည်မငြိမ်ရှိလာလေသည်။ ဝင်ငွေများ ကျဆင်းလာရာမှ နောက်ဆုံးဝင်ငွေမရှိတော့သည့် အဖြစ်မျိုးသို့ ရောက်သွားခဲ့ရတော့၏။

ဖေဖေတို့၏ ဆောက်လုပ်ရေးကုမ္ပဏီသည် ကန်ထရိုက်လုပ်ငန်းများမရှိတော့သဖြင့်၊ ကုမ္ပဏီကို ဖျက်သိမ်းပစ်လိုက်ရသည့် အဆင့်သို့ မရောက်သေးသော်လည်း၊ ကုမ္ပဏီ၏လုပ်ငန်းများကား အသက်ဝင်လှုပ်ရှားခြင်း မရှိတော့ပေ။ ထိုအချိန်က ကုမ္ပဏီ၏ ဆိုင်းဘုတ်သာ ကျန်နေရစ်ရသည့် အခြေအနေမျိုး ဖြစ်လေသည်။

ထိုအချိန်တွင် ဖေဖေ့၌ သွေးတိုးရောဂါ၊ ဆီးချိုရောဂါများကလည်း ဖေဖေ၏ ကိုယ်ခန္ဓာအား ဒုက္ခပေးနေပြီ ဖြစ်ပါ၏။

မိသားစု၏ စီးပွားရေးအခြေအနေအရ သားသမီးများသည်လည်း မိမိတို့ဘဝရပ်တည်ရေးအတွက် သင့်လျော်အဆင်ပြေရာ အလုပ်အကိုင်များ၌ ဝင်ရောက်လုပ်ကိုင်ကြရတော့သည်။ အချို့မှာ ဝေးလံသော အခြားရပ်ရွာဒေသများသို့ အလုပ်နှင့် ရောက်သူကရောက်ကုန်ကြရပြီ ဖြစ်၏။

ဖေဖေသည် သွေးတိုးရောဂါ၊ ဆီးချိုရောဂါအပြင် မျက်စိ၌ အတွင်းတိမ်ရောဂါပါ စွဲကပ်လာပြီး၊ နောက်ဆုံး မျက်စိနှစ်လုံးစလုံး မမြင်တော့သည့်အဖြစ် ရောက်သွား၏။





ဖေဖေသည် မျက်စိနှစ်လုံးစလုံး အခြေအနေမဆိုးမီ ကျွန်တော့်အား သူတို့ကုမ္ပဏီ၏လုပ်ငန်း လက်စလက်နလက်ကျန် အကြောင်းအရာကိစ္စရပ်များ၊ ငွေရေးကြေးရေး ပြဿနာများ၊ စာရင်းဇယားများအကြောင်း စသည်စသည်များကိုလည်း အကြောင်းကြုံတိုင်း ပြသသင်ကြားပေးသည်။

မည်သည့်စာရင်းကို မည်သို့ထားရသည်။ မည်သည့် အကြောင်းအရာက မည်သည့်ဖိုင်တွဲ။ မည်သည့်ပြဿနာ၊ မည်သည့် အကြောင်းအရာက မည်သို့အခြေအနေရှိသည် စသည်တို့ကို ကျွန်တော့်ဘာသာ လုပ်တတ်ကိုင်တတ် ဆုံးဖြတ်တတ်အောင် သူ့ဉာဏ်မီသမျှ ပြောပြသိစေ၏။

သို့နှင့် ဖေဖေ ယခင်က လုပ်ကိုင်ခဲ့သည့် အလုပ်ကိစ္စမှန်သမျှကို ကျွန်တော်သည် ခြုံငုံလာမိရတော့သည်။ အလုပ်ကြီးအတိုင်ကြီး လုပ်ကိုင်သူတို့၏ အခြေအနေသဘောတရားများကိုလည်း နားလည်လာမိရလေသည်။

ကျွန်တော်သည် ထိုစဉ်က အိမ်တွင် အမြဲရှိနေနိုင်ပြီး ဖေဖေနှင့် အနီးကပ်ဆုံး နေထိုင်နေရသဖြင့်၊ အားလုံးသော အကြောင်းအရာ အဖြစ်အပျက် အခြေအနေအားလုံးပေါ် သိနေ [illegible]နေ နားလည်နေရ၏။

စင်စစ် ကျွန်တော်တို့အိမ်သည် စီးပွားရေးအားဖြင့် အလွန် [illegible]စရာရှိနေသည့် အချိန်အခါမျိုးရောက်နေရပြီ ဖြစ်၏။ ဝင်ငွေ [illegible]သည့်အထဲ ယခင်ကလုပ်ကိုင်ခဲ့သော လုပ်ငန်းများ၊ [illegible] [illegible]များ၏ အကျိုးဆက်များအဖြစ် လျော်ကြေး[illegible] [illegible] လုပ်ငန်းအချို့ကို အရှုံးခံ လုပ်နေရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"အခု. . . စည်ထဲက ရေတွေခပ်သုံးနေရတာ။ ဒီစည်ထဲက ရေတွေကုန်သွားရင် တို့ဘာလုပ်ကြမလဲ" ဟု ဖေဖေက အိမ်၏ စီးပွားရေးနှင့်ပတ်သက်၍ ပူပန်စွာ ဆိုရှာ၏။

**မခင်၏ ကျန်းမာရေး**

ဖေဖေ၏မျက်စိအတွင်းတိမ်ကို ကျွန်တော်တို့သည် မျက်စိကု ဆရာဝန်ကြီးများနှင့် ပြသကုသကြပါသည်။

သို့သော် ဖေဖေ၌ရှိသော သွေးတိုးရောဂါ၊ ဆီးချိုရောဂါတို့ကြောင့် သူ၏မျက်စိဝေဒနာကုသရာတွင် လက်ဝင်၍ အခက်အခဲများရှိနေလေသည်။ စစ်ဆေးကုသရာ၌ အချိန်များစွာ ကုန်လွန်သွားစေရပါ၏။

ထိုအချိန်၌ ဖေဖေ၏ လက်ရှိအခြေအနေအရ ယခင် သူကိုယ်တိုင်ဆုံးဖြတ်လုပ်ကိုင်ဆောင်ရွက်ခဲ့သော အကြောင်းကိစ္စမှန်သမျှကို ကျွန်တော်က ဒိုင်ခံလုပ်ကိုင်ဆောင်ရွက်လာရလေ၏။

သို့နှင့် ကျွန်တော့်မှာ တဖြည်းဖြည်းအိမ်တွင်အရေးပါလာသောလူတစ်ဦး ဖြစ်လာရလေတော့သည်။

နောက်ဆုံးဖေဖေမျက်စိနှစ်လုံးစလုံး အလင်းပြန်ရသည်အထိ ခွဲစိတ်ကုသပြီးသည့် အချိန်သို့ ပြန်ရောက်လာခဲ့သော်လည်း၊ ဆီးချိုနှင့် သွေးတိုးရောဂါတို့မှာ ပိုမိုပြင်းထန်လာသောအဆင့်မျိုး ရောက်နေ၏။

ထို့ကြောင့် ဖေဖေသည် သက်ကြီးရွယ်အိုတစ်ဦးအဖြစ် ဘဝတွင် အေးအေးငြိမ်းငြိမ်း နေရတော့မည့်အဖြစ် ရောက်သွားရလေသည်။



ဖေဖေသည် မကြာခဏခေါင်းကိုက်တတ်၏။ ရံဖန်ရံခါ ခေါင်းမူးသည့် အဖြစ်မျိုးလည်း ကြုံရ၏။ သွေးတိုးကျဆေးတို့ အမြဲတမ်း အချိန်အဆနှင့် သောက်နေရသည်။

ဆီးချိုရောဂါကြောင့် အချိုဓာတ်လုံးဝ မစားရဲဘဲ၊ ဆီးချိုကျဆေးကိုလည်း လိုအပ်သလိုမှန်မှန်သောက်နေရ၏။ ဆီးချိုရောဂါကြောင့် တစ်ခါတစ်ရံဖေဖေသည် သိပြီးသားအကြောင်းအရာဖြစ်စေ၊ လုံးဝမသိတော့သလို၊ မမှတ်မိတော့သလိုလည်း ရှိတတ်၏။

"ဆီးချိုရောဂါသမားတွေက ဒီလိုပဲ။ တစ်ခါတလေ သားအဖနှစ်ယောက် စကားထိုင်ပြောနေရင်း၊ အဖေကသားကို မင်းဘယ်သူလဲ၊ မင်းကို ငါမသိပါလားလို့တောင် ဖြစ်တတ်တယ်" ဟု ဆီးချိုရောဂါနှင့် ပတ်သက်၍ ဆရာဝန်က ရှင်းပြ၏။

**အကျောက်စဲရေပေါ်ခြင်း**

ကျွန်တော်တို့မိသားစုအတွင်း၌ စီးပွားရေး အခြေအနေမတည်မငြိမ်ရှိနေရာမှ မမျှော်လင့်ဘဲ ကံကြမ္မာတစ်ပတ်ပြန်လည်လာလေသည်။ ငွေကြေးများ ပြန်လည်ရရှိလာနိုင်မည့် အခွင့်အရေးမျိုး သူ့ဘာသာသူ ပေါ်လာ၏။

ဆုံးပါးသွားပြီဟူ၍ လက်လွှတ်ထားပြီးသော ပစ္စည်းများမှ ပြန်လည်ငွေပေါ်ပြီး၊ ကျွန်တော်တို့စီးပွားရေး ပြန်လည် ဦးမော့လာသည်။

သို့သော် အိမ်ထောင်ဦးစီး ဖေဖေသည်ယခင်ကကဲ့သို့ စီးပွားထက်သန်တက်ကြွလာခြင်း မရှိတော့ချေ။

"ငါ့အတွက်ကတော့ မလိုတော့ပါဘူးကွာ။ ရတာ-ရှိတာ မင်းတို့ဖို့ပါပဲ။ မင်းတို့ပဲ သင့်သလိုလုပ်ကြပေါ့" ဟုဆိုပြီး ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com

သည် ငွေရေးကြေးရေး ကိစ္စများကို ကျွန်တော့်ပေါ်သာ ပုံချထားလိုက်တော့သည်။

ကျွန်တော်တို့က ဖေဖေ့သဘောတူညီချက်ဖြင့် မော်တော်ကားကောင်းကောင်းတစ်စီး ဝယ်၏။ ထိုနောက် ကျွန်တော်တို့ ညီအစ်ကိုမောင်နှမများနှင့် မေမေတွဲ၍ ငွေစုလက်မှတ်များ ဝယ်လိုက်ပါသည်။ ငွေအချို့ကို ဖေဖေ့စိတ်ကြိုက် အလှူဒါနများ ပြု၏။

ဖေဖေသည် အသက်အရွယ်နှင့်ဘဝအတွေ့အကြုံများအရ၊ မည်သည့်အကျိုးစီးပွားကိုမျှ လုပ်ကိုင်ရန် စိတ်မဝင်စားတော့ပေ။ ဘဝမှာ နောက်ဆုံးအဆင့် အေးအေးချမ်းချမ်းသာ အဆင်ပြေသလို နေထိုင်လိုသည့် ဆန္ဒမျိုး ရှိတော့၏။

သို့နှင့် မည်သည့်အကြောင်းအရာကိစ္စ၌မဆို ဖေဖေသည် ကျွန်တော့်အားသာ မျက်နှာလွှဲထားလိုက်တော့သည်။

ကျွန်တော့မှာ ဖေဖေ၏သဘောတူညီချက်ယူ၍ အိမ်၌ ဝင်ငွေရနိုင်ကောင်းမည့် ရင်းနှီးလုပ်ကိုင်မှုများကို အသင့်အတင့် ခမ်းသပ်လုပ်ကိုင်လာမိရ၏။

အခန်း (၃)

## တစ်နှစ်အတွင်းလူ့လောကကိုစွန့်ခွာရတော့မည့်ဖေဖေ

တစ်နေ့နံနက် အိပ်ရာမှထစ ကျွန်တော်တို့ လက်ဖက်ရည်ကြမ်းသောက်နေကြစဉ် ဖေဖေက-

"ညက တစ်ရေးနိုး ရင်ဘတ်ထဲက အောင့်လိုက်တာကွာ- အရမ်းပဲ။ တစ်အားအခံရခက်လိုက်တာ"ဟု အမှတ်မထင်ပြောလိုက်လေသည်။

"ဟင်- ဘယ်လိုဖြစ်တာလဲ။ အဲလိုဖြစ်တာ ဘယ်နှစ်ကြိမ်ရှိပြီလဲ ဖေဖေ"ဟု ကျွန်တော်က စိတ်ပူစွာ မေးမိသည်။

"အင်း- အရင်ကလဲ တစ်ခါဖြစ်ဖူးတယ်။ မနက်မိုးလင်းတော့လဲ သူ့ဘာသာ ကောင်းသွားတာပါပဲ"

"ဟာ- မဖြစ်ဘူး။ ဆရာဝန်ပြမှပဲ"

"မလိုပါဘူးကွာ။ ဆရာဝန်ပြမှ ဟိုရောဂါတွေ- ဒီရောဂါတွေ ထပ်တိုးလာနေဦးမယ်။ မပြဘူး"ဟု ဖေဖေက ယတိပြတ် ဆို၏။

ဖေဖေသည် အသက်ကြီးလာသောအခါ စိတ်ဓာတ်ပါ အားနည်းသွားသည် ထင်ပါသည်။ ဆရာဝန်၏ စစ်ဆေးချက်အရ ပေါ်လာတတ်သည့်အကြောင်းအရာများအပေါ် သူ့စိတ်ဓာတ် ခံနိုင်ရည်အား မရှိမည်ကို သူ့ဘာသာသူ စိုးရိမ်ဟန်ရှိပါသည်။

တစ်နေ့တွင် ဖေဖေသည် ခြံဝင်းအပြင်ဘက်၌ လမ်းလျှောက်သွား၏၊ သို့သော် မည်သည့် ထိခိုက်အနာတရမရှိပေ။ ချွတ်ချွင်းသူ


www.burmeseclassic.com

www.burmeseclassic.com

ဘာသာသူ ပြန်ထ၏။ ထို့နောက် မြေကြီးပေါ်ရှိ မြက်ပင်တွေကြား ထဲ၌ တစ်စုံတစ်ခုလိုက်ရှာနေ၏။

"ဖေဖေ ဘာရှာတာလဲ-ဟင်"

"ငါ့မွေးညှပ်ပျောက်သွားလို့"

ဖေဖေ့လက်ထဲတွင် မွေးညှပ်လေးတစ်ခု အမြဲရှိတတ်၏။ အားလပ်တိုင်း သူ့မုတ်ဆိတ်မွေးပေါက်လေးများကို မွေးညှပ်ဖြင့် နှုတ်နေတတ်သည့် အလေ့ရှိလေသည်။ သူ့မွေးညှပ်ကို သူ အလွန် အလေးထား၏။

နောက်တစ်ကြိမ်ခြံဝင်းထဲ၌ ပန်းပင်ရေလောင်းနေစဉ် သူလဲကျသွားပြန်သည်။ သူ၏ အော်ခေါ်သံကြောင့် သူ့အား အိမ်သားများက သွား၍ ဆွဲထူပေးသောအခါ သူက-

"ငါ- ဘာမျှမဖြစ်ဘူး။ လုံချည်ပဲ နှင်းဆီပင်နဲ့ ငြိပြီး နည်းနည်း ပြဲသွားတယ်"

ဖေဖေက ဘာမျှ မဖြစ်ဘူးဟုဆိုသော်လည်း ပန်းစိုက် မြေအိုးနှင့် ထိခိုက်ပြီး ဖေဖေ့ဦးခေါင်းမှာ အနည်းငယ်ပေါက်သွား လေသည်။ သွေးစို့နေ၏။

**သူ့အကြောင်းသူသိနေဟန်ရှိသည့်ဖေဖေ**

ဖေဖေစိတ်ဝင်စားနိုင်မည့် အကြောင်းအရာနှင့်များ၍ ဖေဖေ့အား ဆရာဝန်နှင့် ပြရန် စီစဉ်ကြရသည်။

"ဖေဖေ- အမှာရီက သူအိမ်ဆောက်နေတာ ဖေဖေလဲ လာကြည့်ပေးပါဦးတဲ့-"

ဖေဖေ့ တူမ အမာရီ၏ခင်ပွန်းမှာ ရန်ကုန်ဆေးရုံကြီးရှိ သမားတော်ကြီး တစ်ဦး ဖြစ်ပါသည်။ သူတို့နှင့် ကြိုတင်ညှိနှိုင်း ထားပြီး ဖေဖေ့အား ရန်ကုန်ဆေးရုံကြီးသို့ ခေါ်လာခဲ့၏။



"အိမ်ဆောက်တဲ့ဆီ မသွားခင် ဆေးရုံမှာ သူတို့နဲ့ ခဏ ဝင်တွေ့သွားတာပေါ့"ဟု ဆိုကာ ဖေဖေ့အား ဆရာဝန် **ရှေ့သို့** ပို့ရလေသည်။

"ကြိုတုန်းဆေးစစ်ပေးလိုက်ဦးမယ်"ဟု ဆိုကာ ဆေးရုံကြီး၌ ဖေဖေ့အတွက် လိုအပ်သည်များကို အားလုံးဆောင်ရွက်ပေး လိုက်၏။

ပြီးမှ အမာရီအိမ်ဆောက်နေသည့် နေရာသို့ ဖေဖေ့အား လိုက်ပို့ပေးလိုက်ပါသည်။

ဖေဖေ၏နှလုံး၌ အနာဒဏ်ရာကြီးတစ်ခုရှိနေကြောင်းနှင့် နောက်ထပ်လူ့လောကမှာ ဖေဖေဆက်နေရလျှင် အလွန်ဆုံး တစ်နှစ်ခန့်အချိန်လောက်သာ ဖြစ်နိုင်တော့ကြောင်း ဖေဖေ့ ဆေးစစ်ချက်မှ အဖြေထွက်လာသည်။

သည်အဖြေကို ဖေဖေ့အား အသိမပေးတော့ပါ။

စင်စစ် ဖေဖေသည် သူ့ကျန်းမာရေး အခြေအနေ သူ့ဘာသာသူ သိကောင်းသိနေမည် ထင်ပါသည်။ ကျွန်တော်တို့ကို သာ ရေးကြီးခွင်ကျယ်တွေ ရှိမနေအောင် သူဟန်ဆောင်နေခြင်း မျိုးလည်း ဖြစ်နိုင်လေသည်။

**ခေးမြစ်သွားပြီ**

ဖေဖေသည် အလွန်သတိရှိသူ ဖြစ်၏။ ထိုအချိန်၌ မည်သည့်ကိစ္စ မည်သည့်အကြောင်းအရာဖြစ်စေ၊ အားလုံးခေန် ကျ စာရင်းဇယားများဖြင့်တကွ သူ့အား ပြန်မေးနေအောင် ဆောက်အောင် ဖေဖေက လုပ်ထားသည်ကို မြင်ရ၏။

"မင်းအမေကတော့ ခပ်အေးအေးပဲ။ ငွေကြေးကိစ္စတွေရှည်း လဲ စိတ်မဝင်စားဘူး။ ဘာမှလည်း မပူတတ်ဘူး ဟိုကိစ္စ- ဒီကိစ္စ

www.burmeseclassic.com

www.burmeseclassic.com

တွေလည်း ဘာကိစ္စမှ ခေါင်းထဲ မထည့်ဘူး။ ဒီတော့- မင်းပဲ အားလုံး မှတ်ထား" စသဖြင့် ဖေဖေသည် ကျွန်တော့်အား တာဝန်ပုံချနေ၏။

နောက်ပိုင်းတွင် ဖေဖေသည် စားရင်းသောက်ရင်း-

"အမယ်လေး. . . မူးတယ်. . . မူးတယ်-"ဟု အော်ညည်းပြီး စားထားသည့်အစာများ ပြန်အန်ထွက်ကုန်လျက်၊ မနေနိုင်အောင် တအားမူးနေတတ်သည်။ ဆရာဝန်ရောက်လာပြီး၊ ဆေးထိုးပေးလိုက်မှ ငြိမ်သက်သွားကာ ခဏကြာသော် အိပ်ပျော်သွားလေတော့သည်။

ထိုသို့ဖြစ်ပြီး အိပ်ပျော်သွားရာမှ ပြန်နိုးလာသော အချိန်၌ ဖေဖေသည် စောစောကဘာမျှ မဖြစ်သလိုပင် အကောင်းပကတိပုံမှန်အခြေအနေအတိုင်း ပြန်ကောင်း နေတတ်ပါသည်။

ထိုအတိုင်း နှစ်ကြိမ်သုံးကြိမ်ခန့် ပြင်းပြင်းထန်ထန်ဖြစ်ပြီးသော တစ်နေ့၌၊ ညဘက်တစ်ရေးနိုးလာသည့် ဖေဖေ့ထံမှ အော်ခေါ်သံကြောင့်၊ ဖေဖေ့ကုတင်ခြေရင်း၌ စောင့်အိပ်နေကြသော မေမေနှင့် ကျွန်တော်က ဖေဖေ့အား ထကြည့်မိကြသည်။

"ငါ့လျှာ တိုသွားတယ်ထင်တယ်၊ ဆွဲထုတ်ပေးစမ်း" ဟု ဖေဖေက ဆိုသည်။

ဖေဖေကား ခေလဖြတ်သွားပြီ ဖြစ်ပါလိမ့်မည်။

ဖေဖေသည် အိပ်ရာထက်မှ သူ့ဘာသာသူ ထနိုင်ထိုင်နိုင်မပြုလုပ်နိုင်တော့ဘဲ ရှိ၏။ ကျွန်တော်တို့ ဆေးရုံပို့ရန် စီစဉ်ကြတော့သည်။

"ဆေးရုံမှာ ဆေးစစ်တာတို့ဘာတို့ လိုတာလေးတွေလုပ်ပြီး အိမ်ပြန်ကြတာပေါ့။ ဆေးရုံမှာ ခဏတော့နေနော်-"ဟု ဖေဖေ အား ချော့မော့နှစ်သိမ့်ပြီး ကျွန်တော်တို့က ဆေးရုံတင်လိုက်ကြလေသည်။



ဖေဖေသည် ဆေးရုံကုတင်ပေါ်မှာပင် သွေးတိုးတွေအရှုံး ကျက်နေ၏။

ဆေးရုံသို့ရောက်ပြီး နှစ်ပတ်ခန့်ကြာသော တစ်နေ့၌ ဆေးရုံကုတင်ဘေးမှာ ဘီးတပ်ကုလားထိုင်ဖြင့် ကျွန်တော်စောင့်နေခိုက်-

"ငါ-ဖရဲသီးစားမယ်" ဟု ဖေဖေက ပြောသဖြင့် သူနာပြုဆရာလေးက ဖရဲသီးစိတ်ကျွေးနေလေသည်။

ထိုစဉ် ဖေဖေသည် အိမ်မှာရှိစဉ်က ဖြစ်တတ်သလို "ဘအင်း-အင်း၊ တအဲ-အဲ" ညည်းရင်း ခေါင်းမူးလာဟန်ရှိလေသည်။

"အဲဒါဆိုအရမ်းမူးတော့မယ်၊ ဖေဖေ့ကိုဆေးမြန်မြန်ပေးပါ" ဟု ကျွန်တော်က အရေးတကြီးသူနာပြုဆရာလေးအား ပြော၏။

ကျွန်တော်ကိုယ်တိုင်လည်း မိမိဘီးတပ်ကုလားထိုင်ကို မိမိဘာသာ အမြန်လှိမ့်၍ ဆရာဝန်များ စုဝေးရာအခန်းသို့ သွားပြော၏။

ထိုနေ့က ဆေးရုံပိတ်ရက်ဖြစ်သဖြင့်၊ ဆရာဝန်ကြီးများ မရှိဘဲ တာဝန်ကျဆရာဝန်လေးသာ ရှိနေသည်။

ဖေဖေသည် အိမ်မှာဖြစ်သလို ထုံးစံအတိုင်း အရမ်းခေါင်းမူးပြီး အန်နေ၏။ နောက်ဆုံးပင်ပန်းမောဟိုက်နေပြီး ငြိမ်သက်သွားကာ တခေါခေါဟောက်လျက် အိပ်ပျော်သွားလေသည်။

ညနေခြောက်နာရီထိုးသောအခါ တာဝန်ကျ သူနာပြုဆရာမ ရောက်လာပြီး ဆေးတိုက်မည်ပြု၏။

ဖေဖေ့အား သူနာပြုဆရာမက အမျိုးမျိုး လှုပ်နှိုးသော်လည်း မနိုးတော့ပါ။ သေချာစစ်ဆေးကြည့်မှ ဖေဖေသည် အိပ်ပျော်နေခြင်းမဟုတ်ဘဲ သတိလစ်မေ့မြောနေခြင်းသာ ဖြစ်ကြောင်း သိရှိရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

**အိမ်ပြန်ချင်သောဖေဖေ**

နောက်တစ်နေ့၌ ဖေဖေ့တူမအမာရီက-

"ဦးလေးကြီးအခြေအနေက မရနိုင်တော့ဘူး၊ အဲဒီတော့ ဆေးရုံမှာ ဆုံးမလား။ အိမ်မှာဆုံးမလား"

"ဘယ်မှာဆုံးရင်ကောင်းမလဲ" ဟု ကျွန်တော်က ပြန်မေးမိသည်။

"ငါကတော့ ဆေးရုံမှာ မဆုံးစေချင်ဘူး။ နောက်ပြီး-ဦးလေးကြီးက အိမ်သိပ်ခင်တာ။ ဆေးရုံမှာ တစ်ချိန်လုံး အိမ်ပြန်မယ်ချည်း ပြောပြောနေခဲ့တာ"

"ကောင်းပြီလေ-၊ ဒါဖြင့်-အိမ်ပြန်ခေါ်ဖို့ လုပ်ကြတာပေါ့"

ဆေးသွင်းပိုက်တန်းလန်းဖြင့် ဖေဖေ့အား လူနာတင်ကားဖြင့် အမြန်ဆုံးအိမ်သို့ပြန်သယ်လာခဲ့ကြလေသည်။

ဖေဖေသည် အသက်ရှူမမှန်တော့ဘဲ ပင်ပန်းခက်ခဲလှစွာ ကြိုးစားပမ်းစား အသက်ရှူနေရရှာသည်ကို မြင်ရ၏။

မကြာမီ နာရီပိုင်းအတွင်းမှာပင် ဖေဖေသည် တစ်လောကလုံးကို စွန့်ခွာသွားပေတော့မည်ဟူ၍ ကျွန်တော်တို့အားလုံးနားလည်ထားကြလေသည်။

ကျွန်တော်သည် အိမ်၏အောက်ထပ်ရှိ ဧည့်ခန်းတွင်း၌ ဖေဖေ့အတွက် ရှင်းလင်း၍ အိပ်ရာတစ်ခုပြင်ဆင်စီစဉ်ထားရှိပေးလိုက်ပါသည်။

**သတိလစ်အိပ်ပျော်နေသည့် ဖေဖေ**

သူနာပြုဆရာမက ဆရာဝန်ကြီးများညွှန်ကြားထားသည့်အတိုင်း လိုအပ်သည်များကို မိနစ်ပိုင်းအလိုက်၊ နာရီပိုင်းအလိုက် စနစ်တကျ ပြုစုလုပ်ကိုင်ပေးနေ၏။



ထိုအတိုင်း ဆေးမှန်မှန်၊ အစာမှန်မှန်ပေးနေသောအခါ ဖေဖေသည် အသက်ရှူမှန်လာလျက် နှစ်ရက်သုံးရက်အတွင်း အခြေအနေပြန်ကောင်းလာသလို ရှိပါသည်။ ဆီးမှန်ဝမ်းမှန် ရှိတာ ပုံမှန်အနေအထားမျိုးသို့ ရောက်ရှိလာ၏။

နွားနို့၊ စွပ်ပြုတ်၊ ဆန်ပြုတ်ကျဲ စသည်များကို နှာခေါင်းမှာ တပ်ထားသည့် အစာသွင်းပိုက်မှတစ်ဆင့် အချိန်မှန်သွင်းပေး၏။ ထိုအခါ လုံလောက်သောအစာအဟာရများ ရရှိပြီး လူသာမန် တစ်ဦး အိပ်ပျော်နေသည်သို့သာ ရှိနေလေသည်။

ကျွန်တော်တို့ အားတက်လာကြ၏။ သတိလစ်နေသည်က လွဲ၍ အခြားအချက်အလက် အခြေအနေများအားလုံး ပုံမှန်ရှိနေသောအခါ၊ ဖေဖေသတိပြန်လည်လို ပြန်လည်ငြားဆေးမျိုးစုံ၊ ဆရာမျိုးစုံ၊ နည်းမျိုးစုံဖြင့် ကျွန်ဟော်တို့ ကြိုးစားကုသကြည့်ကြ၏။

ဗေဒင်၊ ယတြာ၊ ဘုရားကု၊ နတ်ကု၊ အောက်လမ်း၊ အထက်လမ်းနည်းမျိုးစုံ သူပြောငါပြောကောင်းမည်ဆိုသမျှ ခေတ်မီနည်းများ၊ ခေတ်မမီတော့သော နည်းပါမကျန် အစွမ်းကုန်လုပ်နိုင်သမျှ လုပ်ကြလေသည်။

အံ့ဩလောက်အောင် ခေတ်မီဆေးဝါးအစွမ်းထက်ပုံမှာ ဦးနှောက်အားဆေးတိုက်လိုက်သည်နှင့် ဖေဖေသည် မျက်လုံးများ ဖွင့်ကြည့်၏။ ထိုနောက် သမ်းဝေကာ မျက်နှာအမူအရာတစ်မျိုး ရှိလာ၏။ ယခုချက်ချင်းပင် ထထိုင်လျက် စကားပြောတော့မလို ရှိလာတတ်သည်။

"ဖေဖေ. . . ဖေဖေ. . .," စသဖြင့် ကျွန်တော်တို့က ဝိုင်းအော်ခေါ်ကြည့်ကြသော်လည်း၊ ခဏကြာသောအခါ မူလအတိုင်း ပြန်လည်ငြိမ်သက်အိပ်ပျော်သွားသလို ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

## နှပ်ထွေးသော ဆက်ဆံရေးများ

ထိုသို့ ဖေဖေ့အခြေအနေမှာဘာမျှ ထူးမလာဘဲ ရက်တွေ လတွေသာ တဖြည်းဖြည်းလွန်မြောက်လာခဲ့ရသည်။

အိမ်၌လည်း ဖေဖေ့အား လာကြည့်သည့်၊ လူနာသတင်းမေး ဧည့်သည်များ၊ မိတ်ဆွေများ၊ ဆွေမျိုးသားချင်းများနှင့် တရုန်းရုန်း ရှိနေ၏။ လူနာကိစ္စ၊ ဆရာဝန်သူနာပြုကိစ္စ၊ ဆေးဝါးကိစ္စ နှင့် တစ်ဘက်မှာမအားလပ်အောင် အလုပ်ရှုပ်နေရသလို၊ အခြားတစ်ဘက်မှာလည်း ဧည့်သည်များ၊ ဆွေမျိုးသားချင်းများအား ဧည့်ခံကျွေးမွေးရမှု လူမှုဆက်ဆံရေးကိစ္စများဖြင့် ကျွန်တော်တို့မှာ ရှုပ်ထွေးနေပါသည်။

အိမ်တွင် လူပေါင်းစုံ၊ ကိစ္စမျိုးစုံအဝင်အထွက်များလာသောအခါ စကားများလည်း ရှုပ်ထွေးလာ၏။ ဆွေရေးမျိုးရေးများလည်း ရှုပ်ထွေးလာ၏။

အချိန်ကြာလာသည်နှင့်အမျှ အချင်းချင်း မကျေမလည် မကျေမနပ်မသင့် မတင့်ကိစ္စမျိုးတွေလည်း ရှိလာသည်။ ဆွေမျိုးသားချင်း အချင်းချင်း စကားအတင်အချမှ အုပ်စုဖွဲ့မှု၊ ဂိုဏ်းဂဏခွဲခြမ်းမှု စသည် စသည် ပြဿနာများလည်း ရှိနေ၏။

လောကသဘာဝကို ဆင်ခြင်မိသည့်အလျောက်၊ ကျွန်တော်ကမူ မည်သည့်ပြဿနာမျှ ထိပ်တိုက်ဝင်ရောက်ရှင်းလင်းခြင်းမပြုဘဲ မိမိတို့ဘာသာ လုပ်ရမည့်အလုပ်၊ ဆောင်ရွက်ရမည့်ကိစ္စများကိုသာ တစိုက်မတ်မတ် စီစဉ်လုပ်ကိုင်သွား၏။

"အဲဒီလို ဦးနှောက်သွေးကြောပေါက်တဲ့ ဒီရောဂါမျိုးပေါ့၊ ကျွန်တော့်ဆရာလေ၊ သူတို့လည်း အတော်ပြည့်စုံချမ်းသာပါတယ်။



ဒါပေမယ့်-လနဲ့ချီပြီး သတိလစ်နေတဲ့လူနာကို ဆေးကုရင်း ပြုစုနေခဲ့ သူတို့နေတဲ့ ခြံကြီးဖွံ့ဖွံ့ရောင်းရတာ ခြံတစ်ဝက်ကုန်ပြီလေ။ ခုလို သတိမေ့နေတာ ရှစ်လရှိပြီ။ ဒီအတိုင်းပါပဲ" ဟု လူနာသတင်းလာမေးသူတစ်ဦးက ပြော၏။

မှန်ပါသည်။ ကျွန်တော်လည်း ဖေဖေ့အခြေအနေမှာ ရေရှည်သဘောရှိလာနိုင်သဖြင့် ငွေရေးကြေးရေးမှအစ အိမ်တွင်းရေးအခြေအနေများပါ အားလုံးခံနိုင်ရည်ရှိအောင် စီစဉ်အကွက်ချနေရပါသည်။

## သုံးနှစ်လောက်အိပ်နေတတ်သတဲ့

ဖေဖေ့ကို ပြုစုပေးနေသော အထူးသူနာပြုဆရာမအား ကျွန်တော်က-

"ဒီလိုလူနာမျိုးဆရာမတို့ ဘယ်နှစ်ယောက်လောက် ကြုံဖူးလဲဟင်"

"သုံးလေးယောက်လောက် ကြုံဖူးပါတယ်"

"အဲဒီလူနာတွေနောက်တော့ ပြန်ကောင်းသွားလားဟင်"

ဆရာမက ခေါင်းယမ်းပြပါသည်။ ပြီးမှသူက -

"ဒါပေမဲ့-ပြန်ကောင်းတဲ့လူနာမျိုးလဲ ရှိပါတယ်။ သူက အသက်လည်းငယ်တဲ့အပြင် ဒီလိုသွေးတိုးတက်ပြီး ဖြစ်တာ မျိုးတော့မဟုတ်ဘူး။ ကားတိုက်ခံရပြီး အကြာကြီး သတိမေ့နေရာ ကနေ ပြန်ကောင်းလာတာမျိုး။ ကောင်းလာတယ်ဆိုပေမဲ့လဲ စားတာသောက်တာကအစ ကလေးငယ်လေးလိုအားလုံး အတော်ကြီး ပြန်လေ့ကျင့်ယူရတာ"

"ဆရာမကြုံရတဲ့အထဲမှာ အကြာဆုံးဘယ်လောက်ခံသလဲ တွေ့ရလဲ"

www.burmeseclassic.com

www.burmeseclassic.com

"တစ်နှစ်ကျော်ခံတဲ့ လူနာမျိုးပြုစုခဲ့ရဖူးပါတယ်။ တချို့-သုံးနှစ်လောက်ခံတာမျိုးတောင် ရှိပါတယ်" ဟု ဆရာမက ပြောပြသည်။

အချို့သော ဆွေမျိုးသားချင်းများက အတင်းပြောကြ၊ အပြစ်တင်ကြပြုကြ၏။

"သားသမီးတွေပေါ် စိတ်မချလို့ သူ့ဘဝ ကျွတ်လွတ်ချင်သားနဲ့ ကျွတ်လွတ်လို့မရဘဲ ဖြစ်နေတာ"

"တကယ်တော့ ခုဟာ ဖုတ်ဝင်နေတာမျိုး" ဟု ဆိုသူက ဆိုပြီး ပယောဂဆရာကို ခေါ်သူကခေါ်လာ၏။

ကျွန်တော်ကမူ ဘာမျှဝေဖန်ကန့်ကွက်ခြင်း မပြုဘဲ သူတို့ပြုသမျှ၊ အကြံပေးသမျှ တတ်နိုင်သလောက် လိုက်လျောပြုမူစေပါသည်။

တစ်ဦးက-

"အစာကို ရအောင်ပိုက်နဲ့သွင်းနေတော့ သေမယ့်လူကို ဆွဲထားသလို ဖြစ်တယ်။ လူနာလဲ ပင်ပန်းလှပါပြီ"

မည်သည့်စကားကိုမျှ ပြန်လှန်ဖြေရှင်းချက် ထုတ်ရန် မလိုပါ။ မိမိဆောင်ရွက်ဖွယ်ရှိသည်များကိုသာ ကျွန်တော်တို့ အတတ်နိုင်ဆုံး ပုံမှန်ဆောင်ရွက်ကြရပါသည်။ နောက်ဆုံး ရင်ဆိုင်ရမည့်အဖြေကိုလည်း ကျွန်တော်တို့ နားလည်ထားပြီး ဖြစ်၏။ ထို့ကြောင့် လက်တွေ့ကြုံရမည့်အဖြစ်တွေအတွက် အားလုံးကြိုတင်ပြင်ဆင်ထားရှိပြီး ဖြစ်ပါသည်။

**လေးလနှင့်သုံးရက်အိပ်နေခဲ့သည့် ဖေဖေ**

လူ့လောကလူ့ပတ်ဝန်းကျင်၌ ဆုံးဖြတ်နိုင်သူ၊ ဩဇာရှိသူ၊ အုပ်ချုပ်သူအကြီးအကဲ စသည့် တစ်စုံတစ်ဦးသည် ယင်းပတ်ဝန်းကျင်အား မျက်ကွယ်ပြုသွားလျှင်၊ မျက်ကွယ်ပြုရတော့မည့် အခြေအနေမျိုးရှိလာလျှင်၊ ယင်းပတ်ဝန်းကျင်လောက၌ အပြောင်းအလဲများ၊ ဆိုးဝါးသည့်အကျင့်စရိုက်ဆိုးများ၊ မကောင်းသော ဇာတိရုပ်များ ပေါ်လာတတ်စမြဲ၊ ကြုံလာတတ်စမြဲ၊ ပူးကပ်လာတတ်စမြဲသာ ဖြစ်ပါသည်။



ကျွန်တော်တို့တွင် မောင်နှမခုနစ်ဦးရှိသည့်အနက် လောကသဘာဝအရ အားလုံးသည် တစ်ညီတည်း၊ တစ်သဘောတည်း မဖြစ်နိုင်ပါ။ အမျိုးမျိုးအဖုံဖုံရှိနိုင်ပါသည်။

သို့ဖြစ်၍-

"ဒီအဖေကြီး မရှိရင်တော့ ဒီမောင်နှမတစ်တွေ သူတစ်မျိုး ငါတစ်ပေါက်နဲ့ သတ်ကုန်ကြလိမ့်မယ်။ ကြည့်သာနေ" ဟူ၍ ဆွေမျိုးသားချင်းအချို့က ကွယ်ရာ၌ အတင်းပြောကြလေသည်။

သို့သော်-ကျွန်တော် ကြိုးစား၍ မောင်နှမအချင်းချင်းနှင့် ဆွေမျိုးသားချင်းများကိုပါ ပြေလည်အောင် ထိန်းနိုင်ခဲ့သဖြင့် ညည်သည့်ပြဿနာမျှ မပေါ်ပေ။

"အဖေရှိစဉ်မှာတောင် ဒီမိသားစု စည်းစည်းလုံးလုံး နေခဲ့နိုင်သေးတာ၊ အကယ်၍-အဖေမရှိခဲ့ရင် ပိုလို့တောင် စည်းစည်းလုံးလုံး နေနိုင်ကြရမှာပေါ့။ ငါတို့ရှေ့ကဖြစ်သွားခဲ့ဖူးတဲ့ လူကြီးအချို့ရဲ့ အကျည်းတန်ရုပ်ဆိုးမှုတွေမျိုး ငါတို့ခေတ်မှာ မဖြစ်စေသင့်ဘူး" ဟူ၍ ကျွန်တော်က ပြောခဲ့နိုင်ပါသည်။

မည်သို့ပင်ဖြစ်စေ၊ လူတိုင်းမလွဲမသွေ ကြုံတွေ့ကြရမည့် သမိုင်းအတိုင်း၊ ဖေဖေသည်လည်း လေးလနှင့် သုံးရက်ကြာအောင် သတိလစ်မေ့နေရာမှ၊ နောက်ဆုံး လူ့လောကကြီးကို အပြီးတိုင် စွန့်လွှတ်ရမည့်အချိန်သို့ ရောက်လာတော့၏။

www.burmeseclassic.com

www.burmeseclassic.com

တကယ်တမ်း ရုပ်ခန္ဓာအား စွန့်လွှတ်ရတော့မည့်အချိန် ရောက်လာသောအခါ မည်သည့်ဆေးဝါး၊ မည်သည့်အတတ်ပညာ အစွမ်းထက်လှသည်ဖြစ်စေ၊ မည်သို့မျှ အကြောင်းထူးလာအောင် မစွမ်းဆောင်နိုင်တော့ပါချေ။

နှလုံးခုန်မမှန်ဘဲ ရှိလာသည်ကို နှလုံးခုန်မှန်စေသည့် မည်သည့်အသက်ကယ်ဆေးမျှ မကယ်နိုင်ပါ။ ဆီးမသွားသည်ကို ဆီးသွားစေသည့် မည်သည့်ဆေးမျှ အစွမ်းမပြနိုင်ပါ။ ပိုက်နှင့် သွင်းပေးနေသည့်အစာသည်လည်း ဝမ်းတွင်း၌ အစာမချေတော့ဘဲ ဝမ်းပိုက်ကြီးသာ ဖောင်းဖောင်းလာစေတော့သဖြင့် အစာသွင်းပိုက်ကို ဖြုတ်လိုက်ရတော့၏။

သို့နှင့် ၁၉၇၈ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့၌ ဖေဖေ၏ ဘဝမီးတောက်လေးသည် အပြီးတိုင် ငြိမ်းသွားလေတော့သည်။

## ဖေဖေ၏နောက်ဆုံးခရီး

ဖေဖေ့ဈာပနာသဂြိုဟ်သည့်နေ့၌ ကျွန်တော်သည်လည်း ဖေဖေသွားရာ နောက်ဆုံးခရီးသို့ လိုက်ပါပို့ဆောင်ပါသည်။

ကျွန်တော်သည် မည်သည့်အကြောင်းအရာ၌မဆို မလွဲမသွေ ကြုံရတော့မည့် ကိစ္စမှန်သမျှမှာ အားလုံး ကြိုတင်တွေးဆထားပြီး တတ်နိုင်သရွေ့ ကြိုတင်ပြင်ဆင်လုပ်ဆောင်လေ့ရှိပါသည်။ ကြုံရမည့်အဖြစ်သည် ဝမ်းနည်းစရာ ကြေကွဲစရာဖြစ်လျှင်လည်း စိတ်အားကို ကြိုတင်း၍ လုပ်ရမည့်ကိစ္စမှန်သမျှ အားစိုက်၍ အဆုံးသတ် ပြီးဆုံးသည်အထိ လုပ်တတ်လေ့ရှိ၏။

ယခု ဖေဖေ့ကိစ္စ၌လည်း ဖေဖေသည် တစ်နှစ်အတွင်း လူ့လောကကို စွန့်ခွာသွားနိုင်သည် သိရကတည်းက ဖြစ်ပေါ်လာမည့်အကြောင်းအရာများကို ရင်ဆိုင်ရန် အသင့်ပြင်ထားလေသည်။

ဝမ်းနည်းအားငယ်စိတ်များကို အဝေးသို့ မောင်းနှင်ပစ်လျက် မျက်ရည်မကျတမ်း တတ်နိုင်သမျှ စိတ်ကို တင်း၏။

သို့သော် တကယ်တမ်း ယခုလို ဖေဖေဆုံးပါးသွားချိန်၌မူ စိတ်ကို တင်းထား၍ မရနိုင်တော့ဘဲ မျက်ရည်များ သွန်ကျလာမိရပါတော့သည်။

"ဩော်-ဒီဘဝမှာ ဖေဖေနှင့် ဘယ်တော့မျှ ပြန်မတွေ့နိုင်တော့ပါတကား"

ဖေဖေ့ရုပ်အလောင်းအား မီးသဂြိုဟ်စက်ဘက်သို့ သယ်ဆောင်သွားလေသောအခါ၊ ကျွန်တော်သည် ကားပေါ်မှာသာ ထိုင်၍မြင်ကွင်းတွေကို ငေးကြည့်နေမိ၏။

ပျော့ခွေနေသော မေမေ့အား ပွေ့ချီ၍ ကားပေါ်တင်သွားသည်ကိုလည်း မြင်လိုက်ရသည်။

ဖေဖေ့ရုပ်အလောင်းကို မီးသဂြိုဟ်စက်ကွင်းသို့ သွင်းပြီး ခဏကြာသောအခါ မီးသဂြိုဟ်စက်ခေါင်းတိုင်မှ မည်းမှောင်သော မီးခိုးလုံးများ တက်လာလေသည်။ ထိုနောက် မီးခိုးများ တဖြည်းဖြည်း လျော့ပါးသွား၏။

"ဒီစက်ရုံကတော့ ဘယ်တော့မှ တခြားစက်ရုံတွေလို ငြိမ်းကြွမ်းပြတ်မှာမဟုတ်ဘူး။ အမြဲတမ်း ဒီမီးခိုးခေါင်းတိုင်က မီးခိုးထွက်နေမှာပါပဲ"ဟု ကောင်လေးနှစ်ယောက်က မီးသဂြိုဟ်စက်၏ ခေါင်းတိုင်ဆီသို့ လှမ်းမျှော်ကြည့်ရင်း ပြောလိုက်သံကြားလိုက်ရသည်။

စင်စစ် လူတစ်ယောက်အဖို့ အသက်ထင်ရှား ရှိစဉ်၌ မည်သည့်အလုပ်တွေပဲလုပ်ခဲ့လုပ်ခဲ့၊ နောက်ဆုံးအသက်ချုပ်ငြိမ်း သွားတော့လည်း ထိုသူအဖို့ ဘာအဓိပ္ပာယ်မျှမရှိနိုင်တော့ဘဲ မီးခိုးလုံးတွေ ထွက်လာပြီး ပြာလေးတွေသာ ကျန်ရစ်ခဲ့မှာပါတကား ဟူ၍ ဆင်ခြင်စိတ်ဖြစ်ရ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

## စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပေါ်လာခြင်း

“ငါ့ကားဘော်ဒီပြင်ချင်တယ်။ ဘော်ဒီရုံကိုတော့ ကားသွားမထိုးထားချင်ဘူး။ ကားထိုးထားရင် တော်တော်နဲ့ ပြီးမှာမဟုတ်တော့ဘူး။ မေမေ့အိမ်ဝင်းခြံထဲမှာပဲ အလုပ်သမားငှားပြီး လုပ်ချင်တယ်။ လိုအပ်မယ့် ပစ္စည်းပစ္စယတွေတော့ ငါပေးမယ်။ ငါက အလုပ်ထဲက အိမ်မှာ နေရတော့ ငါ့အလုပ်နဲ့ ကားပြင်တာနဲ့ ရှုပ်ကုန်မယ်။ ငါ့ဆီမှာ တော့ လုပ်လို့မရဘူး။ ဒီတော့ အလုပ်သမားရှာကွာ-”

အစိုးရဌာနကြီးတစ်ခု၏ အကြီးအကဲဖြစ်နေသည့်ကိုကိုက တစ်နေ့တွင် သူ့မော်တော်ကားပြင်ရန် ကိစ္စပြောလာ၏။

ထိုအချိန်မှာပင် ကားဘော်ဒီပြင်ဆရာတစ်ဦးသည် ကျွန်တော်တို့ ဝင်းခြံအတွင်း အလုပ်လာလုပ်ချင်ကြောင်း ပြောလာသည်နှင့် အကြောင်းကြုံကြိုက်လာလေသည်။

သို့နှင့်ကိုကို၏ မော်တော်ကားဘော်ဒီပြင်ရင်း အလုပ်လိုချင်သည့် ကားဆေးမှုတ်ဆရာတစ်ဦးလည်း ရောက်လာလေသည်။

ဤနည်းဖြင့် ကျွန်တော်တို့ ခြံထဲတွင် ကားဘော်ဒီပြင်ခြင်းနှင့် ကားဆေးမှုတ်ခြင်းလုပ်ငန်းတစ်ခု မွေးဖွားလာရ၏။ လုပ်ငန်းစမိသည်နှင့် အခြားကားများကိုပါ အလုပ်လက်ခံလုပ်ဖြစ်သွားရတော့လေသည်။





မကြာမီ မိမိတို့ ဝင်းခြံထဲဝယ် ပြင်ဆင်ရမည့်ကားများ ပြည့်လာသလို အလုပ်တွေလည်းများလာ၏။

### အရှုံးခံလုပ်နေရသည့်အလုပ်

ဤသို့ လုပ်ငန်းဖြစ်ပေါ်လာပြီးနောက် အလုပ်လက်ခံထားသည့် ကားများ များပြားလာနေသော်လည်း စီးပွားရေးသဘောဖြင့်ကြည့်လျှင်မူ အကျိုးအမြတ်မျှ မရှိချေ။

အလုပ်စည်းကမ်းသတ်မှတ်ချက် တိတိကျကျမရှိ၊ ငွေကြေးကိစ္စရှင်းရှင်းလင်းလင်း သဘောတူညီချက်မထား၊ ဖြစ်သလိုကြုံသလို လုပ်ကိုင်နေသည်ဖြစ်၍ ငှားရမ်းလုပ်ကိုင်နေရသည့်ပစ္စည်းပစ္စယများအတွက် ငှားရမ်းခကိုပင် မပေးနိုင်အောင် ရှိရ၏။

လေအိုး၊ မီးအိုးနှင့် ဆေးမှုတ်စက်များအတွက် ကျွန်တော်က စိုက်နေရသည်။

အလုပ်သမားသည်လည်း များများစားစားမရှိပါ။ သုံးလေးယောက်ခန့်သာ ရှိ၏။ ထိုသုံးလေးယောက်သည် သူတို့ရယူသည့် အလုပ်သမားခနေ့တွက်လောက်ပင် ကျေအောင်အလုပ်မလုပ်ကြချေ။

နေ့စဉ် အလုပ်သမားခလောက်မျှ အလုပ်ကမပြီးလေသောအခါ အလုပ်၌ အရှုံးပေါ်လျက်ရှိနေရ၏။

အလုပ်ကို အင်တိုက်အားတိုက် မလုပ်သဖြင့် အလုပ်ပြီးစီးရမည့်ရက်မှာ အလုပ်မပြီးစီးဘဲ ရှိ၏။ အလုပ်အပ်သူနှင့် အမြဲတမ်းစကားများနေရလေသည်။ ထို့ပြင် အလုပ်အပ်နှံသူ၏စိတ်ကြိုက်လည်း လုပ်မပေးကြချေ။

အလုပ်တွေများလာပြီး အလုပ်ပူလာလျှင် အလုပ်သမားများသည် အလုပ်မဆင်းဘဲ နေကြ၏။ လိုက်ခေါ်လျှင် ထုတ်ချေးတောင်းတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

လုပ်ခကို ကြိုတင်ယူချင်သည်။ အကြောင်းအမျိုးမျိုး ပြလျက် ငွေချေးယူသည်။ မပေးလျှင် စိတ်ကောက်ပြီး အလုပ်သို့ မလာဘဲ နေ၏။ ပေးလိုက်ပြန်လျှင်လည်း ထိုငွေဖြင့် ဖဲဝိုင်း ထိုင်ကာ ငွေမကုန်မချင်း ဖဲရိုက်သည်။ ဖဲနိုင်နေလျှင် ရက်အတန်ကြာ အလုပ် မဆင်းဘဲ ရှိနေသည်။ ဖဲရိုက်ရန် ငွေမရှိမှ အလုပ်သို့ ပြန်လာ၏။

**ပညာပြနေသည့် အလုပ်သမားများ**

ကျွန်တော်ကအိမ်ထဲတွင် နေသည်ဖြစ်၍ အပြင်ဘက်၌ အလုပ်လာအပ်တိုင်း မသိနိုင်ပေ။ ဂဟေဆော်သည့် အလုပ်မျိုးဆို လျှင် ရသလောက်ကျွန်တော့်ထံ မရောက်ပါ။ ငွေအချို့ကို အားလုံး ယူထားလိုက်သလို အချို့ငွေကိုမူ ကျွန်တော့်အား တစ်စိတ်တစ်ပိုင်း လောက်သာ လျှော့ပေး၏။ အလုပ်ထဲမှ ရသမျှငွေအားလုံးကို ကျွန်တော်မသိနိုင်ဘဲ ရှိနေ၏။

ဂဟေဆော်ရန် သူတို့လေအိုး မီးအိုးကိုရိုက်ဖွင့်သံ ပိတ်သံ "ဒေါင်- ဒေါင်-"ဆိုသော အသံကို ကျွန်တော် သတိထားလေသော အခါ၊ လေအိုးမီးအိုး၏ ဖွင့်သံပိတ်သံကို ကျွန်တော်မကြားစေရန် တစ်ခါတည်း ဆက်တိုက်ဖွင့်ထားလိုက်တော့သည်။

ထိုအခါလေအိုးမီးအိုးများ အလဟဿကုန်နေသော ကြောင့် ရသည့်ငွေနှင့် ကုန်ကျသည့်ငွေမည်သို့မျှ မကာမိနိုင် တော့ချေ။ အလေအလွင့်အဆုံးအရှုံးများလှ၏။

"ဟဲ့- မင်းတို့ဟာ လေအိုးမီးအိုးက ဝယ်လာတဲ့ ငွေတောင် ပြန်မပေါ်သေးဘူး၊ လေအိုးမီးအိုးက ကုန်ပြန်ပြီဆိုတော့ ဘယ်ဖြစ် မလဲ" ဟု ကျွန်တော်က ပြောလျှင် အလုပ်သမားက-

"ဆရာရဲ့- လေအိုးက ဗားမှမကောင်းဘဲ။ ဗားအသစ်လဲ ဖို့လိုတယ်"



အဖွင့်အပိတ်ခေါင်းကို သူတို့အား ဝယ်ခိုင်းလိုက်လျှင် ဝယ်စျေးပေါ် အမြတ်တင်ပိုပြော၍ ယူ၏။ ကျွန်တော်တို့ဖာသာ သင်းပစ္စည်းကို ဝယ်ပေးပြန်လျှင်လည်း-

"ဆရာတို့ဝယ်လာတဲ့ ဗားက မကောင်းဘူး။ မလုံဘူး-" ဟု၍ ပြောကာ သူတို့သည် အဖွင့်အပိတ်ခေါင်းတွေကို သေချာ မပိတ်ဘဲ တမင်ဖွင့်ထားပစ်ခဲ့၏။

လေအိုးမီးအိုးကို ဝယ်ခိုင်းပြန်လျှင်လည်း အငွေ့မပြည့် မဝယ်ဘဲ တစ်စိတ်တစ်ပိုင်းသာ ဝယ်ပြီး၊ ပိုငွေကို သူတို့ယူလိုက် လေ၏။ အိုးထဲမှာ ထည့်လာသည့် အငွေ့ကို ကျွန်တော်တို့က ပြည့် မပြည့်မသိနိုင်ပါ။

**အာက်ဆိုက်ရှာသည့် အလုပ်သမား**

ကျွန်တော်တို့က အလုပ်တစ်ခုကို ၅၀ဝိ/-ကျပ်ဖြင့် လက်ခံ သည် ဆိုပါလျှင် အလုပ်သမားက ကျွန်တော်တို့ကွယ်ရာ၌ အလုပ် အပ်သူအား-

"ကျွန်တော့်ကို ငွေတစ်ရာပိုပေးနော်။ ဒီထက်ကောင်း အောင်ပိုလုပ်ပေးမယ်" စသဖြင့် ကျွန်တော်တို့ ၅၀ဝိ/-ကျပ်နှင့် လက်ခံသည့် အလုပ်ကို သူက ငွေတစ်ရာအပိုယူပြီး တစ်ထောင် ကျပ်ပိုးမက အလုပ်ကို ပိုလုပ်ပေးလိုက်လေသည်။ ကျွန်တော်တို့မှာ သံပြားဖိုး၊ မီးဖိုးအရင်းထဲမှ ပါသွားရတော့သည်။

တစ်ထွာခန့်ဖြတ်ဆက်ရမည့် သံပြားကို တစ်တောင်ခန့် ဖြတ်ဆက်လိုက်ပြီး ကျွန်တော်တို့ မသိအောင် ငွေအပိုယူလိုက်ခြင်း များသည်းရှိသေး၏။

မော်တော်ကားအခင်းသံပြားကို ဂဟေဆော်ရာတွင် အဆုံး နည်းနည်းဖြင့် တွဲရုံ လုပ်ပေးရမည့်အလုပ်မျိုးကို အလုပ်သမားက

www.burmeseclassic.com

www.burmeseclassic.com


ငွေထပ်တောင်းပြီး ဂဟေအပြည့်ဆော်ပေး၏။ ထိုအခါ ကျွန်တော်တို့မှာ နစ်နာရလေတော့သည်။

အလုပ်များကိုလည်း ရက်ချိန်းအတိုင်းပြီးအောင် မလုပ်သောကြောင့် အလုပ်အပ်သူတို့ မကျေမနပ်ရှိကြရသည်။ တစ်ရက်လုပ်ရမည့်အလုပ်ကို နှစ်ရက်သုံးရက် လုပ်သည်။

"ဒါကြောင့် ကျုပ်တို့က အလုပ်ရှင်က တစ်ယောက်၊ အလုပ်သမားကတစ်ယောက် အလုပ်ရုံမျိုးကို မအပ်ချင်တာ။ ပိုင်ရှင်ကိုယ်တိုင်လုပ်တဲ့ အလုပ်ရုံမျိုးမှ ပြောလို့ဆိုလို့ စိတ်တိုင်းကျရနိုင်တာ" ဟူ၍ အလုပ်အပ်သူတို့က ဘဝင်မကျရှိကြသည်။

အဆိုးဆုံးမှာ အလုပ်အပ်သူ သဘောကျမလုပ်ဘဲ အလုပ်သမားက အလုပ်ကို သူလုပ်ချင်သလို လုပ်ထားသောအခါ၊ ကျွန်တော်တို့မှာ အလုပ်အပ်သူတို့နှင့် စကားများရတော့၏။ ထိုကိစ္စမျိုးကို ပြန်ပြင်လုပ်ကိုင်ပေးရသောအခါ အလုပ်သမားခနှင့် ပစ္စည်းဖိုးများ ဆုံးရှုံးရတော့သည်။

ကားချင်းတိုက်လာသော အလုပ်မျိုးလာအပ်လျှင် ကျွန်တော်တို့ မသိအောင် အလုပ်သမားက အလုပ်အပ်သူအားကပ်၍-

"ဒီမှာ မအပ်နဲ့ ဈေးများလိမ့်မယ်။ ကျွန်တော့်ကို လိပ်စာပေးခဲ့၊ ခင်ဗျားတို့အိမ်မှာ ကျွန်တော်လိုက်လုပ်ပေးမယ်" ဟုဆိုကာ ညနေအလုပ်သိမ်းလျှင် ဘော်ဒီထုသော ရိုက်ပြားလေးနှင့်ခံတုံးလေးကို ခိုက်ယူသွားပြီး ထိုတိုက်ထားသောကားကို သွားလုပ်ပေးနေ၏။ ထိုကား၏ အလုပ်ပြီးမှ ကျွန်တော်တို့ထံ အလုပ်ပြန်ဆင်း သည်။

ထိုနည်းဖြင့် ဘော်ဒီထုရာ၌သုံးသည့် ပစ္စည်းတန်ဆာပလာများမှာ ပျောက်ဆုံးကုန်ရလေသည်။ တစ်လနှစ်လကြာလျှင် ဘာပစ္စည်းမှျမရှိတော့ချေ။

ကားဆေးမှုတ်သည့်အလုပ်၌လည်း ထိုနည်းတူ ပတ်တီးဖိုး ဆေးဖိုး၊ သင်နာဖိုး စသည့်ကုန်ကျငွေနှင့် ရသည့်ငွေမတာမိဘဲ ရှိရ၏။

ထိုအချိန်က ကားဘော်ဒီပြင်ဆေးမှုတ်နှင့် ကားစက်ပြင်တို့တွင် အလုပ်သမား ဆယ်ယောက်ခန့် ရှိနေ၏။ လုပ်ငန်းအားဖြင့် တိုးတက်သည်ဟု ဆိုနိုင်သော်လည်း တကယ်တမ်း စီးပွားရေးသဘော၌ ရှုံးမြဲရှုံးနေပါသည်။

ထိုသို့ဖြစ်နေရသည်မှာ စင်စစ်ကျွန်တော်တို့ လုပ်ငန်းမနိုင်နင်းခြင်းနှင့် လူ(အလုပ်သမား)ကောင်းကောင်း မဆုံရသေး၍သာ ဖြစ်ကြောင်း ဆင်ခြင်မိပါ၏။

**မကောင်းသော စက်ပြင်ဆရာ**

စက်ပြင်ဆရာသည်လည်း ကျေနပ်ဖွယ်မရှိပါ။ လူရည်လည်လှ၏။

စက်ပြင်ဆရာကို စက်ပစ္စည်း နားလည်သူဟု ပစ္စည်းဝယ်ခိုင်းလျှင် ထိုပစ္စည်းပေါ် အမြတ်တင်၍ ယူ၏။ ကားပိုင်ရှင်က ဝယ်ယူလာသော ပစ္စည်းဖြစ်လျှင်လည်း-

"ဒီပစ္စည်းဆို မကောင်းဘူး၊ စိတ်မချရဘူး"ဟု စက်ပြင်ဆရာကဆို၏။

ကားပိုင်ရှင်က-

"ဟ-ဒီပစ္စည်းကောင်းပါတယ်။ ကျွန်တော်လဲ နားလည်ပါတယ်။ ဒါပဲသုံးပါ" ဟုဆိုလျှင်-,

"ကောင်းပြီ ခင်ဗျားတို့ သုံးခိုင်းတဲ့ပစ္စည်းပဲ သုံးမယ်။ ပါပေမယ့် မကောင်းရင် ကျွန်တော်တာဝန်မယူဘူး" ဟုပြော၍

www.burmeseclassic.com

www.burmeseclassic.com

ကားပိုင်ရှင်အလစ်၌ ကားပိုင်ရှင်ပေးထားသော ပစ္စည်းကို စက်ပြင်ဆရာက ယူထားလိုက်ပြီး အခြားပစ္စည်းဟောင်း တစ်ခုနှင့်လဲထည့်ပေးလိုက်တော့သည်။

တစ်ခါတစ်ရံ ကားစက်တွင် ချွတ်ယွင်းလာသည်က တစ်မျိုး၊ စက်ပြင်ဆရာက ပညာပြပြီးအခြားအစိတ်အပိုင်းကို ကိုင်တွယ်လိုက်သောအခါ လွယ်လွယ်နှင့်ပြီးစီးရမည့် အလုပ်သည် ခက်ခဲကုန်ရတော့သည်။

စက်ပြင်ဆရာအား ကားပိုင်ရှင်က ထမင်းကျွေး၊ လက်ဖက်ရည်တိုက်လိုက်မှ အလုပ်ပြီးစီး သွားရတော့၏။

တစ်ခါတစ်ရံ စက်ကို စစ်ဆေးပေးရန်လာပြသည့် ကားအား စက်ပြင်ဆရာသည် ဘာမျှ ချွတ်ယွင်းချက်မရှိမှန်း သိပါလျက်၊ မီးပိုင်းဖြစ်စေ၊ ဆီပိုင်းဖြစ်စေ တစ်စုံတစ်ခုကို ဖြုတ်ထားလိုက်ပြီး နောက်သူ့တပည့်တို့အား-

"ဒံပေါက်ထမင်းလေး ဖန်လိုက်ဦးမယ်" ဟု တိုးတိုးပြောကာ၊ ကားပိုင်ရှင်က ဒံပေါက်ထမင်း ဝယ်ကျွေးမှ ကားပြန်ကောင်းအောင်လုပ်ပေး၏။

## လူကောင်းရှာမတွေ့

ကျွန်တော်သည် ထိုသို့သော အကြောင်းအရာ အဖြစ်အပျက်များကိုသိလျှင် ခေါ်၍ ဆွေးနွေး၏။ ချော့မော့စည်းရုံးသည်။ ဆူပူကြိမ်းမောင်းလုပ်သည့်အခါလည်း လုပ်ကြည့်၏။ မရပါ။ လူမကောင်းသည်ကို ပြုပြင်ဖို့ခက်ခဲလှလေသည်။

ဖြစ်နိုင်သမျှ အလုပ်သမားများကို အလဲအလှယ်လုပ်ကြည့်သော်လည်း မထူးခြားပေ။ မကောင်းသောလူတို့အား ကောင်းသည့်



နေရာသို့ လူကောင်းများ ရောက်မလာနိုင်ပါ။ သူတို့လိုလူမျိုးတွေချည်း ဖြစ်နေ၏။ ရိုးသားသည့် အလုပ်သမားမျိုး တွေ့ပြန်တော့လည်း အလုပ်ပေါ်ခါးချိုးလုပ်သည့် လူမျိုးကို မရနိုင်ပေ။

အလုပ်ခွင်တွင် စွဲစွဲမြဲမြဲ မလုပ်ဘဲ လက်ဖက်ရည်ဆိုင်ထိုင်ပြီး သီချင်းနားထောင် စကားတွေ ဝိုင်းဖွဲ့ပြော၊ ဟိုလိုလိုသည်လိုလိုနှင့် အချိန်ဖြုန်းတတ်သည့် အလုပ်သမားမျိုးများနှင့်သာ ပန်တလဲလဲ တွေ့ကြုံနေရပါသည်။

## ခေပြလည်သည့် လုပ်ငန်းစွင်

ကျွန်တော်သည် "အောင်သပြေ မော်တော်ယာဉ် အထွေထွေပြုပြင်ရေး လုပ်ငန်း" ဟူ၍ အလုပ်သမား ဆယ်ယောက်ခန့်ဖြင့် လုပ်ကိုင်နေသည် ဖြစ်သော်လည်း အဆင်မပြေဘဲ စိတ်ညစ်စိတ်ရှုပ်နေရလေပြီ။

နံနက်မိုးလင်းလျှင် အလုပ်အပ်နှံထားသူ၊ ကားပိုင်ရှင်တို့နှင့် စကားအခြေအတင်ပြောရ၊ တောင်းပန်ရနှင့် ရှိနေရသလို ဘစ်ဖက်မှာလည်း အလုပ်သမားများနှင့် စိတ်ဆိုးရ၊ စကားများရပြင့် စိတ်မသက်မသာ ရှိလှပါသည်။

"ကိုလေးရယ်- အဆင်မှမပြေတာဘဲ။ ဆက်မလုပ်ပါနဲ့တော့။ ဒီအလုပ်ကို ရပ်လိုက်ရင်ကောင်းမယ် ထင်တာပဲ"ဟု ညီငယ်က ပြောလာ၏။

ကျွန်တော်က-

"အေးလေ-၊ နောက်ဆုံး လုပ်မရတော့လဲ ရပ်လိုက်ကြတာပေါ့ကွာ။ ဒါပေမယ့်- ခုဟာ လုပ်ငန်းတစ်ခုအနေနဲ့ကတော့ ရှိနေတယ်။ တိုးလည်းတိုးတက်နေတဲ့ သဘောရှိတယ် စီးပွားရေးသဘောအရကြည့်ရင်သာ မအောင်မြင်တာ။ ဒါကြောင့် စီးပွားရေး

www.burmeseclassic.com

www.burmeseclassic.com

သဘောကိုက်ညီအောင် လုပ်နိုင်ရင်- ကိုယ့်ထမင်းအိုး ဖြစ်လာနိုင်တယ်။ ငါကတော့ တဖြည်းဖြည်း အဆင်ပြေအောင် တစ်မျိုး မဟုတ်တစ်မျိုး စမ်းစမ်း လုပ်သွားချင်သေးတယ်။"

"တကယ်တော့- ခုနေခါ ကားပြင်တာထက် မော်တော်ဆိုင်ကယ်ပြင်တာက ပိုကိုက်သေးတယ်။ ငွေလည်း ပိုရတယ်။ အင်ဂျင်ခွဲရင် ငါးရာတစ်ထောင်တောင်းချင်သလို တောင်းလို့ရတယ်" ဟု ညီငယ်က အကြံပြု၏။

မှန်ပါသည်။ ထိုအချိန်က ညီငယ်သည် သူ့အိမ်မှာ မော်တော်ဆိုင်ကယ်ပြင်သည့် အလုပ်စတင် လုပ်ကိုင်နေသည့်အချိန်လည်း ဖြစ်ပါသည်။

ကျွန်တော်ကမူ လုပ်ကိုင်လက်စလုပ်ငန်းအပေါ် စိတ်မပျက် သေးပါ။ လုပ်ငန်းဖြစ်ပေါ်လာခြင်းကိုပင် အားရနေပါသည်။ လုပ်ငန်းလည်ပတ်နေနိုင်ခြင်းကပင် လုပ်ငန်းတန်ဖိုး တစ်ခုဟု နားလည်ထားပါ၏။

အလုပ်သမားဆယ်ယောက်လောက်ဖြင့် လုပ်ငန်းအဆင်မပြေဘဲ လုံးချာလည်လိုက်နေရခြင်းမှာ ကျွန်တော်တို့ စီစဉ်လုပ်ကိုင်ပုံတွေ ခွင်မကျသေး၍၊ ညံ့ဖျင်း၍ဟု ယူဆနိုင်ပါသည်။ သတ္တိရှိရှိနှင့် လုပ်ငန်းအပေါ် ရင်ဆိုင်လုပ်ကိုင်နိုင်စွမ်း ရှိလျှင် အောင်မြင်လာလိမ့်မည်ဟု စိတ်၌ တင်းထားမိ၏။ စိတ်ဓာတ်ကျရန် မရှိပါ။

**စက်ပြင်ဆရာနှင့် ထိပ်တိုက်တွေ့ခြင်း**

ပထမဦးစွာ စက်ပြင်ဆရာနှင့် ရင်ဆိုင်လိုက်၏။

"မင်းရဲ့မကောင်းတဲ့အကျင့်တွေကို ပြင်လိုက်ပါ။ အလုပ်ကို ရိုးရိုးသားသား ကောင်းကောင်းမွန်မွန်လုပ်ပါ။ မဟုတ်ရင်တော့ ငါတို့ လမ်းခွဲကြရလိမ့်မယ်"



တကယ်တော့ စက်ပြင်ဆရာသည် သူ့အလုပ်ကို ကျွမ်းကျင်ပါ၏။ ပညာလည်းတော်ပါ၏။ လူကမှန်ကန် တည်ကြည် ရိုးသားခြင်း မရှိသည်သာ ချွတ်ယွင်းချက်တစ်ခုဖြစ်နေလေသည်။ သူသည် အင်္ဂလိပ်စာကိုလည်းတတ်မြောက်သဖြင့် စက်ပြင်ပညာနှင့် ပတ်သက်သော အင်္ဂလိပ်စာအုပ်စာတမ်းတွေကိုလည်း ဖတ်နိုင်သည်။

တကယ်တမ်းအလုပ်လုပ်မည်ဆိုလျှင် စနစ်တကျ အကောင်းဆုံး လုပ်နိုင်ပါ၏။ သူသည် အင်ဂျင်စက်ကို နိုးထားပြီး ဆရာဝန်ကိုင်သော နားကြပ်ဖြင့် အင်ဂျင်စက်ပေါ်ထောက်၍ ထောက်၍ စမ်းပုံကိုကား ပိုင်ရှင်များက အလွန်သဘောကျလှ၏။

သို့သော် သူ၏မကောင်းသော အကျင့်စရိုက်များကိုမူ မပြုပြင်နိုင်ချေ။ သူ့ကို လမ်းစဖြတ်ရပါတော့မည်။

"ကောင်းပြီ၊ ဖြူန်းခနဲ မင်းလုပ်ကိုင်စားသောက်ဖို့ အခက်အခဲမရှိအောင် ဒီမှာ နောက်တစ်လတော့လုပ်။ ဒီကြားထဲတခြားမှာ အလုပ်လုပ်လို့ အဆင်ပြေအောင် စီစဉ်။ ပြီးတော့- သွားတော့" ဟု၍ ကျွန်တော်က စက်ပြင်တစ်ဖွဲ့လုံးကို ထုတ်ပစ် လိုက်၏။

ကျွန်တော်သည် သူတို့အပေါ် ညှာတာသောသဘောနှင့် ချက်ချင်း ထုတ်မပစ်ဘဲ အချိန်တစ်လအလုပ်လုပ်ခွင့် ပေးထားလိုက်သည်ကို သူက အခွင့်ကောင်းယူ၍ ကျွန်တော်တို့ လုပ်ငန်းပျက်အောင် ဒုက္ခပေးသွားတော့သည်။

ယင်းတစ်လအတွင်း ကျွန်တော်တို့ အလုပ်ခွင်ထဲမှနေ၍ ကျွန်တော်တို့ထံ လာအပ်သမျှ ကားပိုင်ရှင်များအား-

"ဒီမှာ ဘော်ဒီမအပ်နဲ့၊ မကောင်းဘူး။ သုံ[illegible] တိုသုံးတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ ဆေးမမှုတ်နဲ့၊ အောက်ခံဆေးတွေကညံ့တာတွေ သုံးပြီး အပေါ်ယံပဲ ကောင်းအောင်မှုတ်တာ" စသဖြင့် လာအပ်သော ကားများကို တခြားအလုပ်ရုံသို့ လိုက်ပို့ပေး၏။

ကျွန်တော်တို့ အလုပ်ရုံတွင်း လုပ်ကိုင်နေသည့် ကားများထဲမှ နမူနာအဖြစ် သူပြသလိုသည့် အပိုင်းများကို လိုက်ထောက်ပြလေသည်။

စက်ပြင်ဆရာကဲ့သို့ အတွင်းလူတစ်ဦးက ကျွန်တော်တို့ အလုပ်ရုံမကောင်းကြောင်း အတွင်းစကားအဖြစ် ပြောသောအခါ အပြင်လူတို့က လက်ခံယုံကြည်ကြလေ၏။

စက်ပြင်ဆရာပြောသည်မှာ ဟုတ်သည့်အပိုင်းက ဟုတ်ပါသည်။ အချို့သော ကားပိုင်ရှင်များက-

"ဈေးသက်သာအောင်ပဲ လုပ်ပေးပါ။ ဒီမှာ ပြီးတာနဲ့ တစ်ခါတည်း ရောင်းပစ်မှာ"ဟုဆိုပြီး လက်ငင်းကြည့်ကောင်းရုံသာ ပြင်သောကားများမှာ တကယ်မကောင်းနိုင်ချေ။ ယင်းတို့မှာ သူ့ဈေးနှင့်သူ သင့်အောင်ဖြစ်ရုံလုပ်ထားသည့် အလုပ်များ ဖြစ်၏။

အချို့ ကားရောင်း ကားဝယ် လုပ်ကိုင်သူ "ဝယ်ရောင်း" များက ကား၏ ကိုယ်ထည်သံပြားပေါက်နေသည့်နေရာများကို သံပြားဖြင့် ကောင်းအောင် ခိုင်အောင် ဂဟေနှင့် ပြန်မဖာဘဲ ဘီယာဘူးခွံ သံပြားလေးဖြင့် ညှပ်ကပ်ဖာထေးပြီး၊ ပတ်တီးထည့် ဆေးမှုတ်လျက် ဟန်ပြကောင်းအောင်လုပ်သည့် မော်တော်ကားမျိုးတွေလည်း ရှိပါ၏။

**အလုပ်ခွင်မြှင့်ခြင်း**

ကျွန်တော်သည် အလုပ်သမားများကို ပုတ်ပြတ်စနစ်ဖြင့် သုပ်ခိုင်းကြည့်သည်။ အလုပ်သမားသည် ကြိုးကြိုးစားစားသာ



လုပ်ကိုင်လျှင် ဝင်ငွေကောင်းကောင်း ရနိုင်ပါမည်။ သို့သော် သူတို့ထိုယင်းသို့ မလုပ်ကိုင်ပါ။ နေ့စားအဖြစ်ဖြင့်သာ လုပ်လိုကြသည်။

သူတို့စိတ်အားထက်သန်မှု ရှိအောင် လုပ်ခများတိုးပေး၏။ ထို့ပြင် အချို့ကို နေ့တွက်အပြင် ဆုကြေးများပါ ပေါင်းပေး၏။ ကားတစ်စီးချင်းအလိုက် အလုပ်ပြီးလျှင် အမြတ်ကျန်ပါက အမြတ်ဝေစုပါ ခွဲပေးလိုက်သေးသည်။

ကျွန်တော်သည် သူတို့၏ လောဘ၊ သူတို့၏မာနကိုနှိုးဆွ၍ အလုပ်တွင်ကျယ်လာအောင် ကြိုးစားကြည့်သော်လည်း စရိတ်စကကုန်ကျငွေများသာ ကြီးထွားလာရ၏။ လုပ်ငန်း၌ အကျိုးထူးမလာချေ။

ပစ္စည်းပျောက်မှု၊ ပျက်စီးဆုံးရှုံးမှုတွေကလည်း ရှိသေးသည်။

တကယ်တော့ ကျွန်တော်တို့ အလုပ်သမားနည်းနည်းလေးနှင့် လုပ်ငန်းသေးသေးလေး၌ ဖြစ်ပေါ်နေပုံမှာ၊ ဖေဖေတို့အလုပ်သမားအများကြီးနှင့် စက်ရုံလုပ်ငန်းခွင်များ၌ ဖြစ်ခဲ့ဖူးသည့် အခြေအနေအတိုင်းရှိနေလေသည်။ ဤနည်းအတိုင်း ဖေဖေတို့ လုပ်ငန်းများလည်း ပျက်စီးခဲ့ရဖူးပြီ ဖြစ်၏။

နောက်ဆုံးတစ်နေ့တွင် ကျွန်တော်သည် သူတို့နှင့် ဆွေးနွေးပြီး အဆင်ပြေအောင် ကြိုးစားကြည့်လေသည်။

အလုပ်သမားများကို တစ်ဦးချင်း ခေါ်ယူတွေ့ဆုံသည်။ သူတို့အခက်အခဲ၊ သူတို့ပြဿနာတွေ၊ သူတို့သဘောထားနှင့် သူတို့ပြောစကားများကို အလေးထားနားထောင်ကြည့်ရန် ကြိုးစားခြင်းဖြစ်ပါသည်။

ကျွန်တော်က သူတို့အား တစ်ဦးချင်း ခေါ်တွေ့သောအခါ ဦးကျိုးစွာပင် လာတွေ့ကြပါ၏။ ကျွန်တော့်ရှေ့ စားပွဲ၌ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

ပြောသမျှ၊ ရှင်းပြသမျှ ငြိမ်သက်၍ နားထောင်ကြလေသည်။ ဘာစကားမျှတော့ ပြန်လှန်ပြောဆိုခြင်း မပြုပါ။ ကျွန်တော်မေးသည့် မည်သည့်မေးခွန်းကိုမျှလည်း မဖြေကြချေ။

ဤအခြေအနေကို သာမန်အားဖြင့် အကဲခတ်ကြည့်လျှင် ကျွန်တော်ပြောဆိုသမျှလက်ခံပြီး၊ ကျွန်တော့်အား ဆန့်ကျင်တိုက်ခိုက်လိုသည့်သဘောထားမျိုး သူတို့၌ မရှိဟု ယူဆနိုင်ပါမည်။

သို့သော် နောက်တစ်နေ့တွင်မူ အလုပ်သမားတစ်ဦးတစ်ယောက်မျှ အလုပ်မဆင်းကြတော့ပေ။ နံနက်(၉)နာရီ၊ (၁၀)နာရီမှ နေ့လယ်ပိုင်း အချိန်ရောက်သည်အထိ တစ်ယောက်မျှ ရောက်မလာကြတော့သောအခါ သူတို့သဘောထားကို နားလည်လိုက်ရပါပြီ။

နောက်မှသိရသည်မှာ ထိုနေ့က သူတို့အား ကျွန်တော်က ခေါ်မတွေ့မီ နံနက်ပိုင်းမှာ သူတို့အားလုံးသည် လက်ဖက်ရည်ဆိုင်၌ စုဝေးလျက်-

"တိုက်ထဲကလူတွေက ငါတို့အပေါ် ခေါင်းပုံဖြတ်စားနေတာ။ တစ်ကယ်အလုပ်လုပ်ရတော့ ငါတို့ချည်းပဲ။ အရိပ်ထဲက ထိုင်စားနေတော့ သူတို့။ ဒီတော့ မနက်ဖြန် ဘယ်သူမျှ အလုပ်မဆင်းလာကြနဲ့၊ ခုအချိန်အလုပ်တွေ ပူနေလို့ သူတို့မနေနိုင်ဘူး။ ငါတို့ကို လိုက်ခေါ်ရမှာပဲ။ လိုက်ခေါ်လာရင် လုပ်ခပိုတောင်းမယ်။ မရရင် မလုပ်ဘူးပေါ့" စသဖြင့် တိုင်ပင်ညှိနှိုင်းထားပြီး ဖြစ်သည်ကို ကျွန်တော်ကြိုတင် မသိခဲ့ရချေ။

**အလုပ်ရုံပိတ်လိုက်ပြီ**

ကျွန်တော်သည် တစ်ဘက်က သူတို့အား အခွင့်အရေးနှင့် စည်းရုံးသလို၊ တစ်ဘက်မှလည်း စည်းကမ်းသတ်မှတ်၊ ဟာပေါက်



ယိုပေါက်တွေပိတ်၊ တင်းရကျပ်ရမည့်ကိစ္စများ၌ **မသိမသာ** တင်းကျပ်ပေးလေသဖြင့်၊ သူတို့ရှေ့လျှောက် အလုပ်၌လုပ်**ရကိုင်ရ** မချောင်မည်စိုး၍ သူတို့ဘက်ကလည်း တစ်မျိုးဖန်တီးလာကြခြင်း ဖြစ်နိုင်ပါသည်။

"ရက်ချိန်းစေ့တော့မယ့် ကားတွေရှိနေတော့ အလုပ်သမားတွေကို လိုက်ခေါ်ရင်ကောင်းမယ်ထင်တယ်" ဟု ညီငယ်က ပြောလာသည်။

"မခေါ်ပါနဲ့ကွာ။ သူတို့ဖာသာ လာပါလိမ့်မယ်။ အရင်လည်း နောက်တော့ပြန်လာကြတာပါပဲ" ဟု ကျွန်တော်က ပြောလိုက်၏။

"ကိုလေးကလည်း အရင်တုန်းက ဒီလိုပဲ ကျွန်တော်လိုက်လိုက်ခေါ်ခဲ့ရတာချည်းပါပဲ"

"ဟေ-။ အရင်ကလည်း လိုက်ခေါ်ခဲ့ဖူးတာကိုး။ ခုတစ်ခါတော့ကွာ- နေပါစေတော့။ လိုက်မခေါ်နဲ့။ သူတို့ဖာသာ ပြန်လာချင်လည်း လာကြပေါ့"

တနင်္ဂနွေတစ်ပတ်ခန့်အထိ အလုပ်သို့ သူတို့ ပြန်မလာကြလေသောအခါ ကျွန်တော်တို့ မနေနိုင်တော့ပါ။ အလုပ်လက်ခံထားပြီး ဖြစ်သည့် လုပ်လက်စ မော်တော်ကား အားလုံးကို အခြားခြားသော အလုပ်ရုံများသို့ တစ်ဆင့်ထပ်မံအပ်နှံပေးလိုက်ရတော့သည်။

နစ်နာခြင်းများရှိရတော့သည်။ ဥပမာ- ၅၀၀၀ိ/-ကျပ် ဖြင့် အလုပ်လက်ခံထားသော ကားကို အခြားအလုပ်ရုံ၌ တစ်ဆင့်အပ်မံ ပြန်အပ်နှံပေးရလေသောအခါ ၇၀၀၀ိ/-ကျပ် ဖြစ်သွားတော့သည်။ ငွေ၂၀၀၀ိ/-ကျပ်ရှုံးရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့ပြင်၍သို့ တစ်ဆင့်ထပ်မံအပ်နှံရသဖြင့်၊ ဟိုပစ္စည်းပျောက်၊ သည်ပစ္စည်းရှာမရနှင့် ပစ္စည်းပျောက်မှုများအတွက်လည်း ထပ်ဆင့်အလျော်ပေးလိုက်ရသေး၏။

ကိစ္စမရှိပါ။ သန်းခေါင်ထက် ညဉ့်နက်စရာမရှိနိုင်တော့ပါ။ ကျွန်တော်သည် တမင်အနာခံ၍ အလုပ်အားလုံးကို ဖြတ်ပစ်လိုက်သည့် သဘောဖြစ်သည်။

ထိုသို့နှင့် လုပ်ငန်းအားလုံးကို သုံးလကြာခန့်ထိ လုံးဝရပ်ဆိုင်းထားလိုက်၏။

**အလုပ်ရုံပြန်ဖွင့်ရေး**

သုံးလကျော်ခန့်ကြာသောအခါ၊ ယခင် ကျွန်တော်တို့အလုပ်ရုံ၌ လုပ်ကိုင်ခဲ့ဖူးသော အလုပ်သမားများထဲမှ ရိုးသား၍ အလုပ်ကိုကျိုးနွံစွာ လုပ်ကိုင်တတ်သည့် အလုပ်သမားများကို ပြန်လည်စဉ်းစားရွေးထုတ်ကြည့်သည်။

ကားဘော်ဒီထုသော မွန်အလုပ်သမားလေးကို ကျွန်တော့်မျက်စိထဲ၌ မြင်လာမိ၏။ သူသည် ဆေးလိပ်မသောက်၊ ကွမ်းမစား၊ အရက်မသောက်သော လူငယ်လေး တစ်ဦးဖြစ်ပါသည်။

သူသည် အသက်နှစ်ဆယ်နှစ်ခန့် အရွယ်ရှိပြီး ကျွန်တော်တို့အလုပ်ရုံ၌ အလုပ်လုပ်စဉ်က မည်သူနှင့်မျှလည်း စကားမပြောမိမိအလုပ်ကို မိမိဂရုစိုက်၍ လုပ်နေတတ်သည်ကို ကျွန်တော်မှတ်မိနေပါသည်။

သူသည် ကျွန်တော်တို့ထံတွင် တစ်နေ့လျှင် ၃၅/-ကျပ်ဖြင့် နေ့စားလုပ်ကိုင်ခဲ့ဖူး၏။ နောက်အခြားအလုပ်ရုံသို့ ရောက်သွားသည်။ နောက်တစ်ဖန် တစ်နေ့ ၆၀/-ကျပ်ဖြင့်လည်း ပြန်လာလုပ်



ဖူး၏။ နောင် ၉၀/-ကျပ်နှင့် လုပ်ကိုင်နေစဉ် ကျွန်တော်တို့ အလုပ်ရုံ ပျက်သွားရသည့် သဘောဖြစ်လေသည်။

တကယ်တော့ သူသည် ဆရာအဆင့်မဟုတ်။ တပည့်အဆင့်သာ ရှိသူဖြစ်ပါသည်။

ကျွန်တော်သည် ညီငယ်အား ကားမောင်းစေ၍ ထိုဘော်ဒီထုသော အလုပ်သမား မွန်လူငယ်လေးထံ သူနေထိုင်ရာ သာကေတမြို့နယ်ဘက်သို့ လာခဲ့၏။

သူ့အိမ်နေရာကို မေးမြန်းစုံစမ်း၍ သူ့အိမ်သို့ ရောက်သွား၏။ သူနှင့် မတွေ့။ သူက တာမွေဖက်ရှိ အလုပ်ရုံတစ်ခုမှာ အလုပ်ဝင်လုပ်နေသည်ဟု သူ့အိမ်က ပြောသည်။ ကျွန်တော်တို့ထံလာတွေ့ရန် သူ့အိမ်၌ မှာထားခဲ့ပြီး ပြန်လာခဲ့သည်။

နောက်တစ်နေ့၌ သူလာတွေ့၏။ သို့နှင့်သူ့ကို တပည့်အဆင့်မှ ဆရာအဖြစ်ထားလျက် ခေါင်းဆောင်စေသည်။ အလုပ်ရုံကို ပြန်ဖွင့်၏။

ကားဆေးမှုတ်လုပ်ငန်းတွင်လည်း ထိုနည်းအတိုင်း အလုပ်ပြန်စလိုက်ပါသည်။

လူကောင်းတွေဦးဆောင်၍ အလုပ်ကိုပြန်စလိုက်သောအခါ ယခင်တုန်းကထက် ပိုအဆင်ပြေလာသည်။ သို့သော် လုပ်ငန်းသဘောအရမှန်းသည့်အတိုင်း တွက်ခြေမကိုက်သေးပေ။

အလုပ်သမားကရိုးရိုးသားသားမှန်မှန်ကန်ကန် အလုပ်ကိုလုပ်သော်လည်း ကျွန်တော်တို့မှန်းထားသည့်အလုပ်ချိန်ထက် အချိန်ပိုကုန်ခြင်းမျိုး၊ မှန်းထားသည့် ပစ္စည်းကုန်ကျစရိတ်ထက် ပိုများသွားခြင်းများ ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အလုပ်ရှင်အစီအစဉ်သစ်

ကျွန်တော်သည် လုပ်ရိုးလုပ်စဉ်အတိုင်း အလုပ်သမားသို့ လုပ်ခပေးအလုပ်ခိုင်း စည်းကမ်းကြပ်မတ်၍ အလုပ်လုပ်ကိုင် မရနိုင်တော့မှန်း တွက်မိလာရ၏။ အလုပ်ခွင်၌ အလုပ်သမားသည် သူ့ကိုယ်ပိုင်လုပ်ငန်းကဲ့သို့လုပ်မှ အားလုံးအဆင်ပြေနိုင်မည်ဟု စဉ်းစားမိလာသည်။

သို့နှင့် ကျွန်တော်သည် အစီအစဉ်သစ်ဖြင့် အလုပ်ကို စမ်းသပ်လုပ်ကိုင်ကြည့်လိုက်၏။

အလုပ်နှင့်စပ်ဆိုင်သော ပစ္စည်းတန်ဆာပလာအားလုံးကို ဘော်ဒီဆရာထံ လွှဲပေးလိုက်၏။ ၎င်းပစ္စည်းအားလုံးကို မိမိပိုင်ပစ္စည်းအဖြစ် သုံးနိုင်သည်။ ပျောက်သွားပျက်သွားသော ပစ္စည်း ကိရိယာများအတွက် သူ့ဘာသာသူ ပြန်ဝယ်စေသည်။ သံပြား၊ လေအိုး၊ မီးအိုးကုန်လျှင်လည်း သူ့စရိတ်နှင့်သူ ထပ်ဝယ်စေသည်။

ဘော်ဒီဆရာအား သူ့စိတ်ကြိုက် အလုပ်သမားကို သူ့သဘောနှင့် သူရွေးချယ်၍ တာဝန်ခံလုပ်စေသည်။ အပ်နှံလာသမျှ အလုပ်အားလုံးကို ဘော်ဒီဆရာဖြစ်သူက သူ့သဘောနှင့်သူ ဆုံးဖြတ်လက်ခံ တာဝန်ယူစေလိုက်၏။

အလုပ်သမားဖက်မှ လုပ်အားခ၊ ပစ္စည်းပစ္စယတန်ဖိုး၊ ပစ္စည်းပျောက်ပျက်ဆုံးရှုံးမှု စသည်များကို တာဝန်ယူစေသည်။

ကျွန်တော်က လုပ်ငန်းရပ်တည်မှုအတွက် ဥပဒေအရ တာဝန်ယူရသည့် အခွန်အခ၊ ပတ်ဝန်းကျင်ဆက်ဆံရေးနှင့် အစိုးရရုံးဌာနများနှင့် ဆက်ဆံရေးတာဝန်များကို ယူလိုက်၏။



ငွေကြေးအကျိုးအမြတ် ခွဲဝေရာတွင်မူ နေ့စဉ် လက်ခံရရှိ ငွေအားလုံး၏ ၁၅ ရာခိုင်နှုန်းအား ကျွန်တော်ကရယူပြီး၊ ကျန် ၈၅ ရာခိုင်နှုန်းအား အလုပ်သမားဖက်မှ ရယူရန် ဖြစ်လေသည်။

## လူသစ်ဆရာလေးများ

ဘော်ဒီဆရာ မွန်လူငယ်လေးသည် ကျွန်တော်က ထိုသို့ သူ့အား ဆရာအဖြစ်ခေါင်းဆောင်စေပြီး အလုပ်နှင့်ငွေကြေး အားလုံးကို တာဝန်ယူစေသောအခါ သူ့စိတ်၌ မဝံ့မရဲနှင့် ရှိနေရ၏။

"ဆရာရဲ့- အရင်က ကျွန်တော်အဲလို တာဝန်ခံပြီး လုပ်ခဲ့ဖူးပါတယ်။ မကိုက်လို့ နောက်ဆုံးထွက်ကိုပြေးရတာပဲ" ဟု ဆို၏။

"စမ်းလုပ်ကြည့်ပါဦးကွာ။ လုပ်လို့အဆင်မပြေတော့လဲ တစ်မျိုးပေါ့" ဟူ၍ ကျွန်တော်က သူ့အား တိုက်တွန်းအားပေးပြီး လုပ်ခိုင်း၏။

ယင်းအစီအစဉ်အတိုင်း ပထမဆုံးစလုပ်သည့်နေ့မှာပင် သူပျော်သွား၏။

ထိုအချိန်က ကားနံပါတ်ပြားများ ပြောင်းရမည့်အမိန့်ရှိနေ၍ နံပါတ်ပြားများ အသစ်လုပ်နေရသည့်အချိန် ဖြစ်လေသည်။

နံပါတ်ပြားတစ်ချပ်ကို ငွေတစ်ရာကျပ်နှင့် လက်ခံ၏။ ထိုမှ ကျွန်တော်က ၁၅/-ကျပ် ရပြီး၊ သူက ၈၅/-ကျပ်၌ သံပြားဖိုးနှင့် အလုပ်သမားခ ပါဝင်၏။ သံပြားဖိုးမှာ ငွေ ၁၀/-ကျပ် ခန့်သာ ဖြစ်သည်။

ထိုသို့ နံပါတ်ပြားရိုက်ခြင်းဖြင့် သူ့တွင် နေ့စဉ် ဝင်ငွေ မနည်းပေ။ သူသည် တပည့်များ ထပ်ရှာပြီး လူများများနှင့် ညဘက်ရော နေ့စဉ် နံပါတ်ပြား အချပ်ပေါင်းများစွာ ရိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com

ဆေးမှုတ်လုပ်ငန်းကိုလည်း ထိုသို့သော အစီအစဉ်ဖြင့် လုပ်ကိုင်သောအခါ အလုပ်သမားဖက်မှလည်း လုပ်ခများစွာ ပိုမိုရရှိပြီး ကျွန်တော်တို့ဘက်မှာလည်း အဆုံးအရှုံးလုံးဝ မရှိတော့ဘဲ ဖြစ်လာသည်။ သို့နှင့် လုပ်ငန်းများ အဆင်ပြေချောမွေ့သွားပါတော့သည်။

ကားဘော်ဒီပြင်နှင့် ကားဆေးမှုတ်လုပ်ငန်းအဆင်ပြေနေချိန်မှာပင် ဘောက်ဝက်ဝွန်း လိပ်ခုံးကား စက်ပြင်ဆရာ လူငယ်တစ်ဦး ဝင်ရောက်လာပြန်၏။

သူသည်လည်း ဘော်ဒီဆရာ၊ ဆေးမှုတ်ဆရာတို့ကဲ့သို့ပင် လက်ရှိအလုပ်စည်းကမ်းအတိုင်း ကျွန်တော့်ထံတွင် ရိုးသားကြိုးစား နေ့မအား ညမနား အလုပ်လုပ်သောအခါ သူလည်း အချိန်အနည်းငယ် အတောအတွင်း ငွေကြေးချောင်လည် အဆင်ပြေလာလေ၏။

ထို့နောက် ခေတ်ပေါ် ဂျပန်ကားစက်ပြင်ဆရာလူငယ် တစ်ဦး ထပ်ရောက်လာပြန်၏။ သူသည်လည်း သူအလုပ်လုပ်နေသည့်နေရာ၌ အဆင်မပြေသောကြောင့် စိတ်ပျက်ပြီး သူ့ရွာကို ပြန်တော့မည်ပြုရာ ကျွန်တော်တို့နှင့် ကျွမ်းဝင်သူ မိတ်ဆွေတစ်ဦးက သူ့အား ကျွန်တော့်ထံ လာအပ်ပေးသွားခြင်း ဖြစ်လေသည်။

**လုပ်ငန်းနေရာတိုးချဲ့ခြင်း**

ထိုသို့လုပ်ငန်းများအဆင်ပြေချောမောနေချိန်၌ မြေပိုင်ရှင် တစ်ဦးသည် ကျွန်တော့်ထံလာပြီး သူတို့ ရိပ်သာဝင်းအတွင်း ပိုနေသောမြေနေရာအား တစ်လလျှင် ငွေ၂၀၀ဝိ/-ကျပ်ဖြင့် ငှားယူပါရန် မေတ္တာရပ်ခံလာ၏။ သူတို့ပြောသော မြေနေရာမှာ ကျွန်တော်တို့အိမ်ရှေ့ မျက်နှာစာ ရှေ့တည့်တည့်၌ ဖြစ်သည်။



စင်စစ်ကျွန်တော့်အတွက် အလုပ်လုပ်ရန် မြေနေရာ ထပ်မလိုအပ်ပေ။ ကျွန်တော်တို့ နေရာမှာ လမ်းကျဉ်းဖြစ်သဖြင့် လမ်းကျယ်တွေလို အလုပ်မကောင်းလှပါ။ လက်ရှိ ကျွန်တော်တို့ ဝင်းခြံနေရာလေးမှာပင် လုံလောက်ပါ၏။ သို့သော် အကူအညီ သဘော ပြောဆိုလာသောအခါ မိမိအတွက် မလိုအပ်သော်လည်း ထောက်ထားမှု၊ အားနာမှုဖြင့် ကျွန်တော်သည် လက်ခံငှားယူလိုက်ပါသည်။

ညအိပ်ကားတစ်စီးလျှင် ငွေ၂၀ဝိ/-ကျပ်ဖြင့် ဆယ်စီးခန့် ထိုမြေနေရာ၌ လက်ခံထားနိုင်လျှင် ထိုမြေငှားခစရိတ် ကျေတန်ကောင်း၏ဟု စိတ်၌ ဖြေသိမ့်ထားလိုက်၏။

သို့သော် ယင်းသို့ ထိုမြေနေရာကို လက်ခံငှားယူလိုက်မိခြင်းသည် မိမိအဖို့ ကံထခြင်းတစ်မျိုး ဖြစ်ကြောင်း မကြာမီ ကြုံရလေ၏။

ညပိုင်း လမ်းဘေးရပ်သောကားများကို ညအိပ်ခွန်စစ်ဆေးသောအခါ ညပိုင်းကားထားရန် ကျွန်တော့်ထံကားများ လာအပ်ကြတော့သည်။ သို့နှင့် မကြာမီပင် ထိုမြေငှားခငွေကျေသွားရတော့၏။

ထို့နောက် ကျွန်တော်တို့နေရာထိုင်ရာအနီး၊ ဗားဂရာလမ်းမကြီးနှင့် ကျွန်းတောလမ်းကျယ်များတွင် ကားပြင်အလုပ်ရုံများအတွက် လုပ်ငန်းလိုင်စင်များ ထုတ်မပေးတော့လေသောအခါ၊ ထိုအလုပ်အားလုံးသည် ကျွန်တော်တို့ လမ်းကျဉ်းများထဲသို့ ရောက်လာရတော့သည်။

သို့နှင့် ကျွန်တော်တို့ထံတွင် ကားပြင်လုပ်ငန်းများ တစ်ဆင့် ထိုး တိုးတက်သွားရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

မိမိလုပ်ငန်းတွင် အလုပ်သမားသုံးဆယ်ကျော် လေးဆယ်ခန့် ရှိလာ၏။ အလုပ်သမားအဖွဲ့လေးများ ထပ်မံပေါ်လာရသည်။ အဖွဲ့လိုက် အလုပ်လက်ခံ၊ အဖွဲ့လိုက် အလုပ်လုပ်ခြင်းဖြင့် လုပ်ငန်းများ ပိုမိုအရှိန်ရ တိုးတက်လာနေ၏။

**တိုးတက်အဆင်ပြေလာသောအလုပ်**

လုပ်ငန်းများလည်း တစ်စတစ်စ စုံလာရလေပြီ။ အောင်သပြေ မော်တော်ယာဉ် အထွေထွေပြုပြင်ရေး လုပ်ငန်းအောက်တွင် ဘော်ဒီပြင်ဆေးမှုတ်၊ စက်ပြင်၊ လေးပြင်၊ မော်တာ ဒိုင်နမိုပြင်၊ ကူရှင်ချုပ်၊ လိုင်နာတံခါး ဂျက်ပြင်၊ တွင်ခုံ၊ သံထည် ကားအမိုးကိုင်း၊ လေထိုး ကျွတ်ဖာ စသည်ဖြင့် မော်တော်ကားနှင့် ပတ်သက်သမျှ အားလုံး လုပ်ကိုင်၍ ရနိုင်သည့်အဆင့် ဖြစ်လာ၏။

ကျွန်တော်တို့ မိသားစုမှာ ဤလုပ်ငန်းနှင့်ပင် ထမင်းစားလောက်သည့် ဝင်ငွေရှိလာလေ၏။ နေ့စဉ်လည်ပတ်နေသော လုပ်ငန်းများမှာ တာဝန်လည်း ကြီးမားမနေတော့ဘဲ အားလုံး သက်တောင့်သက်သာ လွယ်ကူချောမောနေပါလေပြီ။

အလုပ်ရုံပိုင်ရှင်ရော အလုပ်သမားများဘက်မှာပါ အားလုံး အဆင်ပြေ တိုးတက်ချောင်လည်လာကြပါသည်။ သူတို့သည် ကျွန်တော်တို့ထံ ရောက်လာစဉ်ကာလက ခြေဖဝါးလက်ဖဝါးချည်း သက်သက်ဖြင့် ရောက်လာခဲ့ကြသည်မှန်သော်လည်း ကျွန်တော်တို့ထံမှာ အလုပ်လုပ်ရင်း သူတို့လည်း တဖြည်းဖြည်း ဥစ္စာခနချောင်လည် တိုးတက်လာကြသည်။

တွင်ခုံဆရာဆိုလျှင် မည်သည့်လကျလျှင် တီဗွီဝယ်မည်။ သည်နွေမှာ ရေခဲသေတ္တာလေး ဝယ်မည် စသည့်ရည်မှန်းချက်



လေးများနှင့် ကြိုးစား အလုပ်လုပ်ရာ တကယ်လည်း **သူလိုသမျှ** ပြည့်စုံလာခဲ့ရလေသည်။ သူသည် တစ်ခါတစ်ရံ **နေ့ရောညပါ** တွင်ခုံဘေးမှာ နှစ်ရက်သုံးရက် ဆက်တိုက် အလုပ်လုပ်နေသည်**ကို** အံ့ဩဖွယ် မြင်ရတတ်၏။

တွင်ခုံဆရာ၏ဇနီးသည်က-

"ကိုစိန်ထွေးရယ်- ကျွန်မတို့လဲ တစ်သက်လုံး တွင်ခုံလုပ်စားလာခဲ့တာပါပဲ။ ဒါပေမယ့်- ခုလို ချောင်လည်လာဖို့ နေနေသာသာ၊ အမှန်ပြောရရင် ဘယ်တုန်းကမှ ကျွန်မတို့မှာ ကြွေးမကင်းခဲ့ပါဘူး။ ဒီမှာ အလုပ်လုပ်မှ ကြွေးမြီကင်းရှင်းသွားရတဲ့အပြင် အိမ်ပိုင်ယာပိုင်နဲ့ ဖြစ်လာရတာပါ" ဟု ဆို၏။

**ချမ်းသာလာသည့်အလုပ်ကြိုးစားသူများ**

စက်ပြင်ဆရာကမူ သူရသမျှငွေကို သူငှားနေသည့် အိမ်ရှင်အား ချေးငှားထားရာမှ အိမ်ပိုင်ရှင်ဖြစ်လာခဲ့ရလေသည်။

"ကျွန်တော်အစကဆို အိမ်တောင်ငှားမနေနိုင်လို့ ဘုန်းကြီးကျောင်းမှာ ကပ်နေခဲ့ရတာ။ နောက် အိမ်ငှားနေပြန်တော့လဲ အိမ်ငှားခ များများ စားစားမတတ်နိုင်လို့ မြို့ပြင်ဘက်မှာ နေခဲ့ရတာ။ နောက်မှမြို့ထဲဘက်မှာ ငှားနိုင်လာတာ" ဟုစက်ပြင်ဆရာက သူ့အခြေအနေကို ပြောပြပါသည်။

ဆေးမှုတ်အဖွဲ့ကမူ အဆင်မပြေလှပါ။ တစ်ဦးပြီးတစ်ဦး ပြောင်းပစ်၊ ထုတ်ပစ် လုပ်နေခဲ့ရ၏။ သူတို့သည် အလုပ်ကို ဘွက်ချက်ပြီး အကွက်ကျကျအလေးထား မလုပ်ကြသဖြင့် အဆင့်အတင့် ချောင်လည်ကြသည် ဆိုမှန်သော်လည်း သိသိသာသာ တိုးတက်လာခြင်းမျိုး မတွေ့ရချေ။

www.burmeseclassic.com

www.burmeseclassic.com

ပြည့်စုံအချမ်းသာဆုံး ဖြစ်လာရသူမှာ ဘောဒီပြင်ဆရာဖြစ်၏။ သူသည် အနေအထိုင် အလုပ်လုပ်ပုံ၊ စည်းကမ်းလည်း ရှိသည်။ ငွေကြေးဥစ္စာပစ္စည်းကို ကျစ်ကျစ်လျစ်လျစ် စုဆောင်း၏။

"ဆရာ-ကျွန်တော်မြေလေး ဝယ်ချင်လို့ ငွေသုံးသောင်းလောက်ချေးပါ။ ကျွန်တော့်မှာ နှစ်သောင်းရှိပါတယ်။ ခု ကျွန်တော်နေတဲ့နေရာမှာ ရောင်းမယ်ဆိုလို့" ဟု ဘော်ဒီပြင်ဆရာက ကျွန်တော့်အား ငွေစိုက်ခိုင်းပြီး မြေဝယ်၏။

ထိုနောက် ယင်းချေးငွေကို နေ့စဉ်ရသမျှငွေဖြင့် ကျွေးဆပ်၏။ အကြွေးကျေသောအခါ အိမ်ဆောက်၏။ သူ့အိမ်ဘေးက မြေရောင်းမည်ဆိုသောအခါ ထပ်ဝယ်၏။ ထိုနောက်ကားဝယ်၏။ ရွှေစု၏။ ငွေစု၏။ လှူဒါန်းပေးကမ်း၏။

သူတို့မွန်လူမျိုးတွင် ထုံးစံရှိသည်ဟု ဆိုကာ ဝါတွင်း ဥပုသ်နေ့တိုင်း ကျွန်တော်တို့အိမ်သို့ ထမင်းဟင်းအစုံချိုင့်နှင့် ထည့်ကာ ဝတ်မပျက် ပို့လေ့ရှိ၏။ ဘုန်းတော်ကြီးကျောင်း၊ မိဘအိမ်နှင့် ဆရာသမားအိမ်သို့ ထိုသို့ဝတ်ပြုရသည်ဟုဆိုပါသည်။ ယဉ်ကျေးမှုတစ်ခု ဖြစ်ပါလိမ့်မည်ထင်ပါသည်။

## ဘီးတပ်ကုလားထိုင်ပေါ်က အလုပ်လုပ်သူ

လောကကြီးတွင်ရေများ ရေနိုင်၊ မီးများ မီးနိုင်ဆိုသည့်သဘောတရားရှိပါသည်။ မူလအစက ကျွန်တော်တို့လုပ်ငန်းတွင် မကောင်းသောလူများ လွှမ်းမိုးနေသောအခါ လူကောင်းများ မကပ်နိုင်ဘဲရှိရသည်ဟု ထင်ပါသည်။

ယခုမူ လူကောင်းများစုဝေးအားကောင်းလာပြန်သောအခါ မကောင်းသောလူများ လွင့်စင်ကုန်ရသည့် သဘောမျိုးလည်း ဖြစ်နိုင်ပါသည်။



လုပ်ငန်းများ တိုးတက်နေသည့်အလျောက် လုပ်ငန်းအဖွဲ့လေးများလည်း ခုနစ်ဖွဲ့၊ ရှစ်ဖွဲ့ခန့်ထိ ဖြစ်ပေါ်လာရသည်။

ပစ္စည်းပျောက်မှု၊ ဆုံးရှုံးလေလွင့်ခြင်းမျိုးများလည်း လုံးဝနီးပါးကင်းရှင်းသွားစေပါတော့သည်။ အကယ်၍ ယင်းကဲ့သို့ ပျောက်ပျက်ဆုံးရှုံးလေလွင့်မှုရှိလျှင်လည်း သူတို့သာ နစ်နာရမည်ကို သဘောပေါက်ထားပြီးဖြစ်၍ လုပ်ငန်းကို အထူးဂရုစိုက် လုပ်ကိုင်ကြ၏။

စင်စစ်အလုပ်သမားအဖွဲ့လေးများအဖို့ သူတို့လုပ်ရှားလုပ်ကိုင်နေသည့် အလုပ်သည် သူတို့ကိုယ်ပိုင်လုပ်ငန်းလိုရှိနေရပြီဖြစ်သည်။ ထိုမှမရိုးသား မမှန်ကန်သော၊ မကြိုးစားသည့်အလုပ်သမားအဖွဲ့လေးများ ဖြစ်ပေါ်လာလျှင်လည်း အဖွဲ့လိုက် ထုတ်ပစ်ရ၏။

များသောအားဖြင့်လုပ်သလောက်၊ ရသလောက်၊ ကြိုးစားသလောက်၊ အကျိုးခံစားခွင့်ရနေသောအခါ အလုပ်သမားများသည် အလုပ်အပေါ်လေးစား ရိုသေဂရုစိုက်ကြ၏။ အလုပ်ကို ပိုမို၍ အားစိုက်လုပ်ကြသည်။

မော်တော်ကားတစ်စီး၏ လိုအပ်သော ပြုပြင်ရေးမှန်သမျှအားလုံးပြည့်စုံသည်အထိ လုပ်ကိုင်၍ ရနိုင်သောအလုပ်ရုံမျိုးတွင် ကျွန်တော်ကဲ့သို့သော ဘီးတပ်ကုလားထိုင် အမြဲသုံးစွဲနေရသူ၊ လုံးဝလမ်းမလျှောက်နိုင်သော မသန်မစွမ်း ပုဂ္ဂိုလ်တစ်ဦးက ဦးစီးဦးဆောင်ပြုလျက်လုပ်ကိုင်ဆောင်ရွက်နေခြင်းကို တွေ့ရသောအခါ အချို့က အံ့အားသင့်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ယုံကြည်မှုကိုရင်း၍

စင်စစ်ဤသို့သော လုပ်ငန်းမျိုးသည် သာမန်လူမျိုးများပင် လျှင် လက်တွေ့လုပ်ကိုင်ရာ၌ အခက်အခဲအမျိုးမျိုး ရှိနေတတ်ကြ စမြဲ ဖြစ်လေရာ၊ ကျွန်တော်က ဤသို့အောင်မြင်ခိုင်မာစွာ လုပ်ငန်း ရပ်တည်လာနိုင်ခြင်းအပေါ် စူးစမ်းလေ့လာမှု ပြုလာကြ၏။

“ဒီအလုပ်သမား တွေကြည့်ရတာ မခိုမကပ် တက်တက် ကြွကြွလည်း လုပ်ကြတယ်၊ အဆင်ပြေပုံလည်း ရတယ်၊ ဘယ်လို စနစ်-ဘယ်လိုအစီအစဉ်တွေနဲ့ လုပ်ထားလို့လဲ”

အချို့က-

“ကျွန်တော်တို့လည်း ဒီလိုဝပ်ရှော့ခ်လုပ်ပါတယ်။ အဆင် မပြေဘူး။ ဒီလောက် အလုပ်သမားမများလှပါဘူး။ နှစ်ယောက်သုံး ယောက်နဲ့ နည်းနည်းပါ”

ကျွန်တော်က လုပ်ငန်းစတင်ဖြစ်ပေါ်လာပုံ အစကနေ အဆုံးအထိ ကျွန်တော်တို့တွေ့ကြုံခဲ့ရပုံများနှင့် လက်ရှိလုပ်ကိုင်နေပုံ စည်းကမ်းများကို ပြောပြရပါ၏။

“အဲဒီလို တစ်ရာမှာတစ်ဆယ့်ငါးကျပ်နှုန်း အလုပ်ရုံစရိတ် ယူပြီး အလုပ်ကို သူတို့လက်အပ်ထားလိုက်တော့ သူတို့က မှန်မှန် ကန်ကန်ရောပေးရဲ့လုပ်ရဲ့လား” ဟု အချို့ကမေး၏။

“အလုပ်သမားအများစုကတော့ မှန်မှန်ကန်ကန် တရား သဖြင့် ပေးကြလုပ်ကြပါတယ်။ နို့ပေမယ့်-အဖြူအမည်းရှိတတ်တဲ့ လောကသဘာဝအတိုင်း မမှန်ကန်တဲ့သူအချို့လည်း ရှိနိုင်ပါတယ် ဒါလဲ သိပ်မထိခိုက်လောက်တော့ မသိယောင်ဆောင်ပြီး သည်းခံ နေလိုက်တာပါပဲ။ သိပ်လွန်လာခဲ့ရင်တော့လဲ တစ်မျိုးပေါ့” ဟု ကျွန်တော်က ပြောပြ၏။



“အဲဒီလို မမှန်ကန်တဲ့သူမျိုးရှိနေတော့ မနစ်နာဘူးလား”

“အထိုက်အလျောက်တော့ နစ်နာမှုရှိနိုင်ပါတယ်။ ဒါပေ မယ့်-လောကကြီးမှာ အားလုံးအဖြူတွေချည်းလဲ မရနိုင်ဘူးလေ။ သုံးလုံးအမည်းဖြစ်ရင် လက်မခံနိုင်ပေမယ့်-အညိုလောက်ဆိုလည်း စိတ်လျှော့ပြီး သည်းခံကျေနပ်ရတော့မှာပေါ့။ နောက်ပြီး စဉ်းစား ကြည့်လေ။ သူ ကျွန်တော့်ပေါ် တစ်သောင်းဖိုးလောက် လိမ်ညာမှ ကျွန်တော်တစ်ထောင့်ငါးရာပဲ နစ်နာမှာဆိုတော့ မပြောပလောက် ဘူးလို့ တွေးပါတယ်”

“အဲဒါကို-တိတိကျကျ ဝင်ငွေရအောင် ကြပ်မတ်လို့မရဘူး လား”

“ရနိုင်ပါတယ်။ ဒါပေမယ့် အားလုံးကို ယုံယုံကြည်ကြည် စိတ်ချလက်ချပဲ ဆက်ဆံချင်တဲ့သဘောထားပါ။ အမြဲတမ်း မယုံသင်္ကာနဲ့ကြည့်၊ မယုံသင်္ကာနဲ့စစ်ဆေး၊ အမြဲသူခိုးဖမ်းနေရတဲ့ အဖြစ်မျိုးမရှိချင်ဘူးလေ။ အဲလိုဆိုးတဲ့လူတွေ ကြုံခဲ့ရလို့ ထုတ်ပစ်ခဲ့ ဖူးပါတယ်။ သူတို့ကလဲ သူတို့အတွက် အဆင်ပြေကောင်းမွန်နေတဲ့ အခြေအနေတွေ မပျက်ချင်တော့တတ်နိုင်သမျှ ရိုးရိုးသားသား ဆက်ဆံကြပါတယ်” ဟူ၍ ကျွန်တော့်သဘောထားကို ပြောပြရ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

# ဇွဲသတ္တိတန်ခိုးပေးလေသူ

တစ်ခုသော ညဦးပိုင်း၌ ဖုန်းခေါ်သံမြည်လာခဲ့ပါသည်။

ညီမငယ်က ဖုန်းကိုသွားကိုင်၏။ ကျွန်တော်က ညီမငယ်အား လှမ်းကြည့်နေမိပါသည်။ တစ်ခါတစ်ရံ သည်လိုညဦးပိုင်းမှာ မမဆီက ဖုန်းလာတတ်လေသည်။

ညီမငယ်ဖုန်းပြောနေသည်ကို ကြားမနေရသော်လည်း ညီမငယ်၏ ဖုန်းပြောနေဟန်မှာ ကျွန်တော့်စိတ်၌ တစ်ခုခု ထူးခြားနေသလို ရှိ၍ လှမ်းကြည့်နေမိခြင်း ဖြစ်ပါသည်။

ညီမငယ်ဖုန်းပြောနေရာမှ ကျွန်တော့်အား တစ်ချက်စိုက်ကြည့်လိုက်ပြီးနောက် သူ့လက်ထဲရှိ ဖုန်းကို ကျွန်တော့်ထံ ထိုးပေးလိုက်၏။

တစ်ဖက်မှ ဖုန်းပြောလျက်ရှိသူမှာ မမ၏ညီမအငယ်ဆုံး မှုံမှုံဖြစ်နေပါသည်။

ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွား၏။ မမကိုယ်တိုင် ဖုန်းမပြောခြင်းအတွက် စိုးထိတ်ထဲဝယ် ထင့်သွားမိပါသည်။

သြော်-သတ္တဝါတိုင်း နောက်ဆုံးမရှောင်လွှဲနိုင်ကြုံကြရမည့် ဖြစ်သည်။ ယခုကြုံရပါလေပြီ. . .

ဟုတ်ပါ၏။ မမတစ်ယောက် လူ့လောကမှ ထွက်ခွာသွားပြီဖြစ်သည့်အကြောင်းကို မှုံမှုံက အကြောင်းကြားခြင်းဖြစ်ပါသည်။





ကျွန်တော်သည် ဖုန်းကိုကိုင်လျက် အတည်ငြိမ်ဆုံး စကားပြောပါသည်။ ထိုနောက် ဖုန်းကိုအသာချထားရစ်ခဲ့ပြီး စားပွဲ၌ ပြန်၍ ထိုင်ပါသည်။

အခန်းတွင်းရှိ ကျွန်တော့်မိသားစုအားလုံးသည် ကျွန်တော့်အား အကဲခတ်၍ ဝိုင်းကြည့်နေလေသည်။ မမဆုံးသည့်အကြောင်းကို ညီမငယ်က ပြန်ပြောပြပြီး ဖြစ်ပါလိမ့်မည်။

ကျွန်တော်သည် အချိန်အတန်ကြာသည့်တိုင် ဘာစကားမျှ မပြောဘဲ သည်အတိုင်းထိုင်နေမိပါသည်။ လူပရိသတ်တစ်ဆယ့်ငါးယောက်ထက်မနည်း အမြဲလှုပ်ရှားဆူညံနေတတ်သည့် ကျွန်တော့်အိမ်တွင် သည်ည ထူးထူးခြားခြား ငြိမ်သက်လျက်ရှိနေလေ၏။

အတော်ညဥ့်နက်မှ ကျွန်တော်အိပ်ရာဝင်ခဲ့ပါသည်။

နောက်တစ်နေ့နံနက် မမထံကျွန်တော်လာခဲ့၏။ မမ ငြိမ်သက်လဲလျောင်းနေရာခုတင်ဘေး၌ ထိုင်ငေးနေမိ၏။ မမသည် ပင်ကိုယ်အတိုင်း နူးညံ့မြဲ၊ တင့်တယ်မြဲ၊ တည်ငြိမ်မြဲပါတကား. . .။

မမရျာပနမြေချသည့်နေ့၌ ကျွန်တော်သည် မမနောက်ဆုံးအချိန်ထိ နေထိုင်ခဲ့ရာ မမအိမ်မှစ၍ သုသာန်ရောက်သည့်တိုင် မမ၏ နောက်ဆုံးခရီးတစ်လျှောက် လိုက်ပါလာခဲ့မိပါသည်။ မမကိုအားရစ်ခဲ့ပြီး သုသာန်မှ ကျွန်တော်ပြန်အထွက်၌မူ-

"သြော်. . . ဒါနောက်ဆုံးခရီး. . .၊ သည်တစ်သက် နောင်ဘယ်သောအခါမှ ပြန်လို့ဆုံဖို့ကြုံဖို့၊ တွေ့ဖို့ မဖြစ်နိုင်တော့ပါဘလား. . ."ဟူသော အသိကြောင့် ကျွန်တော် မျက်ရည်ကျရပါတော့၏။

ဟုတ်ပါ၏။ ထိုညက ကျွန်တော်အားရအောင် ငိုမိပါသည်။

သာမန်အားဖြင့် မမအကြောင်း ပြောရပါလျှင် ကျွန်တော် ပြောသည်များမှာလည်း အများသူငါ ပြောကြဆိုကြသလိုပင် မမ

www.burmeseclassic.com

www.burmeseclassic.com

ချောမောလှပပုံ၊ သိမ်မွေ့နူးညံ့သောသဘောထားရှိပုံ၊ ကောင်းမွန်သောစိတ်နှလုံးဖြင့် စေတနာဖြူစင်ထက်သန်ပုံ၊ တစ်ဖက်သားအား ကူညီစောင်မကျေးဇူးပြုတတ်ပုံ၊ ပတ်ဝန်းကျင်၌ အကျိုးရှိအောင် နေတတ်ပုံ၊ ဇွဲသတ္တိအားမာန်အပြည့်ဖြင့် ကြိုးစားပုံ၊ စကားပြောလိမ္မာပါးနပ်ပုံ၊ အနုပညာစွမ်းရည်ဖြင့် စာပေအလုပ်အကျွေးပြုပုံ၊ အများက လေးစားချစ်ခင်ကြပုံ စသည် စသည်ဖြင့် ပြောမဆုံးနိုင်အောင်သာရှိရပါလိမ့်မည်။

သို့သော်-ကျွန်တော့်မှာ မမနှင့်ပတ်သက်၍ စိတ်၏ဖြေပြေရာလေးများသာ ဟိုတစ်စ သည်တစ်စ လျှောက်ပြောနေချင်စိတ်ဖြစ်နေမိရပါသည်။

ယင်းသို့ဖြစ်ရသည်မှာလည်း ကျွန်တော့်အဖို့မူ ထူးခြားလေးနက်နေသောကြောင့် ဖြစ်နိုင်ပါ၏။ စင်စစ် ကျွန်တော့်မှာ "ဘဝ" နှင့် ဆိုင်နေလေသည်။

မမသည် ကျွန်တော့်ဘဝ၌ အမှတ်တရအကြောင်းအရာလေးများဖြင့် ဖေးဖေးမမကူညီတွဲခေါ် အလင်းရောင်ပေးသွားလေသူဖြစ်ပါ၏။

စာမူဆုရခဲ့သည့် ကျွန်တော်၏ "ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ" နှင့် "ဦးနှောက်တစ်လုံးလက်တစ်ဖက် ရှေ့ခရီးအစ" စာအုပ်တို့၌ မမနှင့်ပတ်သက်သော အကြောင်းရပ်တို့ နေရာအတော်များများ ပါဝင်ခဲ့သည်မှန်သော်လည်း မမနှင့် ကျွန်တော်စတွေ့ပုံဖော်ပြထားခဲ့ခြင်းမရှိပါ။

မမအား စတွေ့ပုံအခန်း မရေးဖြစ်ခဲ့ရခြင်းမှာ မမ၏ "လေဒီရှူးဖိနပ်" လေးအကြောင်းရေးလျှင် မမကြိုက်ပါ့မလားဟူ၍ တွေးပြီး တမင်ထည့်မရေးမိခဲ့ရခြင်း ဖြစ်ပါသည်။



ကျွန်တော့်၏ စာအုပ်၌ စာရေးဆရာ **မောင်သော်အား** "အတွေးအမြင်ကို ပံ့ကိုင်ပေးသူ" အဖြစ်ဖော်ပြခဲ့သည်**ဖြစ်လျှင်** မမအားလည်း ကျွန်တော့်ဘဝဝယ် "ပထမဆုံးများဖန်တီးပေးသူ" ဟူ၍ မှတ်တမ်းတင်သင့်ပါ၏။

လွန်ခဲ့သောအနှစ်အစိတ်ခန့်အချိန်က တစ်နေ့တွင် အိမ်ရှေ့၌ ကားလေးတစ်စင်း ဆိုက်လာပါသည်။ မိန်းမပျိုနှစ်ယောက် ကားပေါ်မှ ဆင်း၍ ခြံထဲသို့ ညင်သာသိမ်မွေ့စွာပင် လက်တွဲကာဝင်လာလေသည်။

သူတို့နှစ်ယောက်အား ယခင်က ကျွန်တော်တစ်ခါမျှ မမြင်ခဲ့ဖူးပါ။ အိမ်သို့ လာရောက်ဖူးသူတို့ မဟုတ်မှန်းသိ၏။

ထိုစဉ်ကာလက ကျွန်တော်သည် မိမိကိုယ်မိမိ အားငယ်ရွံ့ကြောက်စိတ်တို့ဖြင့် မိမိနှင့်မသိဘူး မမြင်ဘူးသူများနှင့် တွေ့ဆုံလေ့စကားပြောလေ့မရှိခဲ့ချေ။ ထိုသို့ကြုံလာရပါလျှင်လည်း ကျွန်တော်သည် ထိုသူတို့ကို ရှောင်လွှဲသွားလေ့သာရှိပါသည်။

ထိုနေ့ကမူ တစ်အိမ်လုံးတွင် ကျွန်တော်တစ်ယောက်တည်းသာ ရှိနေရသဖြင့် ထိုဧည့်သည်မိန်းမပျိုနှစ်ယောက်အား ကျွန်တော် ရှောင်လွှဲလို့မရဘဲ ရှိနေရပါသည်။

ယင်းမိန်းမပျိုနှစ်ယောက်အနက် တစ်ဦးမှာ ထူးထူးခြားခြား ဆင်ယင်မှုရှိနေလေသည်။ သူသည် ထမီကို သေသပ်စွာ ခြေဖျားသိဝတ်ထားသော်လည်း ဖိနပ်ကမူ ထိုအချိန်က အနောက်ဆန်သူအမျိုးသမီးများသာ ဆင်ယင်လေ့ရှိသည့် "လေဒီရှူး" အဖြူလေးတစ်စီးထား၏။ ကျွန်တော့်စိတ်ထဲ "ဘည်မိန်းကလေးနှယ်ပင်ကိုမြင်မောဆန်သိမ်မွေ့ဟန်ရှိပါလျက် အနောက်ဆန်သူဆန်ချင်ရှိန်တော" စသည်ဖြင့် သူ့အပေါ် မနှစ်မြို့ဖြစ်မိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးက သွက်လက်ဖျတ်လတ်စွာပင် ဖိနပ်ချွတ်၍ အိမ်ထဲဝင်လာသော်လည်း ကျန်တစ်ဦးကမူ ဖိနပ်ချွတ်ချင်ဟန်မရှိဘဲ "လေဒီရှူး" ကို ခြေသုတ်ဖုန်မှာ ဖြေးလေးစွာသုတ်ရင်း ကျွန်တော့်ကို အကဲခတ်ကြည့်နေ၏။ နောက်-အားနာဟန်လေးတော့ ပြလျက်ပြောင်လက်နေသည့် ကြမ်းပြင်ပေါ် နင်း၍ ဝင်လာခဲ့လေသည်။

အိမ်သို့သူရောက်လာရသည့် ကိစ္စမှာ ထိုစဉ်က မန္တလေးတက္ကသိုလ်၌ ဆရာမပေါက်စလေး ဖြစ်နေသည့် ကျွန်တော့်အစ်မကြီးနှင့် မန္တလေးသို့ ပစ္စည်းလက်ဆောင် လူကြုံပါးလိုခြင်းကြောင့် ဖြစ်ပါ၏။

ခဏမျှစကားပြောမိပြီးမှ သူက "စာရေးဆရာမ မလေးလုံ" ဖြစ်ကြောင်း သူ့ကိုယ်သူ မိတ်ဆက်စကားပြောရင်း -

"ဒီဖိနပ်စီးထားရတာလည်း စီးချင်လို့စီးထားရတာမဟုတ်ဘူး။ နှလုံးရောဂါကြောင့် လေဖြတ်သွားလို့ ဒီလိုအားပြု ဖိနပ်လေး စီးထားရတာပါ" စသည်ဖြင့် သူအကြောင်းကို ပြောပြပါသည်။

ကျွန်တော့်မှာ ကျွန်တော့်အမှားအတွက် နောင်တကြီးစွာရသွားမိရပါသည်။ စိတ်မကောင်းခြင်းလည်း ကြီးစွာဖြစ်မိရပါသည်။ စောစောက သူ့အပေါ် အမြင်မှားမိရသည့် အဖြစ်အတွက် အလွန်အားနာသွား၏။

ကျွန်တော်ကလည်း မိမိစာရေးသည့်အကြောင်း၊ ယခုလိုခြေမသန်သူများ သုံးသည့်တွန်းလှည်းနှင့် နေခဲ့ရခြင်းမှာ မွေးစအရွယ်က ပိုလီယိုအကြောသေရောဂါဖြစ်ခဲ့ခြင်းကြောင့် ခြေနှစ်ဖက်လက်တစ်ဖက်လုံးဝမသန်တော့ကြောင်း ပြောပြရပါသည်။

သို့နှင့် ချက်ချင်းပင် ကျွန်တော်တို့ ကျွမ်းဝင်ရင်းနှီးသွားခဲ့ရပါသည်။ ကျွန်တော်တို့မှာ နှစ်ပေါင်းများစွာ ရင်းနှီးချစ်ခင်ခဲ့ကြရပြီး ကွဲကွာသွားရာမှ ယခုမမျှော်လင့်ဘဲ ပြန်လည်ဆုံဆည်းမိကြရသူတွေလို စိတ်ဝယ်ခံစားသွားမိခဲ့ကြရပါ၏။



ကျွန်တော့်အစ်မအရွယ်မို့ သူ့အား "မမ. ." ဟူ၍ ကျွန်တော်ခေါ်ဝေါ်သုံးနှုန်းခဲ့ပါသည်။

စင်စစ် ကျွန်တော်မသိဘူး၊ မမြင်ဘူးသူနှင့် တွေ့ဆုံစကားပြော ကျွမ်းဝင်ရင်းနှီးရသူများတွင် မမသည် ကျွန်တော့်ဘဝ၌ ပထမဦးဆုံးသူဖြစ်ပါ၏။

နောင်အခါ ကျွန်တော်တို့သည် စာပေလောက၊ စာပေအဝန်းအဝိုင်း အခမ်းအနားများသို့လည်း ရောက်တတ်ကြလေ၏။ စာပေလောကမှ အများစုက ကျွန်တော်တို့ကို မောင်နှမတော်စပ်သည်ဟုသာ သိကြ၏။ အနုပညာအဝန်းအဝိုင်းမှ ကျွန်တော်နှင့်ကျွမ်းဝင်လာရသူအများစုမှာလည်း မမ၏ မိတ်ဆွေရောင်းရင်းများသာဖြစ်ပါသည်။

မမက သူ့အိမ်လာလည်ရန် အလျဉ်းသင့်တိုင်း ဖိတ်ခေါ်ခဲ့လေ့ရှိပါသည်။ ကျွန်တော်ကလည်း ထိုစဉ်အခါကမူ အပြင်လောကသို့ အလွန်ရောက်ခဲပါသည်။ အပြင်ထွက်လေ့မရှိခဲ့ချေ။

တစ်နေ့တွင် ကျွန်တော်သည် မမအိမ်သို့ အလည်ရောက်ဖြစ်ရပါ၏။ ထိုစဉ်က မမတို့နေထိုင်သည်မှာ ကမာရွတ် မယ်စီကုန်းလမ်းရှိ ခြံကြီးထဲ၌ ဖြစ်လေသည်။

ဤတွင်လည်း ကျွန်တော့်မှာ တစ်စုံတစ်ဦး၏ အိမ်သို့ အလည်အပတ်ရောက်ဖူးရခြင်းမှာ "ပထမဆုံး"ပင် ဖြစ်ပါသည်။ အခြားသူတို့အိမ်တွင် ကျွန်တော် "ပထမဆုံး" ထမင်းစားရသည်မှာလည်း မမတို့အိမ်မှာပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က ယခုနေသည့် အိမ်မကြီးတွင် မဟုတ်ဘဲ မမတို့ ရောင်းပစ်ခဲ့သည့် ခြေရင်းဘက်က အိမ်လေးမှာ ဖြစ်ပါသည်။ မမတို့ အိမ်သို့သွားလည်ရင်း အိမ်ပြန်အကြိုနောက်ကျနေသဖြင့် မမက ထမင်းကျွေးရာ မိမိထိုင်နေသည့် နေရာ၌ပင် ထမင်းပန်းကန်ဖွန်း တပ်ပြီး ကျွန်တော်စား ဖြစ်ခဲ့ရခြင်း ဖြစ်၏။

ကျွန်တော့်မှာ ထိုသို့သော အသေးအမွှားကိစ္စလေးမှစ၍ ထိုထက်ကြီးမားလေးနက်သော အကြောင်းရပ်များတိုင်း တစ်နည်း မဟုတ်တစ်နည်းနည်းဖြင့် မမနှင့် ဆက်နွယ်ခဲ့ရသည်သာ များပါ သည်။ ဥပမာအားဖြင့် ပထမဆုံး လုံးချင်းဝတ္ထုရေးဖြစ်ရခြင်း၊ ပထမ ဆုံးလုံးချင်း စာအုပ်ထုတ်ဝေဖြစ်ခြင်းနှင့် ပထမဆုံး လူပုံအလယ် ထွက်၍ စာမူဆု တက်ယူဖြစ်ခြင်း စသည် စသည်များမှာလည်း မမ၏ ကျေးဇူးတရားများပင် ဖြစ်ပါ၏။

မရမ်းကုန်းမြို့နယ်၌ စင်ပေါ်တက်၍ ပထမဆုံးအကြိမ် စာပေဟောပြောဖူးရသည်မှာလည်း မမအားထုတ်မှုပင် ဖြစ်လေ သည်။ စင်စစ် ကျွန်တော်သည် ထိုမျှသတ္တိရှိ အစွမ်းထက်လှသည် တော့ မဟုတ်ပါ။

တကယ်တော့ ကျွန်တော့်ဘဝ တည်ဆောက်ခြင်း၊ တိုးတက်စေခြင်း အကြောင်းတရားများတွင် မမ၏ပါးနပ်လိမ္မာစွာ သိမ်းသွင်းအားပေးမှု ကျေးဇူးမကင်းသည်သာ များလေသည်။

မမက သူ့တစ်သက်တာတွင် အပျော်ရွှင်ရဆုံး အချိန်အဖြစ် သူငယ်စဉ်ဘဝဆယ်ကျော်သက်ရွယ် သူတို့မောင်နှမတစ်တွေ မျောက်ရှုံးအောင်ဆော့ကြ၊ လသာသောညများ၌ စက်ဘီးစီးကြ စသည့်အကြောင်းအရာလေးများကို ကြည်နူးဖွယ် ပြောပြဖူး၏။



ကျွန်တော်ကမူ မမတို့ ယခုအိမ်မကြီး ဆောက်မပြီးသေးမီ မမတို့ခြံကြီးထဲဝယ် ကျွန်တော်တို့မောင်နှမတစ်တွေအကြောင်း ကြုံတိုင်း သွားလာဝင်ထွက် စားသောက်နေရချိန်လေးများကို ပျော်ရွှင်ရဆုံး အချိန်လေးများအဖြစ် မှတ်မှတ်ရရ ရှိနေမိရလေ သည်။

ကျွန်တော်တို့ မောင်နှမခုနစ်ယောက်အရင်းအပြင် ဝမ်းကွဲ ညီအစ်ကိုမောင်နှမများလည်း မမတို့ခြံကြီးနှင့် ကျွမ်းဝင်ခဲ့ရပါသည်။ မမတို့အိမ်သွားလည်မည်ဆိုလျှင် သူလိုက်မည် ငါလိုက်မည်နှင့် တပျော်တပါးသွားခဲ့ကြလေ၏။

ကျွန်တော်ကလည်း အခြားအခြားသော နေရာဌာနများသို့ သွားလေ့ ရောက်လေ့မရှိလှသော်လည်း မမတို့အိမ်သို့မူ သွားလေ့ ရောက်လေ့ရှိပါ၏။ သို့ဖြစ်၍ ကျွန်တော် အပြင်သွားရန် ပြင်ဆင် နေသည်ကို မြင်လျှင် ကျွန်တော့်အိမ်သားများသည် "မလေးလို့ အိမ်သွားမလို့လား" စသဖြင့် မေးလေ့ရှိလေသည်။

ခရစ်စမတ်ညများတွင်လည်း ကျွန်တော်တို့ မောင်နှမ တစ်တွေ မမတို့ထံ ရောက်ရပါသည်။ ယင်းသို့သော ခရစ်စမတ်ပွဲ သို့ ကျွန်တော်ရောက်ဖူးရသည်မှာလည်း မမတို့အိမ်သည် ပထမဆုံး ဖြစ်ပါသည်။

မမကွယ်လွန်ပြီးသည်၏ ယခုအခါ၌ ကျွန်တော့်တွင် မမအား ပေးဆပ်ရန်အကြွေး တစ်ခုရှိနေရပါသည်။ ဩစတြေးလျသို့ ရောက်နေသည့် ကျွန်တော့်ညီမဝမ်းကွဲလေးက ကောက်ရိုး[illegible] များဖြင့် လှပစွာ ပြုလုပ်ထားသည့် ပြက္ခဒိန်လေးတစ်ခုကို [illegible] ကျွန်တော်လက်ဆောင်ပေးနိုင်ရန် တကူးတကန့် [illegible] လည်း ကျွန်တော့်မှာ ထိုနှစ်ခရစ်စမတ်က မမထံ [illegible]

www.burmeseclassic.com

www.burmeseclassic.com

ပါ။ သို့နှင့် ယင်းပြက္ခဒိန်လေးမှာ ကျွန်တော့လက်၌ တင်ကျန်ခဲ့ရ၍ မမဆုံးပြီးသိုသောအခါ ကျွန်တော့်မှာ ယနေ့တိုင် အိမ်မှာ အမှတ်တရ ချိတ်ဆွဲထားမိပါသည်။

ဟိုး. . . လွန်ခဲ့သော နှစ်များစွာက မမ၏အချစ်ခင်ဆုံးသူများမှာ မမညို၊ မမရှယ်လီ၊ ကိုရင်ထွန်းနှင့် ကျွန်တော်တို့သာ ဖြစ်လိမ့်မည်ထင်ပါသည်။

မမရှယ်လီမှာ ဟိုစဉ်က မမနှင့်ခြံချင်းကပ်လျက် နေထိုင်သူမို့ မမထံကျွန်တော်ရောက်တိုင်း မမရှယ်လီလည်း ရောက်လာတတ်ပါ၏။ တစ်ခါတစ်ရံ လသာညများတွင် ကျွန်တော်တို့တစ်တွေ ခြံကြီးထဲမှာပင် စကားတွေဝိုင်းပြောနေမိတတ်ပါသည်။

ယခုမရှိတော့ပြီ ဖြစ်သော မမတို့အိမ်နောက်ဖက်က ရေကန်ကြီးကိုလည်း မမအလွန်အလေးထား သဘောကျနှစ်ခြိုက်ပုံရလေသည်။ သူ့ရေကန်ကြီးကို အထူးတလည် ကျွန်တော့အား ခေါ်ပြပြီး ရေကန်ပေါ်က တံတားလေးက ဘယ်သို့၊ ငါးတွေက ဘယ့်နှယ် စသဖြင့် တခမ်းတနား ပြောပြတတ်၏။

သည်သို့နှင့်ပင် အချိန်ကာလတွေ လောကသဘာဝတွေသည် မသိမသာ တဖြည်းဖြည်း ပြောင်းလွဲသွားသလို လောကဓံတရားနှင့် အခြေအနေတွေ ပတ်ဝန်းကျင်ဘာဝတွေသည်လည်း သဘောမပြုမိလျှင်သာရှိစေ၊ များစွာရွေ့လျားပြောင်းလွဲ လာခဲ့ရပါသည်။

ပုံစံအားဖြင့်ကြည့်ပါ။ ကျွန်တော့်ပတ်ဝန်းကျင်မှာလည်း ညီအစ်ကိုမောင်နှမအားလုံး အိမ်ထောင်သည်များ ဖြစ်လာကြသကဲ့သို့၊ အခြားအခြားသော ကိုယ်စီကိုယ်ငှ ဝန်ထုပ်ဝန်ပိုးများဖြင့် လွန်လေပြီးသော ကာလက အခြေအနေတို့သည် ရွေ့လျားပြောင်းလဲ လာခဲ့ရပါသည်။ အိမ်ထောင်သည်များ ဖြစ်လာကြသော ကျွန်တော့်မောင်နှမများသည် မမတို့အိမ်သို့ ကျွန်တော်သွားလျှင်ပင် ဟိုတုန်းကလို လိုက်ပါမည့်သူ မရှိတော့ပါ။



ကျွန်တော့်အနေအထားမှာလည်း အချိန်အခါအရ မလွှဲမရှောင်သာဘဲ ကြီးမားလှသည့် မိသားစုအသိုက်အမြုံကြီးနှင့် များပြားရှုပ်ထွေးလှသည့် ဆွေမျိုးအဝန်းအဝိုင်းများကြားဝယ် ဘာဝန်အရှိဆုံးသူတစ်ဦးလိုပင် ရှိလာခဲ့ရပါသည်။ သို့နှင့် ကျွန်တော့်မှာ အချိန်ပို အချိန်အား ရှားပါးလာခဲ့ရ၏။ စိတ်ရောကိုယ်ပါ လွတ်လပ်မှုမရတော့ပါ။

မမဖက်ကလည်းကြည့်ပါဦး။ လုံမလေးအမျိုးသမီးမဂ္ဂဇင်း ထုတ်ဝေလာသောကာလ၌ မမမှာ ဟိုးလွန်လေပြီးသော ကာလများကလို ငြိမ်သက်အေးဆေးသည့် အခြေအနေများ မရှိတော့ပါ။ ကျွန်တော်မမထံသွားလျှင်လည်း မမအိမ်မှာ မရှိသည်သာ များပါသည်။ အိမ်၌ မမကိုတွေ့ရလျှင်လည်း ဟိုတုန်းကလို အေးအေးဆေးဆေး စကားပြောဖို့ မကြုံနိုင်တော့ပါ။

သို့သော် တစ်နေ့တွင်မူ မမက-

"မမလည်း ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိရေးထားမယ် စိတ်ကူးတယ်"

"ကောင်းတာပေါ့။ မမကိုရေးဖို့ ကျွန်တော်ပြောနေတာပဲ။ ဒါပေမဲ့ မမရေးဖြစ်မယ်တော့ ကျွန်တော် မထင်ပါဘူး" ဟု ကျွန်တော်က ပြောလိုက်၏။

"ဘာဖြစ်လို့. ."

"ကျွန်တော်က မမစိတ်ကို သိနေသလိုပါပဲ။ ကိုယ်တိုင် [illegible] အတ္ထုပ္ပတ္တိရေးမယ်ဆိုရင် သတ္တိတစ်မျိုးတော့ လိုမယ် [illegible]

www.burmeseclassic.com

www.burmeseclassic.com

တော့ မမဝတ္ထုတွေ အများစု-၊ အားလုံးလောက်နီးနီးဟာ မမရဲ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိတွေပါပဲ။ တကယ့်အကြောင်းရပ်ဆိုတာ ရေးရတာအခက်အခဲပြဿနာတွေ ရှိတယ်"

သူကပြုံးရယ်၍-

"အခုနည်းနည်းတောင် စရေးထားပြီ" ဟု ဆိုပါသည်။

မမနှင့်ကျွန်တော်သည် တူတာတွေရှိသလို မတူတာတွေလည်း များပါ၏။ အကြိုက်ချင်း သဘောထား အယူအဆချင်း ကွဲပြားလျှင် ကျွန်တော်တို့သည် ကလေးငယ်များလိုပင် ငြင်းခုံစကားနိုင် ပြောကြသည်များလည်း ရှိပါသည်။

တစ်ခါသော် မမအတော်လေးပိန်သွားသည်ဟု သတိပြုမိ၏။ လူဟန်လည်း ပိန္နဲ့သွားပိုပျော့သွားလေသလား တွေးသည်။ မမသည် အသက်အရွယ်အရရော၊ သူထမ်းဆောင်နေသည့် တာဝန်အရပါ ကျန်းမာရေးရှုထောင့်က ကြည့်လျှင် ကျဆင်းလာလေသလား စိတ်ထဲပူပန်နေမိ၏။

ကျွန်တော်က အကဲခတ်လျက်-

"နေကောင်းရဲ့လား"

မမကပြုံးရယ်၍-

"ဒီလိုပါပဲ။ ကောင်းတော့လည်း ကောင်းလိုက်၊ မကောင်းတော့လည်း နားနေလိုက်ပေါ့"

"နေမကောင်းဘူးဆိုတာ ဘယ်လိုနေလို့လဲ"

"မောတာ-"

မမက သူ့အဖြစ်အပျက်လေးတွေကို အမှတ်မထင် ပြောပြပါသည်။



"မမလေ အခုနေမကောင်းတာ နည်းနည်းပိုစိုစိုလာသလား မသိဘူး။ နောက်ပြီး အစာမကြေတာမျိုး၊ ဗိုက်အောင့်တာ ဝမ်းပျက်တာမျိုးတွေနဲ့ လူကခံနိုင်ရည်အား ကျလာသလိုပဲ။ ခုအိပ်ရာထဲ မျက်စိမှိတ်အိပ်နေတုန်း တစ်ယောက်ယောက်က မီးခလုတ်လေး ထောက်ခနဲ လာဖွင့်ရင်တောင် လန့်ပြီး မောချင်မောသွားတတ်တာ။ မလုံတို့ မေမေတို့သိရင် စိတ်ပူမှာစိုးလို့၊ သူတို့သိပ်စိတ်ပူပြီး ဘာမလုပ်ရဘူး၊ ညာမလုပ်ရဘူး၊ ဟိုမသွားရ၊ ဒီမလာရ လုပ်ရင်ခက်မှာ။ သူတို့ကို မပြောရဲဘူး" ဟု မမကပြုံးကာ ရယ်ကာ ပြောသော်လည်း သူထိုသို့ ပြောနေစဉ်မှာပင် သူ့လေအားသည် လျော့ကျနေကြောင်း သတိပြုမိခဲ့ရပါသည်။

ထိုနေ့က ကျွန်တော်သည် မမအတွက်များစွာ စိတ်ပူခဲ့မိပါ၏။ မမကိုတော့ ကျွန်တော်ဘာမျှ ပြန်မပြောခဲ့တော့ပါ။ စင်စစ် မမမှာ သူ့မိသားစု၌ အရိပ်တကြည့်ကြည့် ပြုစုခံရသူသာ ဖြစ်ပါ၏။

ကျွန်တော့်တွင် အယူအဆတစ်ခုရှိပါသည်။

ကျွန်တော်တို့သည် မလွဲမသွေကြုံကြရမည့် သေခြင်းတရားကို မတွန်းလှန်နိုင်သည် ဖြစ်စေဦးတော့၊ တကယ်ပဲ တစ်နေ့တွင် မလွဲမသွေ တွေ့ဆုံရမည့် သေခြင်းတရားနှင့် ရင်ဆိုင်လာရပါက ကျွန်တော်တို့ တည်တည်ငြိမ်ငြိမ် ကြံ့ကြံ့ခံရ လက်ခံနိုင်အောင် ကြိုတင်ပြင်ဆင်ထားရမည်၊ ပြင်ဆင်ထားသင့်သည်ဟု တွေးပါသည်။

မမတို့ မိသားစုတွင် ကိုကိုကြီး ဆုံးစဉ်က မမတို့အိမ်သို့ ကျွန်တော်ရောက်သောအခါ မမတို့ မိသားစုမှာ စိတ်ထိခိုက် ကြေကွဲနေကြသည်မှာ မှန်သော်လည်း တည်တည်ငြိမ်ငြိမ် ရှိနေကြသည်ကို အံ့ဩဖွယ် မြင်ခဲ့ရဖူးပါသည်။ မမ၏မေမေသည် ဈာပန[illegible]သော ဧည့်သည်များအား ဧည့်ခံစကားပြောရင်း တစ်[illegible]

www.burmeseclassic.com

www.burmeseclassic.com

မျက်ရည်ပေါက်လေးများကြွေကြွေသွားသည်ကို မြင်ရမိသော်လည်း ကြံ့ခိုင်ရရပင် ရှိသည်ကို တွေ့ရပါ၏။ အသုဘချသည့် အချိန်တိုင် သူတို့မိသားစုအားလုံးသည် တည်ငြိမ်အေးဆေးစွာပင် ပြုဖွယ် ကိစ္စများကို ဆောင်ရွက်သွားကြလေသည်။

ကျွန်တော်တို့နှင့် အလွန်ကျွမ်းဝင်သည့် မိတ်ဆွေအိမ် တစ်အိမ်တွင်လည်း ကွယ်လွန်သူအတွက် စိတ်ထိခိုက် နေကြသည် မှန်သော်လည်း တစ်အိမ်သားလုံးသည် တည်ငြိမ်ရင့်ကျက်စွာပင် ဈာပနကိစ္စများကို ဆောင်ရွက်နိုင်ကြသည်ကို တွေ့ရဖူးပါ၏။

ကွယ်လွန်သူသည် ကောင်းသောအပြုအမူများ ပြုမူခဲ့ပြီး ကောင်းသော စိတ်နှလုံးဖြင့် ကွယ်လွန်ပြီးဖြစ်၍ မည်သို့မျှ ဆိုးရွားသော အဖြစ်မျိုးများ မဖြစ်နိုင်ပါ။ ထိုသို့ပင် ယုံကြည်ချက်ထားပါသည်။

သို့ဖြစ်၍ ကျွန်တော်သည် ကွယ်လွန်ပြီးသူ၏ဘဝအတွက် ဆောက်တည်ရာမရ ဖြစ်ရမည့်အဖြစ်မျိုးများကို မကြုံကြိုက်လိုပါ။ ရှောင်လွှဲချင်ပါ၏။ သေခြင်းတရားကို ကြံ့ခိုင်မပျက် လက်ခံနိုင်စွမ်းသည့် သတ္တိမျိုးသာ တောင့်တမိလေသည်။

သို့ဖြစ်၍ မမကိုကျွန်တော်ကြည့်ပြီး တစ်နေ့နေ့တွင် မမသည် ကျွန်တော်တို့အားလုံးကို ပြန်းခနဲ စွန့်ခွာသွားချင်သွားမည့် အဖြစ်မျိုးကြုံနိုင်ပါကလား ဟူ၍ ကျွန်တော့်ရင်ဝယ် ခံစားလာခဲ့ရပါသည်။

ကျွန်တော်သည် တစ်နေ့နေ့တွင် ကြုံလာနိုင်မည့်အရေးကို ခံနိုင်ရည်ရှိစေရန် ထိုသည်နေ့မှစ၍ စိတ်ကို စတင်လေ့ကျင့်ယူခဲ့ပါသည်။ ကျွန်တော့်ဖခင်ကြီးသည် တစ်နှစ်အတွင်း ဆုံးနိုင်ကြောင်း ကျွန်တော်သိရသည့်နေ့မှစ၍ ထိုသို့ပင် ကျွန်တော်သည် ကြိုတင်၍ ဒိတ်ကို လေ့ကျင့်ယူခဲ့ဖူးပါသည်။



သို့နှင့်- မမဆုံးသည့်နေ့က ဖုန်းလာသောအခါ ကျွန်တော့် စိတ်ခံနိုင်ရည် ရှိအောင်ပြင်ဆင်ထားသည့်အချိန်ရောက်ပြီဟု ကျွန်တော် နှလုံးသွင်းခဲ့ရပါ၏။

ယနေ့အချိန်တွင် မမဆုံးပါးသွားခဲ့ရပြီဖြစ်သော်လည်း ကျွန်တော့်မှာ မမတစ်ယောက် လူ့လောကၽွ ရှိနေသည်ဟုသာ စိတ်ဝယ် စွဲမှတ်နေမိပါသည်။ ထိုအတိုင်းလည်း စိတ်၌ ထည့်သွင်းထားမိ၏။

မမအိမ်သို့ ရောက်မှ မမအား မတွေ့ရ၍ မမ မရှိတော့ပြီ ၏ အဖြစ်က ထင်ရှားမည်။ သို့ဖြစ်၍ ကျွန်တော်သည် မမတို့အိမ်သို့ မရောက်တော့ပါ။ မမထံ ဖုန်းခေါ်လိုက်မှ ကြာနေကျ မမအသံ ပေါ်မလာလေ၍ မမတစ်ယောက်မရှိတော့ပြီ၏ အခြေအနေက ထင်ဟပ်လာမည်။ သို့နှင့် ထိုဖုန်းနံပါတ်ကို ကျွန်တော်မလှည့် ဖြစ်အောင် နေပါ၏။

စင်စစ် မမ မရှိတော့ပြီ၏ကာလ၌ အနုပညာစာပေ သဘော သက်ဝင်သည့် စာရေးသည်မှာ ဤဆောင်းပါးသည် ကျွန်တော့်အဖို့ "ပထမ" ဦးဆုံး ဖြစ်နေရပြန်ပါသည်။

တကယ်တော့ မမ မရှိတော့ပြီဟူ၍ လောကသဘာဝ ဆိုနေရသော်လည်း တစ်နည်းအားဖြင့် တွေးလျှင် မမသည် လောကကြီး၌ တည်ရှိမြဲတည်ရှိနေသည်ဟု ဆိုရပါလိမ့်မည်။

မမရုပ်ခန္ဓာသည်သာ ရုပ်တရားအရ ကုန်ဆုံးပျောက်ကွယ် သွားရသည်မှန်ပါ၏။ မမ၏စိတ် သို့မဟုတ် တန်ခိုး သို့မဟုတ် ဉာဏ်အားသည်ကား ယနေ့တိုင်အမြဲ ရှင်သန်ဆဲ တည်ရှိနေဆဲ ထွန်းကားဆဲပင် ဖြစ်ပါသည်။

ဆရာမောင်ထင်က ၁၄- ၁- ၇၅ နေ့ထုတ် [illegible] သတင်းစာ၌-

www.burmeseclassic.com

www.burmeseclassic.com

"လူသည်သစ်တုံးမဟုတ်။ လူ၌ စိတ်ရှိ၏။ ထိုစိတ်သည် ကိုယ် (အတ္တဘော)၌ တည်၏။ အဘယ်နေရာမှာ တည်သည်ဟု အပ်ကျမပ်ကျ မပြောနိုင်။ စိတ်သည် ကာယ မဟုတ်သောကြောင့် နှလုံးသည်းပွတ်တို့ကဲ့သို့ အကောင်အထည်မရှိ။ +++

"ကိုယ်ကို ဖွံ့ဖြိုးအောင် ကာယဗလလေ့ကျင့်ခန်းတို့ဖြင့် လေ့ကျင့်လျှင် ရ၏။ ဤသဘောအတိုင်းပင် စိတ်ကို ဖွံ့ဖြိုးအောင် စိတ္တဗလလေ့ကျင့်ခန်းတို့ဖြင့် လေ့ကျင့်လျှင် ရနိုင်သည်။ +++++

စိတ်သည် ကျွန်ုပ်တို့ကို ပြုပြင်နေသည်။ စိတ်ဆိုးလာသောအခါ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်သည်။ စိတ်လျှော့လာသောအခါ တစ်ကိုယ်လုံး ခွေယိုင်လာသည်။ စိတ်တင်းလာသောအခါ ကြံ့ခိုင်သန်မာလာသည်။ ဘဝကို အရှုံးပေးရပြီဟောဟု ယူဆရသောအခါ ဤခန္ဓာကိုယ်အတ္တဘောကြီးမှာ ခွေယိုင်နုံးချိပျော့စိစိနှင့် ပကတိ သက်မဲ့ကဲ့သို့ ဖြစ်လာသည်။ ဘာလဲဟဲ့ လောကဓံဟု ကြုံးဝါး၍ မိမိကိုယ် မိမိအားပေးကာ တစ်ပန်းရှုံးနေသောဘဝကို အနိုင်ရအောင် ကြိုးပမ်းလိုက်သောအခါ ဇွဲသတ္တိဟူသော တန်ခိုးကြောင့် ခန္ဓာကိုယ်ကြီး တစ်ခုလုံး အသက်ဝင် လှုပ်ရှား လာလေသည်။ +++++

အခန်း (၆)

# အပြင်လောကနှင့်ကျွန်တော်

ကျွန်တော့်ဘဝ၌ အရေးပါသော ပုဂ္ဂိုလ်များအကြောင်းကို ပြန်လှန်စဉ်းစားလိုက်လျှင် ၂- ၃- ၉၁ နေ့က ကွယ်လွန်ခဲ့သော **"စာရေးဆရာမ မလေးလုံ"** သည် ထိပ်ဆုံးက ပါဝင်၏။ အထက်ဖော်ပြပါ "ဇွဲသတ္တိတန်ခိုးပေးလေသူ" မှာ "လုံမလေးမဂ္ဂဇင်း" (အတွဲ ၉၊ အမှတ် ၂၊ ၉၃ ခုနှစ် ဖေဖော်ဝါရီလထုတ်) ၌ ပါရှိခဲ့သော ဆောင်းပါး ဖြစ်ပါသည်။

"ကိုစိန်ထွေးရေ-၊ မမကြီးအတွက် ဆောင်းပါးလေး တစ်စောင်တော့ အမှတ်တရ ရေးပေးဦးနော်။ သူများတွေသာ ရေးပေးခဲ့ကြပေမယ့် ကိုစိန်ထွေး မရေးရသေးဘူး" ဟု မလေးလုံ၏ ညီမ မလုံက ဆိုသဖြင့် ရေးပေးခဲ့ရသည့် ဆောင်းပါး ဖြစ်လေသည်။

စင်စစ် လူလောက ပတ်ဝန်းကျင်၌ ကျွန်တော်လှုပ်ရှားသွားလာ လုပ်ကိုင်ဆောင်ရွက်လာဖြစ်ခဲ့ရသည်မှာ မလေးလုံ၏ ကျေးဇူးများပါ၏။ အထူးသဖြင့် စာပေလောက၌ ကျွန်တော်ပိုမို ရှန်းကန်ကြိုးပမ်းဖြစ်လာခဲ့ရသည်မှာလည်း သူ၏အားပေးမှု၊ ထောက်ကူမှု များသည် အဓိက ဖြစ်လေသည်။ ကျွန်တော့်အတွက် [illegible] အလေးအနက် စဉ်းစားပြီး အကြံဉာဏ်ပြု၊ ကူညီရိုင်း[illegible] လုပ်ဆောင်ပေးတတ်ခဲ့သူတစ်ဦး ဖြစ်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် စာပေအသိုင်းအဝန်းကြား၌ အခမ်းအနားများ၊ စာပေလှုပ်ရှားမှုများ၌လည်း ပါဝင်ခဲ့၏။ ကျွန်တော်တို့ စမ်းချောင်းမြို့နယ်ရှိ စာရေးဆရာများ ဆောင်ရွက်သည့် စာပေကိစ္စများ၊ စာပေလှုပ်ရှားမှုများ၌လည်း ထိုစဉ်က တက်တက်ကြွကြွ ပါဝင်ခဲ့မြဲ ဖြစ်လေသည်။

"ဆရာမောင်စိန်ထွေးကတော့ စာပေစည်းဝေးဆိုလည်း အချိန်မှန် တိခနဲပဲ။ စာပေဗိမာန် စာပေအခမ်းအနားတွေမှာလဲ သူ့ကို အမြဲမြင်ရတတ်တယ်" ဟု ကျွန်တော်နှင့် ထိတွေ့နေရသော စာရေးဆရာအချို့က အားပေးကြ၏။

တကယ်တော့ ကျွန်တော်သည် သာမန်လူတစ်ဦးလို အလွယ်တကူသွားလာ လှုပ်ရှားရန် မလွယ်ကူပါ။ မိမိအိမ်တွင်းမှ လွဲ၍ အခြားတစ်နေရာရာရောက်လျှင် အခြားသူတစ်ဦးဦး၏ အကူအညီမပါဘဲ ကျွန်တော်မှာ ဘာမျှလုပ်နိုင်မည် မဟုတ်ပါ။ မည်သို့မျှလည်း လှုပ်ရှားသွားလာနိုင်မည် မဟုတ်ပါ။

သို့သော် ကျွန်တော်သည် တစ်ဖက်က မိမိအိမ်၏စီးပွားရေးကို တတ်အားသမျှ လုပ်ကိုင်ဆောင်ရွက်နေရင်း၊ စာပေနှင့် ပတ်သက်သမျှကိုလည်း စိတ်အားထက်သန်စွာ သွားလာလှုပ်ရှားဆောင်ရွက်လျက်ရှိပါ၏။

လမ်းမလျှောက်နိုင်ဘဲ ဘီးတပ်ကုလားထိုင်အမြဲသုံးစွဲရသူဖြစ်သဖြင့် ကျွန်တော်အိမ်ပြင်ထွက်မည်ဆိုလျှင် လူတစ်ဦးဦး အဖော်အဖြစ် ပါရပါမည်။ ခေါက်ယူ၍ရသော ဘီးတပ်ကုလားထိုင်လေးကို မော်တော်ကားပေါ်တင်ယူပြီး အပြင်လောကသို့ ကျွန်တော်သွားလာရလေသည်။



ကျွန်တော်သွားလိုရာ နေရာရောက်လျှင် ထိုအခါ၌ မော်တော်ကားကိုရပ်၊ ခေါက်ယူလာသည့် ဘီးတပ်ကုလားထိုင်လေးကို ကားဘေးမှာ တပ်၍ဖြန့်ချ၊ မော်တော်ကားပေါ်မှ ဘီးတပ်ကုလားထိုင်လေးပေါ်သို့ ပြောင်းထိုင်၊ ထိုနောက်မိမိသွားလိုရာ ရောက်လိုရာသို့ သွားရရောက်ရပါ၏။

အကယ်၍ ကျွန်တော်သွားရမည့်နေရာတွင် အနိမ့်အမြင့်များ၊ အဆင့်အထစ်များ၊ လှေကားများရှိနေလျှင်လည်း ကြုံရာလူတို့က ကျွန်တော့်ဘီးတပ်ကုလားထိုင်လေးကိုမ၍ တွန်း၍ ဝိုင်းဝန်းကူညီပေးသွားကြရလေ၏။

သို့ဖြစ်၍ ကျွန်တော်သည် မိမိမရောက်ဖူးသေးသော နေရာဌာနသစ် တစ်ခုခုသို့ သွားမည်ဆိုလျှင် ကျွန်တော်သွားရောက်၍ရနိုင်၊ မရနိုင် ဦးစွာစုံစမ်း လေ့လာကြည့်ရပါသည်။

ခတ်လှေကားရှိသည့် အဆောက်အအုံမျိုးဆိုလျှင် မည်သည့်အထပ်ဖြစ်စေ၊ ကျွန်တော့်အတွက် အဖော်တစ်ဦးဦး ပါလျှင်သွားလာ၍ လွယ်ကူပါ၏။ ခတ်လှေကားမရှိဘဲ ရိုးရိုးလှေကားအထစ်တွေများသော အဆောက်အအုံမျိုးဆိုလျှင် ကျွန်တော်သွားရောက်ရန် မလွယ်ကူပါ။

သို့သော် များသောအားဖြင့် ကျွန်တော်လှုပ်ရှားပါဝင်ရမည့် သက်ရောက်ရမည့် အခမ်းအနားမျိုး၊ အစည်းအဝေးမျိုးဆိုလျှင် ကျွန်တော်ပါဝင် တက်ရောက်နိုင်စေအောင် ကျွန်တော်စီးလာသည့် မော်တော်ကားကို သက်ဆိုင်ရာနေရာနှင့် အနီးဆုံးဖြစ်အောင် ရပ်စေပြီး ကျွန်တော့်အတွက် အဆင်ပြေရန် ဝိုင်းဝန်းကူညီ ဆောင်ရွက်စီစဉ်ပေးကြလေ့ ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ကျယ်ပြန့်လာသည့် ကျွန်တော့်ဝန်းကျင်

သို့နှင့် ကျွန်တော့်မှာ အပြင်လောကသို့လည်း သွားလာလှုပ်ရှားပါဝင်ဝံ့သည့် အခြေအနေ သတ္တိမျိုး ရရှိလာခဲ့လေသည်။ ကျွန်တော်၏ အခြားသော လုပ်ငန်းကိုင်ငန်းကိစ္စများ လုပ်ဆောင်ရာတွင်လည်း၊ ကျွန်တော့်ကိုယ်စား တစ်စုံတစ်ယောက်အား စေလွှတ်၍ ရနိုင်လျှင် လွှတ်လိုက်၊ မရနိုင်လျှင် ကိုယ်တိုင်သွား၊ ဖြစ်နိုင်လျှင် တွေ့ဆုံရမည့် သက်ဆိုင်ရာ ပုဂ္ဂိုလ်နှင့် ကားပေါ်မှာပင် ထိုင်စကားပြော၍ အကြောင်းကိစ္စများကို ဖြေရှင်းဆောင်ရွက်ရလေသည်။

ကျွန်တော်နေထိုင်ရာ အိမ်တွင်းမှာမူ ကျွန်တော်သည် မည်သူ တစ်စုံတစ်ယောက်၏အကူအညီမျှ မလိုဘဲ လူသာမန်တစ်ဦးလိုပင် အားလုံးသော အကြောင်းအရာကိစ္စများကို ပြုမူဆောင်ရွက်နိုင်ပါ၏။

မော်တော်ကားထားသောနေရာသည် အိမ်အတွင်းမှာဖြစ်သောကြောင့် အပြင်သွားရန် ကားပေါ်သို့ ကျွန်တော်တက်ရာ၌ပင် မိမိဘာသာ တက်နိုင်၊ ဆင်းနိုင်သဖြင့် ကျွန်တော့်အိမ်တွင်း၌မူ ကျွန်တော့်အတွက် နေထိုင်လှုပ်ရှားရာတွင် မည်သည့်အခက်အခဲမျှ လုံးဝမရှိပေ။ အိမ်ရှေ့ခြံထဲသို့လည်း ဘီးတပ်ကုလားထိုင် ဆင်းနိုင်အောင် ကွန်ကရစ်နိမ့်လျှောလေး ပြုလုပ်ထားပါသည်။

ကျွန်တော်သည် ထိုသို့ အပြင်လောကသွားလာဝင်ထွက်၊ အပြင်လူတွေနှင့်လည်း တွေ့ဆုံ၊ လုပ်ငန်းကိုင်ငန်းကိစ္စဝိစ္စများကိုလည်း တတ်နိုင်သမျှ လုပ်ကိုင်ဆောင်ရွက်နိုင်လာသောအခါ၊ ကျွန်တော်၏ပတ်ဝန်းကျင်သည် ကျယ်ပြန့်သည်ထက် ကျယ်ပြန့်လာလေ၏။ အသိမိတ်ဆွေများ တိုးပွားလာ၏။ အပေါင်းအသင်းတွေ များလာ၏။



## သူတစ်ပါးတွက် အကျိုးစီးပွား

မိမိက အားကိုးအကူအညီတောင်ခံရသူတွေ ရှိသလို မိမိအားလည်း အားကိုးမှီခိုရသူတွေ ရှိလာရ၏။

ကျွန်တော်သည် အလုပ်လုပ်ကိုင်ရာတွင် တိတိကျကျပြော၊ မှန်မှန်ကန်ကန်လုပ်၊ တည်တည်ကြည်ကြည် နေထိုင်ဆက်ဆံသောအခါ၊ မိမိပတ်ဝန်းကျင်၌ မိမိသည် အရှိန်ဩဇာရှိသလောက် ရှိလာရ၏။

မိမိဩဇာ၊ မိမိလုပ်ပိုင်ခွင့်၊ မိမိလုပ်ကိုင်အောင်မြင်မှု စသည်များသည် မိမိ၌ ပြည့်စုံလာသောအခါ ကျွန်တော်သည်လည်း မိမိကိုယ်မိမိ မစွမ်းမသန်သူ တစ်ဦးအဖြစ် စိတ်ဓာတ်သိမ်ငယ်ခြင်း လုံးဝမရှိတော့ဘဲ စိတ်ဓာတ်အင်အားတိုးတက် ကောင်းမွန်လျက် ရှိလေသည်။

ကျွန်တော်သည် စီးပွားရေးလုပ်ဆောင်မှုများ လုပ်ကိုင်ရာတွင် မိမိအိမ်၏ အကျိုးစီးပွား၊ မိမိ၏ ညီအစ်ကိုမောင်နှမများ၏ အကျိုးစီးပွား၊ ဆွေမျိုးသားချင်းတို့၏ အကျိုးစီးပွား၊ မိမိအပေါ် အားကိုးအကူအညီတောင်းလာသည့် မိတ်ဆွေအပေါင်းအသင်းတို့၏ အကျိုးစီးပွားစသည်များကို တတ်နိုင်သမျှ ဆောင်ရွက်ပေးသောအခါ ကျွန်တော်နှင့်ထိစပ်သမျှ နေရာတို့တွင် ကျွန်တော့်အဖို့ ဝင်ဆံ့နိုင်လာပါသည်။ ကျွန်တော့်ပေါ် အထင်ကြီးမှု၊ လေးစားမှု၊ နှသေမှု၊ ယုံကြည်မှုများကိုလည်း သဘာဝအတိုင်း ရရှိလာရလေသည်။

ထိုစဉ်က ကျွန်တော်သည် မည်သည့်လုပ်ငန်းကို လုပ်ကိုင်သည်ဖြစ်စေ၊ ယင်းလုပ်ငန်း၌ ကျွမ်းကျင်သူ ပင်တိုင်[illegible]သော မိတ္တူယ်အားကိုး ပူးပေါင်းလုပ်ကိုင်ရ၏၊

www.burmeseclassic.com

www.burmeseclassic.com

သန်လျင်တံတား ဆောက်လုပ်ရေး မြေဖို့လုပ်ငန်းများတွင် ညီမငယ်၏ခင်ပွန်းက တာဝန်ယူလျက် သူ့အကျိုးစီးပွားကို အဓိကထားလုပ်ကိုင်စေပါသည်။

စော်ဘွားကြီးကုန်း အဝေးပြေးကားဂိတ်ဆိုင်ခန်းများ ဆောက်လုပ်ရေး ကန်ထရိုက်နှင့် အခြားဆောက်လုပ်ရေး ကန်ထရိုက်လုပ်ငန်းများ၌ ညီတစ်ယောက်၏သူငယ်ချင်းက တာဝန်ခံကာ သူ့အကျိုးစီးပွားကို အဓိကထား လုပ်ကိုင်ခဲ့၏။

မော်တော်ကားအရောင်းအဝယ်ကိစ္စများကိုမူ ညီငယ်နှင့် ယောက်ဖလေးက သူတို့အကျိုးစီးပွားအဓိကအဖြစ် လုပ်ကိုင်ခဲ့ပါသည်။

အိမ်ခြံမြေ အရောင်းအဝယ်လုပ်ငန်းကိုလည်း ကျွန်တော် ဦးဆောင်၍ လုပ်ကိုင်ဖူးပါသေး၏။ မိမိပတ်ဝန်းကျင်တွင် ပွဲစားများ ခြေရှုပ်လာပြီး မမှန်မကန်လုပ်မှု၊ တစ်ဆင့်ကွက်ကျော်ရိုက်မှု၊ လူလည်လုပ်ပြီး လှည့်စားလုပ်ကိုင်မှု၊ မတည်ကြည်မှုများ စသည်တို့ကို ကြုံလာရသောအခါ၊ ယင်းအလုပ်ကိုမူ ကျွန်တော်လက်လျှော့လိုက်ရတော့၏။

ကျွန်တော်ဦးဆောင်လုပ်ခဲ့သည့် လုပ်ငန်းများထဲတွင် ထူးခြားသော လုပ်ငန်းတစ်ခုမှာ အလုပ်သမားဝန်ထမ်းစုဆောင်း၍ အလုပ်နေရာချပေးသော လုပ်ငန်းဖြစ်လေသည်။

ကျွန်တော်သည် ထိုအချိန် ထိုအခါ ထိုအခြေအနေအရ အကြောင်းကြုံကြိုက်သော အလုပ်များကို အလျဉ်းသင့်သလို လုပ်ကိုင်သွား၏။ များသောအားဖြင့် ငွေကြေးအကျိုးအမြတ် အထိုက်အလျောက် ခံစားရသည်မှန်သော်လည်း လုပ်ငန်းတစ်ရပ် အနေဖြင့် ခိုင်မာစွာ ရေရှည်လုပ်ကိုင်နိုင်သည့် လုပ်ငန်းမျိုး မကြုံဘဲ ရှိနေရ၏။



ငါးပွက်ရာ ငါးစာချသည့် ခေတ်ပေါ်လုပ်ငန်းမျိုးတွေသာ များနေလေ၏။

## ဘန်ထရိုက်တိုက် ဆောက်လုပ်ရေးလုပ်ငန်းများ

တိုက်ခန်းဆောက်လုပ်ရေးကန်ထရိုက်လုပ်ငန်းများ ခေတ်ထနေစဉ်ကာလက ကျွန်တော်တို့သည်လည်း ထိုရေစီးကြောင်းထဲ၌ ရောနှောပါဝင်ပတ်သက်ခဲ့ဖူးရ၏။ ယင်းလုပ်ငန်းအရှိန်ကောင်း အကျိုးများနေချိန်၌ ဘာပြဿနာမျှမရှိသော်လည်း၊ ယင်းလုပ်ငန်း အရှိန်ကျထိခိုက်လာသောအခါ လုပ်ငန်းသဘော လိမ်ညာရှုပ်ထွေးနေသော ပြဿနာများဖြင့် ရှိလာရပါသည်။

ထိုအချိန်၌ ယင်းဝဲဂယက်ထဲမှ ကျွန်တော်တို့သည် ရုန်းထွက်လွတ်ကင်းအောင် ကြိုးပမ်းခဲ့ကြရ၏။ ငွေကြေးဆုံးရှုံးနစ်နာမှုများ မရှိခဲ့သော်လည်း စိတ်ဆင်းရဲပင်ပန်းမှုမျိုးများနှင့်မှုတွေ့ကြုံရင်ဆိုင်ရပါသည်။

သို့သော် ထိုအချိန်က အံ့ဩဖွယ်ကောင်းသည်မှာ မပြေမလည် အဆင်မပြေရှိနေသည့် ကိစ္စများတွင် ကျွန်တော်ဝင်ရောက်ပြောဆိုရှင်းလင်းလိုက်သောအခါ အားလုံး အဆင်ပြေချောမောသွားလေ့ရှိရပါသည်။

တစ်နည်းပြောရလျှင် ကျွန်တော့်မှာ ကံဇာတာတက်နေချိန်မျိုးဖြစ်ကောင်းဖြစ်ပါလိမ့်မည်ထင်၏။ ကျွန်တော်သည် တစ်နေ့နေ့တွင် လောကဓံသဘောတရားအရ ဆန့်ကျင်ဘက်အခြေအနေ၊ အဖြစ်အပျက်မျိုးများ ရှိလာတတ်သည်ကို ထိုစဉ်က ကျွန်တော် သိမမြင်နိုင်သေးပါတကား။

အဆောက်အအုံကန်ထရိုက်ကိစ္စတစ်ခု၌ ကန့်[illegible] နှင့် ငွေရေးကြေးရေးကိစ္စ ရှင်းရမည့်အချိန်တွင် [illegible]

www.burmeseclassic.com

www.burmeseclassic.com

သည် အတွေ့မခံဘဲ ရှောင်နေလေ၏။ ထိုအခါ ကျွန်တော်တို့သည် ထိုကန်ထရိုက်တာ၏ အိမ်သို့ မေးမြန်းစုံစမ်း၍ လိုက်သွားကြသည်။

ကျွန်တော်က ကားပေါ်မှာထိုင်စောင့်နေရင်း ကျန်လူများက ကန်ထရိုက်တာနှင့် တွေ့ဆုံလျက် သူ့အိမ်မှာ အချေအတင် ပြင်းပြင်းထန်ထန် စကားပြောကြ၏။

ကျွန်တော်သည် အိမ်ပြင်ဘက်မှနေ၍ သူတို့ ဆူညံအော်ဟစ်ပြောဆိုနေခြင်းများကို အတိုင်းသား ကြားနေမိရသည်။ မကျေလည်ဘဲရှိနေကြောင်း သတိပြုမိ၏။

ထိုစဉ် ညီငယ်သည် ပြုံးပြုံးပျာပျာနှင့် ထိုအိမ်ထဲမှ ထွက်လာပြီး ကျွန်တော်ထိုင်နေသည့် ကား၏ဦးတည်ရာလမ်းမဘက်သို့ ပြန်လှည့်ရပ်လိုက်၏။

"ဟဲ့-ဘာလို့ကားခေါင်း ပြန်လှည့်ထားတာလဲ" ဟု ကျွန်တော်က မေးမိ၏။

ညီငယ်က-

"အထဲမှာ အခြေအနေမကောင်းဘူး။ သူတို့က လူအင်အားကောင်းတယ်။ မတော်လို့ ရိုက်မောင်းပုတ်မောင်း ဖြစ်လာခဲ့ရင် အမြန်ကားမောင်းပြန်ထွက်လို့ရအောင် ကားပြန်လှည့်ထားတာ"

အချိန်အတန်ကြာအောင် သူတို့စကားများနေကြပြီး နောက်ဆုံး သူတို့လူစု ကျွန်တော်ရှိရာကားဆီသို့ အိမ်ထဲမှ ထွက်လာကြလေသည်။

ကျွန်တော်က အကျိုးအကြောင်း စကားအနည်းအပါး ပြောပြီးသောအခါ ထိုကန်ထရိုက်တာက ကျွန်တော်တို့လိုအင်ဆန္ဒကို လိုက်လျောကျေနပ်သဘောတူလိုက်သဖြင့် ကိစ္စတစ်ရပ် ပြီးပြတ်ခဲ့ရလေသည်။



ထိုကန်ထရိုက်တာအိမ်မှ ပြန်လာသောအခါ [illegible] ညီမဖြစ်သူက ပြော၏။

"ကိုလေးရဲ့-၊ အဲဒီလူက အံ့သြစရာပဲ။ အိမ်ထဲမှာတုန်းက ညီမလေးတို့ကို ရိုက်တော့သတ်တော့မယ့်ပုံမျိုး။ နောက်ဆုံး မပြေလည်တော့- ကိုလေးလဲ ကားပေါ်မှာပါလာတယ်လို့ ပြောလိုက်တော့၊ သူကကိုလေးနဲ့ပဲ ပြောတော့မယ်ဆိုပြီး အပြင်ထွက်လာတာ။ ကိုလေးရှေ့လဲရောက်ရော သူက ပျော့ပျောင်းသွားပြီး ကိုလေးပြောသမျှ လက်ခံလိုက်တာပဲလေ"

**ခွဲဆုံးမလား၊ ဆောင်ကျမလား**

အလားတူ ကိစ္စမျိုး နောက်တစ်ဦးမှာလည်း ကြုံရ၏။

ကန်ထရိုက်တာသည် တိုက်ခန်းကို လိမ်ရောင်းနေ၏။ ထိုအခါ တိုက်ရှင် မိန်းကလေးက ကျွန်တော့်ထံ ဖုန်းဆက်သတင်းပေးသည်။

ကျွန်တော်တို့ ယင်းတိုက်ဆောက်လုပ်နေရာသို့ လိုက်သွားကြသည်။ ကျွန်တော်က ကားပေါ်မှာပင် ထိုင်စောင့်ကျန်ရစ်၏။

နံနက်ဆယ်နာရီခန့်မှစ၍ ကျွန်တော်နှင့်ပါလာသူတို့သည် ဆောက်လုပ်ဆဲတိုက်၏ လေးထပ်အမြင့်သို့ တက်သွားကြပြီး စကားပြောဆိုနေကြလေသည်။ မပြေလည်သဖြင့် နံနက်စာငတ်ရသည့်အဖြစ်သို့ ရောက်၏။ ညနေသုံးနာရီခန့်အချိန်ကျမှ ယောက်ဖလေးသည် တိုက်ပေါ်မှဆင်းလာပြီး-

"ကိုလေးကို တိုက်ပေါ်ထမ်းတင်မှပဲဖြစ်တော့မယ်။ ဒီလူ[illegible]ဝါးဝနေတယ်။ ကျွန်တော်တို့ ပြောတာ ဘာမှလက်မခံ[illegible] ကိုလေးနဲ့တွေ့မယ်ပဲလုပ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com

သို့နှင့် ကျွန်တော့်အား ထိုဆောက်လုပ်ဆဲတိုက်ပေါ်သို့ ပွေ့ချီခေါ်ခဲ့၏။

တိုက်အပေါ်ထပ်၌ လူတွေအများကြီး ထိုင်နေကြသည်။

ကျွန်တော်က သက်ဆိုင်ရာလူအား -

"ကျွန်တော်တို့နဲ့ ရှင်းရမယ့်ငွေကြေးကိစ္စ၊ ကျွန်တော်တို့နဲ့ ရှင်းပါ။ ပြီးမှ ကျန်တဲ့လူနဲ့ ဆက်အလုပ်လုပ်ပါ" ဟု ပြောလိုက်၏။

"ဟုတ်ကဲ့-" ဟု ထိုသူကဆိုပြီး လွယ်လွယ်ကူကူပင် အားလုံး လက်ခံရှင်းလင်းပေးလိုက်ခြင်းဖြင့် အလုပ်တစ်ခုပြီးပြတ်သွားရပြန်ပါ၏။

အခြားသောကန်ထရိုက်တိုက် လုပ်ငန်းတစ်ခုမှာလည်း ယင်းသို့ပင်မပြေမလည်ရှိလာသောအခါ ကျွန်တော်ကကန်ထရိုက်အား-

"ခင်ဗျားပြေလည်နိုင်တဲ့နည်းလမ်းကို စဉ်းစားပေးပါ။ မဟုတ်ရင် ကျွန်တော်တို့က ငွေဆုံးမယ်၊ ခင်ဗျားက ထောင်ကျမယ်"

"ဟုတ်ကဲ့-ကျွန်တော်ပြေလည်အောင်လုပ်ပေးပါမယ်" ဟု ဆိုကန်ထရိုက်က ဝန်ခံ၍ အားလုံးအဆင်ပြေအောင် လုပ်ပေးလိုက်ပါသည်။

ထိုမျှ ရှုပ်ထွေးကြမ်းတမ်းလာသော လုပ်ငန်းကိစ္စရပ်မျိုးများနှင့် ကြုံကြိုက်လာရလေလျှင် ကျွန်တော်သည် ထိုပတ်ဝန်းကျင်ကို နောက်ဆုံး ကျောခိုင်းလိုက်ပါတော့သည်။

အခန်း (၇)

# ရေအလှူပေးခြင်း

"တို့လည်း ရေလှူချင်ပါတယ်။ ဒါပေမဲ့-ယူမယ့်သူ၊ သုံးမယ့်သူမှ မရှိပဲ။ ဘယ်လှူလို့ရမလဲ။ မင်းတို့ကတော့ ဒီလိုလှူနိုင်ဖို့ အခွင့်အခါအကြောင်းဆုံဆည်းနေရတာ သိပ်ကောင်းတာပဲ။ ဒီလို ရေလှူနေတော့ အမြတ်ကုသိုလ်တွေအများကြီး ရနေမှာ" စသဖြင့် ကျွန်တော်တို့အိမ်မှ ရေလှူနေခြင်းကို ကြည့်၍ အချို့လူတို့က ဆိုကြပါသည်။

ကျွန်တော်သည် ဤရေအလှူပေးခြင်းအကြောင်းအရာကို "မြင်သာမဂ္ဂဇင်း" (၉-၂၀၀၀) ၌ ရေးခဲ့ဖူး၏။ ယင်းဆောင်းပါးကို ကူးယူဖော်ပြခြင်းက ပိုမိုပြည့်စုံမည်ထင်ပါသည်။

**ရေအကျိုးဆယ်ပါးတဲ့**

၁၉၇၀ ပြည့်နှစ် စာပေဗိမာန်စာမူဆုရခဲ့သော "မောင်စိန်ထွေး၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ" စာအုပ်၌ ကျွန်တော်သည် ကျွန်တော့်ဖခင်ကြီး၏ အကြောင်းကို ဖော်ပြရာမှာ-

"ဖေဖေ့တစ်သက်တွင် ကျွန်တော်သိသောထူးခြားသည့် အလှူပေးမှုမှာ ရေလှူခြင်းဖြစ်ပါသည်" ဟုပါရှိ၏။

မှန်ပါသည်။ ကျွန်တော်တို့ ငယ်စဉ်သုံးဆယ်မြို့ (သာယာဝတီ) မှာနေခိုက် ဖခင်ကြီးသည် ကျွန်တော်တို့ခြံထဲ၌ အဝီစိတွင်းတူးကာ မိမိနေထိုင်ရာ ပတ်ဝန်းကျင်သို့ ရေပေးလှူဖြန့်ဝေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အင်ဂျင်စက်မောင်း၍ နံနက်ပိုင်းတစ်ကြိမ်၊ ညနေပိုင်းတစ်ကြိမ် ရေပေးလျှုသော်လည်း ထိုစဉ်က နွေရာသီဆိုလျှင် အလွန်ရေရှားပါးလှသဖြင့် ရေမလုံလောက်နိုင်ဘဲ ရှိရ၏။

ရေစက်မမောင်းမီ မိုးမလင်းခင်ကတည်းက ကျွန်တော်တို့အိမ်ရှေ့၊ အိမ်ဘေးနေရာတို့၌ ရေပုံး၊ ရေအိုးများကိုလာတန်းစီချထားကြသည်မှာ မြွေလိမ်မြွေကောက်တန်း အရှည်ကြီးဖြစ်လေသည်။

ထိုမှာ သူ့ရေပုံး၊ ကိုယ့်ရေပုံးနေရာလုရင်း၊ ရေလုရင်းမှ တစ်ခါတစ်ရံ ခိုက်ရန်ဒေါသဖြစ်ကာ ရန်ပွဲများလည်း ကျင်းပကြလေ့ရှိ၏။

ကလေးဖြစ်သည့် ကျွန်တော့်အတွေး၌ ဖခင်ကြီးပေးသည့်ရေကို သည်မျှအလုအယက်ဖြစ်နေလျှင် ပေးသူ ဖခင်ကြီးသည် အိမ်ရှေ့၌ မားမားမတ်မတ် ရပ်လျက် "ဟိုလိုယူကြ-သည်လိုယူကြ" စသဖြင့် သင့်တင့်အောင် ဝေခြမ်းဆုံးဖြတ်ပေးဖို့ကောင်းသည်ဟု ထင်ခဲ့မိပါသည်။

သို့သော်လည်း လက်တွေ့၌ ဖခင်ကြီးသည် ထိုသို့ရေပေးလှူနေခိုက်အချိန်များတွင် အိမ်ရှေ့မှာပင် မနေဘဲ အိမ်နောက်ဖက်၌ ရှောင်နေတတ်ပါသည်။

"ဒီလူတွေကိုကြည့်ပြီး စေတနာပျက်သွားရင်ခက်မယ်။ လှူဆိုတာ အခက်သား" ဟု ဖခင်ကြီးကဆို၏။

ထိုသို့ ရေခပ်ရင်း ရန်ဖြစ်သူများက ဖခင်ကြီးထံ လာရောက်တိုင်တန်းရှင်းလင်းကြလျှင်လည်း ဖခင်ကြီးသည် သူတို့၏စကားများကို လက်ခံနားထောင်ခြင်းမပြုဘဲ-



"ပေးတဲ့လူက စေတနာနဲ့ပေးနေမှပဲ၊ ယူတဲ့သူအချင်းချင်းမျှတအောင် အေးအေးချမ်းချမ်း ဝေမျှယူကြပေါ့ဗျာ" ဟုသာ ပြော၍ ရှောင်လွှဲနေလိုက်၏။

ယခု ကျွန်တော်တို့လူကြီးဖြစ်လာမှ ဟိုစဉ်က ဖခင်ကြီး၏အပြုအမူသဘောထားကို နားလည်လာမိရ၏။

လက်ရှိအနှစ် (၄၀) ကျော် ရန်ကုန်မြို့ကြီးမှာ ကျွန်တော်တို့ နေလာခဲ့သောအခါ အမြဲတမ်း မဟုတ်သော်လည်း တစ်ခါတစ်ရံ ရေအခက်အခဲ၊ ရေရှားပါးမှုမျိုးများ ကြုံခဲ့ရဖူးပါ၏။

လွန်ခဲ့သည့် အနှစ် (၄၀) ကျော်ခန့်ကဆိုလျှင် ရန်ကုန်မြို့တွင်းသို့ ရေပေးလွှတ်နေသည့် ဂျိုးဖြူပိုက်လိုင်းမကြီးအား သောင်းကျန်းသူများမှ မိုင်းဗုံးဖြင့်ခွဲလိုက်သဖြင့် ရန်ကုန်တစ်မြို့လုံး ရေပြတ်သွားလေ့ရှိ၏။

ထိုအခါ ရန်ကုန်သားများသည် အလေ့အကျင့်ရပြီးဖြစ်သည့်အတိုင်း၊ ရေတစ်ခွက်ဖြင့် အိပ်ရာထ မျက်နှာသစ် သွားတိုက်ဘတ်ခြင်း၊ ရေ (၃) ခွက်ဖြင့် ရေချိုးတတ်ခြင်း၊ အဝတ်လျှော်ပန်းကန်ဆေးထားသည့် ရေများကို အိမ်သာတွင်းသို့ လောင်းခြင်း၊ ကိုယ်လက်သန့်စင်ခြင်း စသည့် ရေခြိုးခြံချွေတာသုံးစွဲနည်းများကို စနစ်တကျ ပြုလုပ်တတ်နေကြပြီဖြစ်၏။

ထိုစဉ်နောက်ပိုင်း ခေတ်လွန်လေပြီးသော အနှစ် (၂၀) ကျော်ခန့် အချိန်တွင်မူ ကျွန်တော်တို့နေထိုင်ရာမြို့နယ်၌ ရေရှားပါးလှသည်မဟုတ်သော်လည်း ရံဖန်ရံခါ အကြောင်းအမျိုးမျိုးကြောင့် ရေပြတ်လပ်မှု ရေအခက်အခဲများ ကြုံရတတ်ပါသည်။

ထိုအခါ ကျွန်တော်တို့သည် ရေစည်တွန်း[illegible] တစ်စည်လျှင် သုံးကျပ်နှုန်းဖြင့် ရေဝယ်ယူသုံးစွဲရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့မဟုတ် ကျွန်တော်တို့အိမ်နှင့် မလှမ်းမကမ်းမှာ ရှိသော ဆရာဝန်ကြီးအိမ်မှ အဝီစိတွင်းရေကို ရေစည်တစ်ရစ်လျှင် တစ်ကျပ်နှုန်းဖြင့် ဝယ်ယူသုံးစွဲရ၏။

ထိုသို့ ရေစည်တစ်ရစ်ကို တစ်ကျပ်နှုန်းဖြင့် သုံးရသည်ဖြစ်သော်လည်း အဆင်ပြေသည့်အခါပြေ၊ မပြေသည့်အခါ မပြေတတ်ပေ။

နောက်တစ်ဦးမှာ ညီအစ်မအရင်းတစ်အိမ်တည်း အပေါ်ထပ် အောက်ထပ်နေထိုင်ကြရာ အောက်ထပ်၌ နေသူအစ်မက အပေါ်ထပ်နေသူ ညီမအဝီစိတွင်းတူးစဉ်က ငွေမစိုက်၍ဆိုပြီး အောက်ထပ်နေသူအား ရေတစ်စက်မျှမပေးဘဲ ထားသည်ကိုလည်း ကြုံရ၏။

ထိုစဉ်ကတည်းက ကျွန်တော့်စိတ်၌ ခံစားခဲ့ရပါသည်။

သူတစ်ပါးအပြုအမူအပေါ် မိမိမနှစ်သက်စရာတွေ့ရတိုင်း မိမိဆိုလျှင် ယင်းသို့သော အပြုအမူမျိုးမဖြစ်စေရအောင် ကြိုးစားမည်ဟူ၍ မိမိစိတ်ကို မိမိဆုံးမမိရပါ၏။

ရေဆိုသော အရာသည် မိမိ၌အသုံးမလိုလျှင် ဘာမျှတန်ဖိုးမရှိဘဲဖြစ်နေတတ်သည်မှာ မှန်သော်လည်း မိမိ၌ တကယ်တမ်းလိုအပ်လာပါလျှင်ကား ရေတစ်စက်၊ ရေတစ်ခွက်သည် တန်ဖိုးမဖြတ်နိုင်လောက်အောင် ကျေးဇူးကြီးတတ်ပါ၏။

ရေပေါများပြည့်လျှံနေသည့် နေရာဌာနသို့ ရေလာပေးလျှင် "တန်ဖိုးမရှိတဲ့ရေ-ဘာလုပ်ဖို့လဲ" ဟု အလေးမထားဘဲ ငြင်းပယ်မည်သာဖြစ်ပါသည်။ ရေလိုအပ်နေချိန်ရေရရှိလျှင်မူကား အတိုင်းထက်အလွန်ကျေးဇူးတင် ဝမ်းသာမဆုံးရှိမည်မှာ သဘာဝဖြစ်လေသည်။


www.burmeseclassic.com

ရေကိုမလွဲသာ၍ ဝယ်ယူသုံးစွဲရတိုင်း မိမိအိမ်ဝင်းထဲတွင် အဝီစိတွင်းတူးဖြစ်ခဲ့လျှင်လည်း မိမိတစ်ဦးတည်းအတွက်သာ မဟုတ်ဘဲ အများသူငါအတွက်ပါ ဖြစ်စေရမည်။ အများသုံးနိုင်ဖို့ ဖြစ်နိုင်မှသာ အဝီစိတွင်းတူးမည်ဟူ၍ စိတ်ဆုံးဖြတ်ခဲ့မိပါသည်။

နှောင်မကြာမီ၌ မိမိအိမ်ဝင်းထဲမှာ အဝီစိတွင်းတူးထားမှ ဖြစ်မည့်အခြေအနေများ ကြုံလာတော့သည်။

ကျွန်တော်တို့အိမ်ဝင်းထဲမှ အဝီစိတွင်း ရေသည် အလွန်ရေကောင်းလှ၏။ မြေအောက်ပေ ၇၀ ကျော်လေးမှာ ရေကောင်းရှာရနေလေသည်။

ကျွန်တော်သည် အိမ်ဝင်းထဲ၌ ၈ ပေအမြင့်ရှိ ကွန်ကရစ်ဘောက်စည်ကြီးတစ်ခု ထောင်ထားကာ အနီးဝန်းကျင်မှ ပုဂ္ဂိုလ်များအား မည်သူမဆို ရေကိုကြိုက်သလောက် အခမဲ့ယူငင်အသုံးပြုခွင့်ပေးထားလိုက်ပါသည်။ သွန်လိုသွန်မှောက်လိုမှောက် ကြိုက်သလိုသုံးပေတော့ဟူသည့် သဘောဖြစ်၏။

သို့သော် လက်တွေ့၌ ပြဿနာလေးတွေရှိလာပါသည်။

ကျွန်တော်တို့အိမ်ဝင်းထဲတွင် ရေယူရန် သူဝင်၊ ငါထွက်ရှိလာသောအခါ မလိုလားအပ်သည့် ကိစ္စလေးများ ဖြစ်လာပါ၏။ အနိမ့်ဆုံးအဆင့်အိမ်ဝင်းတံခါးကို ပြန်ပိတ်မသွားခြင်းမျိုး၊ လူပေါင်းစုံဝင်ချင်သည့်အချိန်ဝင်၊ ထွက်ချင်သည့်အချိန်ထွက်ဖြင့် စည်းမရှိဖြစ်လာခြင်းမျိုး ဖြစ်လေသည်။

သို့နှင့် မိမိလက်လှမ်းမီသော အိမ်နားနီးချင်းများထံ သူတို့၏ ရေချိုးခန်းထဲအရောက်၊ အုတ်ရေလှောင်ကန်ထဲအရောက် ပိုက်ဖြင့် ပလတ်စတစ်ပိုက်ဝယ်ကာ သူတို့ရေလိုချင်သည့်အတိုင်း နေ့ညမရွေး ရေဆက်သွယ်ပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ သူတို့အိမ်တွင် ရေပြည့်သော်လည်း လာမပြော လျှင် တစ်ချိန်လုံး ရေများဖြန်းတီးပစ်သလို ရှိနေရ၏။ ပလတ်စတစ်ပိုက်လုံးအရှည်ကြီးများကို ပြန်ခွေပြန်သိမ်းရသည့် ကိစ္စမှာလည်း မလွယ်ပါ။

သို့နှင့်အများသုံးနိုင်အောင် ဖခင်ကြီးလို အိမ်ဝင်းအပြင်ဘက်သို့ ပလတ်စတစ်ပိုက်ဖြင့် ထုတ်ပေးထားလိုက်ပါသည်။ ဤတွင်လည်း သူတို့ပြန်သွားသောအခါ မသိလိုက်လျှင် ရေများအလဟဿထွက်နေပြန်သဖြင့် ရေပိုက်သွယ်ပြီး ပိုက်ခေါင်းနှင့် အကျအနလုပ်ပေးထား၏။

ထိုအခါ လမ်းဘေးရေပိုက်ခေါင်းလိုဖြစ်လာသဖြင့် အချိန်မရွေး အသုံးပြုကြပြီး ညပိုင်းရေပိုက်ခေါင်းပြန်ပိတ်မသွားကြသောအခါ နံနက်မိုးလင်းလျှင် ကျွန်တော်တို့အိမ်ဝင်းထဲ၌ ရေတစ်စက်မှ မရှိတော့ချေ။ ယင်းသို့ရေမရှိသည့်အချိန် လျှပ်စစ်မီးပျက်သည့်အခါနှင့် ကြုံနေလျှင် ကျွန်တော်တို့ပါ လျှပ်စစ်ပြန်မရမချင်း ရေအခက်ကြုံရပြန်ပါတော့သည်။

သို့နှင့် အိမ်ဝင်းအပြင်ဘက်၌ ကွန်ကရစ်ကျောက်စည်ကြီး ချ၍အလိုအလျောက် ပိတ်စေပွင့်စေ ရေဘောတပ်ဆင်ပေးထားလိုက်သောအခါ (၂၄) နာရီ တစ်နေ့ပတ်လုံး ကျောက်စည်ထဲ၌ ရေမပြတ်ရှိနေနိုင်သော်လည်း ထိုရေပိတ်ဖွင့်စေသည့် ဘောကလေးများဆော့သဖြင့် မကြာခဏ ပျက်ပြန်၏။ နောက်ဆုံး မပျက်နိုင်မည့်ရေဘောကို တီထွင်တပ်ဆင်ထားပေးမှ အဆင်ပြေတော့၏။

သို့သော် နွေရာသီညဥ့်နက်ပိုင်းတစ်နေ့တွင် လူတစ်ယောက်သည် ယင်းရေကျောက်စည်တွင်းသို့ ဆင်း၍ ရေချိုးခြင်းကို ကြုံရသောအခါ ယင်းသို့ အလွယ်တကူဆင်း ရေမချိုးနိုင်စေရန် ကျောက်စည်နံရံများ ပိုမိုမြင့်အောင် မြှင့်ထားလိုက်ရလေသည်။



ဤကဲ့သို့ အများသူငါ ရေကြိုက်သလောက် သုံးစွဲသူနိုင်စေရန် ကျွန်တော်တို့ စီစဉ်ပေးဝေလာခဲ့သည်မှာ အနှစ် (၂၀) ကျော်ခဲ့ပြီ ဖြစ်ပါ၏။

ယခုအခါ ကျွန်တော်တို့ပတ်ဝန်းကျင်တွင် များသောအားဖြင့် မိမိအိမ်ဝင်းအတွင်း ကိုယ်ပိုင်အဝီစိတွင်းများ တူးကာ ကိုယ့်ရေကိုယ်သုံးခြင်းဖြင့် အခက်အခဲမရှိကြပါ။

သို့သော်လည်း ကျွန်တော်တို့မှာ (၂၄) နာရီပတ်လုံး မည်သူမဆို ကြိုက်သလောက် သုံးနိုင်စေရန် ရေအပြည့်အလျှံ စီစဉ်ထားရှိပေးသောအခါ လူတန်းစားအမျိုးမျိုး၊ လူအမျိုးမျိုးတို့သည် ကျွန်တော်တို့အိမ်ဝင်းရှေ့၌ ရေချိုးကြ၊ အဝတ်လျှော်ကြ၊ အိုးခွက်ဆေးကြ ရှိနေကြ၏။

ဆိုက်ကားဆရာ၊ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်၊ အလုပ်ကြမ်းသမား၊ တွန်းလှည်းသမား စသည်စသည်တို့သည်လည်း အလုပ်အပြန်၊ ဈေးရောင်းအပြန်၊ ရေမိုးချိုး၊ သူတို့ဆိုက်ကား၊ တွန်းလှည်း၊ အိုးခွက်ဆေးကြောသန့်စင်ပြုလုပ်ကြလေသည်။

သို့နှင့် လူပေါင်းစုံတို့သည် ကျွန်တော်တို့အိမ်ဝင်းရှေ့၌ ပုံစံမျိုးစုံဖြင့် တရှန်းရှန်း ရှိနေရပါတော့၏။

နွေရာသီဆိုလျှင် ညဥ့်နက်သန်းခေါင်ကျော်တိုင် ရေချိုးကြသန်းရှိကြ၏။ များသောအားဖြင့် နံနက် (၃) နာရီခန့်အချိန်မှ ညသန်းခေါင်ကျော်အထိ ရေသုံးသူများ ရှိနေတတ်၏။

ကျွန်တော်တို့ကမူ မိမိတို့စေတနာအလျောက်ပေးသည့်အရာကို လိုသူသုံးသူရှိနေသဖြင့် ကျေနပ်ဝမ်းသာကြည်နူးနေမိကြပါ၏။

သို့သော်လည်း အချို့က အိုးခွက်ဆေးရင်း အမှိုက်အနင်းအမင်းကျန်ဟင်းကျန်များကို ဤအနီးအနားမှာပင် စွန့်ပစ်သွားကြ

www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုထက်ဆိုးသည် မဖွယ်မရာ ပစ္စည်းများ စွန့်ပစ်သွားခြင်းမျိုးလည်း ရှိ၏။

လောကတွင် မိမိစိတ်အာရုံ၌ ကောင်းသောသဘောထား၊ ကောင်းသောစေတနာနှင့်ကောင်းသောအပြုအမူများကို ပြုမူဆောင်ရွက်သည်ဖြစ်စေ၊ ယင်းအပေါ်၌ အတွေးအမြင်အမျိုးမျိုး၊ အပြောအဆိုအမျိုးမျိုးရှိတတ်လေသည်။

အချို့က ကျွန်တော်တို့၏လုပ်ရပ်အား အကောင်းဘက်မှကြည့်၍ ပြောကြ၏။

"ကောင်းလိုက်တာဗျာ-၊ အရမ်းကိုကုသိုလ်ရမှာပဲ။ ဒီလို (၂၄) နာရီ လူတန်းစားအမျိုးမျိုး ရေကြိုက်သလောက် ရနိုင်ဖို့ဆိုတာ လွယ်တာမှမဟုတ်တာ။ ကျွန်တော် ခဏရပ်ကြည့်မိတယ်။ ရေချိုးတာများ ပုံးကြီးတွေနဲ့ တစ်ကိုယ်လုံး လောင်းလောင်းချကြတာ။ ကိုယ့်အိမ်မှာတောင် ဒီလောက် ရေဘယ်သုံးနိုင်မှာလဲ။ ရေစက်ကလည်း အဆက်မပြတ် မောင်းပေးနေသံကြားနေရတယ်။ ဒီကြားထဲ ရေတွေဆော့ပစ်နေတဲ့ ကလေးတွေကလည်း ရှိသေးတယ်။

အချို့ကမူ-

"ဖြစ်မှဖြစ်ရလေကွာ။ ကျက်သရေမရှိလိုက်တာ။ အိမ်ရှေ့မျက်နှာစာကြီးမှာ ရေချိုးဆိပ်ကြီးကို ဖြစ်လို့။ ထဘီတွေ လျှော်ကြ အညစ်အကြေးတွေ ဆေးကြောကြ၊ ထဘီတွေ ရေလဲအဝတ်တွေ ခြံတံခါးပေါ် ဝင်းခြံပေါ် တင်လိုတင်၊ လုပ်နေကြတာ စိတ်ပျက်စရာကြီး။

ကျွန်တော်တို့သည် ရေပိုက်ခေါင်းတွေ ပျောက်သွားလျှင် ပျက်သွားလျှင် အသစ်လဲတပ်ပေးလိုက်သည်။ ကျောက်ရေစည်



တစ်စည်နှင့် မလုံလောက်လျှင် သုံးစည်ထားပေးလိုက်သည်။ စည်ထဲညစ်ပတ်သွားသည်ထင်လျှင် စည်ကို သန့်စင်ပေးလိုက်သည်။ ထိုနေရာဗွက်ထလျှင် ကွန်ကရစ်ကျောက်ပြားများ ခင်းပေးထားလိုက်သည်။

ရေချိုးအဝတ်လျှော်ကြောင့် စိတ်မသန့်မရှိစေရန် သောက်ရေအတွက် သီးသန့် ကျောက်စည်အမြင့်ကြီးတစ်ခု အလုံပိတ် ရေပိုက်ခေါင်းနှင့် လုပ်ပေးထားလိုက်သည်။ ရေစက်တစ်လုံးပျက်လျှင် တစ်စက် အစားထိုးဖို့ ရေစက်အပိုတစ်လုံး အသင့်ဆောင်ထား၏။

စာတန်းလေးတွေလည်း ရေးထားရ၏။

"သောက်ရေအတွက် သီးသန့်နေရာ၌ အဝတ်မလျှော်ရ ရေမချိုးရပါ"

"ရေပိုက်ခေါင်းပြန်ပိတ်ထားပေးပါ"

"ကလေးများ ရေမဆော့အောင် တားမြစ်ပေးပါ"

"ပေးသူ၏ စေတနာကို အလေးဂရုပြုပါ"

"ကြုံရာလူမှ စည်းကမ်းကြပ်မတ်ပေးပါ"

စင်စစ်လူ့လောက၌ အပြစ်အနာပြောစရာရှိသူမှာ အနည်းငယ်မျှသာ ဖြစ်နိုင်ပါသည်။ တစ်ဦးစ၊ နှစ်ဦးစ ခန့်သာ ရှိပါမည်။ အများစုမှာ အပြစ်ပြောရန် မရှိနိုင်သည့် လူကောင်းများ ဖြစ်နိုင်လေသည်။ မကောင်းသောလူနည်းစု၊ ချို့ယွင်းချက်ရှိသူ တစ်ဦးစ နှစ်ဦးစကြောင့် ကောင်းသောလူများစုအား မထိခိုက်နိုင်အောင် ကျွန်တော်တို့ ကြိုးပမ်းကြရပါမည်။

ကျွန်တော်တို့သည် ဘိုးဘွားမိဘများ လက်ထက်က ကောင်းသောအပြုအမူ အကျင့်အကြံများအား ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com

လက်ထက်တွင်လည်း ဆက်လက်ရှင်သန်စေဖို့ တတ်နိုင်သမျှ ဆောင်ရွက်ကြရပါမည်။

ကျွန်တော်တို့သည်လည်း လူသားများဖြစ်ကြသည့် အလျောက် လူ့သဘောသဘာဝအတိုင်း မကြိုက်စရာ၊ သဘော မကျစရာ၊ ဒေါသဖြစ်စရာ၊ မိမိသဘောဆန္ဒနှင့် မကိုက်ညီစရာများ ကြုံရတွေ့ရလျှင် ဆန့်ကျင်ရင်ဆိုင်လိုစိတ် တိုက်ခိုက်လိုစိတ်များ ဖြစ်ပေါ်လာတတ်ရသည်မှာ သဘာဝ ဖြစ်လေသည်။

ကျွန်တော်သည် လူပြက်ပြက်သည့် ပြက်လုံးကို သတိရမိ တတ်ပြီး ပြုံးမိရ၏။

"ငါလေ လမ်းပေါ်က ခွေးလေခွေးလွင့်တွေကို သနားလို့ အမဲရိုးတွေနဲ့ ဆန်ကွဲတွေကို မိုးဗြဲဒယ်ကြီးနဲ့ အကျအနချက်ပြီး ခွေးတွေကို လိုက်ကျွေးတာ၊ ခွေးတွေဟာ အားရပါးရ လုယက်စားကြတာ အားရစရာကြီး၊ ဒါပေမဲ့ တစ်ကောင်နှင့်တစ်ကောင် ကိုက်ကြလို့ ငါစိတ်တိုပြီး တုတ်နဲ့ရိုက်တာ အကောင်တစ်ရာလောက်မှာ ကိုးဆယ့်ကိုးကောင်လောက် သေသွားတယ်"

သူ့ပြက်လုံးမှာ ရယ်မောစရာအဖြစ် ရည်ရွယ်သော်လည်း အနှစ်သာရ၌ သဘောတရား တစ်ခုပါနေပါသည်။

ကျွန်တော်တို့သည် တစ်ခါတစ်ရံစိတ်ကောင်းနှလုံးကောင်း နှင့် ကောင်းမှုပြုကြသော်လည်း စိတ်မထားတတ်၊ စိတ်မထိန်းတတ် လျှင် ကောင်းမှုမဖြစ်တော့ဘဲ မကောင်းမှုသာ ဖြစ်သွားတတ်ပါ တော့၏။

သို့ဆိုလျှင် မူလကတည်းက ဘာကောင်းမှုမျှ မလုပ်ဖြစ် သည်ကမှ တော်ပါဦးမည်။ ကျွန်တော်တို့သည် မိမိကိုယ်မိမိ ဦးတည် ချက်ပျောက်မသွားဖို့ အလေးဂရုပြုရပါလိမ့်မည်။



ကောင်းမှုပြုပြီး ကောင်းသောသဘောရှိနိုင်ပါမှ လူ့လောက ၌ မကြုံဖူးသည့် ထူးခြားသော စိတ်ချမ်းသာ ကြည်နူးခြင်းမျိုး ခံစား ရမိတတ်ပါသည်။

မကြာမီကာလက ရန်ကုန်မြို့တွင် နေရာအတော်များများ ၌ ၄ ရက်၊ ၅ ရက်ခန့် ရေပြတ်သွားခဲ့ဖူးပါသည်။

ထိုစဉ်က တစ်ညနေ၌ အိမ်ဝင်းရှေ့သို့ "တောင်းအော့" ကားကြီးတစ်စီး ထိုးဆိုက်လာပြီး သူတို့ကားထဲမှ ပလက်စတစ်ပုံး များထုတ်ပြီး ရေတောင်းယူကြ၏။ သူတို့သည် ပြည့်စုံချမ်းသာသော သူတို့၏အသွင်လက္ခဏာများ ရှိကြလေသည်။

"ကျွန်တော်တို့က ရန်ကုန်မြို့ထဲ သုံးထပ်ပေါ်မှာ နေတာ၊ ဒီညနေ ထမင်းစားပြီး ပန်းကန်ဆေးဖို့တောင် ရေမရှိလို့ ရေထွက် ရှာရတာ။ ဒီနေရာမှာ အချိန်မရွေး ရေကြိုက်သလောက်ရတယ်လို့ သမ်းညွှန်လိုက်လို့ လာယူတာပါ" ဟူ၍ သူတို့က ပြောပြ၏။

ကျွန်တော်တို့အဖို့ သူတို့အား စိတ်တိုင်းကျ ရေပေးလိုက် သည်မှာ အဘယ်မျှ စိတ်ချမ်းသာ မကြည်နူးဘဲ ရှိနိုင်မည်နည်း။

ရေပေးလှူခြင်းဖြင့် ရေအကျိုးဆယ်ပါးကို မတောင်းဘဲ ရနိုင်ကြောင်း ဘာသာတရားအရ လမ်းညွှန်ပါသည်။

၁။ လျှင်မြန်ခြင်း၊
၂။ သန့်ရှင်းစင်ကြယ်ခြင်း၊
၃။ ကျော်ကြားလူသိများခြင်း၊
၄။ ဆာလောင်မွတ်သိပ်မှုကင်းခြင်း၊
၅။ အခြွေအရံများခြင်း၊
၆။ အသက်ရှည်ခြင်း၊
၇။ အဆင်းလှခြင်း၊

www.burmeseclassic.com

www.burmeseclassic.com

၇။ အဆင်းလှခြင်း၊

၈။ ချမ်းသာကြီးခြင်း၊

၉။ ခွန်အားဗလကြီးခြင်း၊

၁၀။ ဉာဏ်ပညာကြီးမားခြင်း တို့ဖြစ်၏။

စင်စစ်ဘဝ၌ ကောင်းကျိုးချမ်းသာများ ရလိုပါမူ မည်သူမဆို မည်သည့်အကြောင်းဖြစ်ဖြစ် လွယ်လွယ်ချောင်ချောင်ကား ရနိုင်လိမ့်မည်မဟုတ်ချေ။ ခံယူမှု၊ ဖွဲ့ သတ္တိ၊ အမြင်၊ သဘောတရား ခိုင်ခိုင်မာမာနှင့် ကြံ့ကြံ့ခိုင်ခိုင်စွဲစွဲမြဲမြဲ ရပ်တည်လုပ်ဆောင်ပါမှ အောင်မြင်နိုင်လိမ့်မည်ကိုမူ ကျွန်တော်တို့အားလုံး သဘောပေါက်ကြရမည်ဖြစ်ပါ၏။

ကျွန်တော်တို့သည် ဘဝတွင် ရုပ်ခန္ဓာကြံ့ခိုင်ဖို့၊ သန်စွမ်းဖို့၊ ကိုယ်အင်္ဂါအချိုးအစားလှပဖို့ စသည်များကို သူ့နည်းစနစ်နှင့်သူ လေ့ကျင့်ယူလျှင်ရရှိနိုင်ကြောင်း လက်တွေ့ သိကြ၏။ တကယ်လည်း လေ့ကျင့်ရယူလေ့ရှိပါသည်။

သို့သော် ကျွန်တော်တို့သည် စိတ်ပိုင်းဆိုင်ရာ ပြည့်စုံအင်အားရှိဖို့ လေ့ကျင့်ရယူလျှင် ရနိုင်ကြောင်း၊ လေ့ကျင့်ရယူသင့်ကြောင်းကိုမူ အမှုမဲ့အမှတ်မဲ့ သတိမရမိတတ်ကြဘဲ ရှိကြပါ၏။

တကယ်တော့ ကျွန်တော်တို့သည် ရုပ်ပိုင်းသာမက စိတ်ပိုင်းကိုပါ အကြောင်းအရာအခွင့်အခါကြုံတိုင်း ကောင်းမွန် လှပ ကြံ့ခိုင်စေဖို့ လေ့ကျင့် ကြိုးစားကြရမည်ကို ဤအထက်ဖော်ပြပါ အကြောင်းအရာ အဖြစ်အပျက်များအား တွေးတောဆင်ခြင် စဉ်းစား နေမိပါတော့၏။

အခန်း (၈)

## တက်ရောက်ခဲ့ဖူးသည့် တစ်ခုတည်းသော မင်္ဂလာဧည့်ခံပွဲ

ကျွန်တော့်တာဝ ပတ်ဝန်းကျင် ကျယ်ပြန့်လာသည့် အလျောက် အပြင်လောက၌ လူအများနှင့် သွားလာဆက်ဆံ နေထိုင်သည်မှန်သော်လည်း ကျွန်တော်သည် မည်သူ၏ မင်္ဂလာဆောင်၊ မည်သူ၏ မင်္ဂလာဧည့်ခံပွဲမျိုးကိုမျှ မတက်ရောက်ခဲ့ဖူး၊ တက်ရောက်ခြင်းလည်း မပြုခဲ့ပါ။

ကျွန်တော့်ရင်ထဲ၌ အမှတ်မထင် စူးစူးနစ်နစ် ခံစားရချက်ရှိခဲ့ဖူး၏။

နှစ်ပေါင်းအတန်ကြာက ဖြစ်လေသည်။ ကန္တားဟိုတယ်ကြီး၌ ကျွန်တော့်အစ်မ မင်္ဂလာဆောင်မည်ပြုသောအခါ၊ သတို့သားဘက်မှ မိန်းမကြီးတစ်ယောက်က ကျွန်တော့်အားကြည့်၍-

"မင်္ဂလာပွဲနေ့ကျ- သူရောလိုက်မှာလား"

"အို- သူမလိုက်ပါဘူး။ အိမ်မှာပဲ သူနေခဲ့မှာပါ" ဟု ဖေဖေက ပျာပျာသလဲ ပြော၏။

မှန်ပါ၏။ မမ မင်္ဂလာဆောင်နေ့တွင် အားလုံးသော ဆွေမျိုးသားချင်းများ... 


www.burmeseclassic.com

www.burmeseclassic.com

ထိုမိန်းမကြီးက ယင်းသို့ဘာကြောင့်မေးသည်ကို ကျွန်တော် ချက်ချင်းနားမလည်ခဲ့သော်လည်း ကျွန်တော် နောင်တွင် နားလည်သွားရပါ၏။ မမ မင်္ဂလာဆောင်နေ့က မိမိတစ်ယောက်တည်း ကျန်ခဲ့ရသည့်အဖြစ်ကို စိတ်ထိခိုက်ဝမ်းနည်းမှုတော့ မဖြစ်ခဲ့ပါ။ သို့သော် ရင်၌နာကြည်းချက် တစ်ခုလိုတော့ ရှိခဲ့ရ၏။

ဖြစ်ရသည့်အဖြစ်မှာ- အချို့သော သူတို့သည် ကျွန်တော်တို့ကဲ့သို့သော ကိုယ်လက်အင်္ဂါ မသန်မစွမ်းသူများကို "မင်္ဂလာမရှိသူ" အဖြစ် သဘောထားပြီး မင်္ဂလာရှိသော နေရာဌာနများသို့ မသွားသင့်၊ မလာသင့်ဟု ယူဆဟန်ရှိ၏။

သို့ဖြစ်၍ ကျွန်တော်သည် မည်သည့်စည်းဝေး၊ မည်သည့် အခမ်းအနားမဆို တက်ရောက်သည်မှန်သော်လည်း၊ "မင်္ဂလာအခမ်းအနား"ကိုမူ ဘယ်မင်္ဂလာအခမ်းအနားမျှ မတက်ရောက်ခဲ့ပါ။

သို့သော်- ကျွန်တော်တက်ရောက်ခဲ့သည့် မင်္ဂလာဆောင်ပွဲ တစ်ခုတော့ ရှိခဲ့ရ၏။

**သူနှင့်ကျွန်တော်**

သူ့အမည်ကို- မောင်မောင်ဟု ဆိုပါစို့။

မောင်မောင်သည် လမစေ့ဘဲ မွေးခဲ့ရသည့် ကလေးဖြစ်၏။ မွေးဖွားစဉ်ကာလ၌ ညှပ်ဆွဲမွေးရာ သူ့ဦးခေါင်းကို ညှပ်ဆွဲလိုက်သည့် ဒဏ်ကြောင့် မတော်တဆ အကြောလိုက်ပြီး ခြေလက်အင်္ဂါများ မသန်မစွမ်း ဖြစ်သွားခဲ့ရလေသည်။

သူ့မိဘများသည် ပညာတတ်များ ဖြစ်ကြသည့်အလျောက် သူ့အား အမျိုးမျိုးဖြင့် သာမန်လူတစ်ယောက်ကဲ့သို့ ရပ်တည်နိုင်အောင် ပြုစုပေးကြလေသည်။



ကျွန်တော်စာပေဗိမာန်စာမူဆု ရသောအခါ **သတင်းစာထဲ**၌ ပါရှိသည့် ကျွန်တော့်ဓာတ်ပုံကို သူ့မိဘများက ပြသလျှက်-

"ဒီစာရေးဆရာက သားလိုပဲ ဖြစ်နေတာ။ ခုတော့ စာပေဆုရတဲ့စာရေးဆရာတောင် ဖြစ်နေပြီ" အစရှိသဖြင့် မာနနှင့် စိတ်ဓာတ်အားကို နှိုးဆွမြှင့်တင်လျက် ကျွန်တော့်အား စံနမူနာအဖြစ် ရှိစေခဲ့၏။

ကျွန်တော်၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာအုပ်ထွက်လာသောအခါ မောင်မောင်သည် ကောင်းစွာ စာမဖတ်တတ်သေးသည့် အရွယ်ဖြစ်သဖြင့် သူ့ဆရာမက ဖတ်ပြခဲ့ရ၏။

ထိုစဉ်က နယ်တွင် နေထိုင်သည်ဖြစ်၍ သူတို့ ရန်ကုန်မြို့သို့ ရောက်တိုင်း ကျွန်တော့်ထံ လာတွေ့လေ့ရှိသည်။ သူ့ဆရာမကလည်း ကျွန်တော်နှင့် အမြဲ စာရေးဆက်သွယ်မှု ပြု၏။

မောင်မောင့်မိဘ၏ ကြိုးပမ်းချက်အရ မောင်မောင့်ဘဝ ဝယ်ကျွန်တော်သည် အထင်ကြီး လေးစားအားကျရမည့် ပုဂ္ဂိုလ်တစ်ဦးအဖြစ် ရှိနေစေခဲ့ရ၏။

ကျွန်တော်က မိမိအိမ်တွင် ဘီးတပ်ကုလားထိုင်ဖြင့် စားမှုသောက်မှု နေမှု ထိုင်မှု အားလုံးကို မိမိဘာသာ လှုပ်ရှားလုပ်ကိုင်နေထိုင်နိုင်သော်လည်း သူက ယင်းသို့မလုပ်နိုင်ပေ။ အနီးကပ်တစ်စုံတစ်ဦးက သူ့အား အစစ ကူညီလုပ်ကိုင်ပေးပါမှ အဆင်ပြေနိုင်လေသည်။

သို့သော် ကျွန်တော်က မည်လိုနည်းနှင့်မျှလမ်းမလျှောက်နိုင်သော်လည်း သူကမူ သူ့ခြေထောက်နှစ်ဖက်ကို အားပြုကိရိယာများ တပ်ဆင်လျက် လူနှစ်ယောက်က ဘေးမှညှပ်တွဲ၍ **ဖြည်း** ဖြည်းလေးစွာ ခြေလှမ်း၍ ရွေ့လျားနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

**သူက ကျွန်တော့်ရှေ့က**

သူသည် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးများစွာဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့၏။ နောက်ဆုံး မဟာဝိဇ္ဇာဘွဲ့ပင် ရခဲ့လေသည်။ သူသည် ကြိုးစား၏။ ထက်မြက်၏။ မာန်ရှိ၏။ စိတ်အားကြီး၏။ ဉာဏ်ပညာရှိ၏။ ထို့ကြောင့် သူလုပ်ကိုင်သမျှ အောင်မြင်သည်သာ ရှိ၏။

ယခုအခါ သူသည် ထင်ရှားသော လုပ်ငန်းကြီးတစ်ခုကို ပိုင်ဆိုင်ဦးစီးလျက် လူ့ဘဝ၌ အောင်မြင်စွာ ရပ်တည်နေလေပြီ။

သူတို့ မိသားစုသည် ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်လာသောအခါ ကျွန်တော့်အား အကြောင်းကြုံတိုင်း သူတို့အိမ်သို့ ဖိတ်ခေါ်၍ကျွေးမွေးပြုစု စကားစမြည် ပြောဆိုတတ်လေသည်။

သူသည် သူ့လုပ်ငန်း၌ အောင်မြင်မှု၊ ထူးခြားမှု တစ်စုံတစ်ခုရှိတိုင်း သူ့အလုပ်တိုက်သို့ ကျွန်တော့်အား ဖိတ်၍ အကြံဉာဏ်တောင်းခြင်း၊ ထင်မြင်ချက် မေးမြန်းခြင်းများ ပြုတတ်၏။

နောက်ဆုံး သူ့အလုပ်တိုက်သစ် ဖွင့်ပွဲ၌ သူသည် သူ့အသိုင်းအဝန်းကို ကျွန်တော့်အား မိတ်ဆက်ပေးသောအခါ ကျွန်တော်က-

"အစကတော့ ကျွန်တော်ဟာ သူ့ဆရာပါပဲ။ အခုတော့ သူဟာ ကျွန်တော့်ဆရာလို့တောင် ပြောရမလို ရှိနေပါပြီ။ သူက လူသာမန်တစ်ဦး စွမ်းဆောင်နိုင်တာထက်တောင် ပိုလို့ စွမ်းဆောင်နေနိုင်ပြီး အများကြီးကို အဆင့်မြင့်တဲ့ ပုဂ္ဂိုလ်ဖြစ်နေရပါပြီ"

သည်မျှမောင်မောင် တိုးတက်အဆင့်မမြင့်မီ၊ သူ တက္ကသိုလ်ဘွဲ့တစ်ခု ရခါစ တစ်နေ့၌ သူ့အား မိန်းကလေး တစ်ယောက်ကတွဲ၍ ကျွန်တော့်အိမ်သို့ ရောက်လာခဲ့ပါသည်။

"ဦးအတွက် ဖိတ်စာလာပေးတာ။ ဦး ကိုယ်တိုင်လာဖြစ်အောင် ပါနော်" ဟု မောင်မောင်ကဆို၏။



မိန်းကလေး ကမ်းပေးလာသည့် ဖိတ်စာကို ကျွန်တော်အာရုံဖြင့်ဖတ်လိုက်မိသောအခါ အံ့အားသင့်သွားရလေသည်။

မောင်မောင်၏ မင်္ဂလာဧည့်ခံပွဲ ဖိတ်စာဖြစ်ပါ၏။

ကျွန်တော်သည် သူတို့နှစ်ဦးကို ငေးမောကြည့်နေမိသည်။ မိန်းကလေးမှာ အတော်ချောမောလှပသူလေး ဖြစ်လေသည်။

"ဘယ့်နှယ်လဲ-၊ လာဖြစ်အောင်လာမယ် မဟုတ်လား- ဦး. ." ဟု မောင်မောင်ကထပ်ပြောသောအခါ ကျွန်တော်က ခေါင်းညိတ်လိုက်ရ၏။

**စဉ်းတောင့်မစဉ်းစားရဲဘူး**

သို့နှင့် ကျွန်တော့်တစ်သက်တွင် မင်္ဂလာဧည့်ခံပွဲတစ်ခုသို့ ပထမဦးဆုံးအကြိမ်အဖြစ် ရောက်ရတော့သည်။

မင်္ဂလာဧည့်ခံပွဲကို သူတို့နေထိုင်သည့် ခြံဝင်းကြီးထဲမှာပင် ကျင်းပခြင်းဖြစ်၏။

ကျွန်တော့်အား သတို့သား၊ သတို့သမီးတည်ရှိရာ စင်မြင့်လေး ရှေ့တည့်တည့် သူတို့နှင့်အနီးဆုံးနေရာ၌ နေရာချထားပေးပါသည်။

သူတို့ မိသားစုနှင့် သူတို့အသိုင်းအဝိုင်းရှိ လူများသည် မင်္ဂလာပွဲသို့ ကျွန်တော်တက်ရောက်လာသဖြင့် အားတက်သရော ဝမ်းသာအယ်လဲရှိနေကြလေသည်။

"မင်္ဂလာဆွမ်းကျွေးနေ့ကတော့ ဦးမလာဘူးနော်" ဟု မောင်မောင့်သူငယ်ချင်းတစ်ယောက်က နှုတ်ဆက်စကားအဖြစ် ပြောလေသည်။

"ဦးက ဖိတ်စာလာပေးမှ သူ့မင်္ဂလာကိစ္စသိတာ။ သူက သိပ်လာစေချင်လို့လာတာ။ ဦးက ဘယ်မင်္ဂလာဆောင်မှ မသွားဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တာပေါ့။ သူက ဦးကို သိပ်အလေးထားတာ။ ဟိုရက်တွေတုန်းကတော့ ဟိုဖက်ဒီဖက် အဆင်မပြေတာလေးတွေ ရှိနေလို့ ဦးကို မပြောဖြစ်သေးတာ ထင်ပါရဲ့" ဟု သူ့သူငယ်ချင်းက လေပြေထိုး၏။

"အို- သူတို့ကလူကြီးတွေ စပ်ဟပ်ပေးစားတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး ဦးရဲ့-။ သူတို့ချင်း ချစ်လို့ ယူကြတာ။ ဒါကြောင့် အစမှာ ပြဿနာရှိနေတာ"

"ကျောင်းမှာတွေ့တာလား-"

"မဟုတ်ဘူး။ နှစ်သစ်ကူးပွဲ တစ်ခုမှာ စတွေ့တာ။ မောင်မောင်က ဘွဲ့ရပြီးပေမယ့် မိန်းကလေးက အခုကျောင်းမပြီးသေးဘူး။ သူတို့ မေဂျာချင်းလည်း မတူပါဘူး"

"ဪ. . ."

သူတို့နှစ်ဦးအား ကျွန်တော်က ငေးကြည့်နေရင်း အနီးရှိ စာရေးဆရာမ တက္ကသိုလ်ကြူကြူသင်းကို လှမ်းပြောလိုက်မိ၏။

"မောင်မောင်ဟာ အတော်သတ္တိရှိတာပဲ"

"အမယ်- မိန်းကလေးက ပိုလို့ သတ္တိရှိသေးတယ်။ ကျွန်မတို့ဆို စဉ်းတောင်မစဉ်းစားရဲဘူး" ဟု တက္ကသိုလ်ကြူကြူသင်းက ဆို၏။

သူပြောလိုက်သည့် "စဉ်းတောင်မစဉ်းစားရဲဘူး" ဟူသော စကားသည် ကျွန်တော့်ဘဝအတွက် ချောက်ချားစရာ စကားလုံးအဖြစ် ရှိရပါ၏။

ထိုအချိန်က ကျွန်တော်သည် လူသာမန်တစ်ဦးလိုပင် သွားလာနေထိုင်လုပ်ကိုင်နေနိုင်သဖြင့် မိမိကိုယ်မိမိ လူသာမန်



တစ်ဦးအဆင့်ရှိသည်ဟု စိတ်၌ ရှိနေနိုင်ပါ၏။ သို့သော် မောင်မောင်ကဲ့သို့ အိမ်ထောင်ပြုရန်၊ အိမ်ထောင်တစ်ခုကို တာဝန်ခံရန် စိတ်ကူးလည်းမရှိ၊ သတ္တိလည်း မပြည့်စုံရိုးအမှန်ပါ။

သို့ဖြစ်၍ မိမိမျက်စိအောက်၌ လူလားမြောက်လာသည့် မောင်မောင်က ကျွန်တော့်ရှေ့၌ ယခုလိုအိမ်ထောင်ပြုပြလိုက်သောအခါ စိတ်၌ သူ့အား အံ့ဩချီးကျူးခြင်း ဖြစ်မိရ၏။

လောက၌ လူသည် လူနှင့်တူအောင် လူတစ်ယောက်ကဲ့သို့ နေထိုင်နိုင်ခြင်းသည် သတ္တိဖြစ်ပါလိမ့်မည်။ လူတွင် လူ့လောကကြီး ထာဝရတည်တံ့နေအောင် ကျင့်ကြံကြရမည့် တာဝန်လည်း ရှိ၏။ ထိုသတ္တိနှင့် တာဝန်ကို တစ်နေ့တွင် ကျွန်တော့်မှာလည်း ရှိလာနိုင်လိမ့်မည်၊ ရှိလာလိမ့်မည်။ ကျွန်တော့်အားလည်း တကယ်တမ်း မိုက်မိုက်ကမ်းကမ်း ချစ်ရဲသော၊ ချစ်တတ်သော မိန်းကလေး တစ်ယောက်ပေါ်လာလိမ့်မည်ဟူ၍ ထိုစဉ်က ကျွန်တော့်ဘဝကံ အကြောင်းတရားကို ကျွန်တော်ကိုယ်တိုင် ကြိုတင်မမှန်းဆ နိုင်ပါ တကား။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၉)

## ကျွန်တော့်ဘဝထဲသို့ ဝင်ရောက်လာသော မိန်းကလေး

ကျွန်တော်သည် စီးပွားရေး လောကဝဲဂယက်ထဲ၌ ပုတ်ခတ်လွင့်မျောနေစဉ် ကာလဝယ် မစန္ဒာနှင့် ပိုမိုနီးစပ်လာပါသည်။ သူက ရုပ်ရှင်မင်းသမီး ဇင်မာဦးနှင့် အတော်တူ၏။

သူသည် ကျွန်တော်တို့နှင့် လေးငါးဝမ်းကွဲခန့် ဆွေမျိုးနီးစပ်လည်းတော်သည်။ တက္ကသိုလ်ဘွဲ့ရသောအခါ ကျွန်တော်နှင့် တွဲ၍ စီးပွားရေးလုပ်ငန်းများကို ကူညီလုပ်ကိုင်ပေးနေသူ ဖြစ်လေသည်။

သူ့ကို အရာရာ သင်ကြားပြသပေးရပါသည်။ သူသည် ထက်မြက်သူတစ်ဦး ဖြစ်သဖြင့် အားကိုးရပါ၏။

ကျွန်တော်က သူ့အား စာရင်းအင်းထားသိုပုံကအစ၊ စီးပွားရေးသဘောတရားများ၊ လူမှုဆက်ဆံရေးသဘောတရားများ အပါအဝင်၊ ကားမောင်းခြင်းကိုပါ သင်ကြားပေးခဲ့ရလေသည်။

**ကျွန်တော့်ကားမောင်းသင်နည်း**

ကျွန်တော်သည် ညီ၊ ညီမများ၊ တူ၊ တူမများကိုလည်း ကားမောင်းသင်ကြားပေးခဲ့ဖူး၏။

လမ်းမလျှောက်နိုင်သူ၊ ကားမမောင်းနိုင်သူက မည်သို့ ကားမောင်းသင်ပေးသနည်း ဟူ၍ မေးစရာရှိသည်။





ကားမောင်းသင်ပေးမည်ဆိုလျှင် ဦးစွာပထမရပ်ထားသော ကားကို ဂီယာထိုး လေ့ကျင့်စေ၏။ ဂီယာနံပတ်စုံကို ငုံ့မကြည့်ဘဲ ကျင်ကျင်လည်လည်ထိုးတတ်လာသောအခါ၊ သော့ဖွင့်စက်နှိုးတတ်၊ စက်ရပ်တတ်အောင် လေ့ကျင့်စေသည်။

ထို့နောက် ကားမောင်းတတ်သူတစ်ဦး၏ အကူအညီယူကာ ဘော်လုံးကွင်းလို နေရာမျိုး၌ ကားကို စက်နှိုး၊ ပထမဂီယာနှင့် မောင်းထွက်၊ ပြန်ရပ်၊ မောင်းထွက် စသဖြင့် ကားအထွက်နှင့် ကားအရပ်ကို လက်နှင့် ခြေထောက်ကျွမ်းကျင်သည်အထိ လေ့ကျင့်စေ၏။

ကားအထွက်နှင့် ကားအရပ် ကျွမ်းကျင်လာလျှင် ဒုတိယဂီယာထိုး၍မောင်းသည့်အဆင့် လေ့ကျင့်၏။ ကားကို ပထမဂီယာ၊ ဒုတိယဂီယာဖြင့် မောင်းသွား၊ ပြန်ရပ်၊ ပြန်မောင်းထွက် ကျွမ်းကျင်လာမှ ကွင်းထဲတွင် ကားကို ပတ်မောင်းစေပါသည်။

သို့နှင့် ကားလက်ကိုင်ဘီးကို ကျွမ်းကျင်နိုင်နင်းလာမှ၊ နောက်ဘက်သို့ တည့်တည့်ဆုတ်ခြင်းကို လေ့ကျင့်စေသည်။ ထိုမှ နောက်တစ်ဆင့် နောက်ဘက်ဆုတ်ကွေ့၍ ကားရပ်ခြင်းကို ဝါးတိုင်လေးနှစ်ချောင်း ထောင်ကာ မှတ်သားလေ့ကျင့်စေ၏။

ကားကို ရှေ့သို့မောင်းသွား၊ နောက်ဘက်သို့ပြန်ဆုတ်၊ သတ်မှတ်နေရာရပ် စသည်များကို အတော်ကျွမ်းကျင်လာပါမှ လူသူကင်းရှင်းသော လမ်းမပေါ်တွင် ကားမောင်းလေ့ကျင့်စေပါသည်။ လမ်းမပေါ်၌ ပထမဂီယာ၊ ဒုတိယဂီယာ၊ တတိယဂီယာနှင့် မောင်းပြီးရပ်၊ ထို့နောက် ပြန်ထွက်ကျွမ်းကျင်လာသောအခါ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းများကို လေ့လာကျက်မှတ် စေရ၏။

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံး ကားမောင်းကျွမ်းကျင်သူတစ်ဦးဦး၏ အကူအညီကိုယူလျက် နံနက်ငါးနာရီခန့် အချိန်မှ နံနက်ခုနစ်နာရီခန့်အထိ ရန်ကုန်မြို့တွင်း လမ်းမကြီးများပေါ်တွင် နေ့စဉ်ကားမောင်းလေ့ကျင့်စေပါသည်။

ဤနည်းဖြင့် မိမိဘာသာ လေ့ကျင့်မှုနှင့် တနင်္ဂနွေနှစ်ပတ်ခန့် အတွင်း ကားမောင်းတတ်သွားစေရပါတော့၏။

**ဝန်ဆောင်မှုလုပ်ငန်း**

မစန္ဒာသည်လည်း အချိန်တိုအတွင်းမှာပင် ကျွမ်းကျင်နိုင်နင်းစွာ ကားမောင်းတတ်သွားလေသည်။

သူသည်ကားမောင်းအလွန်ကောင်း၏။ မည်သည့် ကားမဆို အန္တရာယ် ကင်းကင်းရှင်းရှင်းနှင့် သေသပ်ညက်ညောစွာမောင်းနှင်နိုင်လေသည်။

'မစန္ဒာကားမောင်းတတ်လာသောအခါ သွားလာလုပ်ကိုင်ရာ၌ ပိုမိုအဆင်ပြေလာ၏။ များသောအားဖြင့် သူက သူ့အိမ်ကကားကိုသာ ယူလာလေ့ရှိ၏။

မစန္ဒာနှင့်ကျွန်တော်သည် ကဏ္ဍသုံးခုခြား၍ အလုပ်လုပ်ကြပါသည်။ တစ်ခုက ကျွန်တော်တို့အိမ်၏ အကျိုးစီးပွား၊ ဒုတိယက မစန္ဒာတို့အိမ်၏ အကျိုးစီးပွား၊ တတိယမှာ မစန္ဒာ၏အကျိုးစီးပွားဟူ၍ သူ့အပိုင်းနှင့်သူ လုပ်ကိုင်ကြလေသည်။ ငွေရင်းပေါင်း၍ လုပ်ကိုင်ရပါလျှင်လည်း သူ့အချိုးနှင့်သူ အကျိုးအမြတ်ကို သီးခြားခွဲဝေ၏။

နိုင်ငံခြားတွင် သွားအလုပ်လုပ်နေသူများ၏ အဆက်အသွယ်များဖြင့် မြန်မာနိုင်ငံရှိ သူတို့မိသားစုများ၏ လိုအင်ဆန္ဒများ၊ လိုအပ်ချက်များကို လုပ်ကိုင်ဆောင်ရွက်ပေးရသည့် **ဝန်ဆောင်မှု**များကို မစန္ဒာနှင့်ကျွန်တော် လုပ်ကိုင်ကြလေသည်။

သို့ဖြစ်၍ နေ့စဉ်လိုလို ကျွန်တော်တို့နှစ်ယောက်သည် ရန်ကုန်မြို့တွင်းသို့ အနှံ့သွားရ၏။ တစ်ခါတစ်ရံ နိုင်ငံခြားမှ ကုန်သေတ္တာဖြင့် ပို့လိုက်သော မြန်မာနိုင်ငံရှိ မိသားစုများအတွက် ပစ္စည်းများကို ဆိပ်ကမ်းမှ ထုတ်ယူ၊ အခွန်အခများရှင်း၊ သက်ဆိုင်သူတို့ထံ အိမ်တိုင်ယာရောက် လိုက်ပို့ရ၏။ ထို့ပြင် စာတိုက်စနစ်ဖြင့် ပို့လိုက်သော ပစ္စည်းများကို ရွေးထုတ်ယူရသလို၊ ယင်းနိုင်ငံက မှာယူသော ပစ္စည်းများကိုလည်း စာတိုက်စနစ်ဖြင့်ပင် ပြန်ပို့ရ၏။

ကျွန်တော်တို့သည် ရန်ကုန်မြို့တွင်း ကားတစ်စီးဖြင့် သွားလာလုပ်ကိုင်ရာ၌ အချိန်လုလုပ်ကိုင်ရသောကြောင့် များသောအားဖြင့် နံနက်စာကို ကြုံသလို အလျဉ်းသင့်ရာ ဝယ်စားရသည့်နေ့က များလေသည်။

သို့နှင့် ကျွန်တော်သည်လည်း ရန်ကုန်မြို့ရှိ စားစရာဆိုင်မျိုးစုံသို့ ရောက်ရပါသည်။ လမ်းဘေးဆိုင်များတွင်လည်း ကြိမ်ဖန်များစွာ စားဖူးရတော့၏။ တစ်ခါတစ်ရံ ထမင်းစားချိန်၌ စားစရာဆိုင်နှင့် မကြုံသဖြင့် ထမင်းငတ်ရသည့် အဖြစ်များနှင့်လည်း ကြုံရတတ်သည်။

**ဈေးသူ့ဘဝသို့**

မစန္ဒာကိုယ်တိုင် ကားမောင်း၍ ရန်ကုန်မြို့တွင်း မည်သည့်နေရာ၊ မည်သည့်ရပ်ကွက်၊ မည်သည့်လမ်းမျှ မကျန်အောင် နေရာစုံအနှံ့အမြဲသွားနေရလေသည်။ ကားပေါ်၌ ရန်ကုန်မြို့ [illegible]

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်က ကျွန်တော်တို့နှစ်ယောက်သည် ပင်ပန်းသော်လည်း ကျေနပ်ပျော်ရွှင် နေကြ၏။ စင်စစ် သူနှင့်ကျွန်တော်သည် တစ်ဦးပေါ်တစ်ဦး ခိုင်မာသော သံယောဇဉ်ဖြင့်တွယ်နေပြီကို မိမိတို့ဘာသာ မသုံးသပ်မိကြသေးပေ။

သို့သော်- တစ်နေ့တွင်မူ ကျွန်တော်တို့နှစ်ယောက်သည် ဘဏ်တွင် လုပ်ဆောင်ဖွယ်ရာကိစ္စများ ဆောင်ရွက်ပြီးနောက် စားစရာတစ်စုံတစ်ခုစားရန် "စိန်လွှံ" စားသောက်ဆိုင်ဝင်းထဲသို့ ကားမောင်းဝင်လာခဲ့၏။

ကားရပ်နားရာနေရာ၌ ကားရပ်နားပြီး စားစရာမှာရာ မိမိစားချင်ရာ မတွေ့သဖြင့် ဘာမျှမစားဖြစ်တော့ဘဲ ကားပေါ်ထိုင်ရင်း စကားပြောနေမိကြ၏။

ထိုစဉ် ကျွန်တော်တို့ရင်ထဲမှ ပေါက်ကွဲမှုတစ်ခုဖြစ်ပေါ်သွားပြီး သူနှင့်ကျွန်တော်သည် တစ်ဦးပေါ်တစ်ဦး မေတ္တာရှိကြောင်း ဝန်ခံမိသွားကြလေ၏။

ထိုနောက်-စကားပြောရင်း မျက်ရည်ကျကြရ၏။ အတန်ကြာငိုနေမိကြပြီးမှ ကျွန်တော်က -

"အေး. . . တို့ဟာ ချစ်တာတော့မှန်တယ်။ နို့ပေမဲ့ တို့ရဲ့ ဘဝအကြောင်း တရားတွေ-ကံကြမ္မာတွေက ဘယ်လိုတွေဖြစ်လာမယ်ဆိုတာ မပြောနိုင်ဘူး။ ဖူးစာမှန်လို့ ကံချင်းလည်းဆုံမယ်၊ အကြောင်းများစွာနဲ့ ကွဲကွာချင်လည်း ကွဲကွာသွားမယ်။ အကယ်၍များ ပေါင်းဆုံခွင့်မကြုံခဲ့ရရင်လဲ သေတပန်သက်တဆုံး တစ်ဦးကို တစ်ဦး မေ့မစောင့်လျှောက်သွားကြတာပေါ့။ နောက်ပြီး-ဂြိုဟ်ဆိုးကြမ္မာဆိုးတွေနဲ့ မတော်လို့တွေ့ခဲ့ရရင်လဲ တို့ဟာ. . . စိတ်ဓာတ်ကြံ့ကြံ့ခိုင်ခိုင်နဲ့ လောကကြီးကို ရင်ဆိုင်နိုင်ဖို့ ခုကတည်းက ပြင်ဆင်ထားကြရလိမ့်မယ်"



သူက ခေါင်းလေးညိတ်ပြပြီး မျက်ရည်သုတ်ရှာ၏။ ထို့နောက် သူက-

"လက်ထပ်ဖြစ်ခဲ့ရင်လဲ ဖေဖေ့တစ်သက်တော့ လက်မထပ်ချင်ဘူး။ ဖေဖေဟာ သမီးကို သိပ်ချစ်တာ။ တကယ်လို့ ကိုယ်လုပ်တာ ဖေဖေမကြိုက်ရင် သူသိပ်ခံစားရမှာစိုးတယ်"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၀)

# လမ်းမလျှောက်နိုင်သူ၏ ခရီးကြမ်းများ

ကျွန်တော်သည် "ဦးနှောက်တစ်လုံး လက်တစ်ဖက် ရှေ့ခရီးအစ" စာအုပ်၌ "လမ်းမလျှောက်နိုင်သူ၏ လေ့လာရေးခရီး" စသဖြင့် ပုဂံဒေသပတ်ဝန်းကျင်တစ်ဝိုက်သို့ သွားရောက်ခဲ့သည့် အကြောင်းကို ကျွန်တော့်အနေဖြင့် ထူးခြားမှုတစ်ရပ်အဖြစ် ရေးခဲ့လေသည်။

မှန်ပါသည်။ ထိုစာအုပ်ရေးစဉ်ကာလခန့်ကမူ ကျွန်တော်သည် အပြင်လောကနှင့် သိပ်နီးစပ်မှုမရှိဘဲ စိမ်းနေသောကြောင့် စိတ်၌ ထူးခြားမှုအဖြစ် ရှိခဲ့ရပါ၏။

နောင်တစ်ချိန်၌မူ ကျွန်တော်သည် အပြင်လောကနှင့် ကျွမ်းဝင်လာလေသောအခါ ထိုသို့ခရီးသွားခြင်းတွင်လည်း ထူးထူးခြားခြား အခက်အခဲမျိုးမရှိတော့ပေ။ သို့ဖြစ်၍လည်း ကျွန်တော်သည် အတော်အတန်ခရီးသွားဖြစ်ခြင်းများ ရှိခဲ့ရပါသည်။

ကျွန်တော်တို့သည် ကြုံကြိုက်လျှင် အများသူငါလို ကား အရောင်းအဝယ်လုပ်ကိုင်တတ်သဖြင့် ခရီးသွား၍ ကောင်းသည့် ကားမျိုးများလည်း ကျွန်တော်တို့လက်ထဲရောက်လာတတ်၏။

ထိုစဉ်က ကားဈေးများထိုးကျနေချိန်ဖြစ်၍ ဆိပ်ကမ်းရောက် ယာယီနံပါတ်နှင့် "တောင်းအော့" ကားကို မစန္ဒာနှင့်ကျွန်တော် တစ်ယောက်တစ်ဝက်ရင်း၍ ဝယ်၏။ထိုကားရောင်းထွက်သွားလည်း နောက်ထပ် တောင်းအော့ကားများ ထပ်ဝယ်ဖြစ်၏။





"တောင်းအော့" ကားသည် လူခုနစ်ယောက်ခန့် စီးနိုင်သဖြင့် ကျွန်တော့်အတွက် ခရီးသွား၍ အလွန်အဆင်ပြေလှလေသည်။ ကျွန်တော်တို့ခရီးမသွားလျှင်လည်း ခရီးသွားမည့်သူများကို နေ့တွက်နှင့်ဖြစ်စေ၊ ပုတ်ပြတ်ဖြစ်စေ ငှားလိုက်၏။

ကျွန်တော်ခရီးသွားလျှင် ခေါက်ယူ၍ရသည့် ဘီးတပ်ကုလားထိုင်လေးနှင့် ကျွန်တော့်ကို ပွေ့ချီချလုပ်နိုင်သူ လူတစ်ဦးအပိုပါလျှင် ပြည့်စုံ၏။

## ကျိုက်ထီးရိုးတောင်ပေါ်ခရီး

အထက်မြန်မာပြည်တစ်ဝိုက်၊ မန္တလေး၊ ပြင်ဦးလွင်၊ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါးနှင့် ရှမ်းပြည်နယ်တစ်ဝိုက်၊ တောင်ကြီး၊ အင်လေး၊ ကလော စသဖြင့် ကျွန်တော်သည် အဆင်ပြေသောအချိန်တို့၌ အလည်အပတ်ရောက်ဖြစ်ရ၏။

ယင်းသို့ခရီးများစွာသွားရသောအခါ ကျွန်တော့်စိတ်၌ ထူးခြားစွာ ခံစားရမှုမရှိတော့ပါ။ သွားဖူးသည်၊ ရောက်ဖူးသည်၊ ကြုံဖူးသည်၊ တွေ့ရဖူးသည် စသည်လောက်ကလွဲ၍ ပို၍ထူးလှသည် မထင်မိပေ။ ရင်ထဲ၌ လေးနက်စွာမဖြစ်ပါ။

သို့သော် ရင်ထဲ၌ လေးနက်စွာ စွဲလမ်းမိသောခရီးတစ်ခုတော့ ရှိခဲ့၏။ ကျွန်တော်သွားမိသည့်ခရီးများထဲဝယ် အပျော်မိဆုံး၊ အထူးခြားဆုံးဟု ထင်ပါသည်။

ယင်းမှာ "ကျိုက်ထီးရိုး" ခရီးဖြစ်လေသည်။

ကျွန်တော်ခရီးသွားတိုင်း အဖော်ခြောက်ဦး၊ ခုနစ်ဦးခန့်ဖြင့် မစန္ဒာမှာ အမြဲတမ်း မပါမဖြစ်ပါရသည်။ ကျွန်တော့်အတွက် [illegible] အဆင်ပြေအောင် သူသည် ဖန်တီးစီစဉ်ပေးနိုင်စွမ်းသည့် [illegible] ရသော အဖော်ကောင်းဖြစ်၏။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့သည် ကျိုက်ထီးရိုးတောင်ပေါ်သို့ ကားဖြင့်တက်၍ရနိုင်သည့်နေရာအထိ ကားစီးသွားသည်။ ကားလမ်းဆုံးသောအခါ ကျွန်တော်က အထမ်းသမား လေးယောက်ငှား၍ အထမ်းနှင့်တောင်ပေါ်တက်ရလေသည်။ ထိုစဉ်က ရင်ပြင်တော်ပေါ်အရောက် ကားမောင်းတက်၍မရနိုင်သေးပါ။

ညနေစောင်းအချိန် အထမ်းဖြင့်ကျွန်တော်လိုက်ခဲ့ရာ လမ်းတစ်ဝက်မှာပင် ညမိုးချုပ်သွားပြီး မှောင်သွား၏။

အထမ်းသမားတစ်ယောက်သည် သီချင်းဆိုကောင်းလှသည်။ သူ့အသံသည် အဆိုတော်တွံတေးသိန်းတန်၏ အသံနှင့် တစ်ထပ်တည်းနီးပါးတူ၏။ လမ်းတစ်လျှောက်လုံး တွံတေးသိန်းတန် သီချင်းများကို သူကအော်ဆိုလာသည်မှာ နားထောင်၍ ကောင်းသလို လွမ်းဆွတ်ဖွယ်လည်းကောင်းနေလေသည်။

BURMESE CLASSIC .com

**စိတ်ပူစရာ**

မစန္ဒာသည် ကျွန်တော့်အား အထမ်းသမားများ ထမ်းသွားသည်ကို စိတ်မချနိုင်ဘဲ အထမ်းသမားများ နောက်မှ တောင်ဝှေးတစ်ချောင်းကိုင်လျက် အပြေးလိုက်နေ၏။ သူ့နှုတ်မှလည်း အော်၍ တတွတ်တွတ် သတိပေးနေ၏။

"ဦးလေးကြီးတို့နော်-၊ ခြေချော်မယ်၊ သတိထားသွား၊ အထမ်းကြီးလည်းမှောက်ကျသွားဦးမယ်။ သိပ်မြန်မြန်မသွားပါနဲ့၊ ဖြည်းဖြည်းနော်"

ကျွန်တော်ကအထမ်းပေါ်မှနေ၍ အောက်၌ အမော ဘကော ပြေးလိုက်နေရှာသည့် မစန္ဒာအား ကြည့်ပြီး သနားသွားမိရ၏။



အထမ်းသမားများသည် ကျွန်တော့်ကိုယ်ခန္ဓာကို သယ်ပြီးလျက် တောရိပ်တောင်ရိပ်ဖြင့် လရောင်ဝိုးဝါးကိုတစ်ထွက်သည်တစ်ကွက်အလင်းရောင်ကို အားပြုကာ အပြေးသွားနေကြသည်။

သို့နှင့်ကျိုက်ထီးရိုးတောင်ကျောတစ်လျှောက်ဝယ် တွံ့တေးသိန်းတန်သီချင်းတစ်ပုဒ်ပြီးတစ်ပုဒ် ပွဲတင်ရိုက်နေရင်း နောက်ဆုံး၌ ညဦးပိုင်းရှစ်နာရီခန့်အချိန်မှာ ကျိုက်ထီးရိုးရင်ပြင်တော်ပေါ်သို့ ကျွန်တော်ရောက်လာခဲ့ရတော့သည်။

သူတို့အထမ်းလုပ်ထားပုံမှာ လက်တန်းပါသော အဝတ်တပ် ပက်လက်ကုလားထိုင်ကို ဝါးလုံးရှည်ကြီးနှစ်ချောင်းဖြင့် ခိုင်ခံ့စွာ လျှိုထမ်းထားခြင်းဖြစ်၍ ကျွန်တော့်အဖို့ အခက်အခဲမရှိ သက်သောင့်သက်သာ ရှိပါ၏။

"အထမ်းပေါ်က လိမ်ကျမှာကိုပဲ စိတ်ပူတာ။ ရင်ပြင်တော်ပေါ်ရောက်မှ စိတ်အေးရတော့တယ်" ဟု မစန္ဒာကသက်ပြင်းချ၏။

ထိုနောက် သူက "နေရေးထိုင်ရေး စီစဉ်ဦးမှ" ဟု ဆိုက ကျိုက်ထီးရိုးရင်ပြင်တော်ပေါ်တွင် ဟိုမေးသည်စမ်းနှင့် လရော အောက်ဝယ် လှုပ်ရှားပြေးလွှားနေ၏။

အတန်ကြာမှ သူပြန်ပေါ်လာပြီး -

"အဆင်ပြေသွားပြီ။ အဆောင်ကောင်းကောင်း ရတ အဲဒီမှာက အိမ်မှာလိုအိမ်သာ၊ ရေချိုးခန်းမျိုးတွေဆိုတော့ အဆ ပြေတာပေါ့"

ယင်းအဆောင်၌ ကျွန်တော့်အတွက် အဆင်ပြေလှသည်မှာ ကျွန်တော့်ဘီးတပ်ကုလားထိုင်လေးနှင့် အိမ်သာ၊ ရေချိုးခန်း ဝင်ထွက်သွားလာနိုင်သည့်အပြင် ကျိုက်ထီးရိုးရင်ပြင်တော်ပေါ် လည်း အချိန်မရွေးလွယ်ကူစွာ လှည့်လည်သွားလာ၍ရ၏။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့သည် စေတီတော်အား ဝတ်ပြုပြီး ဟိုဟိုသည်သည် ဗေးမောရင်း စကားထိုင်ပြောနေမိကြသည်မှာ ညဉ့်နက်မှ အိပ်ရာဝင်ဖြစ်ကြရသည်။

**မင်းကြီးများ**

နောက်တစ်နေ့နံနက်စောစော အရုဏ်ဆွမ်းကပ်ပြီးချိန်၌ မနေ့ညက အထမ်းသမား (၄) ယောက်ထဲမှ နှစ်ယောက်ရောက်လာပြီး -

"ဒီဆရာကြီးကို လိုက်ပို့ပေးရမယ်ဆို" ဟု တစ်ယောက်ကပြော၏။

"ဟုတ်တယ်၊ ဘယ်လိုလိုက်ပို့ပေးမလဲ" ဟု မစန္ဒာက ပြန်မေးသည်။

"ဒီလိုလုပ်။ တောင်ပေါ်ပစ္စည်းသယ်တဲ့ အထမ်းခြင်းတောင်း တစ်လုံးခဏငှားပေး။ အဲဒီခြင်းတောင်းထဲမှာ ဆရာကြီးထိုင်လိုက်ခဲ့ပေါ့" ဟု အထမ်းသမားတစ်ယောက်က ပြောသည်။

ပစ္စည်းသယ်သောခြင်းတောင်းရှည်ရှည်တစ်လုံး ငှားလာပြီး ထိုထဲ၌ ကျွန်တော်ထိုင်လိုက်၍ အဆင်ပြေစေရန် အထမ်းသမားက ပြင်ဆင်ပေး၏။

သူတို့အထမ်းသမားများသည် ကလေးများကိုလည်း ယင်းကဲ့သို့ပင် ထိုခြင်းတောင်းထဲ၌ ထိုင်၍ဖြစ်စေ၊ မတ်တပ်ရပ်၍ဖြစ်စေ လိုက်ပါသယ်ယူနေကြစမြဲဖြစ်လေသည်။ ခြင်းတောင်းကို ပခုံးနှင့်ထမ်းခြင်းမဟုတ်ဘဲ ဦးခေါင်းပေါ်မှ ကြိုးနှင့်သိုင်း၍ ကျောပိုးသယ်သွားကြခြင်းဖြစ်၏။



သူတို့၏ ခြင်းတောင်းထဲ၌ ထိုင်၍ ကျွန်တော်လိုက်ပါရသည်မှာ အဆင်ပြေပါသည်။ အားလုံးသော မြင်ကွင်းများကိုလည်း အပေါ်စီးမှနေ၍ ကျွန်တော်က လွတ်လွတ်လပ်လပ် ကြည့်နိုင်၍ သက်သောင့်သက်သာလည်း ရှိ၏။ သို့သော် ဆင်စီးသလို လူစီးလာသည့်သဘောမျိုး ရှိနေ၏။

ထိုအတိုင်း ကျွန်တော့်အား ခြင်းတောင်းတွင်းထိုင်စေ၍ အထမ်းသမားက လှည့်လည်သွားလာသောအခါ လူငယ်ကောင်လေးများက နောက်ပြောင်သည့်သဘောဖြင့် အော်ကြသည်။

"မင်းကြီးများ. . ."

ကျွန်တော်လည်း ရယ်မောမိပါသည်။ ကျွန်တော်သည် ဇာတ်ပွဲထဲက ဘုရင်ကြီးတစ်ပါးတိုင်းခန်းလှည့်လည်သည့် ပုံစံမျိုး ဖြစ်နေသည်ထင်ပါသည်။

အထမ်းသမားသည် ကျွန်တော့်အား ခြင်းတောင်းဖြင့် သယ်ပိုး၍ ကျိုက်ထီးရိုးတောင်ပတ်ဝန်းကျင်အနိမ့်အမြင့်များ၌ ဟိုဟိုသည်သည် လိုက်လံပို့ဆောင်ပြသပေး၏။

**အသဲအေးစရာ**

အထမ်းသမားလိုက်ပို့သဖြင့် ကျောက်တောင်အောက် ချိုင့်ဝှမ်းတစ်ခုသို့ ရောက်သွားပြီး ကျောက်ဂူကြီးတစ်ခုထဲ၌ မျက်စိမှိတ်ငြိမ်သက်လျက် တရားစာများ ရွတ်ဆိုနေသည့် ပုဂ္ဂိုလ်အချို့ကို တွေ့ရလေသည်။ ထိုဂူထဲ၌ သာမန်လူအချို့လည်း ရှိနေကြ၏။

ထိုနေရာသို့ ရောက်ရသည်မှာ စိတ်ထဲတုန်လှုပ်ခြောက်ခြားဖွယ်ရှိရသည်။ လျှို့ဝှက်သဲဖို့ဆန်နေ၏။ ထိုမှလူအချို့က ကျွန်တော်တို့အား ထမင်းကျွေးနေသော်လည်း မစားဘဲ ကျွန်တော်တို့ပြန်ထွက်လာခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် အထမ်းသမား၏ အထက်အမြင့်မှနေ၍ လိုက်ပါလျက် တောင်ရိုးတစ်လျှောက် ကြည့်မိရာ အသဲအေးစရာ ကောင်းလှလေသည်။

အထမ်းသမား ခြေချော်သွားလျှင် မည်သို့ဖြစ်မည်နည်း။ အထမ်းသမားငုံ့သွားရမည့်နေရာ၌ ငုံ့မသွားမိ၍ အမြင့်မှလိုက်ပါလာသော ကျွန်တော်နှင့် အပေါ်က ကျောက်စွန်းတစ်ခုခုတိုက်မိလျှင် ကျွန်တော်တို့ကျွမ်းထိုးမှောက်ခုံဖြစ်ကုန်ပါက မည်သို့ရှိမည်နည်း စသဖြင့် ကျွန်တော်တွေးမိသော်လည်း လုပ်မိမှတော့ နောက်မဆုတ်ချင်တော့ပါ။

သို့သော် တစ်နေရာတွင်မူ ကျွန်တော်က တောင်အမြင့်ပေါ်မှ၊ မစန္ဒာက တောင်အနိမ့်နေရာမှ လှမ်းမြင်မိသောအခါ၊ ယင်းနေရာမှ ထိုးကျသွားလျှင် တွေးဝံ့စရာမရှိဟူသော အတွေးမျိုး မစန္ဒာ၌ ပေါ်လာဟန်ရှိပြီး-

"အထမ်းဦးလေးကြီး၊ တော်ပြီ၊ တော်ပြီ၊ ကျွန်မတို့ပြန်ကြမယ်။ မဖြစ်ဘူး။ ကျွန်မစိတ်ပူလာပြီ" ဟု ကုန်းအော်နေ၏။

တည်းခိုဆောင်သို့ပြန်ရောက်သောအခါ အထမ်းသမားအား ငွေငါးရာကျပ်ပေးလိုက်၏။ အထမ်းသမားပျော်သွားပုံရပါသည်။ သူသည် ထိုအချိန်အတောအတွင်း ကျွန်တော်နှင့်သာလိုက်ပါကူညီနေပါတော့၏။

အထမ်းသမားနှင့် နီးနီးကပ်ကပ် ကျွန်တော်ရှိမိသောအခါ သူတို့၏ဘဝတစ်စိတ်တစ်ပိုင်းများကိုလည်း စူးစမ်းမိရပါသည်။

သူတို့သည် အနယ်နယ်အရပ်ရပ်မှ ရောက်လာကြပြီး ခွန်အား စိုက်ထုတ်၍ စွန့်စားငွေရှာနေသူများ ဖြစ်လေသည်။ သည်နေရာတွင် ခွန်အားရင်း၍ အလုပ်လုပ်လျှင် ငွေရလွယ်သည် ဟူသော သဘောမျိုးဖြစ်၏။ အတော်အတန် ငွေစုဆောင်းမိ၍ သူတို့ရပ်ရွာသို့ ပြန်ကြသည်။ ငွေလုံးငွေရင်းရလိုသည့် မျှော်လင့်ချက်ဖြင့် မိမိရပ်ရွာ၊ မိမိ၏မိသားစုကို ခွဲခွာလျက် ပင်ပန်းကြီးစွာ ဤနေရာ၌ လာအလုပ်လုပ်နေကြရရှာသူများ ဖြစ်လေသည်။

ကျွန်တော်သည် ဘီးတပ်ကုလားထိုင်ဖြင့် အတော်အတန် ချမ်းအေးနေသည့် ကျိုက်ထီးရိုးရင်ပြင်ပေါ်တွင် နေရာအနှံ့ မိမိဘာသာ အချိန်ရှိတိုင်း လျှောက်သွားနေပြီး မြင်ကွင်းအမျိုးမျိုး၊ လူအမျိုးမျိုးတို့အား ကြည့်ရှုလေ့လာမိရ၏။ မိမိနှင့်ခင်မင်သိကျွမ်းသူများနှင့် တွေ့ဆုံမိလျှင်လည်း စကားစမြည်ပြောရင်းအချိန်ကုန်ရပါသည်။

ညပိုင်းလရောင်အောက်ဝယ် ကျိုက်ထီးရိုးစေတီတော်အား မျက်နှာမူရင်း မစန္ဒာနှင့် စကားထိုင်ပြောဖြစ်ရသည်မှာလည်း တစ်သက်မမေ့နိုင်မည့် ကြည်နူးဖွယ်ရာများ ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

## စည်ကားနေသော ကျွန်တော်တို့အိမ်ကြီး

ထိုအချိန်က ကျွန်တော်တို့အိမ်၌ စီးပွားရေးဖွံ့ဖြိုးမှု ကောင်းမွန်နေသဖြင့် အိမ်မှာ အမြဲတမ်း လူပရိသတ်များ စည်ကား လျက်ရှိ နေလေသည်။

အိမ်ခံအဖြစ် ကျွန်တော်တို့ညီအစ်ကိုမောင်နှမများအပြင် တစ်မိသားစုလျှင် နှစ်ယောက်သုံးယောက်ခန့် ပါဝင်သော ဆွေမျိုး သားချင်းမိသားစုနှစ်ခုသုံးခုခန့်ကလည်း အိမ်မှာပင် နေထိုင်လျက်ရှိ ၏။ အိမ်ရှိလူအားလုံးကို ကျွန်တော်တို့ကပင် ဒိုင်ခံကျွေးမွေးပြုစု ထားလေသည်။

မည်သူမဆို အချိန်မရွေး ကျွန်တော်တို့အိမ်သို့ ဝင်၍ ထမင်းစားလို့လည်းရ၏။ တည်းခိုနေထိုင်၍လည်း ရ၏။ ဖုန်းကို ပြောချင်တိုင်း ပြော၍လည်းရ၏။ ငွေလိုလျှင် အခြေအနေကြည့်၍ ချေးငှား၍လည်း ရနိုင်သေး၏။ လိုအပ်သည့်အကူအညီကို လိုသလို ရနိုင်လေ၏။

ကျွန်တော်သည် လွန်လေပြီးသော မိမိတို့၏ မိဘဘိုးဘွား လူကြီးသူမများ၏ ကောင်းမွန်သော လုပ်နည်းလုပ်ဟန်၊ စိတ်သဘော ထားများကိုလည်း လေ့လာ၍ လိုက်နာကျင့်ကြံနိုင်ရန် ကြိုးစားပါ သည်။





ကျွန်တော့်ဖခင်ကြီးသည် သူ့ဘဝထွန်းတောက်စဉ်ကာလ တစ်လျှောက်လုံး ဆွေမျိုးသားချင်း မိတ်ရင်းဆွေရင်းများအား သူတတ်အားသမျှ ကူညီစောင့်ရှောက်ဖေးမခဲ့သည်ကို ကျွန်တော် တို့တွေ့ခဲ့ရလေသည်။ ဖေဖေ၏ဦးလေး ဦးဘိုးဦးဆိုလျှင်လည်း ထိုသို့ပင် ဆွေမျိုးသားချင်းတို့၏ တာဝန်ကို သယ်ပိုးသွားသည်အား မြင်ခဲ့ရ၏။ ဖေဖေ၏မွေးစားဖခင်ကြီးဟု ဆိုလောက်သော ဆရာကြီး ဦးဇံသည်လည်း ထိုသို့ပင် သူ့အိမ်၊ သူ့ခြံ၊ သူ့အလုပ်များထဲ၌ ဆွေမျိုး သားချင်း၊ တူ၊ တူမတွေနှင့် တရုန်းရုန်းရှိခဲ့ပါ၏။

ကျွန်တော်တို့ရှေ့က သွားခဲ့သော ထိုလူကြီးသူမတို့၏ မွန်မြတ်သည့် စေတနာမျိုးကို မိမိတို့ခေတ်တွင်လည်း ထွန်းကားစေ ချင်ပါသည်။ ရှေးလူကြီးသူမများသည် ပေးလည်းပေး၏၊ ကျွေးလည်းကျွေး၏။ ရိုက်နှက်ဆုံးမတန်လျှင် ရိုက်နှက်ဆုံးမသေး ၏။ သြဇာလည်းရှိကြသည်။ ယခုသူအားလုံးက လေးစားရိုသေ ချစ်ခင်ခြင်းလည်း ရှိကြသည်။

### မိမိတို့ချင်း ချစ်ခင်ခြင်းမှ နိုင်ငံချစ်စိတ်သို့

ဖေဖေသည် ကျွန်တော်တို့ငယ်စဉ်က ညနေတိုင်း သားသမီးများကို ကားပေါ်တင်ခေါ်၍ ဆွေမျိုးသားချင်းတို့၏ အိမ်များသို့ ဘစ်နေ့လျှင် တစ်အိမ်ကျ သွားလာလေ့ရှိ၏။ သို့ဖြစ်၍လည်း ကျွန်တော်တို့သည် ဆွေမျိုးသားချင်း၊ ညီအစ်ကိုမောင်နှမဝမ်းကွဲ များနှင့် အကျွမ်းတဝင်ရှိခဲ့ရခြင်းဖြစ်လေသည်။

မိမိတို့၏ မိသားစုချင်း ချစ်ခင်မှ မိမိတို့အိမ်ကို ချစ်ခင်နိုင် မည်။ မိမိတို့အိမ်ကိုချစ်ခင်နိုင်မှ မိမိတို့၏ရပ်ရွာကိုချစ်ခင်နိုင်မည်။ မိမိတို့၏ရပ်ရွာကို ချစ်ခင်နိုင်မှာ မိမိတို့၏တိုင်းနိုင်ငံကိုချစ်ခင်နိုင်ပါ မည်ဟု ဖေဖေယူဆဟန်ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

နောင်အခါ ကျွန်တော်တို့ရန်ကုန်မြို့၌ အခြေကျလာသော အခါ ဖေဖေသည် တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်ဖြစ်စေ၊ အိမ်၌ အလှူလုပ်၏။ ဆွေမျိုးသားချင်း မိတ်ဆွေသင်္ဂဟအပေါင်းကို ဖိတ်ကြားကျွေးမွေးပြုစု၏။

"ရန်ကုန်မှာ လူမှုဆက်ဆံရေးဆိုတာ တစ်အိမ်နဲ့တစ်အိမ်၊ တစ်ယောက်နဲ့တစ်ယောက် တွေ့ဖို့ဆိုတာ အကြောင်းထူးကိစ္စ မရှိရင် သိပ်မလွယ်လှဘူး။ ဒီတော့-ခုလို အလှူလုပ်ပြီး လူစုမှ အချင်းချင်း တွေ့ရဆုံရကြုံရ စကားပြောရနဲ့ ခင်ခင်မင်မင်နေလို့ရနိုင်မှာပေါ့" ဟု ဖေဖေက ရှင်းပြတတ်၏။

သို့ဖြစ်၍ ဖေဖေကွယ်လွန်သွားပြီးသောအခါ ကျွန်တော်တို့သည် ဖေဖေဆုံးသည့် ဇူလိုင်လ၏ ပထမပတ်အတွင်း၌ ဖေဖေ့အတွက် ရည်စူးလျက် နှစ်စဉ်နှစ်တိုင်း အလှူအတန်းပြုရင်း ဖေဖေ့သဘောထားအတိုင်း ဆွေမျိုးသားချင်း မိတ်ဆွေသင်္ဂဟများ စုဝေးဧည့်ခံကျွေးမွေးပြုစုမိကြရ၏။ နှစ်ပေါင်းနှစ်ဆယ်ကျော်အစိတ်ခန့်တိုင် ယနေ့ထိ ကျွန်တော်တို့ မပျက်မကွက် ပြုမြဲပြုနိုင်ဆဲပင် ရှိပါ၏။

ယင်းသို့သော ဖေဖေဆုံးသည့်နှစ်ပတ်လည်ဆွမ်းကျွေး အလှူပွဲမှာပင်၊ မခေါ်မပြော စိတ်အခန့်မသင့်ရှိကြသည့် ညီအစ်ကို မောင်နှမ၊ ဆွေမျိုးသားချင်းများ၊ အသိမိတ်ဆွေများအချင်းချင်း တွေ့မိ ဆုံမိ စကားပြောမိကြရင်း စိတ်ပြေသွားကာ ပြန်လည် အဆင်ပြေသွားကြသောအဖြစ်များလည်း ရှိရပါသည်။ ယင်းသို့သော အဖြစ်အပျက်များကို တွေ့ကြုံရသောအခါ ဖေဖေ၏ အသိတရား နှင့် အမြော်အမြင်တို့အပေါ် လေးစားမိရ၏။

## သူများအာဝပြဿနာ ကျွန်တော်တို့ကိစ္စ

ကျွန်တော်ရေးခဲ့သော "မောင်စိန်ထွေး၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ" စာအုပ်၌ "တစ်ယောက်တည်းသော စာဖတ်ပရိသတ်" ဟူ၍ ကျွန်တော့်နှမ တစ်ဝမ်းကွဲ အဝင်း၏အကြောင်းပါဝင်ခဲ့လေ သည်။

သူသည် စာပေဗိမာန် ပြဇာတ်စာမူဆုကို ကျွန်တော်ရသည့် နှစ်မှာပင် အသက်အရွယ်ငယ်ငယ်၌ ဆုံးသွားခဲ့ရှာပါသည်။ သူ့၌ နားပြည်ယိုသည့် ဝေဒနာရှိခဲ့ရာမှ ဦးနှောက်သို့ ပိုးရောက်သွားပြီး ဦးနှောက်အမှေးပါးယောင်၍ ကွယ်လွန်သွားခြင်း ဖြစ်လေသည်။

သူကွယ်လွန်ချိန်၌ သူ့မှာ လူမမည်သမီးငယ်လေး နှစ်ယောက် ကျန်ရစ်၏။ ထိုကလေးငယ်နှစ်ယောက်ကို ကြည့်ရှုမည့် သူ မရှိဘဲ အခက်အခဲတွေ့နေချိန်၌-

"ကဲ- ကိုအုန်းကျော်၊ ဘာမျှ အားမငယ်နဲ့။ ကလေး နှစ်ယောက်ကို ကျွန်တော်တို့ဆီမှာပဲ ထားခဲ့။ ခင်ဗျားကတော့ အလုပ် ရှိရာ နယ်ကိုပဲ သွားပြီး အလုပ်ပြန်ဆင်းတော့ပေါ့။ ကလေးတွေ တာဝန် ကျွန်တော်တို့တာဝန်ထားလိုက်" ဟု ကျွန်တော်က လက်ဝင် ချလိုက်သောအခါ ထိုကလေးနှစ်ယောက်မှာ ကျွန်တော်တို့အိမ်၌ သောင်တင်သွားတော့၏။

နောင်မကြာမီ ကိုအုန်းကျော်သည်လည်း သူ့အလုပ်တာဝန် အရ ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာရလေသောအခါ သူတို့သားအဖ သုံးယောက်မှာ ကျွန်တော်တို့ အိမ်သားဖြစ်သွားရတော့၏။

တစ်ဖန် ညီမဝမ်းကွဲတစ်ယောက်သည် သူ့အလုပ်ရန်ကုန် မြို့သို့ ပြောင်းလာရသောအခါ ကျွန်တော်တို့အိမ်၌ လာနေ၏။ နယ်၌နေသော သူ့မိခင်နှင့်အတူနေသမီးက ရုတ်တရက်ဆုံးသွား

www.burmeseclassic.com

www.burmeseclassic.com

သောကြောင့် သူ့မိခင်သည်လည်း ကျွန်တော်တို့ အိမ်သို့ ရောက်လာရပြန်လေသည်။

ထိုနည်းမျိုးဖြင့် ကျွန်တော်တို့အိမ်ကြီးပေါ်၌ လူဦးရေများတိုးပွားနေရခြင်း ဖြစ်လေသည်။

သည်ကြားထဲ ခေတ္တကျောင်းလာတက်သော တူလေးတူမလေးများ၊ အလုပ်တာဝန်ကိစ္စအရ ခဏလာရောက်နေထိုင်သော အဒေါ်များ၊ ဦးလေးများနှင့် ကျွန်တော်တို့အိမ်တွင် လူစုံတက်စုံ ရှိနေလေသည်။

## တစ်လဘယ်လောက်ပေးရလဲ

အိမ်တွင်း၌ လူစုံလာသောအခါ အိမ်တွင်းရေးများလည်း ရှုပ်ထွေးလာရစမြဲ ဖြစ်၏။ ဆွေမျိုးအုပ်စု၊ ဟိုဖက်သည်ဖက် ဂိုဏ်းဂဏများ၊ မသင့်မတင့်မှုများ ရှိ၏။ မီးဖိုချောင်တွင်း တိုက်ပွဲများလည်း ရှိနေတတ်၏။

ကျွန်တော်ကမူ သူတို့နေရေးထိုင်ရေး စားမှုသောက်မှုများအား ယေဘုယျအားဖြင့် အဆင်ပြေအောင် စီစဉ်ဖန်တီးပေးထားသည်ကလွဲ၍ ကျန်ပြဿနာများကို မသိကျိုးကျွန်သာ နေလိုက်လေသည်။ ကျွန်တော်တို့စားသလိုစား၊ ကျွန်တော်တို့နေသလိုနေလျှင် မည်သူ့ကိုမဆို တာဝန်ယူထားလိုက်သလို ရှိပါ၏။

ရန်ကုန်မြို့သို့ အလုပ်တာဝန် ပြောင်းလာရ၍ အိမ်၌လာနေသော ညီဝမ်းကွဲအား သူ့အလုပ်ထဲမှ သူငယ်ချင်းက မေးသည်ဆို၏။

"ခင်ဗျားအဒေါ်အိမ်မှာ အခုနေတာ တစ်လဘယ်လောက်ပေးရသလဲ"

"တစ်ပြားမှ မပေးရပါဘူး"



"ဟင်- ဟုတ်လား၊ အံ့သြစရာပဲ။ ကျွန်တော်တောင် အဒေါ်အိမ်မှာနေတာ ကျွန်တော့်လခ တစ်ဝက်ပေးရတယ်" ဟု [illegible] သူငယ်ချင်းက ပြောသည်ဆို၏။

"ဟုတ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က အဒေါ်အိမ်မှာ အလိုပေးဖို့ မလိုပါဘူး။ အခုမှ မဟုတ်ဘူးလေ-။ ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားဘဝကတည်းက ဒီအဒေါ်ဆီမှာပဲ အိပ်စားနေလာခဲ့တာ" ဟု သူက ပြောပြလိုက်ရသည် ဆို၏။

## ကိုလေး၊ အဘ၊ ဥက္ကဋ္ဌတဲ့

ထိုအချိန်၌ ကျွန်တော့်အိမ်တွင် အိမ်ခံညီအစ်ကို မောင်နှမများက ကျွန်တော့်အား "ကိုလေး . . ."ဟု ခေါ်သလို၊ အိမ်ခံတူ၊ တူမလေးများကလည်း "အဘ- ဘဘထွေး" စသဖြင့် ခေါ်ကြသည့်နည်းတူ အလုပ်နှင့် ဆက်စပ်သူ အချို့ကလည်း "ဥက္ကဋ္ဌ. ." အစရှိသဖြင့် ခေါ်ဝေါ်သုံးနှုန်းကြသောကြောင့် အပြင်အချို့ကလည်း ထိုသို့ပင် ခေါ်ဝေါ်သုံးနှုန်းတတ်ကြ၏။

သို့နှင့် အပြင်လူအချို့သည် ကျွန်တော့်အမည်မှန်ကိုပင် မသိကြတော့ဘဲ "ဦးကိုလေး" ဟု ခေါ်သူကခေါ်၊ "အဘ. ." ဟူ၍ သုံးသူကသုံး "ဥက္ကဋ္ဌ. ."ဟု အမှတ်အသားပြုသူကပြုနှင့် ရှိနေရတော့သည်။ ကျွန်တော့်အိမ်တွင်ရှိသော အလုပ်သမားများကလည်း "ဦးစိန်ထွေး" ဟု မသုံးဘဲ "ကိုလေး. . အဘ. . ဥက္ကဋ္ဌ. ." ဟူ၍သာ သုံးမျိုးစလုံး သုံးကြ၏။

## သူတစ်ပါး မျက်စိအလင်းရစေဖို့

တစ်နေ့တွင် မစန္ဒာနှင့်ကျွန်တော်သည် အလုပ်[illegible] [illegible]ည်းတန်းဖက်သို့ ရောက်သွား၏။ မျက်စိရောဂါကု ဆေးတိုက်ကြီးတစ်ခု၏ ရှေ့၌ ကားကို ရပ်ထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်၌ ဆန္ဒတစ်ခု ရုတ်တရက်ပေါ်လာ၏။ အိမ်တွင်ရှိနေသော ဒေါ်လေးဒေါ်စောရင်၏ အတွင်းတိမ်မျက်စိကို အလင်းရသွားအောင် လုပ်ပေးချင်စိတ် ဖြစ်လာမိသည်။

"မစန္ဒာ- အဲဒီဆေးတိုက်မှာ မေးကြည့်စမ်း၊ မျက်စိတိမ်ခွဲရင် ဘာတွေလုပ်ရမလဲ၊ ဘယ်လောက်ကုန်ကျစရိတ် ရှိမလဲလို့-" ဟု ကျွန်တော်က စုံစမ်းခိုင်းလိုက်၏။

"စရိတ်ကတော့ သုံးသောင်းခွဲလောက် ကုန်မယ်တဲ့။ ကျန်တာတော့ ဘာပြဿနာ ဘာအခက်အခဲမှ မရှိပါဘူး။ ခုခေတ် တိမ်ရိုးရိုးခွဲတာတွေက သိပ်လွယ်ပါတယ်တဲ့" ဟု မစန္ဒာက ထိုဆေးတိုက်ကြီး၌ ဝင်ရောက်လေ့လာပြီးနောက် ပြန်လည်ပြောပြလေသည်။

သို့နှင့် ဒေါ်လေးဒေါ်စောရင်၏ မျက်စိဝေဒနာကို ခွဲစိတ်ကုသပေးလိုက်ပါသည်။

"ခွဲပြီးတာနဲ့ မြင်တာပဲနော်။ မျက်စိထဲမှန်ဘီလူးလေးထည့်ပေးလိုက်တော့ မျက်မှန်မပါဘဲတောင် အတော်မြင်တာပဲ" ဟု ဒေါ်လေးဒေါ်စောရင်က အားရဝမ်းသာ ပြောပြ၏။

မျက်စိပြန်လည်ကောင်းမွန်သွားသောကြောင့် ကျေနပ်အားရရှိနေသည့် ဒေါ်လေးအားကြည့်လျက် ကျွန်တော့်မှာ ထူးခြားသော ချမ်းသာကြည်နူးမှု ကြုံရသည့်အဖြစ်ကို ကျွန်တော်လက်တွေ့ခံစားရ၏။

ထိုနောက်တစ်ဖန် "မောင်စိန်ထွေး၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ" စာအုပ်၌ ပါဝင်သော "ရေနစ်ဖူးခြင်း" အကြောင်းအရာမှ အစ်မကြီးအုန်းကြည်၏ မျက်စိနှင့်ဒေါ်လေးဒေါ်မြသန်းတို့၏ မျက်စိဝေဒနာများကိုလည်း ကျွန်တော်စီစဉ်ခွဲစိတ်ကုသပေးခွင့်ကြုံ ခဲ့ရပါသည်။



ကျွန်တော်သည် သူတစ်ပါး၏ မျက်စိကို အလင်းရစေ၍ စိတ်ချမ်းသာစေလိုသော စေတနာမှတစ်ပါး အခြားမည်သည့် အကျိုးကျေးဇူးမျှ မမျှော်လင့်ခဲ့ပါ။ ကျွန်တော်သည်လည်း မကြာမီ ကာလအတွင်း ဆိုးဝါးသော အဖြစ်ဆိုးတို့ဖြင့် မိမိမျက်စိ၌ ကြုံလာရလိမ့်မည်ကိုလည်း မသိနိုင်ပါတကား။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၂)

## ကျွန်တော့်မျက်စိ ဒုက္ခပေးလေပြီ

ထိုနှစ်က ကျွန်တော်တို့ မြန်မာနိုင်ငံအပေါ်သို့ အပူလှိုင်းကြီး ဖြတ်သည်ဟု ပြောကြ၏။ ရန်ကုန်မြို့၌ ထိုနှစ်နွေရာသီသည် အလွန်ပူပြင်းလှသည်။

ပူလောင်လှသဖြင့် ကျွန်တော်သည် နေ့စဉ် နှစ်ကြိမ်သုံးကြိမ်ခန့် ရေချိုးလေ့ရှိပါသည်။

တစ်နေ့တွင် ကျွန်တော်သည် အကြောင်းကိစ္စတို့နှင့် မြို့တွင်း သွားပြီး အိမ်ရောက်သောအခါ ပူအိုက်လှသဖြင့် ညနေပိုင်း၌ ရေချိုးခန်းတွင်းသို့ ဝင်၍ ရေချိုး၏။

လုပ်နေကျထုံးစံအတိုင်း ကျွန်တော်သည် ဦးခေါင်းပေါ်မှ ရေပန်းဖွင့်ချ၍ အားရပါးရ ရေချိုးလိုက်သည်။ ထိုစဉ်မကြုံဖူးသည့် အဖြစ်တစ်ခုကို အမှတ်မထင် သိလိုက်၏။

ကျွန်တော့်ဦးခေါင်းပေါ်မှ ရေပန်းဖွင့်ချလိုက်သောအခါ ရုတ်တရက်ခေါင်းထဲ၌ ကျင်ခနဲ ဖြစ်သွားသည်ဟု ထင်လိုက်မိသည်။ စိတ်၌ လန့်သွားမိ၏။ ရေချိုးပြီးသောအခါ မျက်စိထဲသို့ ရေဝင်သောကြောင့် ကြည့်မကောင်းသလိုရှိနေသည်။ မျက်မှန်က ဖြစ်သည်ထင်၍ မျက်မှန်ကိုချွတ်ပြီး ခဏခဏအဝတ်စဖြင့် သုတ်နေမိသည်။





www.burmeseclassic.com

နောက်တစ်နေ့၌ ဝဲဖက်မျက်စိထဲမှာ အမှိုက်ဝင်နေသလိုလို နိုးလိုးခုလုနှင့် ကြည့်မကောင်းဘဲ ရှိနေလေသည်။

"မေမေရယ်၊ မျက်လုံးထဲ ဘာဝင်နေလဲမသိဘူး။ ကြည့်ပေးပါဦး" ဟု မေမေနှင့် အိမ်သားများအား ပြောရ၏။

မေမေလည်း ကျွန်တော့်မျက်စိကို ကြည့်သည်။ ညီမတွေလည်း ကြည့်သည်။ အိမ်သားများလည်း ကြည့်ပေးကြပါသည်။ သို့သော် ဘာမျှ မဖြစ်ကြောင်းပြောကြလေသည်။

"မျက်တောင်မွေးများ စိုက်နေတာလား" ဟု ကျွန်တော်က မေး၏။

"မဟုတ်ပါဘူး၊ ဘာမျှမတွေ့ပါဘူး" ဟု ဝိုင်းပြောကြသည်။

"ဒါဖြင့်လည်း မျက်စိနာချင်လို့ ထင်ပါရဲ့" ဟု ကျွန်တော်က ပြောပြီး ခပ်အေးအေးပင် နေလိုက်တော့သည်။

### ထူးခြားလာသော ဝဲဖက်မျက်စိ

ညပိုင်းတွင် မျက်စိထဲဝယ်အလင်းရောင်လေး တစ်ခု မျက်မှန်ပတ်လည်မှ ဖြတ်ဖြတ်သွားသည်ဟု မြင်မိသလိုရှိ၏။ ပိုးစုန်းကြူးလေးတစ်ကောင် ဟိုဟိုသည်သည် ပျံပြေးသွား သလိုလို အမှတ်တမဲ့ မြင်ယောင်သလိုရှိ၏။

နောက်၊ နေ့ခင်းပိုင်းမိမိဘီးတပ်ကုလားထိုင်၏ နောက်မှီကို လှန်ချပြီးအိပ်နေမိသည်။ အိပ်ရာမှ နိုးသောအခါ မျက်စိရှေ့ဝယ် ဆေးလိပ်မီးခိုးလေးများ လွင့်နေသည်ကို မြင်နေရ၏။ ရှေ့၌ ဘယ်ကဆေးလိပ်မီးခိုးတွေ ရောက်နေပါလိမ့်ဟူ၍ လက်ဖြင့် ယမ်းခပ်လိုက်၏။ မီးခိုးများက ပျောက်မသွားသောအခါ အံ့အားသင့်သွားရတော့၏။

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့မှာမူ အလင်းဖက်သို့ ကြည့်လိုက်လျှင် လေထဲ၌ ပြာမှုန်လေးများလွင့်နေသည်ကို မြင်လာရပြန်၏။

သို့နှင့်လေးငါးရက်ခန့် အချိန်အတောအတွင်းမှာပင် ကျွန်တော့် ဝဲဖက်မျက်စိ၏ မြင်ကွင်းထဲမှာ အမဲရောင် တစ်စုံတစ်ခု အနည်းငယ်ကွယ်လာသလိုလို ရှိလာပါသည်။

မိမိမျက်စိ၌ တစ်စုံတစ်ခု ဖြစ်ပြီဟု ကျွန်တော်တွေးဆမိလာ၏။

"တို့မျက်စိတော့ တစ်ခုခုဒုက္ခပေးပြီထင်တယ်။ မျက်စိဆရာဝန်ပြမှ ဖြစ်တော့မယ်။ အဲဒါ မျက်စိဆရာဝန်ပြဖို့ စီစဉ်ပေးပါဦး" ဟု မစန္ဒာထံ ဖုန်းလှမ်းဆက်ပြောလိုက်၏။

အတန်ကြာသောအခါ မစန္ဒာရောက်လာသည်။

"အားလုံးဖုန်းနဲ့ စုံစမ်းကြည့်ပြီးပြီ" ဟု မစန္ဒာက ဆို၍ အကျိုးအကြောင်းတွေ ပြောပြသည်။

နာမည်ကျော် မျက်စိအထူးကု ဆရာဝန်ကြီးရှိရာ ဆေးတိုက်ကြီးသို့ ဆက်သွယ်ကြည့်ရာ အဆင်မပြေခဲ့ကြောင်း၊ ယခု အပတ်အတွင်း လူနာတွေများပြားနေသောကြောင့် ကျွန်တော့်အတွက် ရက်ချိန်းမရနိုင်ဟု ဆိုပါသည်။

အကယ်၍ခွဲစိတ်ကုသရမည်ဆိုပါကလည်း ဆရာဝန်ကြီးမှာ နိုင်ငံခြားသို့ ခေတ္တသွားရန်ကိစ္စရှိနေသဖြင့် နောက်တစ်လကြာမှ လူနာစာရင်း သွင်းခွင့်ရနိုင်မည့်အကြောင်း မစန္ဒာထံမှ သိလိုက်ရ၏။

ကျွန်တော်စိတ်မကောင်း ဖြစ်သွားမိပါသည်။

"ကဲ- ဒီလိုနေလို့တော့ ဘယ်ဖြစ်မလဲ။ မြို့ထဲမှာပဲ အဆင်ပြေတဲ့ ဆရာဝန်တစ်ဦးဦးနဲ့ ပြကြည့်ကြတာပေါ့။ ကိုယ့်မျက်စိ ဘာဖြစ်



သလဲသိရမှ လိုအပ်တာ လုပ်ကြတာပေါ့" ဟု မစန္ဒာကပြောပြီး သူ့ကားဖြင့် ကျွန်တော့်အား တင်ခေါ်ကာ မြို့ထဲရှိ အခြားဆေးတိုက်ကြီး တစ်တိုက်သို့ လာခဲ့၏။

ကျွန်တော်သည် မိမိပတ်ဝန်းကျင်ရှိ လူများအား မျက်စိဝေဒနာများ ကုသပေးဖူးပြီးဖြစ်၍၊ မိမိမျက်စိသည်လည်း ထိုသို့ပင် ကုသပျောက်ကင်းလိမ့်မည်ဟု စိတ်ချယုံကြည်နေ၏။ စိတ်၌ စိုးရိမ်ပူပန်မှု မရှိပေ။ သိပ်ကြီးကြီးကျယ်ကျယ် ဆိုးဆိုးဝါးဝါး အခြေအနေမျိုး ရှိလာလိမ့်မည်ဟုလည်း လုံးဝ မထင်မိပါ။

ထို့ကြောင့် မည်သည့် ဆရာဝန်နှင့်ပင်ဖြစ်စေ၊ ကြုံရာ ဆရာဝန်နှင့်သာ ပြလိုက်တော့မည်ဟု စိတ်ကူးထား၏။

**ခေတ်လိုက်တဲ့ဆရာဝန်ကြီး**

ထိုဆေးတိုက်ကြီးမှ ဆရာဝန်ကြီးက ကျွန်တော့်အား-

"ဘာဖြစ်သလဲ"

ကျွန်တော်က မိမိမျက်စိ၌ ဖြစ်ပေါ်လာသည့် အဖြစ်အပျက်များကို သတိပြုမိသမျှ အသေးစိတ်ပြောပြပါသည်။ တိတိကျကျ ပြောပြနိုင်လေလေ၊ ဆရာဝန်က မိမိရောဂါ ဝေဒနာကို အမှန်ကန်ဆုံး ခန့်မှန်းနိုင်လေလေ ဖြစ်ကြောင်း ကျွန်တော် နားလည်ထားမိပါ၏။

ဆရာဝန်ကြီးသည် ကျွန်တော်ပြောသမျှကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။ ကျွန်တော့်စကားဆုံးသောအခါ ဘာစကားမျှပြန်မပြောဘဲ ခေတ္တမျှ ငြိမ်သက်သွားလေသည်။

ထို့နောက် ဆရာဝန်ကြီးသည် ဆေးခန်းနံရံပေါ်၌ ချိတ်ဆွဲထားသည့် မျက်စိပုံ ရောင်စုံကားချပ်ကြီးပေါ်သို့ လက်ညှိုးထောက်ပြလျက်-

www.burmeseclassic.com

www.burmeseclassic.com


"ခင်ဗျား မျက်စိက ဒီ အမြှေးလွှာ ကွာတာဖြစ်လိမ့်မယ် ထင်ပါတယ်"

ကျွန်တော်တို့ မျက်စိတို့သာမန်အားဖြင့် အပြင်ဖက်က ဖုံးအုပ်ထားသည့် မျက်ကြည်လွှာ၊ ထိုနောက်မှန်ဘီလူးလို အရာမျိုး ထိုမှ ပုံရိပ်ထင်စေသော ရုပ်ရှင်ပိတ်ကားကဲ့သို့သော အမြှေးလွှာ စသဖြင့် ရှိ၏။ ယင်းအမြှေးလွှာ၌ ထင်လာသည့် ပုံရိပ်ကို အာရုံကြော များမှတစ်ဆင့် ဦးနှောက်သို့ ဆက်သွယ်ပေးပြီး ပြင်ပလောကရှိ အရာအားလုံးကို ကျွန်တော်တို့ မြင်စေ၊ သိစေရခြင်း ဖြစ်လေသည်။

မျက်ကြည်လွှာကို ကွယ်လွန်သူမှ ရယူပြီး မျက်စိဝေဒနာ ရှင်ထံ အစားထိုးကုသပေးလျှင်၊ ပင်ကိုမျက်စိအတိုင်း ပြန်လည် ကောင်းမွန်သွားလေ့ရှိ၏။

မျက်စိအတွင်းတိမ်ရောဂါကိုမူ ဓာတုဗေဒပစ္စည်းလေး ဖြစ်သည့် မှန်ဘီလူးလေးဖြင့် အစားထိုးပေးလိုက်ခြင်းဖြင့် ရာခိုင်နှုန်း ပြည့်နီးပါးပင် ပင်ကိုမျက်စိအတိုင်း ပြန်လည်ကောင်းမွန်သွားခြင်း ဖြစ်၏။ ရေတိမ်ရောဂါဖြစ်လျှင်လည်း မျက်လုံးထဲရှိရေများကို ထုတ် ပစ်ခြင်းဖြင့် မျက်စိဝေဒနာ သက်သာပျောက်ကင်းနိုင်ပါ၏။

**မကြားသိဖူးသေးသောရောဂါ**

ကျွန်တော့်ပတ်ဝန်းကျင်ရှိဆွေမျိုးသားချင်း အသိမိတ်ဆွေ တို့၏ မျက်စိရောဂါများတွင်လည်း များသောအားဖြင့် ကုသ၍မ ကောင်းမွန်ပျောက်ကင်းခြင်း မရှိဟူသည့် မျက်စိဝေဒနာမျိုး မကြား ခဲ့ရဖူးသေးချေ။

ယခုကျွန်တော့်မျက်စိရောဂါမှာ တစ်မျိုးဖြစ်နေလေပြီ။ မကြား မကြားဖူး၊ မသိဖူးသေးသော ရောဂါမျိုး ဖြစ်နေလေသည်။ များသော အားဖြင့် ကြားဖူးနားဝ ရှိနေရသည်မှာ အတွင်းတိမ်ရောဂါ၊ ရေတိမ် ရောဂါစသဖြင့်သာ ရှိ၏။

"ဆရာက တော်လိုက်တာ၊ ပြောပြရုံနဲ့ ကျွန်တော့်မှာ ဖြစ်တာဘာရောဂါဆိုတာ တန်းပြောနိုင်တယ်နော်-" ဟု ကျွန်တော် က ဆရာဝန်ကြီးအား ချီးကျူးမိ၏။

သူကလည်း-

"ခင်ဗျားဟာ ကိုယ့်ကိုယ်ကို သိပ်သတိရှိတယ်။ ရောဂါကို စမ်းသပ်မကြည့်ရသေးခင်မှာပဲ ဘာရောဂါဆိုတာ မှန်းဆနိုင် လောက်အောင် ပြောပြနိုင်ပါပေတယ်။ ဟုတ်ပါတယ်။ လူနာဟာ အဖြစ်အပျက်အချက်အလက်တွေ ပြည့်ပြည့်စုံစုံပြောပြနိုင်လေ၊ ရောဂါရှာဖွေရာမှာ အထောက်အကူ ရလေပါပဲ"ဟု ပြောလေသည်။

ဆရာဝန်ကြီးသည် ကျွန်တော့်မျက်စိအား အပေါ်ယံအား ဖြင့် ခေတ္တမျှ စစ်ဆေးကြည့်ရှုပြီး-

"မျက်လုံးအတွင်းပိုင်းကို စစ်ဆေးကြည့်လို့ ရအောင် သူငယ်အိမ်ကျယ်စေတဲ့ မျက်စဉ်းခတ်ထားပေးမယ်။ သူငယ်အိမ် ကျယ်လာအောင် ခဏစောင့်နော်"

ကျွန်တော့်မျက်စိအား မျက်စဉ်းဆေးခတ်ထားပေးပြီး ခေတ္တမျှ အနားပေးစောင့်ဆိုင်းနေစေလေသည်။

**အားလုံးကို ခွဲခိုင်းနေသော ဆရာဝန်ကြီး**

ကျွန်တော်စောင့်နေရစဉ်အတော်အတွင်းမှာပင် ဆရာဝန် ကြီးသည် အခြားလူနာခုနစ်ယောက်၊ ရှစ်ယောက်ခန့်အား ကျွန်တော့်ရှေ့မှာပင် ဆက်လက်၍ စစ်ဆေးကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

ယင်းလူနာအားလုံးလိုလိုလောက်ပင် ရိုးရိုးတိမ်စွဲရောဂါသည်မျ ဘ ဖြစ်ကြသဖြင့်-

"ခွဲရမယ်နော်-၊ ခွဲလိုက်ပါ" ဟူ၍သာ ဆရာဝန်ကြီးက တိုက်တွန်းပြောဆိုနေခြင်းများကို မြင်တွေ့နေရလေသည်"

အချို့လူနာများက-

"မခွဲချင်ဘူးဆရာ။ ကြောက်တယ်။ မျက်စဉ်းပဲ ခတ်လို့ မပျောက်နိုင်ဘူးလားဟင်။ မျက်မှန်ကိုပဲ လဲလိုက်လို့ရော မရဘူးလား ဆရာ"

"မျက်မှန်လဲတပ်လဲ မထူးဘူး။ မျက်စဉ်းခတ်ရုံနဲ့လဲ မရဘူး။ ခွဲလိုက်မှ ကောင်းသွားမှာ။ ခုခေတ်မျက်စိတိမ်ခွဲတယ် ဆိုတာ ဘာမျှအပန်းမကြီးပါဘူး။ ကြောက်စရာလဲ မရှိဘူး။ ခွဲတာ တစ်ဆယ့်ငါးမိနစ်လောက်ပဲ ကြာတာမျိုး။ ခွဲပြီးရင် တချို့ဆို မျက်မှန် မပါဘဲကို အတော်ကောင်းတာ။ တခြားအဖွေအထူးရောဂါ မရှိရင် လူနာတိုင်း မျက်စိလုံးဝ ပြန်ကောင်းသွားကြတာချည်းပါပဲ" ဟူ၍ ဆရာဝန်ကြီးက ရှင်းပြလေသည်။

နောက်- ကျွန်တော့်အလှည့်သို့ ရောက်သောအခါ ဆရာဝန်ကြီးသည် သေချာစွာ စစ်ဆေးစမ်းသပ်ပြီး-

"ဟုတ်တယ်။ ခင်ဗျားရဲ့မျက်စိအမြင်လွှာ ကွာတာပဲ" ဟု ဆိုတာ ငြိမ်သက်နေ၏။

ဆရာဝန်ကြီးက ငြိမ်သက်နေ၍ ကျွန်တော့်မှာ တုန်လှုပ်ချောက်ချားသွားရပါလေပြီ။

**ကောင်းဖို့မသေချာ**

ကျွန်တော့်စိတ်ဆန္ဒ၌ ဆရာဝန်ကြီးသည် စောစောက လူနာများအား ပြောဆိုတိုက်တွန်းနေသလို- "ခွဲလိုက်ပါ ကောင်းသွားမှာပါ" စသဖြင့် ပြောစေချင်နေပါ၏။



ထိုသို့ပြောလာလျှင် ကျွန်တော်သည် **စိုးရိမ်တုန်လှုပ်မှု** မရှိဘဲ ယုံကြည်စိတ်ချစွာ-

"ခွဲမယ်ဆရာ-" ဟု အားတက်သရော ပြောလိုက်မိပါမည်။

ယခုမူ ယင်းသို့ ပြောဆိုတိုက်တွန်းခြင်းမျိုး အလျဉ်းမရှိဘဲ လုံးဝငြိမ်သက်နေသဖြင့် ကျွန်တော့်ရင်သည် ပူလောင်လာရပါတော့၏။ မိမိမျက်စိရောဂါမှာ ကုသမရနိုင်တော့မည့် ဝေဒနာမျိုးလေလား. . ။

ကျွန်တော်တို့ မြန်မာစာပေများ၌ စိတ်နှလုံးပြင်းထန်စွာ တုန်လှုပ်ချောက်ချားခြင်းအပေါ် တင်စားဖော်ပြရာတွင် "ကမ္ဘာမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်လည်သွားသည်" ဟူ၍ ဖွဲ့သည်ကို တွေ့ရဖူးပါသည်။

ယခုတကယ်ပင် ကျွန်တော်သည်လည်း ကမ္ဘာမြေကြီး အိုးထိန်းစက်ကဲ့သို့ လည်ရုံမျှမက ကျွမ်းထိုးမှောက်ခုံပင် ဖြစ်ရလေပြီ။

မိမိကိုယ်မိမိ တည်ငြိမ်အောင်ကြိုးစားလျက် စိတ်အားတင်းကာ ဆရာဝန်ကြီးအား-

"အဲဒီလိုဆို- ကျွန်တော်ဘာလုပ်ရပ့်မလဲ ဆရာ။ ကျွန်တော့်ကို အကြံဉာဏ်ပေးပါဦး ခင်ဗျာ-" ဟု ငိုသံမပါအောင် ထိန်းထားပြီး ပြောရ၏။

ဆရာဝန်ကြီးမှာလည်း ကျွန်တော့်အတွက် စိတ်မကောင်းဖြစ်နေဟန်ရှိ၏။ သူသည် ခဏမျှ တွေဝေစဉ်းစားနေပြီးနောက် ဖြည်းလေးစွာ ချိန်ချိန်ဆဆပြော၏။

"အင်း- ဒါမျိုးက မြန်မာပြည်မှာ ကုရင်တော့ ပြန်ကောင်းဖို့ မသေချာလှဘူး။ ကောင်းချင်လဲ ကောင်းမယ်၊ မကောင်းချင်လဲ မကောင်းဘူးပေါ့၊ ကောင်း- မကောင်း ဆိုတာ ... ရာခိုင်နှုန်းစီပါပဲ။ အဲ- စင်ကာပူမှာ သွားကုရင်တော့ ကောင်းနိုင်ပါတယ်"

www.burmeseclassic.com

ကံဆိုးမိုးမှောင်လေလား

ကျွန်တော်သည် လူ့လောကသို့ ရောက်ရှိလာပြီးသည့်နောက်၊ မိမိ၏အသိတရား၊ မိမိ၏စိတ်ဓာတ်တို့ဖြင့် မိမိသည် လူ့လောကရှိ လူတစ်ယောက်အဖြစ် လူ့လောကၢ အသုံးဝင်အောင် လူ့လောကၢ အကျိုးရှိအောင်၊ လူ့လောကၢ တန်ဖိုးရှိသော လူတစ်ယောက်ဖြစ်အောင် ကြိုးပမ်းအားထုတ်လုပ်ကိုင် စွမ်းဆောင်နေပါသည်ဟု ဆိုစေဦးတော့..၊ တကယ်စင်စစ်မှာမူ ကိုယ်လက်မသန်စွမ်းသော ဒုက္ခိတ တစ်ဦးသာဖြစ်ပါ၏။

လူ့ဘဝ၌ သာမန်လူတစ်ဦးအနေဖြင့်ပင် မိမိဘဝမိမိ ရပ်တည်ရေးအတွက် စွမ်းဆောင်ရာတွင် ဒုက္ခအမျိုးမျိုး၊ အခက်အခဲအမျိုးမျိုး တွေ့ကြုံတတ်ကြရစမြဲ ရှိပါ၏။

ကျွန်တော်ကဲ့သို့သော လူသာမန်တစ်ယောက်အဆင့် မရှိသည့် လူတစ်ယောက်အဖို့ လောက၌ဘဝအခက်အခဲအမျိုးမျိုး၊ ဒုက္ခအမျိုးမျိုး တွေ့ကြုံရသည်ကား မဆန်းလှသောဖြစ်ရိုး ဖြစ်စဉ် သဘာဝ တစ်ခုပင် ဖြစ်ပါလိမ့်မည်။

သို့သော်- ယခုအခါ မိမိသက်တမ်းတစ်လျှောက် ယင်းသို့သော အခက်အခဲ၊ ဒုက္ခများကို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ပြီဖြစ်စေ၊ နောက်ထပ်တစ်ဖန် ကိုယ်လက်မသန်စွမ်းရုံတွင်မက မျက်စိအမြင်အာရုံပါ ချို့ယွင်းချက် ထပ်မံကြုံတွေ့လာရလိမ့်မည်ဆိုပါလျှင် ကျွန်တော့်ဘဝရှေ့ခရီးဝယ် မည်သို့ ရှိလေမည်နည်း။

ရင်လေးဖွယ် ကောင်းလှ၏။ မတွေးဝံ့စရာပါတကား။ ကျွန်တော့်ဘဝသည် ပိုမိုနက်ရှိုင်းသော ကံဆိုးမိုးမှောင်ခြင်းနှင့် ကြုံရပါလေပြီလား။



သို့ဖြစ်၍ ကျွန်တော့်မျက်စိအမြင်အာရုံနှင့်ပတ်သတ်၍ ဆုံးရှုံးခံရန် မဖြစ်နိုင်ပါ။ ဖြစ်သည့်နည်းဖြင့် မိမိမျက်စိဝေဒနာကို ကုသရပါလိမ့်မည်။

ဆရာဝန်ကြီးပြောသလို စင်ကာပူသို့ သွား၍ကုသရန်လည်း စဉ်းစားကြည့်ပါ၏။ ကျွန်တော်ကဲ့သို့ ကိုယ်အင်္ဂါမသန်စွမ်းသူ တစ်ဦးအဖို့ ရေခြားမြေခြား ဝေးဝေးလံလံ ခရီးသွား၍ ဆေးကုသခံရမည်မှာ လက်တွေ့အားဖြင့် ပြောသလောက် မလွယ်ကူနိုင်ပါ။

**စီးပွားရေး ရပ်တည်မှု သဘောတရား**

ငွေရေးကြေးရေးစရိတ်ကုန်ကျမှု၌လည်း စင်ကာပူသွား၍ ဆေးကုသလျှင် ငွေသိန်းသုံးဆယ်ကျပ်ခန့် အနည်းဆုံးကုန်နိုင်သည်ဟု ကြားဖူးနားဝရှိ၏။

ယခုအခါ ကျွန်တော်တို့မိသားစုသည် မော်တော်ကား အလုပ်ရုံမှ ရရှိသည့် ဝင်ငွေဖြင့် မီးဖိုချောင်စရိတ်ကို ရပ်တည်ထားခြင်းဖြစ်သည်။ ထိုမှတစ်ဖန် အခြားအခြားသော ဝင်ငွေရနိုင်ကောင်းသည့် ခေတ်အလျောက် စီးပွားရေးကိစ္စများလုပ်ကိုင်ရာ၌ ငွေမည်မျှပင်လည်ပတ်နေသည်မှန်စေ၊ မိမိရင်းနှီးလုပ်ကိုင်နေသော ငွေပမာဏမှာ ငွေကျပ် သိန်းသုံးဆယ်ဝန်းကျင်ခန့်သာ ရှိနိုင်ပါသည်။

ယင်းအရင်းအနှီးငွေကို ကျွန်တော့်မျက်စိကုသရေး၌ သုံးပစ်၍ ကုန်သွားလျှင်ကျွန်တော်တို့မိသားစု၏ စီးပွားရေးရပ်တည်သည်ပတ်မှု အခက်အခဲဖြစ်နိုင်ပါမည်။

ဖေဖေသည် လုပ်ငန်းကြီးကြီးကျယ်ကျယ်တွေ လုပ်ကိုင်ခဲ့သည်မှန်သော်လည်း မိမိငွေရင်းငွေနှီးကို ကြီးကြီးမားမားထားသော ရှိပေ။ ဝင်ငွေထွက်ငွေကိုမျှတအောင် စာရင်းပြုထားသုံးစွဲ

www.burmeseclassic.com

www.burmeseclassic.com

သွားပြီး၊ စုဆောင်းပိုလျှံလာသည့်ငွေများကို အမာခံပစ္စည်းများဖြင့် လဲလှယ်စုဆောင်းထားလေ့ရှိ၏။

နေ့စဉ် ဝင်ငွေ၊ လစဉ်ဝင်ငွေ၊ နှစ်စဉ်ဝင်ငွေသည် နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ထွက်ငွေများထက် အမြဲပိုလျှံနေလျှင်၊ ယင်းပုဂ္ဂိုလ်၊ ယင်းမိသားစုသည် တစ်နေ့တခြား စီးပွားတိုးတက်လျက် ပိုမိုချောင်လည်ပြည့်စုံလာမည်။ ယင်းသို့မဟုတ်ဘဲ ထွက်ငွေက ဝင်ငွေထက် ပိုများနေလျှင်မူ၊ ယင်းပုဂ္ဂိုလ်၊ ယင်းမိသားစုသည် တစ်နေ့တခြား ပို၍ပို၍ ကျပ်တည်းဆင်းရဲနိမ့်ကျသွားလိမ့်မည်။

ဤသဘောကို ချိန်ဆလျက် မိမိဘဝ၌ ငွေကြေးစနစ်ရပ်တည်သုံးစွဲသွားရသည်ဟု ဖေဖေကနည်းလမ်းပေးခဲ့လေသည်။

**ငွေသိန်းသုံးဆယ်**

သို့ဖြစ်၍ ဖေဖေကွယ်လွန်ပြီးသောကာလ၌ ပိုကျန်ရစ်သည့် ငွေကြေးဖြင့် ညီငယ်နှင့် ညီမငယ်နေထိုင်နိုင်ရန် စမ်းချောင်းပုသိမ်လမ်း၌ အိမ်တစ်လုံးထပ်မံဝယ်ယူခြင်းဖြင့် ငွေပိုငွေလျှံများကို သုံးစွဲခဲ့ပြီးဖြစ်၏။

ကျွန်တော်သည် ဖေဖေကဲ့သို့ပင် ဝင်ငွေ၊ ထွက်ငွေများကို စာရင်းဇယားဖြင့် ချိန်ဆလျက် မိမိအိမ်၏ စီးပွားရေးအဆင့် နိမ့်ကျမသွားစေအောင်သာ အစိကသတိထား ထိန်းသိမ်းလေသည်။

မိမိနှင့် လာရောက်ပူးပေါင်းလုပ်ကိုင်သူ ညီအစ်ကိုမောင်နှမဆွေမျိုးသားချင်း မိတ်ဆွေသင်္ဂဟများအား သူတို့အကျိုးခံစားသင့်ခံစားထိုက်သမျှကို တရားမျှတမှုရှိအောင် စီစဉ်လုပ်ကိုင်ခဲ့၏။



ငွေရင်းပါဝင်လျှင် ငွေရင်းအချိုးအစားအလိုက်၊ ငွေရင်းမပါဘဲ လူ၏စွမ်းဆောင်မှုဆိုလျှင်လည်း သူ့စွမ်းဆောင်မှုအနေအထားအလိုက် မျှတအောင် ခွဲဝေ၏။

သို့ပါ၍ ထိုအချိန်က ကျွန်တော့်လက်ထဲ၌ ငွေမည်မျှပင်ရှိပါစေ၊ မိမိကိုယ်ပိုင်သုံးစွဲပိုင်ခွင့်ရှိသော ငွေအင်အားမှာငွေကျပ်သိန်းသုံးဆယ်ခန့်သာရှိပါလိမ့်မည်။ ထိုငွေကို ကျွန်တော့်မျက်စိကုသရေး၌ သုံးစွဲပစ်ရန် ဝန်လေးနေမိ၏။ သို့နှင့် -

"ဆရာရယ်. . .၊ ကျွန်တော့်မှာ စင်ကာပူမှာ ကုဖို့တတ်နိုင်တယ်ပဲထားဦး၊ ခြေလက်မသန်စွမ်းတဲ့ လမ်းမလျှောက်နိုင်တဲ့ သူတစ်ဦးအတွက် နိုင်ငံကူးသွားပြီး ဆေးကုသခံဖို့ဆိုတာ အသေးစိတ်တွေးကြည့်ရင် မလွယ်ကူဘူးထင်ပါတယ်။ ကိုယ့်နိုင်ငံမှာပဲ ကုလို့ဖြစ်နိုင်မယ်ဆိုရင် ကုပေးပါလား ဆရာရယ်။ တတ်နိုင်သလောက်စီစဉ်ပေးပါ။ အကြံဉာဏ်လဲ ပေးပါဆရာ။ ခြေလက် မသန်စွမ်းလို့ တွန်းလှည်းနဲ့ ဘဝရပ်တည်ရတဲ့သူဆိုတော့ အခုလို မျက်စိကပါ ထပ်ချို့ယွင်းသွားခဲ့ရင် ကျွန်တော့်ဘဝတော့ ဒုက္ခပါပဲ"

ဆရာဝန်ကြီးမှာလည်း ခေါင်းတညိတ်ညိတ်ရှိရှာပါ၏။

"အင်း. . .ဟုတ်ပါတယ်။ ခင်ဗျား မျက်စိအခြေအနေကလည်း ခုချက်ချင်း ကုနိုင်ပါမှ မျှော်လင့်နိုင်ပြီး ကောင်းနိုင်မှာမို့ အချိန်ကြာနေလို့မဖြစ်ဘူး။ ကျွန်တော့်တို့နိုင်ငံမှာ ဒီဝေဒနာမျိုးခွဲစိတ်ကုသပေးနိုင်တာ ဆရာဝန်-လေးငါးယောက်လောက်ထက် မပိုဘူးထင်ပါတယ်။ ဘယ်ပုဂ္ဂိုလ်မှ ဒီမျက်စိဝေဒနာမျိုး ကုသရာမှာ ပိုင်နိုင်သေချာလှတယ်တော့ မဟုတ်သေးပါဘူး။ အောင်မြင်မှုသေချာအောင် ကြိုးပမ်းနေကြတုန်း အဆင့်ပဲရှိကြပါတယ်၊ အခု

www.burmeseclassic.com

www.burmeseclassic.com

အခါ အတတ်ပညာပိုင်းမှာ လုံလောက်စေဦးတော့ ခွဲစိတ်မှုအတွက် လိုအပ်တဲ့ ကိရိယာတန်ဆာပလာတွေအပိုင်းမှာ မပြည့်စုံနိုင်သေးတာအဓိကပါပဲ"

"ကောင်းပါပြီဆရာရယ်။ ကျွန်တော်လည်း မကြံတတ်တော့ပါဘူး။ ဆရာ့ကိုပဲအားကိုးပါတယ်။ ဖြစ်နိုင်သမျှ ဆရာပဲ ကျွန်တော့်အတွက် စီစဉ်ပေးပါတော့"ဟု ကျွန်တော်ကအံကြိတ်စိတ်တင်းလျက် ပြောမိပါသည်။

မစန္ဒာကား ကြိတ်၍ရှိုက်ငိုနေပါလေပြီ။

**လင်းဆွဲကဲ့သို့**

ဆရာဝန်ကြီးသည် တယ်လီဖုန်းကို ကောက်ကိုင်လိုက်၏။ ထိုနောက် တယ်လီဖုန်းမှ အခြားသောတစ်စုံတစ်ဦးနှင့် ဆက်သွယ်စကားပြောဆိုနေ၏။ အတန်ကြာ တယ်လီဖုန်းပြောပြီးမှ ဆရာဝန်ကြီးက-

"အခု-မျက်စိအထူးကုဆရာဝန်ကြီးတစ်ဦးနဲ့ ဆက်သွယ်ကာပါ။ သူက ခင်ဗျားမျက်စိကို မနက်ဖြန်နံနက်မှာ ခွဲပေးပါလိမ့်မယ်။ စင်ကာပူမှာ ဒီလိုခွဲစိတ်မှုဘာသာရပ်ကို အထူးပြုသင်ယူလေ့ကျင့်ခဲ့တဲ့ ဆရာဝန်မတစ်ဦးပါပဲ။ မနက်မှာ ခွဲစိတ်နိုင်အောင် လိုအပ်တဲ့ ဆေးစစ်မှုတွေ အခုပဲ ခင်ဗျားလုပ်ထားပေါ့။

"ဟုတ်ကဲ့ပါဆရာ"

"အခု ရောဂါဖြစ်တဲ့ ဘယ်ဘက်မျက်စိကိုပိတ်ထားပေးလိုက်မယ်။ အိမ်ရောက်တဲ့အခါ ကျန်တဲ့မျက်စိကိုပါ ထပ်ပိတ်ထားလိုက်ပါ။ မျက်စိဆိုတာ တစ်ဖက်လှုပ်ရင် ဟိုဘက်က ကျန်တဲ့မျက်စိပါ လိုက်လှုပ်နေတော့ နှစ်ဖက်စလုံး ပိတ်ထားနိုင်မှကောင်းမယ်။



နောက်ပြီး ခုအချိန်ကစပြီး တတ်နိုင်သမျှ **အေးအေးသက်သာ** သာသာ ငြိမ်ငြိမ်လေးနေပါ။ ကွာနေတဲ့ မျက်စိအမြင်လွှာ **ပိုကွာ** သွားမှာစိုးလို့ အိပ်ရင်တောင် ဖောက်ထိုးအနေ**အထားနေပါ။** ဆေးစာအဆိုကတော့ လင်းဆွဲကဲ့သို့ ဖောက်ထိုးနေရမယ်လို့ ဆိုပါတယ်"

"အခု ဒီရောဂါက ဘာကြောင့်ဖြစ်ရတာပါလဲဆရာ"

"ဖြစ်တတ်တာတော့ အဝေးမှုန်မျက်မှန်ဒီဂရီအနှုတ်လေးရာကျော်တဲ့ မျက်မှန်တပ်ရတဲ့သူတွေ။ ဦးခေါင်းကို ပြင်းပြင်းထန်ထန် ထိခိုက်မိတဲ့သူတွေ ဖြစ်တတ်ပါတယ်။"

**ရဲအောင်ကုမှာ**

ထိုနောက်ခွဲစိတ်မှုအတွက် ကြိုတင်ဆေးစစ်ဆေးမှုများ ပြုလုပ်ပြီးစီးသောအခါ ညဉ့်ဦးပိုင်း ရှစ်နာရီကျော်ကျော်ခန့်အချိန် ရှိနေလေပြီ။

"မနက်ခွဲမယ်ဆိုတော့ အိမ်မပြန်တော့ဘဲ ဒီဆေးတိုက်ကြီးမှာပဲ ဒီညအိပ်လိုက်ရင် ပိုအဆင်ပြေမယ်ထင်ပါတယ်" ဟု မစန္ဒာက ဆို၍ ကျွန်တော့်အား ဆေးတိုက်မှာအိပ်ရန် စီစဉ်ပေး၏။

မစန္ဒာသည် ကြက်ဆီထမင်းတစ်ပွဲပြေးဝယ်၍ ညစာအဖြစ် ကျွန်တော့်အား

"စားနော်-စားနော်" ဟူ၍ အတင်းခွံ့ကျွေးနေ၏။ သူကျွေနပ်အောင် မနည်း မျိုမျိုချနေရသော်လည်း ထိုထမင်းလေး နည်းနည်းကိုမျှ ကုန်အောင်မစားနိုင်ပါ။

သူနှင့်ကျွန်တော်သည် ကြိုးစား၍ စိတ်တင်းလျက် **ဘာမျှ** မဖြစ်သလို ဟန်လုပ်နေကြသော်လည်း ကျွန်တော့် **ရင်ထဲမှာ**

www.burmeseclassic.com

 www.burmeseclassic.com

ကား သောကမီးကြီး တောက်လောင်နေရပြီကို မိမိတို့နှစ်ဦးစလုံး သိနေကြ၏။

"မနက်ဖြန်ခွဲမယ်ဆိုတာ ဘယ်မှာခွဲမှာလဲ။ ဒီဆေးတိုက်မှာ ဒီလိုရောဂါမျိုး ခွဲဖို့စက်မှ မရှိတာ။ ဒီခွဲစိတ်မှုမျိုးက စက်လိုသေးတယ်"ဟု ထိုမှဆရာမများက ဆို၏။

ကျွန်တော်က-

"အင်းလေ-။ ဆရာဝန်ကြီးတွေက ခွဲပေးမယ် အသေအချာဆိုနေတော့ သူတို့မှာ ခွဲနိုင်တဲ့ အစီအစဉ်တွေရှိလို့ ဖြစ်မှာပေါ့"

"ဘာမှစိတ်မပူနဲ့နော်။ စန္ဒာတို့ ဒီမျက်စိကို ရအောင်ကုမှာ" ဟု မစန္ဒာက မျက်ရည်ဝိုင်းလျက် အားပေး၏။ ထိုနောက် သူလည်း မျက်ရည်ကျလျက် သူ့ကားသူမောင်း၍ ညကြီးမင်းကြီး ပြန်သွား၏။

သူပြန်သွားပြီးနောက် ကျွန်တော့်အိမ်သို့ အကျိုးအကြောင်း ဝင်ပြောမှ မေမေနှင့် ကျွန်တော့်ညီအစ်ကိုမောင်နှမများသည် ညအတော်မိုးချုပ်မှ ရောက်လာကြ၏။

ကျွန်တော်က-

"ဘာမှစိတ်ပူစရာမရှိပါဘူး။ ခွဲလိုက်ရင်ကောင်းသွားမှာပါ" ဟု မေမေ့အား နှစ်သိမ့်၍ ပြန်လွှတ်လိုက်၏။

ထိုညက ဆေးခန်းမှာ ညဥ့်နက်မှအိပ်ဖြစ်သော်လည်း အိပ်မပျော်ပါ။ ဆရာဝန်ကြီး၏ညွှန်ကြားချက်အရ ကျွန်တော့်မျက်စိနှစ်လုံးစလုံး ပိတ်ထားလိုက်ရပြီး၊ လင်းဆွဲကဲ့သို့ နေရမည်ဆိုသည့်အတိုင်း ကုတင်ကို ခေါင်းရင်းဘက်သို့ ဖောက်ထိုးလုပ်ထားသဖြင့် ကျွန်တော့်အဖို့အနေအထား မကောင်းဘဲ အိပ်ရန်လုံးဝအဆင်မပြေပါ။

နောက်နေ့နံနက်ငါးနာရီခန့်အချိန်ရောက်သောအခါ ကျွန်တော်သည် အခန်းနှင့် တွဲလျက်ရှိသော ရေချိုးခန်း၊ အိမ်သာ



ဘို့၌ မိမိဘာသာ ဘီးတပ်ကုလားထိုင်ဖြင့် နံနက်ပိုင်းသုံးဆောင်ဘွယ်ရာ ကိုယ်လက်သန့်စင်ခြင်း စသည့်ကိစ္စများကို ပြုခဲ့

## ခွန်နံ့စားကြိုးပမ်းရမည့်ကိစ္စ

နောက်တစ်နေ့နံနက် ရှစ်နာရီကျော်ခန့်အချိန်၌ ဆရာဝန်ရောက်ပြီဟုဆိုကာ လူငယ်တစ်ယောက်က ကျွန်တော့်အား ပွေ့ချီသာခေါ်လေသည်။

အောက်ထပ်ရှိ မျက်စိစမ်းသပ်သောအခန်းထဲသို့ ကျွန်တော်ရောက်သောအခါ မနေ့ညနေက ကျွန်တော့်မျက်စိအားစစ်ဆေးပေးသည့် ဆရာဝန်ကြီးနှင့် ထောင်ထောင်မောင်းမောင်းအသားဖြူဖြူ။ အသက်ရွယ်လေးဆယ်နှစ်ခန့်ထက် မပိုနိုင်သေးသည့် မျက်စိအထူးကုဆရာဝန်အမျိုးသမီးတစ်ဦး အသင့်ရှိနေကြသည်ကို တွေ့ရပါသည်။

ကျွန်တော့်မျက်စိအား ခွဲစိတ်ကုသပေးမည့် ဆရာဝန်အမျိုးသမီးသည် ကျွန်တော့်မျက်စိကို အသေအချာ ထပ်မံစစ်ဆေးကြည့်ရှု၏။ ထိုနောက် -

"ဟုတ်ပါတယ်။ မျက်စိအမြင်လွှာကွာပြီး ပြသွားတာ။ ပြဲသွားတာကနည်းနည်းများတယ်။ ကျွန်မတွေ့ဖူးတာတွေနဲ့ဆိုရင်ခြောက်ဆလောက်ပိုကြီးနေတယ်။ နောက်ပြီး-ကျွန်မကြုံခဲ့ရတာတွေက ဗွီပုံသဏ္ဌာန်၊ အခုဟာက ယူပုံသဏ္ဌာန်ဖြစ်နေတဲ့အပြင် အတွင်းဘက် နည်းနည်းပိုရောက်နေတယ်။ အပေါက်က အဖုံးလဲပါနေတယ်။ အခြေအနေတွေက ခွဲစိတ်မှုလက်ဝင်မယ့်သဘောပဲ" ဟုဆို၍ သူက စိတ်မကောင်းသည့် အမူအရာဖြင့် ကျွန်တော့်အား အကဲခတ်ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့-ပြောစရာရှိတာ ပြောပါခင်ဗျာ"

"အခု-ကျွန်မတို့ခွဲမယ်ဆိုတာလဲ စွန့်စားကြိုးပမ်းတဲ့ သဘောပါပဲ။ အောင်မြင်မယ်လို့တော့ တစ်ထစ်ချမပြောနိုင်ပါဘူး။ မျှော်လင့်ချက်ငါးဆယ်ရာခိုင်နှုန်း ရှိပါတယ်။ ကုသိုလ်ကံအတိုင်းပါပဲ။ ခုလို အခြေအနေမှာ ခွဲစိတ်ကုသခံမယ်လို့ ဆုံးဖြတ်ရင်တော့ ဆေးရုံကိုပဲ အင်္ဂါနေ့နံနက် ရှစ်နာရီလောက်အရောက်လာခဲ့ပါ။ လိုအပ်မယ့်ဆေးဝါးနဲ့ ပစ္စည်းအချို့ဝယ်လာခဲ့ဖို့ စာရင်းရေးပေးခဲ့မယ်။ ခွဲပြီးရင်တော့ တတ်အားသမျှ ဆေးရုံကိုပဲ လှူချင်တာလှူပါ။ ကျွန်မအတွက်တော့ ဘာမျှပေးစရာမလိုဘူး။ အခုချက်ချင်း ခွဲပေးလို့တော့ မရဘူး။ ဒါမျိုးက ခပ်လွယ်လွယ်လုပ်လို့မရပါဘူး။ တိမ်ရိုးရိုးခွဲတာမျိုး ခုနစ်ယောက်ရှစ်ယောက်စာလောက် အချိန်ယူရပါတယ်"

**လောက၏ အပြုံးနှင့်အမဲသဘော**

မျက်စဉ်းများခတ်ထားခံရသည့် ကျွန်တော့်မျက်စိ၏ ဝိုးတဝါးအမြင်ဖြင့် သူ့အား အံ့ဩတကြီး ကြည့်နေမိ၏။

သူ့ကို ယခင်က ကျွန်တော်မသိဖူး၊ မတွေ့ဖူးခဲ့ပါ။ ကျွန်တော်နှင့် ယနေ့မတိုင်မီအချိန်က မည်သို့မျှ ပတ်သက်ခဲ့ဖူးခြင်းလည်း လုံးဝမရှိခဲ့ပေ။ ယင်းသို့ တစ်ဦးနှင့်တစ်ဦး ဘာသံယောဇဉ်မျှ မရှိခဲ့ဖူးပါလျက် ယခုကဲ့သို့ ကြီးမားသည့် စေတနာအရင်းခံဖြင့် ပြောနေသည့်အတွက် ကျွန်တော့်မှာ အံ့အားသင့်နေမိရပါ၏။

သူသည် ကျွန်တော့်ညီမအငယ်ဆုံးထက် ပိုကြီးမည်မထင်ပါ။ သူ၏ တည်ကြည်သော သဘောထားနှင့် ထားရှိသည့် စေတနာကြောင့် သူ့အပေါ် လေးစားစိတ်ဖြစ်ရ၏။

လောက၌ အကောင်းအဆိုး၊ အမှားအမှန်၊ အဖြူ အမည်းဟူသည့် ဆန့်ကျင်ဘက်သဘောတရားတို့သည် နေရာဌာန တိုင်း၌ ရှိတတ်စမြဲဖြစ်ကြောင်း ပိုမိုသတိပြုမိသွားရလေ၏။



**စောစောသိလျှင် စိတ်ပူရန်မရှိပါ**

အင်္ဂါနေ့ နံနက်ရှစ်နာရီခန့်အချိန်၌ ကျွန်တော်သည် ချိန်းဆိုထားသည့် ဆေးရုံသို့လာခဲ့လေသည်။

ကျွန်တော့်မျက်စိအား ခွဲစိတ်ကုသပေးသည့် မျက်စိအထူးကုဆရာဝန် အမျိုးသမီးသည် ကျွန်တော့်မျက်စိကို နောက်ဆုံးအနေနှင့် ထပ်မံစစ်ဆေး၏။

"ကြိုးခံပြီး ရေခဲကပ်ပေးရုံပါပဲ။ စောစောသာသိရင် စိတ်ပူစရာမရှိပါဘူး။ မျက်လုံးထဲမှာ အမည်းစက်ကလေးတစ်စက်၊ ယင်ကောင်လေးတစ်ကောင်လို တွေ့လာရရင်- အဲဒါအမြင်လွှာမှာ အပေါက်လေးဖြစ်တာပဲ။ ဒါကို လေဆာစက်နဲ့ အပေါက်ပိတ်ပေးလိုက်ရင် ကောင်းသွားရော။ မျက်စိထဲမှာ လျှပ်စီးလက်သလို မြင်မယ်၊ ရေပန်းတွေ ပန်းနေသလိုမြင်မယ်ဆို အမြင်လွှာကွာပြီပေါ့။ ဒါဆို အရေးကြီးပြီ။ မျက်စိထဲမှာ အမည်းတွေမြင်လာပြီဆိုရင်တော့ အမြင်လွှာပြဲသွားပြီ။ မျက်စိရောဂါမှာ အခုလိုဖြစ်တာတွေဟာ အားလုံး အရေးပေါ်ကုသဖို့လိုအပ်တဲ့ အရေးတကြီး ကိစ္စတွေပါပဲ" ဟု ဆရာဝန်အမျိုးသမီးက ပြောပြသည်။

"အဲဒါ- ဘယ်လိုကာကွယ်ရပါ့မလဲ ခင်ဗျာ"

"အဝေးမှုန် မျက်မှန်ဒီဂရီပါဝါများတဲ့သူတွေ တစ်နှစ် တစ်ကြိမ် မျက်စိအတွင်းပိုင်း စစ်ဆေးကြည့်ဖို့ လိုတာပေါ့။ ခြောက်လ တစ်ကြိမ် စစ်ဆေးနိုင်လည်း ပိုကောင်းတာပေါ့"

ကျွန်တော်သည် တစ်ဆယ့်ငါးမိနစ်လျှင် တစ်ကြိမ်ကျ မျက်စဉ်းခတ်ရင်း၊ ခွဲစိတ်ဆောင်၌ မိမိအလှည့်သို့ ရောက်အောင် စောင့်နေရ၏။

နံနက်တစ်ဆယ့်တစ်နာရီကျော်ခန့်၌ ကျွန်တော့်အား လာခေါ်ပြီး ခွဲစိတ်ခန်းတွင်းသုံး အဝတ်အစားများကို လဲလှယ်ဝတ်

www.burmeseclassic.com

ဆုံ ဦးနှောက်တစ်လုံး လက်တစ်ဖက် မျက်စိတစ်လုံး ဘ[illegible]
ဆင်ပေး၏။ ထို့နောက် ခွဲစိတ်ခန်းရှေ့အခန်းကြီးတစ်ခုအတွင်း၌ ခေတ္တအနားယူအိပ်စက်နေသည်။

**နှစ်နာရီလောက်အချိန်ကုန်မှာ**

"ဘာမှ စိတ်မပူနဲ့နော်။ စိတ်အေးအေးထား။ စိတ်ငြိမ်အောင် ဒီနေရာမှာ ခဏလောက်နားနေနော်- ဟုတ်လား"

ဆရာဝန်အမျိုးသမီးသည် ခွဲခန်းသုံး ဝတ်စုံအစိမ်းကြီးနှင့် ကျွန်တော့်ထံ ရောက်လာပြီး အားပေးစကားပြောရင်း မျက်စဉ်းခတ်ပေးသွား၏။

ထို့နောက်သူသည် သူနာပြုအမျိုးသား၊ အမျိုးသမီးလေးများအား-

"ထမင်းစားထားနှင့်ကြနော်။ ထမင်းစားထားကြ" ဟု လိုက်ပြောနေသံကို ကြားရသည်။

သူသည် နံနက်စာ ထမင်းသွားစားဟန်ရှိ၏။

"ဟယ်- အတင်းထမင်းစားခိုင်းနေတယ်။ ငါတို့က ဆာမှ မဆာသေးတာကို။ ဒီတစ်ယောက်ခွဲပြီးရင် ပြီးရောမဟုတ်လား။ ပြီးမှပဲ အေးအေးစားတော့မယ်" ဟု သူနာပြုအမျိုးသမီးလေး တစ်ယောက်က ပြောနေသံကြားရ၏။

"အမယ်လေး- အဲဒီတစ်ယောက်က ရိုးရိုးတိမ်ခွဲတာမျိုး တစ်ဆယ့်ငါးမိနစ်လောက်နဲ့ မရဘူး။ အနည်းဆုံး တစ်နာရီခွဲ နှစ်နာရီလောက် အချိန်ကုန်မှာ" ဟု တခြား တစ်ယောက်က ပြန်ပြောနေ၏။

**စင်သူကြီး၏ရင်မောသံ**

သူတို့အားလုံး ထမင်းစားပြီးလောက်သော အချိန်၌ ကျွန်တော့်အားခွဲစိတ်ခန်းတွင်းသို့ သယ်ယူသွားလေသည်။ ခွဲစိတ်



ခုံပေါ်သို့ ကျွန်တော့်ကို ပြောင်းတင်ပေးပြီး ကျွန်တော့်ဦးခေါင်းကို မလှုပ်နိုင်အောင် ညှပ်ထားလိုက်သည်။

ထို့နောက်ထုံဆေးထိုးပြီး ကျွန်တော့်ဝဲဘက်မျက်စိကို စတင်ခွဲစိတ်သည်ထင်ပါသည်။ ဆရာဝန်အမျိုးသမီးက တစ်စုံတစ်ယောက်၏ အမည်ကို ပြော၍ မေးနေသံကြားရ၏။ ထိုသူသည် ယခုခွဲစိတ်မှုတွင် တစ်စုံတစ်ရာ အရေးပါပုံရ၏။

"သူမလာဘူး. ." ဟု တစ်ဦးက ဖြေသံကြားရသည်။

"မနက်ကတည်းက မလာတာလား။ အခုမှ အပြင်ခဏထွက်သွားတာလား"

"မနက်ကတည်းက မလာတာ"

"ဒါဖြင့်လည်း-၊ ကဲ- ရှိတဲ့လူနဲ့ပဲလုပ်။ စက်ယူခဲ့" ဟူသော သူ့အသံ၌ တစ်စုံတစ်ခုကို စိတ်တိုင်းမကျဟန် ပါနေလေသည်။

ကျွန်တော့်နားထဲတွင် စက်ကို တွန်းယူလာသော "ဂျလုံး. . ဂျလုံး. ." ဟူသော အသံကြားနေရပါသည်။

ကျွန်တော့်မျက်စိအား အပေါ်မှ တအားဖိလိုက်သလို သုံးကြိမ်ခန့် ခံစားလိုက်မိ၏။ မျက်စိကို ဆေးထိုးသည်ဟု ထင်ပါသည်။

အလင်းရောင်တွေ ခဏခဏမြင်မိရ၏။ ရေတွေ မျက်လုံးပေါ် ကျကျလာသည်ကိုလည်း သိနေ၏။

ဆရာဝန်အမျိုးသမီး၏ တက်ကြွသောအသံကိုမူ ဆက်တိုက် လိုလိုကြားနေရပါသည်။

ကျွန်တော့်အား-

"အပေါ်တည့်တည့်ကြည့်ပါဦး-၊ ညာဘက်အောက် ကြည့်ပါဦး-"

ဓားတောင်းသံ၊ ကတ်ကြေးတောင်းသံ၊ အပ်ချည်ကြိုး[illegible] ပြော၍တောင်းသံ။ စက်ကြိုးမြည်နေသံ၊ သူနာပြု၏ [illegible] ထွက်ကျသံ စသည်စသည်များ. . .။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

"ရေချ. . ရေချ. .၊ စက်နင်း. . နင်း၊ နေဦး- နေဦး-။ ပြန်နင်း၊ မရသေးဘူး၊ အင်း- အင်း- ရပြီ- ရပြီ၊ နင်း- နင်း-၊ အင်း- ဟုတ်ပြီ- ဟုတ်ပြီ ဟဲ့- ဟဲ့- ကြိုးကို ကိုင်ရုံကိုင်ထား။ မဆွဲနဲ့-"

ကျွန်တော့်မျက်စိအား ခွဲစိတ်ကုသပေးနေသည့် ဆရာဝန်အမျိုးသမီး၏အသံသည် ကျွန်တော့်ဦးခေါင်းယာလက်မှနေ၍ ဝဲဘက်သို့ တဖြည်းဖြည်း ရွေ့ရွေ့သွားနေပြီး နောက်ဆုံးတစ်နာရီကျော်နှစ်နာရီခန့်အကြာ၌ ခွဲစိတ်ကုသမှုလုပ်ငန်း ပြီးစီးသွားဟန်ရှိပါသည်

"အမယ်လေးနော်-၊ ဒါကြောင့်- ဒီအလုပ်မျိုး လူကြီးတွေ မလုပ်ချင်ကြတာ။ ခါးတွေလည်း ကိုက်၊ ဇက်တွေလည်း ထိုး-" ဟူသော ဆရာဝန်အမျိုးသမီး၏ သက်ပြင်းလေးချ၍ ညည်းသံလေးကိုလည်း ကြားလိုက်မိရ၏။

သူ့အံသံသည် အရေးတကြီး ရင်ဆိုင်တိုက်ပွဲတစ်ခု၌ တိုက်ရည်ခိုက်ရည်အားပျော့သည့် စစ်သည်လေးများဖြင့် တိုက်ပွဲအပြီး စစ်သူကြီး၏ ရင်မောစွာ သက်မချညည်းသံမျိုး ဖြစ်နေလေသည်။

**သတ္တိရှိသော လှေသူကြီး**

အလုပ်အားလုံးပြီးစီးလောက်သော အချိန်၌ စောစောက သူမေးနေသည့် စက်ကိုင်မည့်သူသည် ခွဲစိတ်ခန်းတွင်းသို့ ဝင်လာဟန်ရှိလေသည်။

"စက်က သိပ်မကောင်းဘူး" ဟု ဆရာဝန်အမျိုးသမီး၏ ပြောသံကြားရသည်။

"ဟုတ်တယ်- ပိုက်တွေပြန်စစ်ဖို့လိုနေတယ်" ဟူသည့် ထိုပုဂ္ဂိုလ်၏ အရေးမကြီးသလို ခပ်ပေါ့ပေါ့လေသံဖြင့် ပြန်ပြောလိုက်သံ ကြားရ၏။



www.burmeseclassic.com

ကျွန်တော့်ရင်ထဲဝယ် နင့်ခနဲ ဖြစ်သွားရ၏။

စင်စစ် "ပိုက်တွေပြန်စစ်ဖို့လိုနေတယ်" အစား "ပိုက်တွေပြန်စစ်ပြီးပြီ" ဟူ၍သာ ဖြစ်သင့်ပါသည်။ ယခုလိုနေရာဌာနမျိုး၌ တာဝန်ရှိသူ၏ တာဝန်မဲ့မှု၊ ပေါ့လျော့မှု တစ်ခုသည် လူတစ်ဦးတစ်ယောက်၏ဘဝပျက်သွားနိုင်သည် မဟုတ်ပါလား။

အမှန်ဆိုရပါလျှင် ကျွန်တော့်မျက်စိကို တာဝန်ယူဦးဆောင်ခွဲစိတ်ကုသပေးလေသည့် ဆရာဝန်အမျိုးသမီးအား စာနာနားလည်သွားမိရပါသည်။

သူ၏ကြိုးပမ်းမှုကား အလွန်တက်ကြွပြီး သတ္တိရှိသော လှေသူကြီးသည် လှိုင်းလေထန်နေသည့် ပင်လယ်ပြင်၌ ရေပြင်ကိုကောင်းစွာ မကျွမ်းသည့် ဖျင်းရိသော လှေထိုးသားများနှင့် တက်မစုံ၍ ရှက်မပါခရီးနှင်နေရသကဲ့သို့ ကျွန်တော့်အာရုံဝယ် ထင်လာမိရပါ၏။

သူကသာ အင်တိုက်အားတိုက် စိတ်လက်မာန်ပါ ကြိုးစားပမ်းစားလုပ်ကိုင်နေသော်လည်း သူနှင့်အတူ လက်တွဲလုပ်ကိုင် နေရသည့် အချို့သူများ၏ စိတ်အားထက်သန်မရှိဟန်၊ ပေါ့ပေါ့လျော့လျော့ လုပ်နေဟန်၊ အလုပ်မကျွမ်းကျင်ဟန်များ၊ မိမိကျရာတာဝန်အပေါ် အလိုက်သင့်မျှောလိုက်နေဟန်များကို အကဲခတ်လိုက်မိပါသည်။

မည်သူ့အားမျှလည်း အပြစ်တင်၍ မရနိုင်ပါ။ လုပ်ရည်ကိုင်ရည် ကျွမ်းကျင်ပြီးသူများကလည်း ဘဝပေးအခြေအနေအရ တစ်နည်းနည်းဖြင့် လျော့နည်းကုန်ကြပြီ ဖြစ်ပါလိမ့်မည်။

**အရေးဆရာမှန်းသိရင် ခမ့်ဆေးနဲ့ ခွဲပစ်လိုက်ပါရဲ့**

ဆရာဝန်အမျိုးသမီးသည် ကျွန်တော့်မျက်စိအားခွဲပြီးနောက်နေ့၌ မစန္ဒာကို မေးသည်ဆို၏။

www.burmeseclassic.com

www.burmeseclassic.com

"သူစကားပြောပုံက တစ်မျိုးပဲ။ သူဘာလုပ်သလဲ-"

"စီးပွားရေးအနေနဲ့တော့ ရန်ကုန်ရှိတဲ့လူတွေ ထုံးစံအတိုင်း ကြုံတာ- သင့်တာ- တရားသဖြင့်ဆို အကုန်လုပ်တယ်။ ဒါပေမဲ့ သူ့ဂုဏ်သိက္ခာကတော့ စာရေးဆရာတစ်ယောက်ပါ။ စာမူဆု သုံးကြိမ်ရခဲ့ဖူးပါတယ်"

"အမယ်လေး- ခွဲတုန်းက စာရေးဆရာမှန်း မသိလို့။ စာရေးဆရာမှန်းသာသိရင် မေ့ဆေးနဲ့ ခွဲပစ်လိုက်ပါရဲ့"

ကျွန်တော့်မျက်စိခွဲစိတ်ပြီးသည့် ညက တစ်ညလုံးလိုလို ကျွန်တော့်မှာ အိပ်မပျော်နိုင်ပါ။ တောင်တွေးမြောက်တွေးနှင့် ရှေ့ရေးတွေကို အများကြီးတွေးနေမိပါသည်။

မိမိမျက်စိသည် ပြန်ကောင်းနိုင်ပါမည်လား။ အကယ်၍ မကောင်းခဲ့သည်ရှိသော်၊ ကျန်မျက်စိတစ်လုံးတည်းဖြင့် မိမိဘဝခရီး ကို ဆက်ရပေဦးမည်။ မတော်တဆ ထိုကျန်မျက်စိတစ်လုံးပါ ယခု ကဲ့သို့ ဒုက္ခပေးလာခဲ့ပါလျှင်-

ဘုရား. . ဘုရား. . ကျွန်တော့်ဘဝအတွက် မတွေးဝံ့စရာ ပါလား။

ကျွန်တော့်အတွေးတွေ၊ သောကတွေကို ဖြတ်၍ အာရုံလွှဲ ကာ အိပ်ပျော်ဖို့ ကြိုးစားကြည့်ပါ၏။

ထုံဆေးပြယ်ပြီဖြစ်၍ ခွဲစိတ်ထားသည့် မျက်လုံးက တင်းတင်းအောင့်အောင့်ကြီး ခံစားနေရ၏။ စောင်းအိပ်၍လည်း မရဘဲ ပက်လက်အနေအထားဖြင့် အချိန်ကြာမြင့်စွာ ငြိမ်သက်နေ ရလေသောအခါ၊ ကျောထဲကပူသလိုလို၊ ဟိုနေရာ သည်နေရာ ဆေးက ညောင်းညာကိုက်ခဲလာသလိုလို အနေခက်လျက် ရှိသည်။



ထို့ပြင် ကျွန်တော်ရှိနေသည့်နေရာနှင့် သိပ်မဝေးလှသည့် တစ်နေရာရာ၌ စိတ်ရောဂါ လူနာတစ်ဦးဦး ရှိနေဟန် တူလေသည်။

သူသည် အလုပ်တာဝန်အရ လုပ်ကိုင်နေရင်း ကြောက် မက်ဖွယ် သေဘေးမျိုးနှင့် ကြုံခဲ့ရကာ စိတ်ရောဂါ ရလာလေသည် လား မသိ။ တစ်ညလုံး သူ့အလုပ်သူလုပ်နေသလို နှုတ်မှ အော်ဟစ် ရွတ်ဆိုနေရင်း သေဘေးမှ လွတ်မြောက်ရာလွတ်မြောက်ကြောင်း အကူအညီရရှိရေးအတွက် တောင်းခံအော်ဟစ်နေသံများကိုလည်း စိတ်မချမ်းသာဖွယ် ကြားနေမိရ၏။

## လှိုက်လှဲသော သူ့အသံ

နံနက်အလင်းရောင်လေး ဆေးရုံပြတင်းပေါက်မှ ဝင်လာ သောအခါ စိတ်၌ အနည်းငယ်သက်သာလာပြီး တစ်စုံတစ်ယောက် ၏ အလာကို မျှော်နေမိ၏။

နံနက်ခုနစ်နာရီထိုးသည်နှင့် တိတ်ဆိတ်နေသည့် ဆေးရုံ ခန်းထဲသို့ ကားတစ်စီးဝင်လာသံ၊ ကားတံခါးပိတ်သံ၊ ထို့နောက် ဖိနပ်သံကြားလာရပြီး နောက်ဆုံးအခန်းတံခါးပေါက်၌ မစန္ဒာ ပေါ်လာပြီး-

"ဟဲလို-" ဟူသော လှိုက်လှဲသည့် သူ့အသံပြုနှုတ်ဆက် လိုက်ခြင်းသည် ကျွန်တော့်ဘဝအတွက် တအားဖြစ်စေရပါ၏။

"ညက အိပ်လို့ရရဲ့လား။ မျက်လုံးကရော ဘယ်လိုနေလဲ။ မစန္ဒာမှာ မနက်ငါးနာရီထ၊ ရေမိုးချိုး အဝတ်အစားလဲ၊ မြေနီကုန်းမှာ စားစရာဝင်ဝယ်၊ ဆိုင်မဖွင့်သေးလို့ ခဏစောင့်၊ ပြီးတော့ သန့်မှာ ဆရာဝင်ခေါ်၊ ကားကို တအားမောင်းလာလို့ ဒီအချိန်ရောက်လာ တာ" မစန္ဒာက ပါးစပ်မှ တတွတ်တွတ်ပြောရင်း ကျွန်တော်ကြိုက်တတ် သည့် ရှမ်းခေါက်ဆွဲကို ပြင်ဆင်ပေး၏။

www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံနှင့် မစန္ဒာ၏အိမ်မှာ ဆယ်မိုင်ကျော်ကျော်ခန့် ဝေးသော်လည်း မစန္ဒာသည် နေ့စဉ်ထိုသို့ပင် ဆောင်ရွက်ရှာပါသည်။ သူသည် သူ့ကားဖြင့် နေ့စဉ်အနည်းဆုံး နှစ်ခေါက်တော့ ဆေးရုံသို့ ရောက်ရပါ၏။

သူသည် ကျွန်တော့်ထံရောက်သည်နှင့် ကျွန်တော့်အတွက် ကူညီလုပ်ဆောင်ဖွယ်ရာများကို ကူညီလုပ်ဆောင်ပေး၊ စားစရာ ကျွေး စသဖြင့် ပြုရင်း စိတ်မြေ့လက်ပျောက်ရှိစေရန် ဟိုစကားပြော၊ သည်စကားပြောနှင့် အချိန်ကုန်စေရလေသည်။

"မစန္ဒာက အတော်ချစ်ရှာတာပဲနော်-" ဟူ၍ အထူးသူနာပြု ဆရာလေးက မှတ်ချက်ပြု၏။

**ခုနစ်ဆယ်ရာနှုန်း**

ခွဲစိတ်ပြီးသော ကျွန်တော့်မျက်စိကို နံနက်ရှစ်နာရီအချိန်၌ နေ့စဉ် ပြန်လည်စစ်ဆေးကြည့်လေ့ရှိသည်။

ဆရာဝန်အမျိုးသမီးက-

"ကျွန်မကိုမြင်သလား-"

"လက်ကလေးပိုက် မတ်တတ်ရပ်နေတယ်" ဟူ၍ ကျွန်တော်က ပြောလိုက်သောအခါ သူက သဘောကျစွာပြုံးရယ်လျက်-

"ခွဲစိတ်မှုက ခုနစ်ဆယ်ရာခိုင်နှုန်းလောက် အောင်မြင်ပါတယ်။ နောက်ထပ်လိုအပ်တာတွေတော့ နောက်လည်းထပ်လုပ်လို့ ရပါတယ်။ ပြန်ခွဲစရာလိုတောင် ခွဲလို့ ဖြစ်ပါတယ်"

ကျွန်တော့်၏ ခွဲစိတ်ထားပြီးသည့် မျက်စိအမြင်၌ မည်းမည်း အချောင်းကြီးနှစ်ခု ရှပ်နေသလို ရှိ၏။ ထိုမည်းမည်းချောင်းကြီး နှစ်ခုကြားမှ အနည်းငယ်မြင်နေရ၍ ဝမ်းသာနေကြရလေသည်။

www.burmeseclassic.com

"နောက်တော့ အဲဒီမည်းမည်းတွေ တဖြည်းဖြည်း ပျောက်သွားမှာပါ" ဟု သူကအားပေးပါသည်။

**အခြေအနေဆိုးဝါးလာခြင်း**

ထိုနောက် လေးငါးရက်ခန့်ကြာသောအခါ ကျွန်တော့် မျက်စိထဲမှ အဆိုပါမည်းမည်း အရာများသည် ပုံစံပြောင်းသွားပြီး ပိုမိုများပြားလာသည် ထင်ရ၏။ မည်းမည်းအမျှင်များ၊ မည်းမည်း အမှုန်များ ပိုမိုရှုပ်ထွေးလာဟန်ရှိလေသည်။

ဆရာဝန်အမျိုးသမီးသည် ထိုနေ့က ကျွန်တော့်မျက်စိကို နံနက်ပိုင်းတစ်ကြိမ် စစ်ဆေးကြည့်ပြီး ညနေပိုင်းတစ်ကြိမ် ထပ်ခေါ်ကာ ထပ်မံစစ်ဆေးကြည့်ပြန်၏။ ကြည့်ရှုစစ်ဆေးရင်းလည်း စုတ်သပ်သလို "ကျွတ်- ကျွတ်-" ဟူ၍ သူ့နှုတ်မှ ပြု၏။ သူသည် ထိုသို့ပင် စိတ်တိုင်းမကျမှု တစ်စုံတစ်ခုတွေ့လျှင် ပြုတတ်လေ့ရှိပုံရ၏။ ခွဲစိတ်ခန်းထဲ၌ ကျွန်တော့်မျက်စိကို ခွဲစိတ်နေခိုက် အချိန်တုန်းကလည်း ထိုသို့သော စုတ်သပ်သံမျိုးများ ကြားခဲ့ရဖူး၏။

သူသည်အချိန်အတန်ကြာအောင် ထပ်တလဲလဲ အသေအချာ စစ်ဆေးကြည့်ရှုပြီးသောအခါ-

"အင်း.. အခြေအနေတွေကတော့ စိတ်ပူစရာကောင်းအောင် ဖြစ်လာနေပြီ။ မျက်စိထဲမှာ ယောင်လာတယ်။ ဒါ ဖြစ်ရိုးဖြစ်စဉ်တော့ မဟုတ်ဘူး။ အဲလိုဖြစ်တာမျိုးက ခွဲပြီးပြီးချင်း အမြင်လွှာ ပြန်ကွာတာမျိုး ဖြစ်နိုင်တယ်"

သူလည်း စိတ်မကောင်းဖြစ်နေပုံ ရလေသည်။

"ဒါပေမဲ့လေ- ဆေးစားကြည့်ကြသေးတာပေါ့။ [illegible] ချင်လည်း ပြန်ကောင်းသွားမှာပါ။ အဲဒီတော့.. ဆုတော[illegible] ဘုရားရှိခိုးနော်" ဟု သူကပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်မှာ ခေါင်းညိတ်ပြရပါသည်။

သူက-

"အမှန်က ဒီလိုခွဲတာမျိုးက စက်တွေလိုနေသေးတယ်။ ကျွန်မတို့ဆီမှာ အတတ်ပညာချည်းရှိနေရုံနဲ့ မလုံလောက်ဘူး။ သက်ဆိုင်ရာ ပစ္စည်းကိရိယာတွေ ရှိဖို့လိုသေးတယ်။ ဒါတွေ ပြည့်စုံပြန်ရင်လဲ ဒါတွေနဲ့ အမြဲတမ်းထိတွေ့လေ့ကျင့်မှု ရှိဖို့လိုတာပေါ့။ ဒီမှာက ရေခဲကပ်တဲ့ စက်ပဲရှိတယ်။ မျက်စိထဲက မည်းမည်း အမျှင်တွေရှင်းပစ်တဲ့ စက်လိုသေးတယ်။ ခုဟာ- ဖြစ်တဲ့သဘောက ရေကန်ထဲမှာ အမှိုက်တွေရှုပ်နေ၊ အနည်တွေထလာပြီး ရေတွေ နောက်သွားတဲ့ သဘောမျိုး ပါပဲ။ အင်းလေ- ကံတရားပါပဲ။ ဘုရားရှိခိုးနော်။ ကျွန်မတို့ဟာ လုပ်သင့်လုပ်ထိုက်တာတွေတော့ လုပ်ပြီးပြီပဲ။ မခွဲဘဲထားလည်း ခုလောက်ဆို မျက်စိက ကွယ်သွားနိုင်တာပဲပေါ့။ ခုဟာ- ရလိုရငြား ကြိုးစားကြည့်ကြတဲ့သဘောပါပဲ"

"ဟုတ်ကဲ့- ကျွန်တော်နားလည်နိုင်ပါတယ်"

"ခုနေ- နိုင်ငံခြားက မျက်စိအထူးကု လေယာဉ်ပျံရောက်လာရင်တော့ ပြန်ကောင်းမယ် ထင်ပါတယ်။ လေယာဉ်ပေါ်မှာ လိုအပ်သမျှနောက်ဆုံးပေါ် စက်ကိရိယာတွေ ပါလာပါတယ်။ ဒါပေမဲ့- အဲဒီလေယာဉ် ကျွန်မတို့ဆီလာဖို့က တစ်နှစ်ကျော်လောက် အချိန်လိုနေသေးတယ်" ဟု သူက ပြောပြလေသည်။

**လူ့ဘဝအတွက် အရေးကြီးသည့် မျက်စိ**

ကျွန်တော့်မျက်စိကဲ့သို့ဖြစ်သော ပြင်ဦးလွင်မြို့မှ လူနာတစ်ယောက်ဆိုလျှင် အဆိုပါ လေယာဉ်လာချိန်နှင့် ကြုံကြိုက်သောကြောင့် လေယာဉ်ပေါ်မှာ သူ့မျက်စိအား ခွဲစိတ်ကုသပေး



လိုက်၏။ ထိုသူမှာ မျက်စိနှစ်လုံးစလုံး အမြင်လွှာကွာခြင်း ဖြစ်သော်လည်း ပြန်လည်ကောင်းမွန်သွားခဲ့ရ၏။

ကျွန်တော့်အခန်းနှင့်ကပ်လျက် အခန်းမှ လူနာက ကျွန်တော့်အား လာနှုတ်ဆက်၏။

"ကျွန်တော်က ဒီနေ့ ဆေးရုံဆင်းရတော့မယ်"

"ဟုတ်လား-၊ မျက်စိကောင်းသွားပြီလား"

"ကောင်းသွားပါပြီ"

"အေးဗျာ- ကျွန်တော့်မျက်စိကတော့ ကောင်းဖို့ သိပ်မသေချာတော့ဘူး။ ခင်ဗျားမျက်စိကောင်းသွားလို့ ဝမ်းသာပါတယ်။ မျက်စိဆိုတာ လူ့ဘဝအတွက် အရေးအကြီးဆုံးမို့လား ဟု ကျွန်တော်က ပြောလိုက်သည်။

ထိုလူနာမှာ နယ်ကလာသူ ဖြစ်ပါသည်။ သူ့မျက်စိသည် မျက်ကြည်လွှာ အစားထိုးကုသထားခြင်း ဖြစ်၏။ သူ့အတွက် မျက်ကြည်လွှာကို ကွယ်လွန်ပြီးသူမှ ရရှိခဲ့ခြင်း ဖြစ်လေသည်။

နယ်မှာနေထိုင်သူ ဖြစ်သဖြင့် သူ့မျက်စိကို ကြုံသလို ဆေးမြီးတိုများနှင့် ကုသနေရာမှ အခြေအနေဆိုးပြီး နောက်ဆုံး ဤဆေးရုံသို့ ရောက်လာမှ သူ့မျက်စိ ပြန်လည်ကောင်းသွားခဲ့ရခြင်း ဖြစ်ပါသည်။

"ကျွန်မလည်း ဒီနေ့ဆင်းရတော့မယ်လေ" ဟု လူနာအမျိုးသမီးတစ်ဦးကလည်း ကျွန်တော့်အား လာနှုတ်ဆက်သည်။

"ခင်ဗျားမျက်စိလည်း ကောင်းသွားပြီ မဟုတ်လား"

"ဟုတ်ကဲ့- ကောင်းသွားပါပြီ၊ ကျွန်မက ရေတိမ်ဆိုတော့ ရေတွေထုတ်ပစ်ပြီးတာနဲ့ ကောင်းသွားတာပါပဲ"

ဟုတ်ပါသည်။ တစ်နေ့က သူ့မျက်လုံး တအားကိုက်နေသည်ဟု ညည်းညူရင်း ဆေးရုံသို့ ရောက်လာသူ ဖြစ်လေသည်။

www.burmeseclassic.com
ဆေးရုံတွင် ဆောင်ရွက်ရမည့် ကိစ္စလေးများကို သူမလုပ်တတ် မကိုင်တတ် ရှိနေ၍ ကျွန်တော်ကပင် ကူညီစီစဉ်ပေးခဲ့ရသူ ဖြစ်သည်။

**ပတ်ချာလည်သွားသောလူနာ**

တစ်ညနေ၌ ဆရာဝန်အမျိုးသမီးတစ်ဦးသည် လူတစ်ဦးကို ကျွန်တော်နှင့် မိတ်ဆက်ပေး၏။

"သူလည်း မျက်စိအမြင်လွှာကွာတာပဲ။ တခြားမှာခွဲပြီး အခု ဒီမှာလာပြတာ"

ထိုသူက သူ့အကြောင်းကို ပြောပြ၏။ သူသည် ပင်စင်စား တစ်ဦးဖြစ်သည်။ အဝေးရောအနီးပါ မျက်မှန်တပ်ရသူမဟုတ်ပါ။ ပြီးခဲ့သော နွေရာသီက သူ့မျက်စိ ကြည့်မကောင်း၍ ဝမ်းချုပ်သည် ထင်ပြီး ဝမ်းနှုတ်ဆေးစား၏။ မန်ကျည်းဖျော်ရည် နေ့တိုင်းသောက် သည်။

နောက်ဆုံး မျက်စိအထူးကု ဆရာဝန်ထံ ရောက်သည်။

"သွေးတက်နေ၍ သွေးတိုးချပါ" ဟု ဆိုသည်။ သမားတော် ကြီးနှင့် သွေးတိုးရောဂါကုသည်။ တစ်ဖန် ဦးနှောက်နှင့်အာရုံကြော ဆရာဝန်ထံ ရောက်ရပြန်သည်။ နောက်- အခြားမျက်စိဆရာဝန် က မျက်စိအမြင်လွှာကွာကြောင်း ပြောသည်။ သို့နှင့် နာမည်ကျော် ဆရာဝန်ကြီးနှင့် သူ့မျက်စိကို ခွဲစိတ်ကုသလိုက်၏။ သို့သော် မအောင်မြင်ပါ။ သူက-

"ကျွန်တော်ဆို သုံးလလောက်အချိန်ကုန်ပြီးမှ ရောဂါမှန် သိရတာ။ ကံတရားပါပဲ၊ ကျွန်တော်တို့ဟာ ကိုယ့်ဝဋ်ကြွေးနဲ့ကိုယ်



သူ့ဘာသာဖြစ်ချင်လို့ ဖြစ်ရတာပါပဲ။ နောက်ပြီး မိတ်ဆွေကြီးနဲ့ မျက်စိကမှ မျှော်လင့်ချက်တွေ ရှိသေးတယ်။ ကျွန်တော့်မျက်စိ ကတော့ ပြန်မကောင်းနိုင်တာ သေချာသွားပါပြီ"

www.burmeseclassic.com

www.burmeseclassic.com

**တာဝန်သုံးရပ်ဆောင်ရွက်ဖို့**

ဆေးရုံမှ မဆင်းမီတစ်ရက်၌ ဆရာဝန်အမျိုးသမီးသည် ကျွန်တော့်အခန်းသို့လာပြီး စကားပြောစဉ် ကျွန်တော်က-

"ကျွန်တော့်မျက်စိ ပြန်လည်ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ ဒီဆေးရုံမှဆင်းရတဲ့အခါ တာဝန်သုံးရပ်ဆောင်ရွက်ဖို့ ကျွန်တော့်စိတ်မှာရှိနေပါတယ်။

"အင်း-ဆိုပါဦး"

"ပထမတာဝန်က ဆေးရုံကို တတ်အားသမျှ လှူခဲ့ဖို့ပါ။ ဒုတိယက မိမိမျက်စိကို စေတနာနဲ့ ကုသပေးခဲ့တဲ့ သမားအပေါ် တစ်စုံတစ်ခု ကျေးဇူးတုံ့ပြန်ခဲ့ဖို့။ တတိယက အသံသာကောင်းစွာ မှတ်မိနေရတဲ့ အဲဒီသမားကို လူပါမှတ်မိထားအောင် သေချာကြည့်ဖို့"

သူကရယ်မောလေ၏။ ပြီးမှ-

"ပထမအချက်ဆေးရုံကို လှူတာကောင်းပါတယ်။ ဒုတိယက သမားအပေါ် ကျေးဇူးတုံ့ပြန်တာဟာ ပထမအချက်ဆောင်ရွက်တာနဲ့ လုံလောက်ပါပြီ။ တတိယကတော့ အခုပဲ ကျွန်မကို မြင်အောင်ကြည့်လိုက်လေ"

"ခုကြည့်လို့ဘယ်ရနိုင်မလဲ။ မျက်မှန်လည်း မရှိသေးဘူး။ မျက်စဉ်းတွေ ခတ်ထားလို့ ဘာဆိုဘာမျှ သဲသဲကွဲကွဲ မြင်မှ မမြင်ရပဲ။ ဒါနဲ့-ဆေးရုံကို ဘာလှူရင်ကောင်းမလဲခင်ဗျာ"

"ဆေးရုံဆိုတာ လိုတာတွေတော့ အများကြီးပဲပေါ့။ ဒါပေမဲ့-အကြံပေးနိုင်တာက မျက်စိအတွင်းတိမ်ကြောင့် မျက်စိကွယ်ရတဲ့သူတွေရဲ့ မျက်စိထည့်ပေးရတဲ့ မှန်အိုင်အိုအယ်လ်လေးတွေ လှူနိုင်ရင် ကောင်းမယ်ထင်ပါတယ်။ တချို့လူနာတွေဟာ သူ့မျက်စိ ခွဲလိုက်ရင် မြင်မယ်မှန်းသိပေမယ့်-အဲဒီမှန်ဘီလူးလေး မတတ်နိုင်



တာနဲ့ ဆေးရုံမလာတော့ဘူး။ ကျွန်မက ဆရာတော်ကြီးတွေ အဘိုးအဘွားအရွယ်တွေကို တတ်အားသမျှ စိုက်လုပ်ပေးပေမယ့် လိုအပ်ချက်တော့ ပြည့်အောင် မဖြည့်ဆည်းနိုင်ဘူးပေါ့"

**မျက်စိနှစ်လုံးစလုံး မမြင်တဲ့သူ**

ဆေးရုံမှဆင်းရတော့မည့်နေ့ နံနက်စောစော ငါးနာရီခန့်အချိန်၌ ကျွန်တော်သည် အိပ်ရာမှနိုးနေပြီး ဟိုတွေးသည်တွေးနှင့် ရင်ထဲဝယ်သောကမီးများ တောက်လျက် စိတ်ထိခိုက်ဝမ်းနည်းနေသလိုရှိနေ၏။

ကျွန်တော်ကဲ့သို့ မျက်စိအမြင်လွှာကွာသော ဝေဒနာရှင်များအဖို့ ဤသို့ တစ်ဘက်ဒုက္ခပေးလျှင် နောက်တစ်ဘက်ပါလိုက်ဒုက္ခပေးတတ်သည်ဟု ဆိုပါသည်။

အဝေးမှုန်မျက်မှန်ဒီဂရီအနှုတ်လေးရာကျော်ပါက စိုးရိမ်စရာရှိသည်ဆိုပါလျှင် ကျွန်တော့်မှာ အဝေးမှုန်ဒီဂရီရှစ်ရာငါးဆယ်ရှိနေပါ၏။

"တစ်ကယ်လို့များ ကျန်တဲ့မျက်စိတစ်လုံးမှာ အမည်းစက်လေးတစ်စက်၊ ယင်ကောင်လေးတစ်ကောင်လို ပျံနေတာမျိုးများ မြင်မိခဲ့ရင် ချက်ချင်း ညကြီးမင်းကြီးဖြစ်ပါစေ၊ ကျွန်မရှိရာ ဖုန်းဆက်ပါ။ အရေးပေါ်လိုတာ ချက်ချင်းစီစဉ်ပေးပါမယ်။ ဒီကျန်တဲ့ မျက်စိကို စောင့်ရှောက်ထိန်းသိမ်းဖို့ကတော့ သေရေးရှင်ရေးကိစ္စပါပဲ။ ဒီကျန်တဲ့မျက်စိတစ်လုံးကို သုံးလတစ်ကြိမ်လောက် ဆေးစစ်ပါ" ဟူ၍ ဆရာဝန်အမျိုးသမီးက အလေးအနက်မှာရှာပါသည်။

စောစီးစွာ အိပ်ရာထလာကြသော လူနာအချို့သည် ကျွန်တော်အခန်းပေါက်ဝအနီး၌ သူတို့အချင်းချင်း တီးတိုးပြောဆိုနေခြင်းများကို ကြားနေမိရ၏။

www.burmeseclassic.com

www.burmeseclassic.com

"မင်းမျက်စိတစ်လုံးက ပြန်မကောင်းနိုင်တော့ဘူးလား"

"ဘယ်ကောင်းနိုင်တော့မလဲဗျာ။ ထိခိုက်မှုကြောင့် ကြက်ဥကြေသလို ကြေသွားခဲ့ရတော့ မျက်စိတစ်လုံးလုံး ထုတ်ပစ်လိုက်ရပြီကိုး . . ."ဟု လူငယ်ကလေးတစ်ယောက်က သူ့အား မေးသူသို့ ပြန်ပြောနေသံ ကြားရသည်။

"ဟင်- မျက်စိတစ်လုံးတည်းကောင်းတော့ မင်းမှာဒုက္ခပါပဲ"

"အေးဗျာ- သူ့အကြောင်းနဲ့ သူဖြစ်လာရတာကို ယိုးမယ်ဖွဲ့ပြီး ထိခိုက်ကြေကွဲနေမယ်ဆိုရင်တော့ ကိုယ့်စိတ်ကိုယ် ဒုက္ခပေးသလိုပဲ ရှိမှာပေါ့။ ဒါပေမယ့်- ကြည့်ဗျာ။ ဟိုတုတ်ကြီး တစ်ချောင်းနဲ့ ဒီဆေးရုံမှာ အဖော်မပါသွားလာနေရတဲ့လူကို တွေ့ တယ်မို့လား။ သူ့ဆို နှစ်လုံးစလုံး ထုတ်ပစ်ထားရတာ။ မျက်စိနှစ်လုံးစလုံး မမြင်ရတဲ့လူတောင် ဘာအားကိုးမှုမရှိဘဲ တုတ်ကြီးတစ်ချောင်းနဲ့ ရပ်တည်နေနိုင်သေးတာပဲ။ ကျွန်တော်တို့ တစ်လုံးမြင်နေတဲ့သူအဖို့ ဘယ်လို ဒုက္ခကိုများ စာဖွဲ့နေရဦးမှာလဲဗျာ"

ကျွန်တော်ပြုံးမိသွားရလေပြီ။ မှန်ပါ၏။

ထိုမျက်စိနှစ်လုံးစလုံး ထုတ်ထားရသူလူနာသည် ဤဆေးရုံသို့ ကျွန်တော်မရောက်မီ ကာလကတည်းက ရှိနေခဲ့ပြီး အဖော်မပါ တစ်ကိုယ်တည်း တုတ်ကြီးတစ်ချောင်းကို အားကိုးပြုလျက် နေထိုင်သွားလာလှုပ်ရှားနေခြင်းကို ကျွန်တော်လည်း တွေ့မြင်နေရပါ၏။ တစ်ခါတစ်ရံ ထိုသူနှင့် ကျွန်တော် ဆေးရုံလမ်းကူးရာနေရာလေး၌ ဆုံမိလျှင် သူယမ်းလာသည့် တုတ်ကကျွန်တော့်ဘီးတပ်ကုလားထိုင်နှင့် ထိခိုက်မိမည်စိုး၍ ကျွန်တော်က ဘေးနားသို့ ရှောင်၍ ရပ်ပေးထားရတတ်လေသည်။

ကျွန်တော်သည် စိတ်အားတွေကို စုစည်း၍ အားတင်းလိုက်၏။



သူလိုဆရာဝန်

ထိုဆရာဝန်အမျိုးသမီးသည် သူ့အား **ကျွန်တော်တ**ဆေးကုသခအဖြစ် ဘာမျှပေးရန်မလိုဟု ယတိပြတ်ဆိုခဲ့သော်**လည်း** ကျွန်တော့်စိတ်၌ သူ့အား တစ်စုံတစ်ခုတုံ့ပြန်ရန် စိတ်ဆန္ဒ **ဖြစ်နေ**ရလေသည်။

ထို့ကြောင့် သူရှိရာဆေးတိုက်ကြီးသို့ မျက်စိခွဲစိတ်မှု တစ်ခုပြုလျှင် မည်မျှဈေးနှုန်းထားရှိပါသလဲဟူ၍ ဖုန်းဆက်စုံစမ်းလေ့လာကြည့်မိ၏။

ထိုဆေးတိုက်ကြီးမှ ဖုန်းလက်ခံပြောသူက-

"အင်း- တခြားတခြားဆရာဝန်တွေဆို ဈေးနှုန်းပြောလို့ရပါတယ်။ သူ့ကျတော့ ပြောလို့ မရဘူး။ ဒီဆရာမက တစ်မျိုးပါပဲ။ များသောအားဖြင့် သူက လူနာဆီက အဖိုးအခမယူတာများပါတယ်။ ယူခဲ့ရင်လည်း တခြားဆရာဝန်တွေယူတဲ့ဈေးအောက် အနည်းဆုံးပါပဲ။ ကျွန်မတို့ ခွဲခန်းစရိတ်တွေတောင် သူက လျှော့ပြီးယူဆိုသလောက်ပဲယူရတာ။ တခြားဆရာဝန်တွေနဲ့စာရင် သူယူတာမပြောပလောက်ပါပဲ။

သူ့အား လေးစားစွာ ဦးညွတ်လိုက်ရပါပြီ။

"သူလိုဆရာဝန်"မျိုးအား အဘယ်ပြည်သူသည် မလိုလားမချစ်ခင်ဘဲ ရှိပါမည်နည်း ဟူ၍ ကျွန်တော်သည် ဝတ္ထုတိုတစ်ပုဒ်ကို "မြင်သာမဂ္ဂဇင်း၊ ၂- ၂၀၀၀၀" ၌ ရေးခဲ့ဖူးပါ၏။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၃)

## မျက်စိနှစ်ဆယ့်ငါးလုံးအလင်းရလေအောင်

ကျွန်တော်သည် ဆရာဝန်အမျိုးသမီးအကြံပေးခဲ့သည့် အတိုင်း မျက်စိအတွင်းတိမ်ရောဂါဖြစ်သူ၏ မျက်စိတွင်းသို့ ထည့်ပေးရသော အိုင်အိုအယ်လ်(ခေါ်) မှန်ဘီလူးလေးနှစ်ဆယ့် ငါးခုနှင့် ဆေးရုံသုံး ပစ္စည်းများကို ဆေးရုံသို့ လှူဖြစ်ရပါသည်။ ယင်းသို့ လှူသည့်အခမ်းအနားကို ရုပ်မြင်သံကြားသတင်းများနှင့် သတင်းစာများ၌ သတင်းအဖြစ် ဖော်ပြပေးလေသည်။

အကယ်၍ ကျွန်တော့်မျက်စိတစ်လုံးသည် မည်သို့မျှ ပြန်မကောင်းနိုင်သည်ဘဲ ရှိစေ၊ ကျွန်တော်လှူခဲ့သော မှန်ဘီလူးလေး နှစ်ဆယ့်ငါးခုကြောင့် အခြားအခြားသော မျက်စိနှစ်ဆယ့်ငါးလုံး ကား အလင်းရမည်မှာ အသေအချာဖြစ်ပါ၏။

ဤအသိတရားဖြင့် ကျွန်တော်သည် မိမိစိတ်ကို ဖြေသိမ့် နိုင်မိရလေသည်။

ထိုသို့ လှူဒါန်းပြီးနောက် ကျွန်တော့်မျက်စိကို ဆေးရုံသို့ အပတ်စဉ်သွားပြီး ဆေးစစ်ဆေးမှုခံယူနေရစဉ် တစ်နေ့၌ ဆေးရုံ လမ်းကူးလေးတစ်နေရာတွင် လူနာဝတ်စုံဖြင့် လူတစ်ဦးသည် အမြေးအလွှား ကျွန်တော့်ထံ ရောက်ရှိလာပြီး-

"ဆရာဟာ စာရေးဆရာမောင်စိန်ထွေးနော်-" ဟု မေး၏။

ကျွန်တော်က-





"ဟုတ်ပါတယ်-"

"ကျွန်တော်ကျေးဇူးတင်လွန်းလို့ ကန်တော့ချင်လို့ပါ ဆရာ" ဟုဆိုကာ ထိုသူက ကုန်းကန်တော့ပါလေတော့သည်။

ကျွန်တော့်မှာ အံ့အားကြီး သင့်နေရစဉ် ထိုသူက-

"ကျွန်တော်က တောနယ်ကပါ။ နွမ်းပါးပါတယ်။ ကျွန်တော် တို့ဆီမှာ လမ်းဖောက်တော့ ကျောက်ထုရင်း ကျောက်စမှန်တာ ကျွန်တော့်မျက်စိ ကွယ်သွားခဲ့ရပါတယ်။ အဲဒါ- နောက်ဆုံး၊ ဒီမှာ ဆေးလာကုတော့ ကျွန်တော့်မျက်စိထဲ ထည့်ပေးတဲ့ မှန်ဘီလူးလေး ဟာ ဆရာလှူထားတာလို့ ဒီက ဆရာဝန်မကြီးက ပြောပြလိုက်လို့ ကျေးဇူးတင်လွန်းတာနဲ့ လိုက်ကန်တော့မိတာပါဆရာ"

ကျွန်တော့်မှာ မျက်ရည်များ လည်အောင်ပင် ကြည်နူး ပီတိ ဖြစ်ရ၏။

တစ်နေ့တွင်လည်း ဆေးရုံခန်းထဲ၌ ဆရာဝန်အလာကို ဘီးတပ်ကုလားထိုင်မှာ ထိုင်လျက် ကျွန်တော်စောင့်ဆိုင်းနေစဉ် လူတစ်ယောက်က မိမိအနီးကပ်လာပြီး အကဲခတ်ကြည့်ရင်း-

"ဆရာက လှည်းကလေးနဲ့ဆိုတော့ စာရေးဆရာ မောင်စိန်ထွေးဆိုတာ ထင်ပါရဲ့-"

"ဟုတ်ပါတယ်-"

"ဆရာအသက်ဘယ်လောက်ရှိပြီလဲ- ဟင်"

"ဘာဖြစ်လို့မေးတာပါလဲ-" ဟု ကျွန်တော်က ပြန်မေးမိ၏။

ထိုသူက ကျွန်တော့်အနီး၌ ရှိသေစွာ ကုန်းလျက်-

"ဩော်- ဒီလိုပါဆရာ။ ကျွန်တော့်မျက်လုံးထဲမှာ ထည့်ထား တဲ့ မှန်လေးဟာ ဆရာလှူထားတဲ့အကြောင်း သိလိုက်ရပါတယ်။ ဆရာ့အပေါ် လေးစားကျေးဇူးတင်လို့ ကန်တော့ရင်းကောင်းလား

www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးမိတာနဲ့ပါ။ ဒါပေမဲ့- ဆရာက ကျွန်တော့်အောက် ငယ်မယ်ထင်လို့ ကန်တော့ရမှာ အားနာနေတာနဲ့ မေးကြည့်မိတာပါ"

နောင်တွင်လည်း ယင်းကဲ့သို့ အလားတူ အဖြစ်ကလေးများ ကြုံရတတ်လေသည်။

စင်စစ် မိမိမျက်စိတစ်လုံး ဆုံးရှုံးလိုက်ရသည်ဖြစ်စေ၊ နောက်ထပ်မျက်စိနှစ်ဆယ့်ငါးလုံး အလင်းပြန်ရဖို့ အကြောင်းဖန်လာရခြင်းပါတကားဟူ၍ စိတ်ဝယ်ဖြေသိမ့်နိုင်မှု ရှိလာရလေ၏။

**မျှော်လင့်ချက်တို့ ပြိုလဲကုန်ပြီ**

ကျွန်တော်သည် ထိုသို့ပင် ဆေးရုံသို့ မှန်မှန်သွားရောက်ကာ မိမိမျက်စိကို ဆေးစစ်၊ ဆေးစား၊ မျက်စဉ်းခတ် လုပ်နေသော်လည်း ကျွန်တော့်မျက်စိမှာ တိုးတက်ကောင်းမွန်လာခြင်း မရှိတော့ချေ။

သို့နှင့် တစ်နေ့တွင် ဆွေမျိုးသားချင်း ဆရာဝန်ကြီးတစ်ဦးက-

"မင်းမျက်စိကို တခြားမျက်စိအထူးကု တစ်ဦးဦးနဲ့ ထပ်ပြကြည့်ပါဦးလား" ဟု အကြံပေးလာ၏။

"အခုလည်း ဆေးရုံမှာ လုပ်ကိုင်ပေးနေကြတာ လုံလောက်တယ် ထင်ပါတယ်"

"မဟုတ်သေးဘူးလေ-၊ ပညာရှင်ချင်းတူပေမယ့် တစ်ဦးနှင့်တစ်ဦး အမြင်ချင်း၊ တွေးခေါ်ပုံချင်း၊ တွက်ဆပုံချင်း မတူတတ်တာမျိုးတွေလည်း ရှိတယ်။ ကိုယ်တောင် ဆရာဝန်တစ်ဦး ဖြစ်ပေမယ့် ကိုယ်မကျန်းမာတဲ့အခါ ကိုယ့်ဘာသာကိုယ် ဆေးစားမယ့်အစား ကိုယ့်ထက်ဝါရင့်သူရော- ကိုယ့်အောက် ဝါနိမ့်တဲ့ ဆရာဝန်လေးတွေရော- သူတို့ရဲ့ အယူအဆအသိအမြင် မေးစမ်း ဆွေးနွေးကြည့်တာပါပဲ"

သူ့စေတနာကို လေးစားသောအားဖြင့် ကျွန်တော်က သူ့အကြံပေးချက်ကို လက်ခံလိုက်၏။ သူကလည်း သူ့မိတ်ဆွေ မျက်စိအထူးကု ဆရာဝန်ကြီးတစ်ဦးနှင့် ကျွန်တော့်အား တွေ့ဆုံပေးလေသည်။

ယင်းမျက်စိအထူးကုဆရာဝန်ကြီးသည် သူ့ဆေးခန်း၌ ကျွန်တော့်မျက်စိကို အသေအချာ စမ်းသပ်စစ်ဆေးပေးပါသည်။

နောက်ဆုံးအဖြေမှာ ကျွန်တော့်ခွဲစိတ်ကုသထားသော မျက်စိသည် ပြန်ကောင်းရန် မဖြစ်နိုင်တော့ပါ။ ထို့ပြင် ကျန်သောမျက်စိသည်လည်း ဒဏ်ရာ ဒဏ်ချက်ချို့ယွင်းချက်တွေနှင့် စိတ်ပူစရာ အခြေအနေရှိကြောင်း သိလိုက်ရပါသည်။

မိမိမျက်စိ ပြန်ကောင်းနိုင်သေးသည်ဟူသော ကျွန်တော့်မျှော်လင့်ချက်တို့သည် အားလုံး ပြိုလဲပျက်စီးသွားရလေပြီ ဖြစ်ပါ၏။

ထို့ပြင် ကျန်မျက်စိတစ်လုံးသည်လည်း စိုးရိမ်စရာ အခြေအနေမျိုးရှိသည်ဟု သိလိုက်ရသောအခါ ကျွန်တော့်မှာ များစွာစိတ်မချမ်းမသာ ခံစားသွားခဲ့ရလေသည်။

**သိပ်မျော်ချင်လို့**

ကျွန်တော်သည် ရင်ထဲ၌ မသက်မသာခံစားလာရခြင်းဖြစ်သော စိတ်မချမ်းမသာမှုကို အားတင်း၍ ဖြေဖျောက်ကြည့်ပါသည်။ ဟန်မပျက်အောင် နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အိမ်ပြန်ရန် ကားပေါ်ရောက်သောအခါ၊ ထိုဆေးခန်းကြီး ရှေ့နား၌ ကလေးကစားစရာလေးများ ရောင်းနေသည်ကို လှမ်းမြင်နေရသဖြင့် မစန္ဒာအား ကျွန်တော်က-

"ဟယ်- အဲဒီကစားစရာ ယုန်ရုပ်လေးတစ်ခုဝယ်လိုက်ပါ"

"ဘာလုပ်ဖို့လဲ" ဟု မစန္ဒာကမေး၏။

"ကိုယ်လေ- အခုသိပ်ပျော်ချင်နေတယ်။ တူမငယ်လေးဖို့ ဒီကစားစရာလေးဝယ်သွားပြီး- ဒီကစားစရာလေးနဲ့ သူပျော်ပျော်ပါးပါး ကစားတာမြင်ရရင် ကိုယ်လည်း လိုက်ပျော်လာမလားလို့"

ညီမအငယ်ဆုံးက မွေးထားသော သမီးငယ်လေးကို မိမိသားသမီးမဟုတ်သော်လည်း ကျွန်တော် အလွန်ချစ်၏။ ချစ်လှစွာသော တူမငယ်လေးဆော့ကစားနေတတ်သည်ကို တစိမ့်စိမ့်ကြည့်ရင်း ယခင်ယခင်တုန်းက ကျွန်တော့်စိတ်ဝယ် ပျော်တတ်မြဲ ဖြစ်၏။

**မိခင်ရင်းဆိုတော့**

အိမ်ပြန်ရောက်သောအခါ ကျွန်တော့်ဝဲဖက်မျက်စိတစ်လုံးသည် ပြန်ကောင်းရန် မျှော်လင့်ဖွယ် မရှိတော့ကြောင်းကို မေမေနှင့်တကွ အိမ်သားများအား ပြန်မပြောပြတော့ပါ။

ဝယ်လာသည့် ယုန်ရုပ်လေးကိုသာ တူမငယ်လေးအား ဆော့ကစားစေ၍ မိမိစိတ်ကို မိမိပျော်အောင်ဖန်တီးကြည့်ပါ၏။ တူမငယ်လေးက ပျော်ပျော်ပါးပါးဆော့ကစားနေသော်လည်း ကျွန်တော့်ရင်၌ ပျော်ရွှင်မလာတော့ပေ။

နောက်တစ်ပတ်တွင် ကျွန်တော့်မျက်စိကို ဆေးရုံသို့ သွားပြသောအခါ ကျွန်တော်က ဆရာဝန်အမျိုးသမီးအား မိမိမျက်စိကို



အခြားဆရာဝန်တစ်ဦးနှင့် ပြခဲ့သည့်အကျိုးအကြောင်းတို့ ပြောပြလိုက်လေသည်။

ဆရာဝန်အမျိုးသမီးက ကျွန်တော့်အား စိတ်မကောင်းစွာကြည့်၏။

ထို့နောက် သူက-

"ဟုတ်ပါတယ်။ ကျွန်မက မိခင်ရင်းဆိုတော့ အဖြစ်မှန်ကို မပြောရက်ခဲ့ဘူးလေ။ နောက်ပြီး- ကျွန်မလုပ်ထားတဲ့အလုပ်၊ ကျွန်မသိပါတယ်။ ကျွန်မဒီလိုမျက်စိရောဂါမျိုးကို ကျွန်မဆရာကြီးဆီ သွားပို့ဖူးတာ၊ ဆရာကြီးက နင်ငါ့ထမင်းအိုး ခွဲတာလားလို့တောင် ပြောခံရဖူးပါတယ်။ တိမ်ရိုးရိုးခွဲတာမျိုးက များသောအားဖြင့် ကောင်းသွားတော့ ခွဲတဲ့ဆရာဝန်နာမည်ရပေမယ့်- ဒါမျိုးခွဲတဲ့ဆရာဝန်ဟာ နာမည်ကောင်း ရဖို့ မလွယ်ပါဘူး-"

သူက ကျွန်တော့်ကို အကဲခတ်လျက် စကားဆက်၏။

"ကျွန်မတို့ဟာ အကြောင်းမထူးလှတော့တဲ့အခြေအနေမှာ လူနာစိတ်မချမ်းမသာ ရှိသွားမှာကိုလည်း ပူပင်လှပါတယ်။ နောက်-သိပ်ကြီးမျှော်လင့်ထားပြီး ဖြစ်မလာခဲ့ရင် ယူကျုံးမရ ဖြစ်မှာစိုးလို့လည်း မျှော်လင့်ချက်သိပ်မပေးခဲ့ပါဘူး။ မျှော်လင့်ချက်ကုန်ပြီး ဒိတ်ပျက်သွားအောင်လည်း မလုပ်ချင်ဘူးလေ။ ဒါပေမဲ့- အခု ဩစတြေးလျနိုင်ငံက မျက်စိအထူးကုပညာရှင်အဖွဲ့ ရောက်နေတယ်။ သူတို့က ဒီအမြင်လွှာကွာတဲ့ ရောဂါခွဲစိတ်ကုအဖွဲ့ ... ကောင်းမယ့်မျက်စိဆိုရင် အခုပြန်ခွဲပေးလိမ့်မယ်။ စိတ်မပျက်ပါ ဘူးဆိုရင်တော့ သူတို့နဲ့ ပြကြည့်ဦးမလား"

www.burmeseclassic.com

www.burmeseclassic.com

သူတို့လည်း မကယ်နိုင်ပါ

သို့နှင့် ကျွန်တော်သည် မိမိ၏မျက်စိကို ကုသရန် နိုင်ငံခြားသားမျက်စိအထူးကု ဆရာဝန်ကြီးများထံ ရောက်ရပြန်ပါ၏။

ဆရာဝန်အမျိုးသမီးသည် လူနာခြောက်ဦးကို သူကိုယ်တိုင်စောင့်၍ ယင်းမျက်စိကု အဖွဲ့ထံ ပြပေးသည်။

လူနာတွေက များလှသဖြင့် ကျွန်တော်သည်လည်း မိမိအလှည့်ရောက်ရန် အချိန်အတန်ကြာ စောင့်ရပါသည်။ ကျွန်တော်ထိုင်စောင့်နေစဉ် မစန္ဒာသည် ကျွန်တော့်ပခုံးကို သူ့လက်ညှိုးနှင့်တို့လျက်ပရိတ်များ၊ ဂါထာများ ရွတ်ဆိုပေးနေ၏။

ကျွန်တော့်အလှည့်သို့ ရောက်သောအခါ နိုင်ငံခြားသားပညာရှင်များသည် စက်ကိရိယာများနှင့်ပါ ကျွန်တော့်မျက်စိအားစစ်ဆေးကြည့်ကြ၏။

မူလခွဲစိတ်ထားမှု၌ အပြစ်အနာမရှိကောင်းမွန်ကြောင်းနှင့်ယခုထပ်မံခွဲစိတ်ကုသလျှင်လည်း အကျိုးမထူးနိုင်ကြောင်း အဖြေထွက်၏။

မစန္ဒာသည် စိတ်မကောင်းစွာ ကျွန်တော့်ဘီးတပ်ကုလားထိုင်ကို လူနာများနှင့် ဝေးရာသို့ အမြန်တွန်းယူလာခဲ့၏။ ဆရာဝန်အမျိုးသမီးကလည်း ကျွန်တော့်နောက်မှ ထပ်ကြပ်အပြေးလိုက်လာ၍-

"စိတ်မကောင်း မဖြစ်ပါနဲ့နော်-။ မျက်စိတစ်လုံး ကောင်းသေးတာပဲ။ အားမငယ်နဲ့။ အဲဒါပဲ ဂရုစိုက်။ အဲဒီကောင်းတဲ့ မျက်စိပဲကျွန်မဆီ မှန်မှန်လာပြ- စစ်ဆေးပေါ့" စသဖြင့် ကျွန်တော့်အားလိုက်ချော့ရင်း အားပေးရှာ၏။



ကျွန်တော်သည် ရင်ထဲ၌ ထိခိုက်ဝမ်းနည်းနေသော်လည်းဟန်လုပ်၍ ဘာမျှမဖြစ်သလို-

"ဟုတ်ကဲ့- ကိစ္စမရှိပါဘူး" စသဖြင့် ရယ်ရယ်မောမောပြောရ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)
# ရက်စက်သောကံကြမ္မာ

ကျွန်တော့်မှာ ဝဲဖက်မျက်စိတစ်လုံး နေရင်းထိုင်ရင်း ကွယ်သွားရသည့်အဖြစ်ဆိုး ကြုံနေရသည့်အချိန်ကာလ အတော အတွင်း၌ ကျွန်တော့်တွင် ပြဿနာတွေ၊ အခက်အခဲတွေနှင့်လည်း မမျှော်လင့်ဘဲ ကြုံလာရပါသည်။ အိမ်တွင်းရေး၊ စီးပွားရေး၊ လူမှု ဆက်ဆံရေးများလည်း မပြေမလည် ရှုပ်ထွေးလာလျက် ရှိ၏။

အိမ်ရှိမော်တော်ကားပြင်အလုပ်ရုံ၌လည်း မသမာမှု၊ မမှန် ကန်မှု၊ သစ္စာမဲ့မှု၊ အလုပ်သမားချင်း ခိုက်ရန်ဒေါသဖြစ်မှု၊ ပြင်ဆင် သည့်ကားမီးလောင်မှု၊ လုပ်ငန်းသဘော အရေးယူခံရမှုများ စသည် စသည်ဖြင့် ခေါင်းမီးတောက်ရသည့် အဖြစ်အပျက်များနှင့် ကြုံနေ ရ၏။

အဆိုးဝါးဆုံး စိတ်မကောင်းစရာအဖြစ် တစ်ခုမှာ အလုပ်ရုံ စတင်လုပ်ကိုင်စအချိန်မှာစ၍ နှစ်ပေါင်းများစွာ လုပ်ကိုင်လာခဲ့ရှာ သော "ဘောက်စ်ဝက်ဂွန်း" ကားစက်ပြင်ဆရာလေး၏ အဖြစ် အပျက် ဖြစ်လေသည်။

သူသည် ကျွန်တော့်ရှေ့မှာပင် အင်ဂျင်ကိုင်နေရာမှ ကား ပစ္စည်းသွားဝယ်ဦးမည်ဆိုပြီး သူ့ကိုယ်ပိုင်ဘောက်စ်ဝက်ဂွန်းကားဖြင့် ဘုရင့်နောင်ဈေးသို့ ထွက်သွားသည်။ ထိုမှစ၍ သူပြန်မလာ နိုင်တော့ပါ။





သူ့အားအရက်မူးသမားမောင်းလာသော ကားက တိုက်သွားသောကြောင့် ရုတ်တရက်ကွယ်လွန်သွားရှာပါ၏။ သူသည် အလွန်ရိုးသားအေးဆေးပြီး မိဘကို လုပ်ကျွေးပြုစုနေသူ ဖြစ်ပါသည်။ သူအိမ်ထောင်ကျသည်မှာလည်း မကြာလှသေးဘဲ သူ့ဇနီး၌ ကိုယ်ဝန်အရင့်အမာဖြင့် ကျန်ခဲ့ရ၏။

သူကွယ်လွန်ချိန်မှစ၍ ကျွန်တော့်မော်တော်ကားအလုပ်ရုံ ၌ ဘောက်စ်ဝက်ဂွန်းကား ပြင်ဆင်ရေး ပျက်ပြားသွားခဲ့ရလေသည်။ လက်ရှိပြုပြင်ဆဲ ဘောက်စ်ဝက်ဂွန်းကားများကို အခြားအလုပ်ရုံသို့ လွှဲပြောင်းပေးလိုက်ရပါသည်။

**တစ်ခုခုဆုံးဖြတ်ရတော့မည်**

တစ်နေ့တွင် မစန္ဒာနှင့်ကျွန်တော်သည် ရန်ကုန်မြို့တွင်းမှ ပြန်လာရင်း ရွှေတိဂုံစေတီတော်ဖက် ရောက်သောအခါ မစန္ဒာက သူမောင်းလာသည့် လီမိတက်ကားကို လမ်းဘေးထိုးရပ်ထားလိုက် ပြီး ကျွန်တော့်အား လှည့်ကြည့်နေ၏။

သူ့မျက်နှာ မကောင်းပါ။

"ဘာဖြစ်သလဲ-" ဟု ကျွန်တော်က အကဲခတ်ရင်း မေးမိ ၏။

"တစ်ခုခုတော့ ဆုံးဖြတ်ရတော့မယ်။ မောင်နှမ မိသားစု တွေကို ဖြတ်မလား-၊ ချစ်တဲ့သူကို ဖြတ်မလားတဲ့" ဟု သူက ကားလက်ကိုင်ဘီးခွေကို ကိုင်လှုပ်ရင်း ခပ်ဆတ်ဆတ်ကုန်း အော်သည်။

ကျွန်တော်က သက်ပြင်းချလျက် သူ့ကိုငေးမော ကြည့်နေ ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

သူနှင့်ကျွန်တော် တပူးတွဲတွဲ သွားလာနေသည်ကို သူ့အိမ်က တားမြစ်နေကြောင်း ကျွန်တော်လည်း သိပါသည်။ အထူးသဖြင့် ကျွန်တော့်ဝဲဖက် မျက်စိဒုက္ခပေးနေချိန်၌ သူသည် မည်သည့်အရာကိုမျှ ဂရုမစိုက်တော့ဘဲ ကျွန်တော့်မျက်စိကုသရေးအတွက်သာ အချိန်ပြည့်လိုလို လုံးပမ်းနေခဲ့၏။

ဆေးရုံ၌ ကျွန်တော်ရှိနေစဉ်မှာလည်း သူသည် သူ့အိမ်ကကားဖြင့် မိုးလင်းမိုးချုပ် အချိန်မရွေး လူပ်ရှားသွားလာခဲ့၏။ ကျွန်တော် ဆေးရုံမှဆင်းလာခဲ့ပြီးသော်လည်း နောက်ထပ်ဆေးရုံသို့ သွားရမည့်ကိစ္စများ၊ အခြားအခြားသော ကိစ္စများ၌လည်း သူသည် ကျွန်တော့်အကြောင်း ကိစ္စအဝဝကို ကိုယ်ဖိရင်ဖိ လုပ်ကိုင်ဆောင်ရွက်ပေးရှာလေသည်။

ထိုသို့သော အခြေအနေကို သူ့အိမ်က မကြိုက်ချေ။ ပတ်ဝန်းကျင် အသိုင်းအဝန်း၏ ဝေဖန်ချက်များအရလည်း ကျွန်တော်တို့နှစ်ဦးတွင် ပြဿနာရှိလာရခြင်း ဖြစ်ပါသည်။

"မနေ့ညက အစ်ကိုက ကိုးထပ်ကြီးဘုရားကို စန္ဒာ တစ်ယောက်တည်း ခေါ်သွားပြီး စကားပြောတယ်။ စန္ဒာက အမှန်အတိုင်းအားလုံးပြောပြလိုက်တယ်"

"အဲဒီတော့. ."

"ဘာလို့ ဒီလူကို မဖြတ်နိုင်ရမှာလဲတဲ့။ ဒီလူနဲ့ မဖြတ်ရင် မောင်နှမချင်း ဖြတ်ရမယ်တဲ့။ သူ့မှာ ကြိုက်စရာ အထင်ကြီးစရာ ဘာရှိလို့လဲတဲ့" စသဖြင့် မစန္ဒာ၏အစ်ကိုက ကျွန်တော့်အပေါ် ရက်ရက်စက်စက်တွေ ပြောကြောင်း ပြောပြပြီး မစန္ဒာမှာ ငိုနေ၏။

မစန္ဒာ၏အစ်ကိုက သူတို့မှာ သည်ညီမလေးတစ်ယောက်ဘည်းသာရှိသဖြင့် လှိုလေသေးမရှိ အလိုလိုက်ထားကြောင်း၊ အခုလည်း ဘာလိုချင်သလဲ၊ ဘာလုပ်ချင်သလဲ၊ နိုင်ငံခြားသွားမလား အားလုံး စိတ်တိုင်းကျ ဖြည့်ဆည်းလုပ်ပေးမည်ဖြစ်ကြောင်း ကျွန်တော့်ကိုသာ အဆက်အဆံမလုပ်ဘဲ ဖြတ်ဖို့လိုကြောင်း စသဖြင့် အေးအေးဆေးဆေး စိတ်ရှည်ရှည်နှင့် ဖျောင်းဖျ ပြောဆိုသည်ဟု မစန္ဒာက ပြောပြ၏။



ကျွန်တော်လည်း သူ့အပေါ် မပြောရက်တော့ပါ။ သူတို့တွေ ပြောကြသည်များမှာ အားလုံးမှန်ပါ၏။ တားမြစ်ကြသည်မှာလည်း နည်းလမ်းကျပါ၏။

"မောင်နှမတွေနဲ့ ပြတ်တာမပြတ်တာတော့ မသိဘူး။ ကိုယ့်ချစ်သူကိုလည်း ဘယ်နည်းနဲ့မှ မပစ်ပယ်နိုင်ဘူး။ ဒီချစ်သူမှာ ဘယ်လောက်ကြီး ချို့ယွင်းချက်တွေပဲ ရှိရှိ၊ ဒါကတော့- ညီမလေးရဲ့ ဘဝကံအကြောင်းတရားလို့ပဲ ထားလိုက်ပါတော့" ဟု မစန္ဒာက သူ့အစ်ကိုအား အဖြေပေးလိုက်လေသောအခါ သူတို့တွေအားလုံး စိတ်ဆိုးကုန်ကြပါတော့၏။ ထို့နောက်- မစန္ဒာစီးနေသည့် လီမိတက်ကားကိုပါ သူ့အစ်ကိုတစ်ယောက်က သိမ်းယူထားလိုက်တော့သည်။

**အမေ့ကိုခွဲမသွားရက်ပါ**

ထို့နောက် မကြာမီတစ်နေ့တွင် မစန္ဒာ၏ဖခင်က ကျွန်တော့်ထံ ကျွန်တော်နှင့် စကားနည်းနည်းပြောလိုကြောင်း ဖုန်းဆက်၏။ သူသည် ကျွန်တော့်အား အလွန်ချစ်၏။

ကျွန်တော်သည် မစန္ဒာ့တို့အိမ်သို့ ကားဖြင့်လာခဲ့သည်။ မစန္ဒာနှင့် သူ့ဖခင်ကို ကားဖြင့် တင်ခေါ်လာခဲ့ပြီး လူသူရှင်းသည့် ခရေပင်လမ်းသို့ လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ခရေပင်လမ်း၌ ကားကိုရပ်ထားစေ၍ ကားမောင်းသူကို အဝေးသို့ ခေတ္တသွားနေစေပြီး ကျွန်တော်တို့ လွတ်လွတ်လပ်လပ် စကားပြောဆိုကြပါသည်။

မစန္ဒာ၏ ဖခင်က "သမီးကို လက်ထပ်ယူမယ်ဆိုလည်း ယူပါ။ မယူဘူးဆိုလည်း ပတ်ပတ်သက်သက်မလုပ်ပါနဲ့တော့။ ရှင်းအောင်ပြတ်အောင်လုပ်ပေးပါ" ဟု ဆိုရှာ၏။

ကျွန်တော်လည်း စိတ်မကောင်းပါ။ မစန္ဒာ၏ ဖခင်သည် အဆုတ်မကောင်းသော ဝေဒနာဖြင့် အမြဲမောနေတတ်သူဖြစ်လေသည်။ မစန္ဒာနှင့် သူ့ဖခင်သည် တစ်ဦးပေါ်တစ်ဦး အလွန်အချစ်ကြီးကြောင်း ကျွန်တော်နားလည်ထားပါသည်။

ကျွန်တော်လည်း ယခုလက်ထပ်ယူ၍ဖြစ်ပါကြောင်း၊ သို့သော် ကျန်းမာရေးမကောင်းသော ဖခင်အား သမီးသည် ခွဲမသွားရက်ရှိသည်ကို ကျွန်တော်သိကြောင်း၊ ဖခင်က အားကိုးအားထားပြုနေရသော သမီးကို ကျွန်တော်ဆွဲခေါ်ထုတ်သွားသည့်အဖြစ်လည်း မရောက်စေလိုကြောင်း၊ ထို့ကြောင့် ဖခင်တစ်သက် သမီးသည် အိမ်ထောင်မပြုဘဲရှိနေမည်ဖြစ်ကြောင်းနှင့် ကျွန်တော်တို့နှစ်ဦးသည်လည်း ကွဲကွာသွားရမည့်အဖြစ်မျိုး မရောက်လိုပါကြောင်းတို့ကို မစန္ဒာ၏ဖခင်အား ပြောပြလိုက်လေသည်။

မစန္ဒာ၏ဖခင်သည် ဘာမျှမပြောတော့ဘဲ ငြိမ်သက်သွားသေ၏။

**နောက်ကျောဓားထိုးခံရလိမ့်မယ်**

တစ်ရက်တွင်လည်း ကျွန်တော်တို့အိမ်နှင့် မစန္ဒာတို့အိမ်နှင့်အိမ်စလုံးနှင့် ကျွမ်းဝင်သော ညီအစ်ကိုဝမ်းကွဲတစ်ယောက်နှင့် [illegible]အရေးများ စကားပြောဆိုဖြစ်ရ၏။



သူက ကျွန်တော့်အား -

"အစ်ကိုတို့ အိမ်တွင်းရေးလက်သီး ပုန်းထိုးနေတာတွေရောသိလား"

"မဟုတ်ပါဘူး" ဟု ကျွန်တော်က ခေါင်းခါသည်။

"အစ်ကို့မိသားစုထဲမှာရော အခုပြေလည်ရဲ့လား"

"ဟဲ့-ငါဟာ ကိုယ့်ညီအစ်ကိုမောင်နှမတွေအပေါ်မှာရော၊ တစိမ်းတစ်ရံစာတွေပေါ်မှာပါ-မထရားတာ၊ မမှန်တာတွေ ဘယ်တုန်းကမှ မလုပ်ခဲ့မိဘူးထင်ပါတယ်။ အကျိုးရှိအောင်လုပ်နိုင်ရင်လုပ်၊ မလုပ်နိုင်ရင်လည်း အကျိုးပျက်စီးအောင် ဘယ်တုန်းကမျှ မပြုခဲ့မိတော့ ဘယ်သူနဲ့မျှ မပြေလည်တာမရှိနိုင်ဘူးထင်ပါတယ်" ဟု ကျွန်တော်က ပြောလိုက်မိသည်။

ထိုအခါ သူက ရုတ်တရက်ပြောချလိုက်သည်မှာ-

"အစ်ကို. . . တစ်နေ့နောက်ကျောဓားထိုးခံရလိမ့်မယ်"

ကျွန်တော့်၌ ယင်းသို့သော အကြောင်းအရာပြဿနာများ ရင်ဆိုင်လာရလေသောအခါ ကျွန်တော်သည်လည်း မိမိကိုယ် မိမိ ပြန်လှန်သုံးသပ်သည့်စိတ်များ ရှိလာရ၏။

ဥပမာအားဖြင့် ကြည့်ပါ။ ကျွန်တော်သည် မိမိလက်လှမ်းမီသော ဆွေမျိုးသားချင်းတို့၏ မျက်စိကို မိမိစေတနာအလျောက် ကောင်းမွန်အောင် စီစဉ်ကုသပေးခဲ့၏။

ကျွန်တော်သိသမျှ မိမိပတ်ဝန်းကျင်၌ မျက်စိကွယ်သူ မှန်သရွေ့ဘာအခက်အခဲ၊ ဘာပြဿနာမျှ မရှိဘဲ လက်တွေ့မြင်ကောင်းသွားကြသည်ချည်းသာ ဖြစ်ပါသည်။

သို့ဖြစ်၍လည်း ကျွန်တော့်မျက်စိကြည့်မကောင်းဘဲ တစ်ခုံဘစ်ခု ဖြစ်လာသည်ဟု သိသောအခါ စိတ်မပူဘဲ မိမိမျက်ဝိဆေး

www.burmeseclassic.com

www.burmeseclassic.com

ကုသလိုက်လျှင် ပြန်ကောင်းမှာပဲဟူ၍ တစ်ထစ်ချ စိတ်ချယုံကြည်ခဲ့မိ၏။

သို့သော် ကျွန်တော့်မျက်စိပြန်မကောင်းတော့ပါ။ သူတစ်ပါး၏ မျက်စိကို ပြန်ကောင်းအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် ကျွန်တော်သည် မိမိမျက်စိ၌ ဒုက္ခနှင့်ကြုံလာရသောအခါ ဘာမျှ မတတ်နိုင်တော့ပါတကား . . .။

လူ့ဘဝဟူသည် လောကဓံတရားသဘောအရ အနိမ့်အမြင့်၊ အဆင်းအတက်၊ အကွေ့အကောက် ရှိတတ်သည့်အားလျော်စွာ၊ ယခုကျွန်တော်သည်လည်း ယင်းသဘောအရ ဆန့်ကျင်ဘက်အကျိုးတရားများ ကြုံလာရလေပြီလားမသိပါ။

**ဗေဒင်ပညာနှင့်ကျွန်တော်**

တစ်နေ့တွင် ကျွန်တော်တို့အလုပ်ရုံ၌ သူ့ကိုယ်ပိုင်ကားကို ပြင်နေသော တက္ကသိုလ်ဆရာကြီးတစ်ဦးနှင့် ကျွန်တော့်လက်ငင်းတွေ့ကြုံနေရသောအဖြစ်အပျက်များအကြောင်း စကားစပ်မိပြီး ပြောမိရာမှ သူက-

"ကိုထွေး. . . ဗေဒင်လေး-ယတြာလေးလုပ်မကြည့်ဘူးလား"

ကျွန်တော်ကရယ်မော၍-

"ဆရာရယ်-၊ ကျွန်တော့်တစ်သက်နဲ့တစ်ကိုယ် တစ်ခါမျှ ဗေဒင်တွေ ယတြာတွေ မလုပ်ခဲ့ဖူးပါဘူး။ ဗေဒင်တို့ဘာတို့ဆိုတာ လိမ်စားရတဲ့ အတတ်ပညာမျိုး မဟုတ်မှန်း ကျွန်တော်သိပါတယ်။ ဒါပေမဲ့ တစ်ထစ်ကျ ယုံကြည်စိတ်ချနိုင်လောက်တဲ့အလုပ်မျိုး မဟုတ်တော့ ကျွန်တော် အားမကိုးရဲလို့ တစ်ခါမျှ ပတ်ပတ်သက်သက် မလုပ်ခဲ့ဖူးပါဘူး"



"ဒီလိုလည်း မဟုတ်သေးဘူး။ တစ်ခါတစ်လေ တိုက်ဆိုင်နိုင်တဲ့ ကံကြမ္မာတွေကို တစ်စုံတစ်ယောက်က ဟုတ်သည် ဖြစ်စေ မဟုတ်သည်ဖြစ်စေ၊ ကြိုတင်ဝေဖန်ပိုင်းခြားပြောဆို ဆွေးနွေးတဲ့နေရာမှာ ဗေဒင်ပညာဟာ အသုံးဝင်နိုင်ပါတယ်။ ကျွန်တော်လည်း တစ်ချိန်က အဲလိုပဲ ဒုက္ခတွေကြုံခဲ့တာ၊ ယတြာလေးဘာလေး လုပ်လိုက်တော့ စိတ်တန်ခိုးတွေ ပြန်တက်လာပြီး အားလုံးပြန်အဆင်ပြေလာခဲ့ရဖူးပါတယ်။"

ထိုတက္ကသိုလ်ဆရာကြီးသည် ကျွန်တော့်အား ဂရုဏာနှင့် စာနာပြောဆိုဆွေးနွေးပြီးနောက် ဗေဒင်ဆရာတစ်ဦးထံ စာတစ်စောင်ရေးပေး၏။

**လူမသေလျှင် ဘဝသေမည်**

သို့နှင့် ကျွန်တော့်တစ်သက်သာတွင် ပထမဦးဆုံးအကြိမ်အဖြစ် ဗေဒင်မေးဖြစ်ရလေသည်။ ကျွန်တော်ကိုယ်တိုင် မသွားဘဲ မစန္ဒာကိုပင် ဗေဒင်ဆရာထံ အသံဖမ်း ကက်ဆက်လေးဖြင့် လွှတ်လိုက်၏။

"ဗေဒင်ဆရာကို ကိုယ့်ဘက်က ဘာမျှကြိုမပြောနဲ့။ သူပြောတာတွေပဲ ကက်ဆက်နဲ့အသံဖမ်းခဲ့။ သူက ကိုယ့်မေးခွန်းတွေမေးရင်လည်း ကိုယ့်ဘက်က စကားမထွက်စေဘဲ အဲလိုဆို ဘယ်လိုဖြစ်မလဲ၊ ဒီလိုဆိုဘယ်လိုဖြစ်မလဲ၊ သူ့ကိုပဲမေးခွန်းတွေပြန်မေး" ဟု ကျွန်တော်က မှာလိုက်သည်။

ဗေဒင်ဆရာထံမှ ပြန်လာသော မစန္ဒာထံမှ အသံဖမ်းကက်ဆက်ကို ဖွင့်နားထောင်ကြည့်လိုက်သောအခါ၊ ကျွန်တော်၌ အံ့သြမှုများ ကြုံရပါသည်။ ဗေဒင်ဆရာသည် ကျွန်တော်ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com

သည့် အဖြစ်အပျက်များကို လာကြည့်ပြီး ပြောနေသလားဟုပင် ထင်ရ၏။

ဗေဒင်သဘောအရ နောက်လေးနှစ်အတွင်း လက်ရှိ အခြေအနေထက်များစွာ ပိုဆိုးမည်ဟု ဆိုလေသည်။ ဟောစာတမ်းမှ နမူနာအချို့ကို ကြည့်ပါ။

"အနှောင့်အယှက် အဖျက်အဆီး သတိပြုရမည်။ တစ်ကိုယ်တော် လူစွမ်းကောင်းဝါဒများ လွဲချော်မည်။ တစ်ယူသန် တဇောက်ကန်းမလုပ်မိရန်နှင့် အရာရာကို ညှိနိုင်းလုပ်ကိုင်ရန်။ ငွေရေးကြေးရေးအရှုပ်အရှင်းဖြစ်လာလျှင် မိမိဘက်မှာ လိုက်မည့်သူရှိမည်မဟုတ်။ အောက်တိုဘာ၊ နိုဝင်ဘာလကျလျှင် ပြဿနာတွေ ပိုကြီးမားလာမည်။ အိမ်တွင်းအုပ်စု၊ ဆွေမျိုးဝိုင်းပယ်ခံရမည်။ အောက်လူများက တော်လှန်မည်။ ဘာလုပ်လုပ် အဆင်မပြေနိုင်။ စီးပွားရေးလုပ်သမျှ ဖျက်ဆီးခံရမည်။ ခြံ၊ မြေ၊ ငွေ၊ ကား ကိစ္စ အရှုပ်တော်ပုံကြုံမည်။ လုပ်ငန်းကြီးလေ အရှုပ်ကြီးလေဖြစ်မည်။ လုပ်ငန်းဟောင်းလုပ်နေလျှင် သက်သာပြီး အသစ်လုပ်လျှင် မှားမည်။ သူ့သဘောသူဆောင်နေစေ၍ သာမန်ရရှိသော ငွေကြေးစီးပွားဥစ္စာနှင့် လိုက်လျောညီထွေနေရန်။ လုပ်စရာမရှိလျှင် ဘာမျှ မလုပ်ရန် သုပ်လျှင်လည်း လုပ်၍မရနိုင်။ ပြဿနာရှိလာလျှင် ကယ်မည့်သူ မနိုး၊ တစ်ဖက်သတ် အနိုင်အထက်ခံရမည်။ ခေါင်းဆောင်လုပ်၍ မရနိုင်၊ ခေါင်းဆောင်လုပ်လျှင် လွဲမှားမည်။ စေတနာနှင့်ဦးဆောင်လျှင် တရားခံဖြစ်မည်။ ဘာအလုပ်မျှ စွန့်စားမလုပ်သင့်။ ကျန်းမာရေးမှာ ကြောက်စရာဝေဒနာဖြစ်ပေါ်မည်။ အိမ်တွင်းရေး အုပ်စုအရေးအခင်းများ ကြုံမည်။ အချိန်ကုန် လူပင်ပန်းရှိမည်။ လောဘကြီးပြီး သုံးခေသ ဆုံးရှုံးလေဖြစ်ကာ လုပ်ငန်းပျက်မည်။ ဖြည်းဖြည်းမှန်မှန်



လုပ်ကိုင်လျှင် အဆိုးများ လွတ်ကင်းပြီး တစ်စတစ်စ ကောင်းလာနိုင်မည်။ ကောင်းကျိုးဆိုး ကျိုးများတွင် ဉာဏ်ကူလျှင် ပိုနစ်နာမည်။ ကံတရားအတိုင်း လွှတ်ထားလိုက်ပါ။ အိမ်မိုးယိုနေလျှင်တောင် ခေါင်မိုးတက်ဖာရန် မကြိုးစားဘဲ မိုးမယိုသည့်နေရာ ရွှေ့ထိုင်ပါ။ လူသေလျှင်သေ၊ မသေသော် ဘဝသေမည်။ အတွင်းခါတ်သိများ၏ ဝိုင်းပယ်ခံရမည်။ အလွန်အရှက်ရစေသည့် ကိစ္စ ကြုံမည်။"

ဗေဒင်ဟောစဉ်က မဖြစ်သေးသော အကြောင်းအရာများသည် နောင်တွင် တကယ်ကြုံလာရသည်ကိုလည်း ကျွန်တော် တွေ့ရလေသည်။

**အဆိုးဝါးဆုံးအချိန်များ**

ကျွန်တော့်မှာ ဗေဒင်ပညာနှင့်မနီးစပ်သူဖြစ်သဖြင့် မစန္ဒာကိုပင် မေးကြည့်ရလေသည်။

"ဗေဒင်ဆရာက ဘယ်လိုဟောသလဲ"

မစန္ဒာက-

"ဗေဒင်ဆရာက ခါတိုင်းမြင်ဖူးနေကြလို ပါးစပ်က လျှောက်ပြောနေတာမျိုး မဟုတ်ဘူး။ တွက်ချက်ကြည့်ပြီး ဟောစာကို ဘအုပ်ထဲမှာ လှန်ပြတယ်။ သူက ဖတ်လည်းပြတယ်။ ကိုယ့်ဘာသာလဲ ဖတ်ကြည့်လို့ရတယ်။ ဂြိုဟ်သွား ဂြိုဟ်လာကြည့်ဟောတာလို့ ပြောတာပဲ။ ဒီဇာတာရှင်ဟာ သိပ်ထူးခြားတယ်။ ဇာတာရှင်နဲ့လည်း တွေ့ရရင် ပိုကောင်းမယ်လို့ သူကပြောသေးတယ်"

"အေး-ကိုယ့်စိတ်နေစိတ်ထား စရိုက်လက္ခဏာတွေ ကိုယ်မမြင်ဖူးဘဲ ဟောလိုက်တာတွေ မှန်နေတော့ အံ့ဩစရာတော့ ကောင်းပါတယ်။ ဒါပေမဲ့-သူတို့ပြောသလိုဆိုရင် တို့ဘဝမှာ

www.burmeseclassic.com

www.burmeseclassic.com

ဂြိုဟ်သွားဂြိုဟ်လာတွေကြောင့် ဖြစ်နေရသလို ရှိနေတော့မှာပေါ့။ ဒါတော့-လက်ခံဖို့ ခက်သား" ဟု ကျွန်တော်က ပြောမိ၏။

မစန္ဒာက-

"မကောင်းတာတွေ ဖြစ်မယ့်ဟာကို မဖြစ်အောင် ယတြာချေလို့မရဘူးလား မေးကြည့်တော့-ယတြာချေလည်း သက်သာရုံပဲဖြစ်နိုင်တာတဲ့။ ဒါပေမဲ့-အဆိုးဆုံးအချိန်တော့ ယတြာလာချေဖို့ မှာလိုက်ပါတယ်"

နောင်အခါ ဒုက္ခတွေနှင့် ကျွန်တော်တို့မှာ ကြုံလာရလေသောအခါ၊ ဗေဒင်ဆရာချိန်းထားသောနေ့၌ ဗေဒင်ဆရာထံ သွားရာလမ်းမှာ မစန္ဒာမောင်းလာသည့်ကားသည် ဘရိတ် မမိတော့ဘဲ ရှေ့ကကားကို ဝင်တိုက်တော့သည်။

အိမ်ပြန်ရောက်ပြီး ကားပေါ်မှ ကျွန်တော်ဆင်းပြီးချိန်မှာပင် ကားကမီးထလောင်ပါလေတော့၏။ ထို့ပြင် မိမိတို့ကံကြမ္မာ ညှဲ့ဖျင်းလာခိုက်ကောင်းမှုဖြစ်စေလိုသောကြောင့် ရွှေတိဂုံစေတီတော်သို့ မွေးနေ့တိုင်း အပတ်စဉ်သွားရာ စေတီတော်ပတ်လမ်းလေးမှ မစန္ဒာက ကားကို နောက်ဆုတ်ကွေ့ခိုက် အရှိန်လွန်ပြီး ချောက်ထဲသို့ ကားထိုးကျသွားခဲ့ရ၏။

ကျွန်တော်တို့နှစ်ယောက်စလုံး ဘာမျှမဖြစ်သော်လည်း မစန္ဒာ၏ ဆန်နီးပစ်ကပ်ကားလေးမှာ အတော်အတန် ပျက်စီးသွားခဲ့ရပါသည်။

**ဘုန်းကံကြီးပါပေတယ်**

ဤသို့သော မမျှော်လင့်သည့် ဘေးဒုက္ခမျိုးများနှင့် မတွေ့ကြုံရမီ တစ်နေ့၌ မစန္ဒာနှင့် ကျွန်တော်သည် မှော်ဘီမြို့နယ်ရှိ ဆရာတော်ကြီးတစ်ပါးထံ ရောက်ခဲ့ရ၏။



ထိုဆရာတော်ကြီးသည် ဓမ္မစာစောင်လေးတစ်ခု ထုတ်လိုသောကြောင့် ကူညီပါရန် မစန္ဒာထံ ဖုန်းဆက်သဖြင့် ကျွန်တော်တို့ ရောက်သွားရခြင်းဖြစ်ပါသည်။

စာစောင်ကိစ္စကို ဆရာတော်ကြီးနှင့် ဆွေးနွေးပြီးနောက် ကျွန်တော်တို့ ပြန်မည်ပြုသောအခါ ဆရာတော်ကြီးက-

"အိမ်း-ဒကာကြီးလည်း ဘုန်းကံကြီးပါပေတယ်" ဟု မိန့်တော်မူ၏။

ဆရာတော်ကြီး မိန့်ကြားလိုက်သည့်သဘောကို ကျွန်တော် နားလည်လိုက်မိ၏။

ကျွန်တော်သည် ကိုယ်လက်မသန်စွမ်းသူဖြစ်ပါသည်။

သို့သော်-ကျွန်တော်သည် မိမိအလိုရှိရာဆန္ဒအတိုင်း သွားလာလှုပ်ရှား လုပ်ကိုင်နေနိုင်လေသည်။ မိမိဘဝသာမက မိမိပတ်ဝန်းကျင်ရှိဘဝများစွာတို့၏ လိုအပ်ချက်လေးများကိုပါ အထိုက်အလျောက် ဆောင်ရွက်လုပ်ကိုင်ပေးနိုင်နေပါသည်။

ယခုလို ရန်ကုန်မြို့ပြင်ခရီး အတန်အသင့်ဝေးသော မှော်ဘီမြို့နယ် ထိုနေရာဆရာတော်ကြီးရှိသည့် တောရွာလေးသို့ ကျွန်တော်သည် ကားကောင်းကောင်းကြီးတစ်စီးဖြင့် ရောက်လာခဲ့လေသည်။ ဆရာတော်ကြီးအလိုရှိရာကို ကူညီဆောင်ရွက်ပေးပါမည်ဟူ၍ ကျွန်တော်က တာဝန်ယူနိုင်နေသည်။ ကျွန်တော့်၌ အခြေအရံအသင်းအပင်းလည်း အတူပါလာသည်။ ထိုအချိန်က ကျွန်တော့်၌ စိတ်ဓာတ်အင်အားလည်း ကောင်းနေ၏။

မှန်ပါသည်။ ထိုအချိန်က, ကျွန်တော်သည် ဘုန်းကံကြီးချိန်ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ သို့သော် ကျွန်တော်သည်လည်း လောကသဘာဝ လောကဓံတရားအရ အရှုံးရသည်

www.burmeseclassic.com

www.burmeseclassic.com

"ရေပွက်ပမာ" သာဖြစ်ကြောင်း ဆန့်ကျင်ဘက်အခြေအနေ၊ ဆန့်ကျင်ဘက်အဖြစ်အပျက်တို့သည် ရင်ဆိုင်ရောက်ရှိလာလိမ့်မည်ကို ကျွန်တော်မသိနိုင်သေးပေ။

## အခန်း (၁၅)
## အဖေ့ကိုချစ်တဲ့သမီး

မစန္ဒာ၏ ဖခင် ကွယ်လွန်သွားလေသည်။

တစ်ချိန်က ဆေးလိပ်များ အလွန်အကျွံသောက်ခဲ့သည့် ဒဏ်ကြောင့် မစန္ဒာ့ဖခင်၏ အဆုတ်သည် ဆွေးရိနေသည့် ဖားဖိုဟောင်းကြီးတစ်ခုလိုရှိနေခဲ့သည်ဟု ဆရာဝန်များက ဆိုပါသည်။ သို့သော် ထိုဝေဒနာကြောင့် လူ့ဘဝမှ စွန့်ခွာသွားရမည့်အချိန်ထက် ငါးနှစ်မက သူသည် ပိုမိုနေသွားခဲ့ရသည်ဟုလည်း ဆရာဝန်များက ပြောပြပါသည်။

သူသည် လူ့ဘဝ၌ အချိန်ပိုမိုနေသွားရသည်မှာ မစန္ဒာ၏ ထောက်ကူပြုစုပေးမှုသည်လည်း များစွာပါသည်ဟု ထင်ပါသည်။

မစန္ဒာသည် သူ့ဖခင်အား အလွန်ချစ်သဖြင့် ဖခင်၏ နေရေးထိုင်ရေး၊ ကျန်းမာရေးလိုအပ်သမျှနှင့် ပျော်ရွှင်ကျေနပ်မှုပါမကျန် သူတတ်စွမ်းသမျှ ဆောင်ရွက်ပေးခဲ့၏။

သူ့ဖခင်အပြင်သို့ သွားနိုင်လာနိုင် လှုပ်ရှားနိုင်သည့် ကျန်းမာရေးအဆင့်ရှိစဉ်ကဆိုလျှင် မစန္ဒာသည် သူကိုယ်တိုင် ကားမောင်း၍ ဖခင်ကို ခေါ်ကာ ကျွန်တော်တို့သုံးယောက်သား ရန်ကုန်မြို့တွင်း နေရာအနှံ့ ရောက်တတ်ကြသည်။ ကြုံရာဟိုတယ်၊ သင့်ရာစားသောက်ဆိုင်တို့တွင် စုံအောင် စားခဲ့ကြသည်။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

တို့သုံးယောက်သည် စိတ်တူကိုယ်တူ လုပ်ဆောင်ဖွယ် ကိစ္စမှန်သမျှ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြလေသည်။

မစန္ဒာသည် ကားမောင်းနေချိန်မျိုး၌လည်း သူ့ဖခင်ကို သတိပြုအလေးထား၏။ တစ်နေ့တွင် ကျွန်တော်တို့သုံးယောက် သန်လျင်မြို့မှ ပြန်လာစဉ် လမ်း၌ ကားမောင်းရင်း မစန္ဒာက သူ့ဖခင်အား-

"ဖေဖေကြီး-ဘာဖြစ်သလဲ၊ နေမကောင်းဘူးလား" ဟု ကား၏နောက်ကြည့်မှန်ထဲမှ သူ့ဖခင်အား လှမ်းကြည့်ရင်း မေး၏။

သူ့ဖခင်က သမီးကို အားနာဟန်ဖြင့် "ဘာမျှမဖြစ်ပါဘူး" ဟု ဆိုနေသော်လည်း မစန္ဒာသည် မောင်းလာသည့်ကားကို လမ်းဘေးသို့ ထိုးရပ်လိုက်ပြီး သူ့ဖခင်၏ အခြေအနေကို အကဲခတ် စစ်ဆေးကြည့်လေ၏။

ထိုအခါမှ သူ့ဖခင်က "အင်း-မောလာတယ်၊ နည်းနည်း နေမကောင်းချင်ဘူး" ဟု ဆိုသည်။

"ဟာ-ဖေဖေကြီးကလည်း နေမကောင်းရင်ပြောမှပေါ့။ မဖြစ်ဘူး၊ အိမ်ကို အမြန်ဆုံးပြန်နားမှ" ဟု မစန္ဒာက ဆိုကာ သူ့တွင် အသင့်ပါလာသော ဆေးများကို သူ့ဖခင်အား တိုက်ပြီး ကျွန်တော်တို့ပြန်လာခဲ့ကြ၏။

အိမ်ရောက်သောအခါ သူ့ဖခင်အား အိပ်နေစေ၍ အောက်ဆီဂျင်အိုးဖြင့် အသက်ရှူနေစေလိုက်၏။

"ကားမောင်းနေရင်းနဲ့ အဖေနေမကောင်းတာ ဘယ်လို လုပ်သိလဲ" ဟု ကျွန်တော်က မစန္ဒာအား မေးကြည့်သောအခါ မစန္ဒာက-



"ဖေဖေကြီးက သိပ်စကားများတာမို့လား။ သူစကားပြော နေရင် နေကောင်းလို့ပဲ။ သူအသံတိတ်သွားရင် သူနေမကောင်းဖြစ် ပြီမှတ်"

မစန္ဒာသည် ကားမောင်းရင်း ဘရိတ်ဖမ်းမည်ပြုပါက သူ့လက်တစ်ဖက်ဖြင့် သူ့ဖခင်၏ ရင်ဘတ်ကို တွန်းခံထားတတ်၏။ သူ့ဖခင်၏ နဖူးနှင့် ရှေ့မှန်မတော်တဆ ထိခိုက်မည်စိုး၍ ဖြစ်ပါသည်။

## ဖခင်တွက် လိုလေသေးမရှိအောင်

မစန္ဒာသည် သူ့ဖခင်အတွက် ခေတ်မီဆေးမျိုးစုံအပြင် အောက်စီဂျင်အိုးနှင့် ခွဲသလိပ်ပျော်လေသန့်စင် အသက်ရှူစက်တို့ ကိုပါ ရှာဖွေဝယ်ယူ၍အသုံးပြုစေခဲ့၏။ ထို့ပြင် သမားတော်ကြီး တစ်ဦးကိုပါ ခယဝပ်တွား၍ သူ့ဖခင်အား အမြဲစောင့်ရှောက်ပေးပါ ရန် အသနားခံ၏။ ယင်းသမားတော်ကြီးက သူ့ဖခင်အပေါ်၌ လူနာကဲ့သို့ သဘောမထားတော့ဘဲ ဆွေမျိုးရင်းချာလိုပင် ဆက်ဆံ၏။ ထို့ပြင် ဆေးဝါးကုသခများလည်း လုံးဝမယူဘဲ စောင့်ရှောက်၏။

မစန္ဒာသည် သူ့ဖခင်၏ ကျန်းမာရေးအခြေအနေကို ကြည့်၍ သူ့ဖခင်၏ မိတ်ဆွေသူငယ်ချင်းများထံ သူ့ဖခင်စိတ်ပျော် စေရန် ပို့ပေးလေ့ရှိ၏။ သူ့ဖခင်သည် သူ့ဆွေမျိုး၊ သူ့အပေါင်း အသင်းများကို အလွန်ခင်တွယ်ပါသည်။ ရံဖန်ရံခါ သူ့ဖခင်အား သူ့အပေါင်းအသင်းများထံ ပို့ပေးခဲ့ပြီး ညနေကျမှ ပြန်လာကြို ပေး၏။

www.burmeseclassic.com

www.burmeseclassic.com

လှေကားမတက်ရသည့်နေရာဌာနများသို့လည်း သူ့ဖခင်ကို ပို့ပေးတတ်၏။ မနက်စောစော အင်းယားကန်၌ လေရှူစေသည်။ ညနေပိုင်း မြစ်ကမ်းနားၨ၌ အေးအေးဆေးဆေး နားနေစေ၏။ တစ်ခါတစ်ရံ ရွှေတိဂုံစေတီတော်သို့ ညဦးပိုင်းလိုက်ပို့တတ်သည်။ အဆုတ်မကောင်းသူဖြစ်သောကြောင့် လေရှူခြင်းသည် အရေးကြီးလှပေသည်။

နောက်ပိုင်းကာလများတွင် သူ့ဖခင်သည် အိပ်ရာမှ လုံးဝမထနိုင်တော့ဘဲ ရှိလာသောအခါ သူ့ဖခင် ကြိုက်တတ်သည့် အစားအစာမှန်သမျှ ရှာဖွေဝယ်ယူကျွေးမွေး၏။ ခွဲသလိပ်ပျော် လေသန့်စင် အသက်ရှူစက်နှင့် အောက်စီဂျင်အိုးတို့မှ လေကို သူ့အချိန်နှင့်သူ၊ စောင့်၍ ရှူစေ၏။ သူ့ဖခင်ကလည်း ဆေးတိုက်ခြင်းမှအစ မည်သည့်အကြောင်းအရာမဆို သူ့သမီးလုပ်ကိုင်ပေးမှ လက်ခံ၏။

မစန္ဒာက သူ့ဖခင်အပေါ် ဂရုစိုက်ပြုစုခြင်းသည် လေးစားထိုက်သည်ထင်ပါသည်။

**ဖခင်လည်းဆုံး လုပ်ငန်းလည်းဆုံး**

မစန္ဒာသည် သူ့ဖခင်ကွယ်လွန်သွားပြီးသောအခါ ကျွန်တော်နှင့်အတူ ရှိနေသည့်အချိန်က ပိုများလာလေသည်။ ကျွန်တော်တို့နှစ်ယောက်သည် အကြောင်းကိစ္စများနှင့် ရန်ကုန်မြို့တွင်း သွားစရာရှိလျှင်လည်းသွား၊ မသွားလျှင်လည်း ကျွန်တော့်အိမ်မှာပင် ရှိနေတတ်ပါသည်။ ထမင်းစားချိန်ရောက်လျှင်လည်း များသောအားဖြင့် အိမ်မှာပင် စားဖြစ်သွားလေသည်။

မစန္ဒာတို့တွင် သူ့ဖခင်ငယ်စဉ်ကစ၍ လုပ်ကိုင်ခဲ့သော မုန့်လုပ်ငန်းရှိ၏။ ယင်းလုပ်ငန်းဖြင့်ပင် သူတို့ပြည့်စုံချမ်းသာလာခဲ့ခြင်းဖြစ်လေသည်။



ယင်းလုပ်ငန်းကို သူ့ဖခင်နှင့်တွဲ၍ မစန္ဒာက လုပ်ကိုင်ခဲ့လေသည်။

သူ့ဖခင်ကွယ်လွန်ပြီး မကြာမီကာလမှာပင် ထိုမုန့်လုပ်ငန်းသည် မည်သို့မျှလုပ်ကိုင်၍မရတော့ဘဲ ရပ်စဲသွားခဲ့ရလေသည်။

သူတို့မုန့်လုပ်ငန်းဈေးကွင်းသို့ ငွေလုံးငွေရင်း ကြီးကြီးဖြင့် ခေတ်မီစက်ကိရိယာများသုံးပြီး လုပ်ငန်းရှင်သစ်များ ခြေစုံပစ်ဝင်လာလေသောအခါ သမားရိုးကျ နှစ်ပေါင်းလေးဆယ်ကျော် လုပ်ကိုင်လာခဲ့သော သူ့ဖခင်မြတ်နိုးလှသည့် လုပ်ငန်းမှာ ပြိုကျပျက်စီးသွားခဲ့ရပါတော့သည်။

**သူနှင့်ကျွန်တော့် ရေ့ရေး**

ဖခင်၏ တစ်သက်တာအတွင်း အိမ်ထောင်မပြုဟု ဆုံးဖြတ်ထားသော မစန္ဒာသည် ဖခင်ကွယ်လွန်သွားပြီးသောအချိန်၌ သူ့ဘဝရှေ့ရေး စဉ်းစားရပါတော့သည်။

သူကမူ သတ္တိရှိရှိဖြင့်ပင် ကျွန်တော့်ကို လက်ထပ်ယူရန် ဆုံးဖြတ်သည်။ သို့သော် သူ့မိခင်နှင့် သူ့မောင်နှမများ၏ သဘောထားကိုလည်း အလေးထားရတော့မည်အခြေအနေတွင် ရှိနေပါသည်။ သူတို့က သဘောတူလက်ခံနိုင်လိမ့်မည်မဟုတ်ပါ။

သူနှင့် ကျွန်တော်သည် ခွဲခွာကြမည်လားဟုလည်း စဉ်းစားကြပါသေး၏။ ယင်းသို့သော အဖြစ်မျိုးကိုလည်း ကျွန်တော်တို့နှစ်ဦးစလုံး လက်မခံနိုင်ဘဲ ရှိသည်။

သို့ဆိုလျှင် ကျွန်တော်တို့ လက်ထပ်ပေါင်းသင်းနေထိုင်ကြရပါလိမ့်မည်။

ကျွန်တော်က သူ့အား လက်ထပ်ပေါင်းသင်းလိုက်ခြင်းသည် တရားပါရဲ့လား။ နည်းလမ်းကျပါရဲ့လား။ ကျွန်တော့်ရင်ထဲ

www.burmeseclassic.com

www.burmeseclassic.com


သူကျုံးမရကြေကွဲထိခိုက်လှပါ၏။ ကျွန်တော်သည် သူ့အား လက်ထပ်မယူသင့်ဟုလည်း တစ်ဖက်ကတွေးနေမိ၏။

သူ့အား လက်ထပ်ယူလျှင် မိမိညီအစ်ကိုမောင်နှမများက နှစ်လိုအားရ လက်ကမ်းကြိုဆိုကြပါမည်လား။ ယခုလက်ငင်းတွေ့နေရသည်မှာ မိမိညီအစ်ကိုမောင်နှမများက သူ့အား နေရာမပေးချင်သည့်အနေအထားမျိုးများကိုတော့ ကျွန်တော်မြင်နေရ၏။

ကျွန်တော်တို့ ဤအတိုင်း ဆက်လက်နေထိုင်သွားလျှင်မည်သို့ရှိမည်နည်း။

ကျွန်တော်တို့နှစ်ဦးအား ကွဲကွာသွားအောင် သူ့ဖက်ကိုယ်ဖက် နှစ်ဘက်စလုံးက ကြိုးပမ်းဖန်တီးကြလိမ့်မည်ထင်ပါသည်။

သူ့ကို ကျွန်တော်အကဲခတ်လေ့လာကြည့်၏။ သူ့အား လက်ထပ်ယူလိုသော သတို့သားများ အများအပြားရှိလေသည်။ လူကြီးချင်းလာရောက် စေ့စပ်သူတို့လည်း ရှိပါ၏။ ထိုသူအားလုံးကို သူစိတ်မဝင်စားပါ။ လုံးဝလက်မခံပါ။

အံ့ဩတုန်လှုပ်ဖွယ်ကောင်းအောင် သူသည် ကျွန်တော့်ပေါ်သာ သံယောဇဉ်ကြီးနေရှာပါသည်။ ကျွန်တော်တို့ချင်း ကွဲကွာကြရပါလျှင် စိတ်ဆင်းရဲခြင်းကြီးစွာ ခံစားကြရလိမ့်မည်ဟု ကျွန်တော်တို့ သိနေကြ၏။

နောက်ဆုံး ဟိုဖက် သည်ဖက် လူကြီးမိဘနှစ်ဖက်စလုံးမှ မည်သို့ပင်သဘောထားတွေရှိနေစေဦးတော့၊ ကျွန်တော်တို့နှစ်ဦးတရားဝင်လက်ထပ်ယူကြရန် ဆုံးဖြတ်မိကြ၏။

ကျွန်တော်တို့ လက်ထပ်လိုက်လျှင် ဟိုဖက်သည်ဖက်နှစ်ဘက်စလုံးမှ ကွဲအောင် အတင်းအဓမ္မခွဲကောင်းခွဲကြလိမ့်မည်ဟုလည်း တွက်ဆမိသလို၊ အကြောင်းမထူးတော့ပြီ ဖြစ်သဖြင့် ဇွဲသာဘဲ လက်ခံကျေနပ်လိုက်ကြရလိမ့်မည်ဟုလည်း တစ်နည်းတွေးသည်။

ကျွန်တော်တို့နှစ်ဦးအား ကျေကျေအေးအေး လက်ခံကျေနပ်နိုင်ကြပါစေဟုသာ ဆုတောင်းကြရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

# ဘ၀ကိုရင်ဆိုင်ကြမည်

တစ်နံနက်၌ မစန္ဒာနှင့် ကျွန်တော်သည် မြို့တွင်းရှိ ရန်ကုန်တိုင်း တရားရုံးသို့ ကားဖြင့်ထွက်လာခဲ့ကြသည်။

ထိုတရားရုံးအနီးတွင်ရှိသော စာချုပ်စာတမ်းများ ရောင်းချသည့် ဆိုင်လေးတစ်ဆိုင်မှ အမျိုးသမီးအား ကျွန်တော့်တို့ လက်ထပ်စာချုပ်လုပ်ချင်ကြောင်း ပြောလိုက်၏။ ကျွန်တော့်မှာ ရုံးပေါ်သို့ မလိုက်နိုင်ကြောင်း စသဖြင့် အကျိုးအကြောင်းကိုလည်း ပြောပြလိုက်ပါသည်။

"လုပ်ပေးပါ့မယ်။ မိန်းကလေးက အသက်သုံးဆယ့်သုံးနှစ်တောင် ရှိပြီပဲ၊ ခဏစောင့်နော်" ဟု ထိုအမျိုးသမီးက ပြောပြီး ရုံးပေါ်သို့ တက်သွား၏။

အတန်ကြာသောအခါ သူနှင့်အတူ တရားသူကြီးတစ်ဦး လိုက်ပါလာသည်။

သို့နှင့် ထို့နေ့က ကျွန်တော်တို့သည် လက်ထပ်စာချုပ်ဖြင့် တရားဝင်လက်ထပ်ဖြစ်သွားလေ၏။

နောက်လေးငါးရက်ခန့်ကြာသောအခါ ကျွန်တော်တို့နှစ်ယောက်သည် အိမ်မှ "တောင်းအေ့" ကားကို မစန္ဒာက မောင်း၍ ထွက်ခဲ့ကြသည်။





ပထမဦးစွာ မင်္ဂလာစုံတွဲထီတစ်စုံထိုးလိုက်၏။ ထို့နောက် ရန်ကုန်မြို့တွင်း သွားလာလည်ပတ်စားသောက်ရင်း ညမိုးချုပ်သွားလေသည်။

"ဒါနဲ့-နောက်ဆိုရင်တို့ကို မစန္ဒာဘယ်လိုခေါ်မလဲ" ဟု ကျွန်တော်က မေးမိ၏။

မစန္ဒာက-

"ကိုလို့လည်း ခေါ်လို့ရတယ်။ အိမ်မှာ ကလေးတွေခေါ်သလို ဘလို့လည်းခေါ်လို့ရတယ်။ မောင်လို့လည်းခေါ်လို့ရတယ်။ ကိုဘမောင်လို့ ခေါ်လိုက်ရင်ပြီးတာပဲ"

"အင်း-ညည်းကိုလည်း ပုံပြီးချစ်ထိုက်လို့ မချစ်ပုံလို့ပဲ ခေါ်ရမယ်"

ညကိုးနာရီခန့်ရှိသောအခါ ကျွန်တော်တို့ကားပေါ်၌ ပါလာသော "စီဒီအမ်အေ" တယ်လီဖုန်းဖြင့် မစန္ဒာက သူ့အိမ်သို့ ဖုန်းဆက်လိုက်၏။ သူ့မိခင်အား ကျွန်တော်တို့နှစ်ယောက် သက်ထပ်လိုက်ပြီဖြစ်ကြောင်း အသိပေးလိုက်ခြင်း ဖြစ်ပါသည်။

ဖုန်းထဲ၌ သူ့မိခင်၏ ငိုနေသံကို မစန္ဒာကြားလိုက်ရပါသည်။

ကျွန်တော်ကလည်း ကျွန်တော့်အိမ်သို့ ဖုန်းလှမ်းဆက်ပြီး မေမေ့အား အကျိုးအကြောင်း ပြောရသည်။

မေမေက ကြိုတင်မတိုင်ပင်ကောင်းလားဟူ၍ အပြစ်တင်နေသဖြင့်-

"မေမေရယ်-တောင်းပန်ပါတယ်။ အဲလိုကြိုတင်တိုင်ပင်နေရင် ဝိုင်းဖျက်ကြမှာစိုးလို့ပါ" ဟု ကျွန်တော်က ပြောပြီး ဖုန်းပြန်ချထားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နာရီခန့်ကြာသောအခါ မစန္ဒာက သူ့အိမ်သို့ ဖုန်းထပ်ဆက်ကြည့်၏။

"မေမေရော. . ."

"အိပ်သွားပြီ-"ဟု ဖုန်းလာကိုင်သော သူ့တူမလေးက ပြန်ပြောသည်။

"မေမေနေကောင်းရဲ့လား၊ မေမေ့ကို စိတ်ပူလို့ ဆေးတိုက်ထားလိုက်နော်"

"ကောင်းပါတယ်" ဟု ဖုန်းထဲမှ ဖြေသဖြင့် မစန္ဒာလည်း စိတ်သက်သာသွားပြီ နေသာထိုင်သာ ရှိသွား၏။

ခဏကြာလျှင် ကျွန်တော့်အိမ်မှ ဖုန်းဆက်လာသည်။

"ကိုလေးတို့ အခုဘယ်မှာလဲ" ဟု ညီတစ်ယောက်က ဖုန်းထဲမှ မေးသည်။

"ရန်ကုန်မြို့ထဲမှာပါ" ဟု ကျွန်တော်က ပြောလိုက်သည်။

"ကားပေါ်မှာ ဘာလို့ဒုက္ခခံနေမလဲ။ အခုပြန်လာခဲ့ကြပါလား"

"အေးလေ-၊ မနက်ကျတော့ ပြန်လာခဲ့ပါမယ်" ဟု ကျွန်တော်က ပြောပြီး ဖုန်းပြန်ချထားလိုက်သည်။

**အိမ်ပြန်ရောက်သောအခါ**

နောက်တစ်နေ့နံနက်ခုနစ်နာရီခန့်အချိန်၌ ကျွန်တော့်အိမ်သို့ မစန္ဒာက ကားမောင်း၍ ပြန်လာခဲ့ကြလေသည်။

အိမ်ဝင်းထဲသို့ ကျွန်တော်တို့ကား ဝင်လာသောအခါ တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေကြ၏။

မစန္ဒာနှင့် ကျွန်တော်သည်ကားထဲမှာပင် နှစ်ယောက်သား အတန်ကြာအောင် ငြိမ်ထိုင်နေမိကြသည်။ မစန္ဒာခမျာ တုန်လှုပ်ချောက်ချားနေရှာပါ၏။



ထိုအခိုက် အလုပ်သမားတစ်ယောက်က အိမ်ဝင်းထဲသို့ ဝင်လာသောအခါ-

"ဟေ့-ငါ့ကိုအိမ်ထဲပို့ပေးပါဦးကွာ" ဟု ကျွန်တော်က လှမ်းပြောလိုက်ပြီး အိမ်ထဲသို့ ဝင်ခဲ့၏။

မစန္ဒာနှင့် ကျွန်တော်သည် အိမ်ရှေ့ဝရံတာ၌ နှစ်ယောက်သား ငြိမ်ထိုင်၍ အိမ်တွင်းသို့ အကဲခတ်နေမိသည်။

အိမ်ထဲရှိသူများသည် ကျွန်တော်တို့ကို ဂရုမစိုက်သလို မျက်နှာခပ်တင်းတင်း ရှိနေကြသည်။

"မေမေရော. . ."ဟု ကျွန်တော်က မေးလိုက်သည်။

"အိပ်ရာကမထသေးဘူး-" ဟု တစ်ယောက်က ဖြေ၏။

ကျွန်တော်သည် အိမ်တွင်းအခြေအနေအရပ်ရပ်ကို အကဲခတ်လိုက်သောအခါ အခြေအနေမကောင်းမှန်း ရိပ်မိသည်။

မကောင်းသော အခြေအနေကို ကောင်းအောင် ပြန်လည်ထိန်းမတ်ယူရလိမ့်မည်ထင်ပါသည်။ ညီအစ်ကိုမောင်နှမများနှင့် စကားပြောဆိုဆွေးနွေး၍ အကြောင်းထူးမည်မဟုတ်ပါက မေမေနှင့် တိုင်ပင်ညှိနှိုင်း၍ ဟိုဘက်သည်ဘက် နှစ်ဖက်စလုံးရှိ လူကြီးများနှင့် လိုအပ်သလို ညှိယူလျှင် အားလုံးအဆင်ပြေသွားလိမ့်မည်ဟု မျှော်လင့်သည်။

**အိမ်တွင်းမှတင်းမာမှု**

လက်ရှိညီအစ်ကိုမောင်နှမများ၏ တင်းမာနေသော အခြေအနေအရ မစန္ဒာအဖို့ သိမ်ငယ်နေလိမ့်မည်၊ အနေခက်နေလိမ့်မည်။ သူလည်း သူ့အိမ်အခြေအနေ ပြန်အကဲခတ်၍ သူတို့ဘက်ကလည်း အဆင်ပြေအောင် ပြောကြဆိုကြလုပ်နိုင်ကြလျှင် အားလုံးစိတ်ချမ်းသာကြည်လင်သွားနိုင်ကြမည်ဟု တွေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ကျွန်တော်သည် မစန္ဒာအား သူ့အိမ်သို့ ခဏပြန်လွှတ်လိုက်မိ၏။

မစန္ဒာမှာ သူမနေ့က ကျွန်တော်တို့အိမ်၌ ရပ်ထားခဲ့သည့် သူ့ဆန်နီပစ်ကပ်ကားလေးကို မောင်း၍ ပြန်သွားရှာသည်။

ခဏကြာသောအခါ ကျွန်တော်က မစန္ဒာထံ ဖုန်းလှမ်းဆက်၍ အကျိုးအကြောင်းမေးကြည့်သည်။

"မေမေက စကားမပြောတာကလွဲလို့ ရိုက်မောင်းပုတ်မောင်းတော့ မလုပ်ပါဘူး။ အခုတော့ မေမေဈေးသွားတယ်" ဟု မစန္ဒာက အခြေအနေကို ပြောပြသည်။

တော်ပါသေး၏။ မစန္ဒာအိမ်က သူ့အား ရိုက်မောင်းပုတ်မောင်းလုပ်မည်ကို ကျွန်တော်စိတ်ပူနေခဲ့ခြင်း ဖြစ်သည်။

ကျွန်တော်သည် အောက်ထပ်မှာနေ၍ အိမ်ပေါ်ထပ်မှ မေမေ ဆင်းအလာကို စောင့်နေမိပါသည်။

သို့သော် နံနက်ဆယ်နာရီထိုးသည်တိုင် အောက်ထပ်သို့ မေမေဆင်းမလာသောအခါ ကျွန်တော်သည် ငယ်ငယ်တုန်းကလိုပင် လှေကားထစ်များကို လက်ဂျလက်ဖြင့် ထောက်၍ထောက်၍ အိမ်ပေါ်ထပ်သို့ တက်သွား၏။

မေမေ၏ အခန်းထဲ၌ ကျွန်တော့်ညီအစ်ကိုမောင်နှမ ဘချို့ ရောက်နေ၏။

"ခေါင်းမကောင်းလို့ ဆေးတိုက်ထားတယ်၊ အိပ်နေတယ်" ဟု မေမေကုတင်ဘေး၌ ရပ်နေသော မမကဆိုသဖြင့် ခဏစောင့်ကြည့်နေမိ၏။ ထိုနောက် အောက်ထပ်သို့ ကျွန်တော် ပြန်ဆင်းလာခဲ့ရပါသည်။



နေ့ခင်းပိုင်းတွင် ညီအစ်ကိုမောင်နှမများသည် မေမေရှိရာ အိမ်ပေါ်တက်သွားလိုက်ကြ၊ ပြန်ဆင်းလာလိုက်ကြ၊ အပြင်ထွက်သွားလိုက်ကြနှင့် ရှိနေကြ၏။

ကျွန်တော့်စိတ်၌ ညီအစ်ကိုမောင်နှမများသည် ကျွန်တော့်ကိစ္စအတွက် အဆင်ပြေစေရန် အချင်းချင်းတိုင်ပင်ညှိနှိုင်းဆွေးနွေးနေကြသည်ဟု အကောင်းဘက်က တွေးသည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်အတွက်-အဆင်ပြေချောမောအောင် စီစဉ်ပေးကြမှာပဲဟူ၍ စိတ်ချယုံကြည်နေသဖြင့် သူတို့လှုပ်ရှားမှုများအပေါ် ကျွန်တော် ဘာမျှဝင်ရောက်မစွက်ဖက်ဘဲ နေလိုက်၏။

ညနေစောင်းအချိန်ရောက်သောအခါ ညီအစ်ကိုမောင်နှမများသည် အုပ်စုဖွဲ့၍ အိမ်ပေါ်ထပ်မှဆင်းလာကြသည်။ ကျွန်တော်ရှိရာအောက်ထပ်စားပွဲကြီး၌ လာဝိုင်းထိုင်လိုက်ကြသည်။

"ကိုလေးမှာ ဘာအစီအစဉ်ရှိလဲ" ဟု ညီအစ်ကိုတစ်ယောက်ကမေး၏။

"ငါ-မိန်းမယူလိုက်ပြီလေ" ဟု ကျွန်တော်က ပြောလိုက်သည်။

"ဘယ်မှာနေမှာလဲ-"

"ဟဲ့-ဒီမှာပဲနေမှာပေါ့။ ဒီမှာနေမှငါ့အဖို့ အဆင်ပြေမှာ"

"သန်လျင်မှာ မစန္ဒာအိမ်ဝယ်ထားတယ်ဆို။ အဲဒီမှာသွားနေပါလား"

"အဲဒါက ဂျပန်က သူ့အစ်ကိုဝယ်တဲ့အိမ်ပဲ၊ သူ့အစ်ကိုအစား မစန္ဒာက နာမည်ခံပေးရတာ။ နောက်ပြီး အဲဒါနေလို့ရတဲ့အိမ်မှမဟုတ်ဘဲ။ မြေကိုဝယ်တာ အိမ်ကအဖြစ်လောက်ပါလာတာ" ဟု ကျွန်တော်က ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


"အင်းလေ-၊ ကိုလေးလဲအိမ်ထောင်ကျလာတော့ တခြားမှာပဲ နေပါ။ နေစရာမရှိရင် တိုက်ခန်းငှားပေးမယ်" ဟု သူတို့ကဆို၏။

ကျွန်တော် စိတ်မကောင်းဖြစ်သွား၏။ ဘာမျှမပြောတော့ဘဲ တွေဝေနေမိတော့သည်။ ကျွန်တော်စိတ်ဆင်းရဲရပါလေပြီ။

**ပစ်မှတ်ဖြစ်နေသောကျွန်တော်**

ကျွန်တော်သည် မေမေနှင့်လွတ်လွတ်လပ်လပ် စကားပြောကြည့်ရန် အချိန်စောင့်သော်လည်း အခွင့်မသာပါ။ မေမေသည် အောက်ထပ်သို့ ဆင်းမလာတော့ဘဲ အပေါ်ထပ်အိပ်ခန်းထဲမှာပင် အိပ်နေပါသည်။

မေမေ့အနီးတွင် ညီအစ်ကိုမောင်နှမများ တစ်ဦးမဟုတ်တစ်ဦးအမြဲရှိနေ၏။ ကျွန်တော်က အခန်းပြင်ဘက်မှာ စောင့်ကြည့်နေလျှင် သူတို့အခန်းထဲ၌ စကားပြောနေကြ၏။ ကျွန်တော်အခန်းထဲဝင်သွားလျှင် မေမေက အိပ်ပျော်နေတော့သည်။ ကျွန်တော်စိတ်ထိခိုက်လာပါ၏။

နှစ်ရက်ခန့်လွန်မြောက်သွားပြီး ညပိုင်း ဆယ်နာရီကျော်ခန့်အချိန်၌ ကျွန်တော်က မေမေ့အိပ်ခန်းထဲ ဝင်သွားကြည့်သည်။ အခန်းထဲ၌ မီးမှောင်နေပြီး မေမေ့ကုတင်မှာ ခြင်ထောင်ချထား၏။ မေမေအိပ်နေဟန်ရှိပါသည်။ မေမေနှင့်အတူ မမလည်း အိပ်နေ၏။

ကျွန်တော်သည် မေမေ့ကုတင်ခြေရင်းမှာထိုင်၍ အကဲခတ်နေစဉ် မေမေသည် ခြင်ထောင်ကို လက်ဖြင့်မ၍ ခေါင်းထုတ်ပြီး-

"မောင်စိန်ထွေးလား-"

"ဟုတ်ကဲ့-မေမေ. . ."

"အေး-အေး-၊ မင်းတခြားမှာပဲ သပ်သပ်နေနော်။ တိုက်ခန်းငှားပေးမယ်" ဟု မေမေက ပြောပြီး ခြင်ထောင်ထဲပြန်ဝင်သွားတော့၏။

ကျွန်တော့်ရင်၌ဆို့နင့်ပြီး ဘာစကားမျှ ပြောမထွက်တော့ပါ။ မေမေ့နှုတ်ထွက်စကားအဖြစ် ပထမဆုံး ထိုညက ကြားရသည့်စကားဖြစ်၏။

နောက်ရက်များတွင် ကျွန်တော်တို့၏ အိမ်တွင်းရေးများသည် ပိုမိုရှုပ်ထွေးလာပါတော့သည်။ အရာရာတိုင်း၌ ကျွန်တော်သည် ပစ်မှတ်ဖြစ်နေရတော့သည်။ ကျွန်တော်သည် ပြဿနာရှာခံနေရပါလေပြီ။ အများကျေနပ်စေရန် အရာရာကို အလျှော့ပေးလိုက်လျော့နေရလေသည်။

ညီအစ်ကိုမောင်နှမများသည် ကျွန်တော့်ထံမှ စာရင်းစာအုပ်များ တောင်းယူ၍ ကွန်ပျူတာစက်ထဲထည့်ကာ စာရင်းစစ်ကြ၏။ ကျွန်တော့်မီးခံသေတ္တာလေးဖွင့်ပိတ်လုပ်လျှင် တစ်ယောက်က လှေကားအမြင့်မှ တက်၍ ချောင်းကြည့်၏။ ကျွန်တော် ဖုန်းပြောနေလျှင်လည်း အခြားအခန်းရှိ ဖုန်းမှ နားထောင်ထားကြ၏။

ကားလိုင်စင်စာအုပ်၊ ဖုန်းစာအုပ်တွေ ပေးဆို၍ ကျွန်တော်က ပေးလိုက်သည်။ ရှိသည့် ငွေပေးဆို၍ ဘဏ်ထဲရှိ ငွေအားလုံးထုတ်ပေးလိုက်သည်။ နှစ်ပေါင်းအစိတ်ခန့် ကျွန်တော်ကိုင်တွယ်လုပ်ကိုင်လာခဲ့သည့် ဥစ္စာပစ္စည်း ငွေကြေးစသည်များကို ပေး၍ရနိုင်သမျှ အားလုံး လွှဲပြောင်းပေးလိုက်ပါ၏။

မော်တော်ကားအလုပ်ရုံကိုလည်း လက်ပြောင်းလိုသည့်သဘောထားများကို ပြလာကြသည်။ ကျွန်တော်က [illegible]မခံတော့ပါ။ အားလုံး ထမင်းစားနေရသည့် ထမင်းအိုးမတွဲစေလိုခြင်းဘ

www.burmeseclassic.com

www.burmeseclassic.com

ခရီးကဖြစ်လေသည်။ မိမိ၏ မိသားစုအသိုက်အဝန်းသာမက ခလုပ်သမားလူလေးဆယ်ယောက်ခန့်နှင့် သူတို့အား မှီခိုနေသည့် သားစုများပါ အခြေအနေမပျက်ဖို့ အရေးကြီးပါသည်။ ဝင်စွက် က်သော်လည်း မသိဟန်ပြု၍ သည်းခံရပါ၏။

"ကားခေါက်ဆီရောင်းတဲ့ငွေရော" ဟု ညီတစ်ယောက်က ဗို၍ သီးခြားသိမ်းထားသော ငွေပါ ထုတ်ပေးလိုက်ပါသည်။

ပြန်ရောင်းရန် မစန္ဒာနှင့် စပ်တူဝယ်ထားသော "တောင်း အော့" ကားကို မစန္ဒာအား ငွေထုတ်အမ်းပြီး စာရင်းရှင်းလိုက်ကြ၏။

"ကျုပ်က အိမ်ထောင်ဦးစီးဖြစ်ချင်တာ။ ဒီအိမ်မှာ နေပိုင်ခွင့် ့လို့ နေတယ်ဆိုတာ နေကိုပြဦးမယ်" ဟု ဝှန်းဒိုင်းကျဲပြသူက ပြ၏။

"ဦးချိုးကို ပစ်ပြမယ်" ဟု မိမိလက်မကို ထောင်ထားပြီး ချိုးပြလျက် ကြိမ်းသူက ကြိမ်း၏။

"ဟုတ်ဟုတ်-၊ မဟုတ်ဟုတ်-၊ မှန်မှန် မမှန်မှန်-၊ တရား ချင်တရား မတရားချင်နေ- ဘက်လိုက်မှာပဲ" ဟူ၍ သဘောထား နှင့်ထုတ်သူကထုတ် ရှိနေ၏။

"အစက တစ်ယောက်တည်းမို့လို့ လုပ်ချင်ရာလုပ် ကြည့် နေတာ၊ အခု မိန်းမရတော့ အစကလို ကိုယ့်သဘောနဲ့ကိုယ်လုပ် လို့မရတော့ဘူး" ဟု ကန့်သတ်သူက ကန့်သတ်ရှိ၏။

ကျွန်တော်သည် ကျွန်တော့်"ဘဝဖော်" နှင့် လက်တွဲလိုက်လျှင် ခရီးတွင် အိမ်ထောင်ရေးရုန်းကန်ရမှုများ ရှိလာလိမ့်မည်ဟု တွက်ဆ ခဲ့သော်လည်း၊ လက်တွေ့တွင်မူကား ယင်းသို့မဟုတ်ဘဲ လူ၏ လောဘ၊ ဒေါသ၊ အတ္တ၊ မာန်မာန စသည်တို့နှင့် ရင်ဆိုင်နေရပေပြီ။

ကျွန်တော်ကဲ့သို့ သဘာဝအားဖြင့် မလုပ်နိုင်မကိုင်နိုင် မသွားနိုင် မလာနိုင် သူကို ပို၍ပို၍ မလုပ်နိုင်မကိုင်နိုင် မသွားနိုင် မလာနိုင်အောင် ပန်တီးကြပြီဖြစ်ပါ၏။



ကျွန်တော်သည် စာရေးဆရာအနုပညာသမားတစ်ဦးဖြစ် သည့်အလျောက် လောကသဘာဝ၊ လူ့သဘာဝများကို အထိုက် အလျောက် သတိပြုအလေးထားလေ့ရှိပါသည်။

ကျွန်တော်သည် မိမိတို့အချင်းချင်း လောဘ ဒေါသ အတ္တ မာန်မာနတို့ဖြင့် ဘဝလောင်မြိုက်ကြရမည့်အဖြစ်မျိုးများကို အမြဲစိုးရိမ်ပူပန်တတ်လေ့ရှိ၏။

မေမေသည် သူ့မွေးနေ့တစ်ခု၌ နှစ်များစွာက စုဆောင်း လာခဲ့သည့် ရွှေကို သားသမီးများအား ဝေပေးခဲ့ပြီးဖြစ်သည်။ စိန်ရွှေ လက်ဝတ်လက်စားများကိုလည်း သမီးများ၊ ချွေးမများအား ပေးခဲ့ ဖူး၏။ ငွေစုလက်မှတ်များ ထုတ်၍ နှစ်ထပ်အိမ်တစ်လုံး ဝယ်ခဲ့ပြီး၊ အပေါ်ထပ်၌ ညီမငယ်၊ အောက်ထပ်၌ ညီငယ်တို့ရှိ၏။ ၃၂ လမ်း တိုက်၌ ညီတစ်ယောက်နေ၏။ အိမ်ငှားတစ်ဆယ့်တစ်ဦးရှိသော ရွှေဘုံသာလမ်းတိုက်ကို အထပ်ရှစ်ထပ်ရှိ အဆောက်အအုံဖြစ်ရန် စီစဉ်နေ၏။ လက်ရှိအိမ်ကြီးတွင်မူ ပင်စင်ယူလာသည့် မမတို့ လင်မယားနှင့်အတူ၊ မေမေနှင့် ကျွန်တော်သာ နေထိုင်လျက်ရှိ လေသည်။

အိမ်ကြီးပေါ်တွင် ဟိုတုန်းကလို အိမ်သားတွေ တစ်ပြုံတစ် ခေါင်းကြီးမရှိတော့ပါ။

ကျွန်တော်သည် မိမိဘက်က တည်ကြည်စွာ တစ်ဖက်လူ ၏အကျိုးစီးပွားကို အလေးထား ဆောင်ရွက်လေ့ရှိသဖြင့်၊ ဆွေမျိုး သားချင်းနှင့် မိတ်ဆွေသင်္ဂဟများကလည်း သူတို့၌ စုဆောင်းမိ ခနေသော ငွေကြေးများကို ကျွန်တော့်ထံ အပ်နှံထားတတ်ကြသည်။

တူလေး၊ တူမလေးများကလည်း သူတို့၏ မုန့်ဖိုးလေးများ ကို ကျွန်တော့်ထံ အပ်ထားတတ်ကြ၏။ ကျွန်တော်ကလည်း သူတို့

www.burmeseclassic.com

www.burmeseclassic.com

လေးတွေ ငွေကြေးစုဆောင်းခြင်းကို အားပေးလိုသော သဘော၊ အလေ့အကျင့်ရှိစေလိုသော သဘောဖြင့် သူတို့လေးတွေ အပ်ထားသော ငွေပြန်ယူသောအခါ သူတို့လေးတွေ စုငွေ၏ နှစ်ဆ၊ သုံးဆ ပြန်ပေးလိုက်တတ်၏။ တူလေး၊ တူမလေးများသည် အလွန်သဘောကျကြ၏။

ကျွန်တော့်အိမ်တွင်း၌ ကျွန်တော့်ပေါ် သံသယစိတ်များဖြင့် ဥစ္စာပစ္စည်းနှင့် ငွေရေးကြေးရေး စာရင်းများကို ရှင်းလာကြသောအခါ၊ ကျွန်တော်သည် တာဝန်ရှိသည့်အတိုင်း မိမိထံ အပ်နှံထားကြသော ငွေများကို ပြန်ယူလိုက ယူကြပါရန် အကြောင်းကြားရတော့၏။

ညီမဝမ်းကွဲတစ်ဦးကသာလျှင် သူ့ငွေကို ပြန်ယူသွားသော်လည်း ကျန်လူများကမူ မည်သူမျှပြန်မယူကြပေ။ နိုင်ငံခြားရောက်နေသူ ညီမဝမ်းကွဲကမူ ထပ်၍ပင် ငွေပို့ပေးလိုက်ပါသေး၏။

"အရင်ရော-အခုရော-မောင်စိန်ထွေးဟာ မောင်စိန်ထွေးပါပဲ။ အခုလည်း မောင်စိန်ထွေးပေါ်ထားတဲ့ ဘယ်သဘောထားမှ ပြောင်းမသွားပါဘူး" ဟု အချို့က ပြောကြ၍ ကျွန်တော့်မှာ စိတ်၌ ဖြေသာရပါသည်။

ကျွန်တော်သည် "ပို့ဆောင်ရေးမဂ္ဂဇင်း" (အတွဲ-၁၊ အမှတ်-၁) ၌ အောက်ဖော်ပြပါ "**တကယ့်အချစ်ဇာတ်လမ်းတစ်ပုဒ်**" ဝတ္ထုတိုရေးခဲ့၏။ စာရေးဆရာတစ်ယောက်၏ "ဘဝနှင့်စာပေ" ဆက်နွှယ်မှုကို မြင်သာနိုင်လိမ့်မည်ထင်ပါသည်။

## အခန်း (၁၇)

# တကယ့်အချစ်ဇာတ်လမ်းတစ်ပုဒ်

"ဟာ. . လာ၊ ဘကြီးအောင်. . . ထိုင်"

ကျွန်တော်က ဘကြီးအောင်ကိုမြင်လျှင် မြင်ချင်းဝမ်းသာအယ်လဲနှင့် ဖိတ်ခေါ်မိရပါသည်။

ဘကြီးအောင်သည် ယခုလိုပင်ရံဖန်ရံခါ ကျွန်တော်တို့ထံ ရောက်ရောက်လာတတ်ပါသည်။ ရွာမှ သူရောက်လာတိုင်းလည်း ကျွန်တော်တို့အတွက် သူတို့ရွာရှိ အကြောင်းအရာများ၊ အဖြစ်အပျက်များ၊ သတင်းထူးများ ပါလာတတ်စမြဲဖြစ်၏။

ကံကောင်းလျှင် ကျွန်တော်အတွက် ဝတ္ထုတစ်ပုဒ်၊ စာတစ်အုပ်ပင်ရတတ်ပါသေးသည်။

သို့ဖြစ်၍ ကျွန်တော်က သူ့အတွက်နေရာထိုင်ခင်းပေး၍ ဧည့်ဝတ်ပြုရင်း -

"ကျွန်တော်က ဘကြီးအောင်ကို မျှော်နေတာ၊ ဝတ္ထုရေးမယ်စဉ်းစားနေရင်း ဘကြီးအောင်ကို သတိရနေတယ်လေ-၊ ဟင်း. . . ဟင်း. . ."

"အေး. . . ငါကလည်း မင်းကိုသတိရပြီး ဝတ္ထုရေးဖို့ အကြောင်းအရာလာပေးတာပဲလေကွာ. . ." ဟု သူကဆို၏။

"အမယ်-၊ ဟန်ကျတာပဲ၊ ကဲ. . . ဆိုပါဦး ဘကြီးအောင်"


www.burmeseclassic.com

www.burmeseclassic.com

"လောကကြီးမှာ အမှန်တွေ. . .၊ အဟုတ်တွေ. . .၊ တကယ့်အစစ်အမှန်တွေဆို-အဟုတ်တွေ. . . အမှန်တွေ. . . အစစ်အမှန်တွေ ကောင်းကျိုးချမ်းသာတွေ ဖြစ်ထွန်းပေါ်ပေါက်တယ်၊ ဖြစ်မယ်၊ ဖြစ်တတ်တယ်လို့ မင်းယုံလား. . ."

"မြတ်စွာဘုရား. . .၊ ဘကြီးအောင်ဟာ တစ်မျိုးကြီးပါလား၊ လောကကြီးမှာ အမှန်တွေဆို. . . အမှန်ဖြစ်ရမှာပေါ့။ အဟုတ်တွေဆို. . . အဟုတ်ဖြစ်ရမှာပေါ့။ အကောင်းတွေဆို. . . အကောင်းတွေပဲဖြစ်ရမှာပေါ့။ မဟုတ်ဘူးလားဘကြီးအောင်ရဲ့-" ဟု ကျွန်တော်က ရယ်မော၍ ပြောလိုက်မိသည်။

သူက မရယ်ပါ။ တည်ငြိမ်သောအမူအရာဖြင့် -

"အေး. . . လောကသဘာဝတရားနည်းလမ်းကတော့ အဲဒီအတိုင်းပဲဖြစ်သင့်တာပေါ့ကွာ။ နို့ပေမယ့် တို့လောကကြီးမှာ တစ်ခါတစ်ရံ အမှန်လုပ်တိုင်းလည်း အမှန်မဖြစ်တတ်ဘူး။ အဟုတ်လုပ်တိုင်းလည်း အဟုတ်မဖြစ်တဲ့အပြင် အမှားတွေ၊ အဆိုးတွေ၊ မကောင်းတွေ ဖြစ်ကုန်တတ်တာတွေလည်း အများကြီးရှိတတ်တာပဲ။ ငါက အဲဒါပြောချင်တာ"

"အင်း-ဒါလဲ ဟုတ်ပါတယ်။ ဒါပေမဲ့-ကျွန်တော်တို့ စာရေးတဲ့လူ၊ ဝတ္ထုရေးတဲ့သူတွေအဖို့တော့ ဝါဒဖြန့်ချိရေးအနေနဲ့ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်။ မှန်တာလုပ်ရင် အမှန်ဖြစ်မယ်၊ တရားတာလုပ်ရင် တရားနည်းလမ်းအတိုင်းဖြစ်မယ်လို့ ခံယူရတာပါပဲ။ ဒီအတိုင်းလည်း ဝါဒဖြန့်ချိရတာ ဝတ္ထုရေးလေ၊ ဒါပေမယ့် တကယ့်လက်တွေ့ဘဝတွေမှာတော့ တစ်ခါတစ်ရံ မှန်တာလုပ်ပေမယ့် အမှန်မဖြစ်တာတွေ၊ တရားတာလုပ်ပေမယ့် မတရားဖြစ်ရတာတွေ ရှိတတ်ပါတယ်။ ဒါလဲ သဘာဝတစ်ခုပါပဲ"



"ဒါနဲ့ နေပါဦး။ လောကမှာ ရှားပါးပြီး စစ်မှန်တဲ့ အရာမျိုးကိုယ့်လက်ထဲရောက်တဲ့အခါ အဲဒီသူမှာ ခိုက်တတ်တယ်ဆိုတာမျိုးကော. . . မင်း-ယုံလား"

"အလို. . . ဒီစကားကလည်း စိတ်ဝင်စားစရာအကောင်းသားပါလား။ ရှားပါးပြီး စစ်မှန်တဲ့ အဖိုးတန်ပတ္တမြားကြီးတစ်လုံးကို ကောက်ရတဲ့ ချစ်သူနှစ်ဦးဟာ မမျှော်လင့်ဘဲ ကံဆိုးမိုးမှောင်ကျပြီး ဒုက္ခ၊ သုက္ခတွေ ပင်လယ်ဝေဆက်တိုက်ကြုံရပြီး၊ နောက်ဆုံး - ဒဏ်မခံနိုင်တော့ဘဲ အဲဒီပတ္တမြားကြီးကို မြစ်ထဲလွှင့်ပစ်လိုက်တော့မှပဲ ဇာတ်သိမ်းသွားရတဲ့ အဖြစ်အပျက်ဝတ္ထုတစ်ပုဒ်တော့ ငယ်ငယ်က ဖတ်ရဖူးပါတယ်။ ဒါလည်း ရင်ထိတ်စရာဖြစ်အောင် တမင်ဇာတ်လမ်းဆင်ရေးထားတဲ့ ဝတ္ထုမျိုးပါပဲ"

ဘကြီးအောင်က လေးနက်စွာ တွေးနေရင်း ခေါင်းတစ်ချက်ညိတ်လျက်-

"အေး. . . ခုဟာဟ ဖတ်ကောင်းအောင် ဇာတ်ကွက်ဆင်ရေးထားတဲ့ ဝတ္ထုမျိုးတော့ မဟုတ်ဘူး။ တကယ့်အကြောင်းအရာဆိုတော့ ရင်နာကြေကွဲစရာပါပဲကွာ"

➢ ➢ ➢ ➢ ➢

စင်စစ်ကိုဘမောင်နှင့် မချစ်ပုံတို့၏ အချစ်ဇာတ်လမ်းမှာ ဘာမျှမဆန်းပါ။ ရိုးရိုးစင်းစင်းလေးမျှသာ ဖြစ်ပါသည်။ အများသူငါ ရှေးအစဉ်အဆက်က ဖြစ်ခဲ့ဖူးသော၊ ဖြစ်နေကြသော ရိုးအီနေသည့် ဇာတ်သွားမျိုးသာ ဖြစ်လေသည်။

ကိုဘမောင်နှင့်မချစ်ပုံတို့သည် ရင်နင့်အောင် ခံခဲ့ကြသည်။ နောက် နှစ်ဦးသဘောတူ လက်ထပ်ပေါင်းသင်းကြ၏။

www.burmeseclassic.com

www.burmeseclassic.com

နှစ်ဖက်သော မိဘညီအစ်ကို မောင်နှမတို့၏ သဘောထားများအရ ပေါင်းဖက်လို့ မရဘဲ တစ်ကွဲတစ်ပြားစီ ဖြစ်သွားကြရသည်။

သည်ဇာတ်သွားမှာ မဆန်းပါ။ ရိုးလွန်းသော လူများစုကြား ဖြစ်ရိုးဖြစ်စဉ် ဖြစ်နေသည့် သာမန်လူမှုရေး ကိစ္စသေးသေး သိမ်သိမ် လေးမျှသာ ဖြစ်ပါ၏။

ဤမဆန်းသော ဇာတ်လမ်း၌ ထူးသည်မှာ ကိုဘမောင်နှင့် မချစ်ပုံတို့၏ ဘဝအကြောင်းအရာ ဖြစ်လေသည်။

ကိုဘမောင်သည် ငယ်စဉ်ကလေးဘဝက ရွာ၏ချောင်းကမ်းပါးရိုး၌ သစ်ပင်တက်ရင်း သစ်ကိုင်းကျိုးကျပြီး ချောင်းရိုးထဲသို့ လိမ့်ကျခဲ့၏။ ခါးနာသွားသည်။

ထိုမှ နောက်ပိုင်း တဖြည်းဖြည်းနှင့် ခါးနာနေရာမှ ခြေမသန်တော့ဘဲ အောက်ပိုင်းသေသလိုရှိသွားခဲ့ရ၏။ လမ်းမလျှောက်နိုင်တော့ဘဲ ဖြစ်သွားလေသည်။

ကိုဘမောင်သည် ထိုသို့မစွမ်းမသန်ဘဝ ဖြစ်သွားသော်လည်း စိတ်ဓာတ်နည်းနည်းမျှမကျဘဲ သာမန်လူတစ်ယောက်လိုပင် အိမ်၏စီးပွားရေး၊ လူမှုရေးတွေကို သူ့သက်တမ်းတစ်လျှောက် လုပ်ကိုင်ဆောင်ရွက်ခဲ့ရှာ၏။ မိသားစုနှင့် တစ်သက်လုံး ဒိုးတူပေါင်ဖက် နေထိုင်လျက် မိဘကိုလည်း လုပ်ကျွေးရှာပါသည်။

သို့ဖြစ်၍ ဖခင်ကြီးဆုံးသွားပြီး နောက်ပိုင်းလည်း ကိုဘမောင်တို့ မိသားစုမှာ အခြေအနေမပျက် ရွာ၌ တင့်တောင့်တင့်တယ် နေနိုင်မြဲနေထိုင်ခဲ့ကြလေသည်။

ကိုဘမောင်သည် သူ့မိခင်အိုကြီးကိုလည်း မတောင့်မတ မကြောင့်မကျရှိအောင် ထားရှိပေးနိုင်ခဲ့ပါ၏။

ရွာ၌ ကိုဘမောင်သည် လယ်လုပ်ငန်း၊ ယာလုပ်ငန်းစသည်များကို စီစဉ်လုပ်ကိုင်သည်။ လူ့သဘာဝနှင့်ယှဉ်၍ လူများတို့



ထိန်းသိမ်းကွပ်ကဲသွား၏။ စပါးပေး၊ နှမ်းပေးအလုပ်မျိုးတွေလည်း လုပ်သည်။ ရွှေပေါင်ခံသည်။ စပါးလှောင်သည်။ နှမ်းလှောင်သည်။ ပဲလှောင်သည်။ မိမိအိမ်၏စီးပွားရေး အကျိုးရှိနိုင်မည်ဆိုလျှင် ဉာဏ်ရှိသလို အခွင့်ကြုံသမျှ တရားသဖြင့် အလုပ်တွေကို အားလုံးကျုံးလုပ်ကိုင်သည်။

သည်လိုနှင့် နှစ်ပေါင်းများစွာ ရွာမှာ ကိုဘမောင်တို့မိသားစု ပြည့်စုံချမ်းသာစွာ ခေါင်းမော်နေနိုင်ခဲ့လေ၏။ ထို့အတူ မချစ်ပုံတို့ မိသားစုသည်လည်း ပြည့်စုံချမ်းသာပါ၏။

ကိုဘမောင်နှင့် မချစ်ပုံတို့သည် လေးငါးဝမ်းကွဲ ဆွေမျိုးစပ်လည်းတော်သည်။ တစ်အိမ်နှင့်တစ်အိမ် ရောထွေးကူးလူးဆက်ဆံမှုရှိကြ၏။

ကိုဘမောင်နှင့်ယှဉ်လျှင် မချစ်ပုံကအတော်လေးငယ်သည်။ သို့သော် နီးစပ်မှုရှိသည်က တစ်ကြောင်း၊ သံယောဇဉ်မကင်းနိုင်ကြသူတွေဖြစ်သည်လည်း တစ်ကြောင်း၊ ဆန်းကြယ်သော ဖူးစာအကြောင်းတရားတို့ဖြင့် ကိုဘမောင်နှင့် မချစ်ပုံတို့ ချစ်ကြိုက်သွားမိကြလေသည်။

သူတို့ပျော်ကြသည်။ ကျေးရွာသဘာဝရှိ အလုပ်တွေ အတူလုပ်ကိုင်ကြသည်။ သူတို့အတူသွားလာလည်ပတ်ကြသည်။

မချစ်ပုံက ရွာ၌ မိန်းကလေးလုပ်ကိုင်ရသည့် အလုပ်ထက် ယောက်ျားလေးလုပ်ကိုင်ရသည့် အလုပ်မျိုးတွေကို ပိုမိုကျွမ်းကျင်၏။ လုပ်တတ်၏။ လုပ်နိုင်၏။ သတ္တိလည်းရှိသည်။

မည်သည့်လှည်း၊ မည်သည့်နွားကိုမဆို ကျွမ်းကျင်နိုင်နင်းစွာ မောင်းနိုင်သည်။ မည်သည့်ပုဂ္ဂိုလ်မျိုးကိုမဆို ရင်ဆိုင်နိုင်သည်။ ရင်ဆိုင်ရဲသည်။ မိုက်ပြရမည့်နေရာမျိုးဆိုလည်း ရှောင်လွှဲမသွား

www.burmeseclassic.com

www.burmeseclassic.com

တတ်၊ ထိပ်တိုက်တွေ့ပြ၏။ မချစ်ပုံ မသွားရဲဘူး၊ မလုပ်ရဲဘူး၊ မပြောရဲဘူးဆိုသည့် အလုပ်မျိုးမရှိ။ လုပ်ရဲ၊ ကိုင်ရဲ၊ သွားရဲ၊ လာရဲ၊ ပြောရဲဆိုရဲသော မဟုတ်မခံ ဇတ်ဇတ်ကြဲမိန်းကလေးမျိုး ဖြစ်လေသည်။ ဤသည်ကိုလည်း ကိုဘမောင်သဘောကျ၏။

ကိုဘမောင်စီးသော လှည်းယဉ်လေးကို မချစ်ပုံက မောင်းသည်။ ကျွဲတောင်းသွားသည်။ ပဲဝယ်နှမ်းဝယ်ထွက်သည်။ အကြောင်းကိစ္စရှိသည့်နေရာတွေ သွားသည်။ ဟိုရွာ ဒီရွာ ဟိုဟို ဒီဒီ လျှောက်လည်သည်။

သည်လိုနှင့် သူတို့နှစ်ဦး တပူးတွဲတွဲဖြစ်နေကြ၏။ သူတို့သည် ကိုဘမောင်တို့ အကျိုးစီးပွားကိုလည်း လုပ်သည်။ မချစ်ပုံတို့ အကျိုးစီးပွားအတွက်လည်း လုပ်သည်။ ထို့ပြင် မချစ်ပုံအတွက် သီးခြားအကျိုးစီးပွားလည်း ကြံလျှင်ကြံသလို လုပ်ကိုင်၏။

သို့နှင့်ရွာမှာ သူတို့မရောက်သည့် နေရာမရှိ။ သူတို့ မလုပ်သော အလုပ်မရှိ။ ဆွေမျိုးသားချင်းဖြစ်စေ၊ တစိမ်းတံရံစာ သူတစ်ပါး အရေးကိစ္စများ၌လည်း သူတို့နှစ်ယောက် စိတ်ပါလက်ပါ ပါဝင်ကူညီလုပ်ကိုင်ဆောင်ရွက်ပေးတတ်သေးသည်။ ထို့ကြောင့် အချို့သူတို့က လေးစားချစ်ခင်ကြသည်။ အချို့က နေရာတကာပါ ရန်ကောဟူ၍ အမြင်လွဲကာ အမြင်ကပ်ချင်တတ်ကြ၏။

သည်လိုနှင့် ဆယ်နှစ်ခန့် အချိန်ကျော်လွန်လာသောအခါ ကိုဘမောင်က တွေးတွေးဆဆပြောသည်။

"ချစ်ပုံရယ်. . တို့နှစ်ယောက် လက်ထပ်လိုက်ပြီး ဘဝဖော်အဖြစ် အတူနေလိုက်ရင်ကောင်းမယ်ထင်တယ်။ မဟုတ်ရင် သူများပြောစရာတွေ ဖြစ်လာမလားမသိဘူး"

ကိုဘမောင်စကားဆိုလျှင် မချစ်ပုံက အလေးထားသည်။ ငြင်းပယ်လေ့မရှိ။



သို့နှင့် တစ်နေ့တွင် မချစ်ပုံက ကိုဘမောင်စီးနေကျ လှည်းယာဉ်လေးကိုမောင်း၍ ကိုဘမောင်နှင့်အတူ ရွာမှ ထွက်ခဲ့ကြ၏။ အဝေးကြီး ထွက်သွားသည်လည်း မဟုတ်။

ချောင်းရိုးဘေးက သဲသောင်ပေါ်မှာ သူတို့လှည်းယာဉ်လေးကို ရပ်နားသည်။ သဲသောင်ပေါ်က သဲပုံစေတီလေး၌ အဓိဋ္ဌာန် ပြုသစ္စာဆို တိုင်တည် ဆုတောင်းသည်။

"တပည့်တော်တို့နှစ်ဦးသည် သေတပန် သက်တစ်ဆုံး အတူတကွ ချစ်ခင်ပျော်ရွှင်စွာ ပေါင်းသင်းနေထိုင်ရပါလို၏ဘုရား"

ထိုညက လပြည့်ဝန်းကြီးအား သက်သေထားငေးကြည့်ရင်း သူတို့နှစ်ဦးသည် လှည်းယာဉ်လေးပေါ်မှာပင် တစ်ညတာကာလကို လွန်မြောက်လိုက်ကြ၏။

နောက်တစ်နေ့နံနက် နေထွက်ပြူလာသောအခါ သူတို့နှစ်ဦးသည် လှည်းယာဉ်လေးမောင်း၍ ကိုဘမောင်တို့အိမ်သို့ ပြန်လာခဲ့ကြလေသည်။ မနေ့က အကျိုးအကြောင်း စာရေးထားခဲ့ပြီး ဖြစ်၍ ကိုဘမောင်၏မိသားစုရော မချစ်ပုံ၏မိသားစုပါ ကိုဘမောင်နှင့်မချစ်ပုံတို့၏ ဖူးစာကံအကြောင်းကို သိပြီးဖြစ်ကြလေသည်။

ကိုဘမောင်မျှော်လင့်သည်မှာ သူတို့နှစ်ဦး ယခုကဲ့သို့ အသိပေးအထိမ်းအမှတ်ပြုပြီး အိမ်ပြန်လာခဲ့လျှင် ကိုဘမောင်ဖက်မှ မိသားစုသည် ဝမ်းသာအံ့ယဲ့မဟုတ်သည်တိုင် ကိုဘမောင်ကဲ့သို့သော ဘဝအခြေအနေမျိုးလူအား အရဲစွန့်လက်ထပ်ယူဝံ့သော မိန်းကလေးကို စာနာသည်ခြင်းဖြင့် လက်ခံလိမ့်မည်ဟူ၍ ဖြစ်၏။ မိမိ၏မိသားစုသည် မိမိလိုလူကို တစ်ကြောင်းမထောက် တစ်ကြောင်းထောက် လျက် မိမိဘဝအား အဆင်ပြေအောင် ကူညီဆောင်ရွက်ပေးကြလိမ့်မည်ဟု မျှော်လင့်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် လက်တွေ့တွင်ကား ကိုဘမောင်၏ညီအစ်ကို မောင်နှမများသည် သူတို့နှစ်ဦးအပေါ် တင်းမာနေကြသည်ကို ကြုံရ၏။

ကိစ္စမရှိပါ။ မိခင်ကြီး သက်ရှိထင်ရှားရှိပါသေးသည်။ မိခင်အိုကြီးသည် အကြောင်းကြောင်းတွေကို ထောက်၍ ကိုဘမောင်ဖက်က အစစဖေးမရပ်တည်ပေးပါလိမ့်မည်။

"ကဲကွယ်- ချစ်ပုံက ခဏအိမ်ပြန်ဦးနော်။ ကိုယ့်အမေနဲ့ စကားပြောလိုက်ပါဦးမယ်။ ဘာပဲဖြစ်ဖြစ် အမေကတော့ ကိုယ့်ဖေါ်ညာမှာပါ။ စိတ်မပူနဲ့နော်" ဟု ကိုဘမောင်က မချစ်ပုံကိုချော့သည်။

မချစ်ပုံကား ကိုဘမောင်စကားဆိုလျှင် ငြင်းရိုးထုံးစံမရှိ ခေါင်းလေးညိတ်၍ မျက်နှာငယ်လေးဖြင့် သူ့အိမ်ပြန်သွားရှာသည်။

ကိုဘမောင်မှာ အိမ်တွင်း၌ မိခင်နှင့် စကားပြောဖို့ ကြိုးစားသည် ပြောခွင့်မကြုံပါ။

"အမေနေမကောင်းလို့ဆေးတိုက်ထားတယ်။ အိပ်နေတယ်" ဟူသော အစ်မကြီး၏စကားကြောင့် ကိုဘမောင်မှာ ၂ ရက်ကြာမှ မိခင်နှင့်စကားပြောခွင့် ကြုံရ၏။

ကိုဘမောင်၏ညီအစ်ကိုမောင်နှမများ၏ သဘောထားမှာ ကိုဘမောင်တို့ ချစ်သူနှစ်ဦးအား လက်ရှိ ကိုဘမောင်နေထိုင်သည့် ဆက်လက်နေထိုင်ခွင့် မပေးလို၊ တခြားတစ်နေရာမှာသာ သွားနေစေလိုကြ၏။

"တို့အဖေမသေခင်က မူအတိုင်းပေါ့ကွာ။ အိမ်ထောင်ကျလာတော့ မင်းလည်း သီးခြားတစ်အိမ်နေပေါ့။ ရွာထဲမှာ မင်းအတွက် တဲထိုးပေးမယ်" ဟု အစ်ကိုကြီးက ဆို၏။



ကိုဘမောင်တို့တွင် မောင်နှမ ၇ ဦး ရှိသည့်အနက် ကိုဘမောင်မှအပ ကျန်အားလုံးမှာ အစစပြည့်စုံသည့် အိမ်ထောင်သည်ချည်း ဖြစ်လေသည်။ ကျန် ၆ ဦး၌ တပ်မတော်သားညီမှလွဲ၍ မောင်နှမအားလုံးသည်လည်း အိမ်ထောင်လိုက်မိဘအိမ်တွင် နေခဲ့ပြီးသူများချည်း ဖြစ်ပါသည်။ လက်ငင်းအချိန်တွင်လည်း အစ်မကြီး လင်မယားက သည်အိမ်ကြီးမှာပင် နေထိုင်မြဲ ဖြစ်၏။

"အစ်ကို့ကို လူလုံးချည်းကျန်ရင် ဒီကောင်မလေး ယူ၊ မယူ သိချင်တယ်။ ဒါကြောင့် ကျွန်တော်တို့တဲထိုးပေးတဲ့နေရာမှာ သွားနေကြည့်ပါ" ဟု ညီတစ်ယောက်က ဆို၏။

"ဟဲ့-၊ မောင်ဘမောင်က မင်းတို့လို လူသာမန်အခြေအနေအဝမျိုးမှ မဟုတ်တာ။ သူ့ကိုတခြားမှာ တဲထိုးပေးထားလို့ သူ့အဖို့ ဘယ်အဆင်ပြေမှာတုန်း။ နောက်ပြီး သူက တစ်သက်လုံး အမေနဲ့ အတူနေလာခဲ့ရတဲ့သူ" ဟူ၍ အဒေါ်က ကိုဘမောင်ဖက်က စာနာစွာ ဝင်ပြောသော်လည်း မောင်နှမများကမူ သူတို့သဘောထားများကို လျှော့မပေးနိုင်ဘဲ ရှိနေကြ၏။

"အိမ်ကငွေတွေရော-"ဟု အစ်ကိုကြီးကမေးသည်။

"ရှိပါတယ်" ဟု ကိုဘမောင်က ဖြေ၏။

"အဲဒီငွေတွေအားလုံး အမေ့ပေးလိုက်"

"ဟုတ်ကဲ့-"

ကိုဘမောင်က မိခင်နှင့် တစ်စီးပွားတည်းလုပ်ကိုင်နေသည့် အရင်းအနှီးငွေအားလုံးကို မိခင်အိုလက်သို့ ထုတ်ပေးလိုက်လေသည်။

ကိုဘမောင်မှာ မိမိ၏မွေးချင်းများ အစစကျေနပ်ပါစေတော့ဟူ၍ သူတို့ပြောသမျှ လိုက်လျောအလျှော့ပေးရှာပါ၏။

www.burmeseclassic.com

www.burmeseclassic.com

"နွားချေးတွေရောင်းထားတဲ့ငွေရော-" ဟု ညီတစ်ယောက်က မေးပြန်၏။

"ရှိပါတယ်"

"ကိုဗျော့လက်ထဲပေးလိုက်"

ကိုဘမောင်က နွားချေးရောင်းထားသော ငွေများကို အိတ်တစ်လုံးဖြင့် သီးသန့်သိမ်းထားရာမှ အစ်မကြီးယောက်ျား ကိုဖိုးဗျော့လက်ထဲသို့ ပြောင်းထည့်ပေးလိုက်ရသည်။

"မင်း စီမံလုပ်ကိုင်နေတဲ့ ယာလုပ်ငန်းတွေကိုလဲ မင်းသဘောနဲ့မင်း လုပ်လို့ မရတော့ဘူး။ မင်းသုံးဖို့စွဲဖို့ငွေ ငါတို့သတ်သတ်ပေးမယ်" ဟု အစ်ကိုကြီးက ပြောသည်။

"အဆင်ပြေနေတဲ့ အလုပ်တွေ ထိခိုက်ကုန်ပါ့မယ်။ လုပ်နေတဲ့ ကျွန်တော့်အလုပ်တွေကို ကျွန်တော်ပဲ ဆက်လုပ်ပါရစေ။ အကျိုးအမြတ်ထဲက အမေ့ကို သင့်အောင်ကန်တော့ပါမယ်" ဟူ၍ ကိုဘမောင်က အသနားခံ၏။

"အပေါင်ခံထားတဲ့ပစ္စည်းတွေရော-"

"အဲဒါကိုတော့ စာရင်းတွေပဲ ယူထားပါ။ ပစ္စည်းတွေ လက်ပြောင်းရင် ရှုပ်ကုန်ပြီး ပစ္စည်းရှင်တွေနဲ့ ပြဿနာဖြစ်နိုင်ပါတယ်။ အပေါင်ရွေးလို့ ငွေပေါ်တာ အားလုံးအမေ့ပေးမှာပါ။ စိတ်ချပါ။ မဟုတ်တာ ဘယ်တုန်းကမှ မလုပ်ခဲ့ပါဘူး" ဟု ကိုဘမောင်က ပြောရ၏။

ကိုဘမောင်စီးနေကြလှည်းယာဉ်လေးကိုလည်း အစ်မကြီးယောက်ျား ကိုဖိုးဗျော့လက်သို့ အပ်ထားလိုက်စေသည်။

သို့နှင့် ကိုဘမောင်ခမျာမှာ ညီအစ်ကိုမောင်နှမများ သဘောထား၌ ငွေနဲ့လည်း မဆိုင်ဘူး၊ အိမ်နဲ့လည်း မဆိုင်ဘူး လှည်းနဲ့လည်း မဆိုင်ဘူး ဟူသည့် အဖြစ်သို့ ရောက်သွား၏။



"အမေရယ်- ကျွန်တော်တခြားမှာ သွားနေရင် ကိုယ်တစ်သက်လုံး နေလာတဲ့ အမေ့အိမ်မှာလို နေရေးထိုင်ရေး အဆင်မပြေနိုင်လို့ ဒီမှာပဲ ချစ်ပုံနဲ့အတူ နေပါရစေ" ဟု ကိုဘမောင်က ညီအစ်ကိုမောင်နှမတွေ၏ တင်းမာနေသော သဘောထားများကို ကျော်ခိုင်း၍ အမေ့ထံ အသနားခံ အယူခံတင်သည်။

"တခြားမှာပဲတဲထိုးနေပါ" ဟူ၍ အမေကလည်း မျက်စိမှိတ်ကာ ဖွတ်ပြောနေ၏။ အမေသည်လည်း ကျန်သားသမီး ၆ ယောက်၏ တင်းမာသည့် သဘောထားအား ဆန့်ကျင်တွန်းလှန်နိုင်စွမ်းအား ရှိဟန် မတူပါ။

ဘာပဲဖြစ်ဖြစ် မချစ်ပုံနှင့်အတူနေရလျှင်ပြီးတမ်း ဆိုသည့် သဘောဖြင့် ကိုဘမောင်က ဘယ်မှာပဲနေရနေရ နေတော့မည်ဟူ၍ စဉ်းစားသည်။

သို့သော် ကိုဘမောင်နှင့် မကောင်းရာမကောင်းကြောင်း အသိမိတ်ဆွေရွာသားအချို့က တားကြ၏။

"ကိုဘမောင်ရယ်. . အဲလိုတခြားမှာ သွားနေတော့ နေမှုထိုင်မှုတွေ သိပ်ဒုက္ခရောက်နေမှာပေါ့။ ကိုဘမောင်လိုလူတာ နေမြဲထိုင်မြဲ အဝန်းအဝိုင်းနဲ့ နေမှဖြစ်မှာ"

ကိုဘမောင်ကား ဘာမျှမတတ်နိုင်တော့ပါ။ လတ်မြောက်လို့ အရှုံးပေးလိုက်ရပါပြီ။ တကယ်တော့ ကိုဘမောင်၏ စိတ်ကို ချိုးနှိမ်ရိုက်ချိုးလိုက်သလိုတော့ ရှိသွား၏။ လောကဓံတရားကို သဘောပေါက်ရပါတော့မည်။

သို့နှင့် ကိုဘမောင်နှင့်မချစ်ပုံမှာ မိမိတို့ချင်း ဘာအကြောင်း ဘာပြဿနာမျှမရှိပါ၊ မဖြစ်ပါဘဲလျက်သိမ်မွေ့စွာပင် ကွဲကွာသွားကြရတော့၏။

www.burmeseclassic.com

www.burmeseclassic.com

မချစ်ပုံဖက်ကလည်း ကိုဘမောင်လို မစွမ်းမသန် ပုဂ္ဂိုလ်မျိုးအား မေတ္တာမျှရပ်မလားဟူ၍ မကျေမလည်ရှိကြသည်။ ကိုဘမောင်နှင့်မချစ်ပုံတို့ အတူမနေကွဲသွားကြခြင်းကို လိုလားကြသည်။ စင်စစ် သူတို့ဘက်က မကျေမနပ် စိတ်ဆိုးကြသည်မှာ သဘာဝကျပါ၏။

"ကိုဘမောင်ကမှ ချစ်ပုံဆီမလာနိုင်တာ၊ ချစ်ပုံက ကိုဘမောင်ဆီလာမှ ဖြစ်မှာပေါ့" ဟူ၍ မချစ်ပုံသည် ကိုဘမောင်ထံ လာမြဲလာသည်။

ကိုဘမောင်အားတွေ့သည်။ စကားပြောသည်။

သို့သော် သူတို့အဖို့လောကကြီးသည် ပျော်စရာမကောင်းတော့ပါ။ မသာယာတော့ပါ။

မချစ်ပုံကား ပြတ်သားလှ၏။ လောကကြီးကို ရဲရင့်စွာ ရင်ဆိုင်သည်။

မချစ်ပုံသည် သူ့အိမ်က ထင်းတိုက်သည့်လှည်းကြမ်းလေးကို ယူလာ၏။ ကိုဘမောင်အား ထိုလှည်းပေါ်သို့ ယာထဲက အလုပ်သမားတစ်ယောက်က ပွေ့တင်စေပြီး ဟိုတုန်းကလိုပင် ကိုဘမောင် စိတ်ကျေနပ်စေရန် ဟိုဟိုသည်သည် လျှောက်လှည်းမောင်းပို့လေသည်။

တစ်ခါတစ်ရံ သူတို့သည် ချောင်းကမ်းနားဘေးမှာ လှည်းရပ်လျက် ဟိုအဝေးဆီတွေဝေငေးငိုင်နေမိကြသည်။ တစ်ခါတစ်ရံတော့လည်း မျက်နှာချင်းဆိုင်၍ နှစ်ဦးသား မျက်ရည်လည်ရွဲ ငိုပွဲဆင်မိကြ၏။

"ဟိုး. . ဘဝ. . ဘဝမှာ ဝဋ်ကြွေးရှိခဲ့ရင် သည်မှာဝဲ. . ကျေပါလေတော့. . ကျေပါလေတော့. ." ဟူ၍ နှစ်ဦးသား သံပြိုင် စေတီလေးမှာ ဆုတောင်းမိကြလေသည်။



"အင်း. . သာဓု. . သာဓု. . သာဓု၊ ဒီလင်ဒီမယား စိတ်ချမ်းသာ ကိုယ်ချမ်းသာ သေတပန် သက်တစ်ဆုံး အတူတကွ ပေါင်းသင်းနေထိုင်ကြရပါစေကွယ်. ."

ကိုဘမောင်၏ညီအစ်ကိုမောင်နှမများက မိခင်ကြီးထံ မိသားစုအလိုက် လာကန်တော့သည့်အခါ ပေးကတ်သော ဆုတောင်းလေးကို တောင့်တနေရရှာသော ကိုဘမောင်ကိုလည်း မိခင်ကြီးသည် အဘယ်ကြောင့် သည်ဆုမျိုးနှုတ်မှ ပေးနိုင်ခွင့် မကြုံရရှာပါလိမ့်ဟူ၍ ကိုဘမောင်မှာ ကြေကွဲမျက်ရည်ဝဲနေရပါလေ၏။

ဘကြီးအောင်၏ဇာတ်လမ်းဆုံးသောအခါ ကျွန်တော့်တွင် အတွေး၌ နစ်နေ၏။

"ကဲ- အဲဒီ ကိုဘမောင်နဲ့ မချစ်ပုံရဲ့ အချစ်ဇာတ်လမ်းကို မင်း ဘယ်လိုသုံးသပ်မလဲ"

ဘကြီးအောင်၏အမေးကို ကျွန်တော်မဖြေမိပါ။ သူ့ဘာသာသူ ဖြေပါလိမ့်မည်။

သူ့၌အမေးအဖြေ သုံးသပ်ချက်တွေ ရှိနေ၍ ကျွန်တော့်အား ပြောပြနေခြင်း ဖြစ်ကြောင်း သဘောပေါက်ပါသည်။

"သာမန်ကြည့်ရင်တော့ ဟိုဖက်ဒီဖက် နှစ်ဖက်မိသားစု အသိုင်းအဝိုင်း မကျေလည်ကြလို့ သူတို့နှစ်ဦး မပေါင်းကြရဘူးလို့ ထင်စရာဖြစ်မယ်။ တကယ်တော့ အဲဒါထက် လေးနက်တာရှိသေးတယ်ကွ. ."

"ဆိုပါဦး-" ဟု ကျွန်တော်က စကားထောက်ပေး၏။

"သူတို့ချင်း ချစ်ကြတာတော့ မှန်တယ်။ နို့ပေမယ့် သူတို့ချင်း ချစ်တယ်ဆိုတာ ယုံစရာမကောင်းဘူး။ ထူးခြားနေတယ် မို့လား။ မချစ်ပုံဟာ ကိုဘမောင်လိုလူကို ဘာ့ကြောင့်ယူသလဲ။

www.burmeseclassic.com

www.burmeseclassic.com

မယုံနိုင်လောက်သော ချစ်ခြင်းကြောင့် သံသယတွေကို ဖြစ်စေတယ်။ မိမိသံသယ၊ မိမိအထင်၊ မိမိအမြင်တွေကို အမှန်လို့ စွဲထင်ကြတော့ ရက်စက်တဲ့သဘောထား အပြုအမူ အဆုံးအဖြတ်တွေ ပေါ်လာရတဲ့ သဘောတရားတွေပါပဲ"

"ဘယ်လို. ."

"ကိုဘမောင်လိုလူကို တော်ရုံ မိန်းကလေး သည်းညည်းခံ ချစ်ရဲရဲ့လား။ အဲလို မိုက်မိုက်ကန်းကန်း ချစ်ရဲတဲ့ မိန်းကလေးရဲ့ အချစ်ကို ကိုယ့်စိတ်နဲ့နှိုင်းပြီး ဘယ်သူယုံမလဲ။ မယုံတဲ့စိတ်နဲ့ သံသယ ရှိမယ်။ သံသယကြောင့် အထင်မှားတယ်။ အထင်မှားတော့ လူရဲ့ အတ္တမာနတွေ ပေါ်လာတယ်။ အတ္တမာနဟာ ဒေါသတွေ၊ လောဘတွေ၊ မောဟတွေ ပုံသဏ္ဌာန် အမျိုးမျိုးနဲ့ ဖြစ်စေတယ်။ အဲဒါနဲ့ ကိုဘမောင်နဲ့ မချစ်ပုံရဲ့ ရှင်ကွဲ ကွဲရမယ့် ဇာတ်ဖြစ်ရတယ်"

"ရှင်းပါဦး. ."

"ဒီလိုကွာ. .၊ ဒီမိန်းကလေး ဒီလူကိုယူတာ ချစ်လို့ယူတယ်ဆိုတာ မယုံတော့ သံသယတွေ အထင်မှားမှုတွေနဲ့ မကောင်းတာတွေ ထင်ကြတွေးကြပေါ့။ ဒါနဲ့ ပင်ကိုဘဝနဲ့နဲ့သူကို ပိုပြီးဘဝ ခက်ခဲကုန်အောင် လုပ်ကြသလို ဖြစ်ကုန်တော့တာပေါ့။ နောက်ဆုံးကွာ- ဥပမာ. . ဒီအိမ်ကြီးပေါ်တက်ပြီး ဒီအိမ်ကြီးကို အုပ်စိုးသွားချင်လို့လားပေါ့"

"အင်း. ."

"လူဆိုတာ အတ္တမာနပါလာတော့ ကိုယ်ထင်တာ၊ ကိုယ်တွေးတာ၊ ကိုယ်ပြောတာ၊ ကိုယ်လုပ်တာတွေကို အမှန်ချည်း မှတ်ကြတော့ အားလုံးအဖြေတွေ၊ လုပ်ရပ်တွေ၊ မကောင်းနိုင်တော့ဘူးပေါ့။ နောက်ဆုံးတော့ကွာ. . ရှားပါးထူးခြားတဲ့ (ဖူးစာ)ကြောင်း



ကာယကံရှင်တွေရဲ့ဘဝဟာ (ခိုက်) ကုန်ရတယ်။ နောက်- လူတွေရဲ့ မယုံကြည်မှု၊ သံသယ၊ အတ္တမာန၊ လောဘဒေါသတွေကြောင့် ကောင်းကျိုးချမ်းသာမှုတွေ ပျက်ပြားထိခိုက်ကုန်စေရတယ်။ စိတ်ထားတွေညှိုးကုန်စေရတယ်။ ကဲ. . မင်းကော ဘယ်လိုထင်လဲ" ဟု ဘကြီးအောင်က စကားလက်စသတ်၏။

ဟုတ်သည်. .။

မယုံနိုင်အောင် စစ်မှန်လျှင်လည်း ဘဝပျက်စေတတ်၏။ လူတွေ၏ သံသယ၊ အထင်မှားမှု၊ အတ္တမာန၊ လောဘ ဒေါသ မောဟတွေလည်း လောက၏ ကောင်းကျိုးတရားတွေကို ပျက်စေ၏။

မောင်စိန်ထွေး

(၃၀- ၁၀- ၀၁)

## အခန်း (၁၈)

# မေတ္တာစိတ်မြတ် အအေးဓာတ် လွှမ်းပတ် ကမ္ဘာခြုံပါစေ

ကျွန်တော်ကား တစ်ချိန်က ဗေဒင်ဆရာပြောခဲ့သည့် အတိုင်း ကျွန်တော့်ပတ်ဝန်းကျင်၌ တကယ်ကြုံနေရပါလေပြီ။

ကျွန်တော်သည် မိမိအိမ်၌ မိမိတစ်ယောက်တည်း အထီးကျန်ဆန်နေပြီး၊ ဝိုင်းပယ်ခံထားရသလို ရှိနေရ၏။

ညီအစ်ကိုမောင်နှမများသည် ကျွန်တော့်အား မည်သည့် အကျိုးအကြောင်း မည်သည့်ကိစ္စကိုမျှ ပြောဆိုခြင်း၊ တိုင်ပင်ခြင်း မပြုကြဘဲ သူတို့အချင်းချင်းသာ ခေါင်းချင်းဆိုင်၍ တကြိတ်ကြိတ် ရှိလေ၏။ ကျွန်တော့်ကိစ္စ၊ ကျွန်တော့်ပြဿနာကိုင်တွယ်သည်ပင် ဖြစ်စေ၊ ကျွန်တော့်အား ဘာမျှအသိမပေးကြဘဲ သူတို့စိတ်ကူးရှိသလိုသာ သွားလာလုပ်ကိုင်ပြောဆိုနေကြ၏။

ကျွန်တော့်ညီအစ်ကိုမောင်နှမများသည် မစန္ဒာ၏အိမ်သို့ လည်း သွား၍ မစန္ဒာ၏ မိခင်နှင့် စကားပြောဆို၏။ နှစ်ဦးနှစ်ဖက် မခံနိုင်သော စကားအသုံးအနှုန်းတို့ဖြင့် စကားပြောအဆင်မပြေ ကြဘဲ ရှိရ၏။ အခြေအနေတွေမှာ ပိုမိုကောင်းမွန်လာခြင်းမရှိဘဲ ပို၍ပို၍သာ ဆိုးရွားလာရလေသည်။

တစ်ဖက်နှင့်တစ်ဖက် နင့်သီးသော၊ ဆိုးဝါးသော ကြားလူများ၏ စကားလုံးများဖြင့် စိတ်ဆိုးနာကြည်းကုန်ကြရသည့် အဖြစ်ရောက်ကုန်ကြရပါသည်။



www.burmeseclassic.com


မစန္ဒာနှင့် ကျွန်တော့်မှာလည်း တစ်ဖက်သတ် အနိုင် အထက် အပြောခံရ၊ တစ်ဖက်စောင်းနင်းအပြုအမူများကို မကြာ ခဏ ကြုံနေရသောအခါ မိမိတို့၏ စိတ်ဓာတ်ကိုသာ ပြုပြင်ယူရ ပါတော့သည်။

ကျွန်တော်သည် မိမိအမြဲတမ်းမြင်သာသော နေရာ၌ "ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်ရင်ပြင်တော်ပေါ်ရှိ ကျောက်စာ တိုင်" ဩဝါဒပါတိမောက်ခမ္မစေတီ ကျောက်စာတော်" ကို စာလုံး ကြီးကြီးဖြင့် မိတ္တူကူး၍ ကပ်ထားပါသည်။

(၁) လွန်စွာချုပ်တည်းခြင်းဟူသော သည်းခံခြင်းသည် အလွန်မြင့်မြတ်သော အကျင့်ပေတည်း။

(၂) မိမိစိတ်ကို သန့်ရှင်းဖြူစင်စေရာ၏။

(၃) ထူးမြတ်သောအကျင့်၌ လွန်စွာအားထုတ်ရာ၏။

ယင်းကျောက်စာတော်ကိုပင် မစန္ဒာ၏ ဆန်နီပစ်တာပ် ကားလေး၏ မှန်ပေါ်၌လည်း မိတ္တူကူး၍ ကပ်ထားပေးလိုက် ပါသည်။

ကျွန်တော်တို့ပတ်ဝန်းကျင်၊ မိမိဆွေမျိုးသားချင်းများ အသိုင်းအဝိုင်းများ၌ အိမ်ထောင်ကျလာသည့် မိမိဆွေချင်းများအား ဝိုင်းဝန်းဖေးမကူညီကြ၊ နေရာထိုင်ခင်းပန်တီးပေးကြသည်မျိုး မြင်ရတိုင်း မိမိစိတ်၌ ကြေကွဲမှုဖြစ်ရပါသည်။

ရာမဇာတ်၌ ရာမနှင့် လက္ခဏာညီအစ်ကိုနှစ်ယောက်သည် ချစ်ခင်စွာ တစ်ယောက်ပေါင်ပေါ်မှာ အခြားတစ်ယောက်က ခေါင်းအုန်းအိပ်နေခြင်းကို ညီအစ်ကိုချင်း စစ်မက်ဖြစ်ပွားပြီးနှိမ် လာရသူ သုကြိတ်မြောက်မင်းမြောက်မင်းမြင်သောအခါမျက်ရည် ကျရသည့်အဖြစ်ကို ကျွန်တော်သည်လည်း ယခုပိုမိုနားလည်ခံစား လာမိရပါ၏။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တွင်လည်း မစန္ဒာမှာ ငိုမဲ့မဲ့ဖြင့် ပြောရှာသည်။

"မစန္ဒာလေ-အခုကိုယ်လုပ်ခဲ့မိတဲ့ ကိစ္စတွေ၊ ဖြစ်ခဲ့ရတဲ့ အဖြစ်တွေမှာ မှားလေခြင်းရယ်လို့တော့ နောင်တရတဲ့ စိတ်မျိုး မဖြစ်ပေမယ့် ဒီလိုတွေဖြစ်-၊ ဒီလိုသဘောထားတွေ ကွဲလွဲ၊ ဒီလိုတွေ စိတ်ဒုက္ခရောက်ရမယ်ဆိုရင်တော့ စန္ဒာဒီလိုမဆုံးဖြစ်ခဲ့ပါဘူး"

မှန်ပါ၏။ ယခုမူ မသန်စွမ်းသူကို လက်ထပ်ဝံ့သော မိန်းကလေးကို ဝိုင်းဝန်းဒဏ်ခတ်သလို ရှိနေရပါပြီ။ သူ့စိတ်၌လည်း ရောဂါတွေဝင်နေပြီထင်ပါသည်။ သည်အိမ်နှင့် သည်လူစုတွေကြား သို့ မိမိဝင်ထွက်ဆက်ဆံ သွားလာနေထိုင် ရမည်မှာ ဖြစ်နိုင်ပါ မည်လား။

**မျက်ရည်တွေနဲ့တဲ့**

တစ်နေ့ခင်း အောက်ထပ်စားပွဲကြီး၌ ညီအစ်ကိုမောင်နှမ များသည် ဝိုင်းဖွဲ့လျက် စကားပြောနေခိုက်၊ သူတို့အား ငေးကြောင် ကြည့်နေမိသော ကျွန်တော်သည် သူတို့နှင့် ဖဲခွာ၍ ထွက်ခဲ့၏။ ထိုနောက် မလှမ်းမကမ်းနေရာ၌ ဘီးတပ်ကုလားထိုင်၏ နောက်မှီကို လှန်ချပြီး မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ မျက်စိမှိတ်အိပ်နေမိ၏။

ထိုအခိုက် မိမိပခုံးအား တစ်စုံတစ်ယောက်က လာတို့လိုက် သည်ထင်မိ၍ မျက်စိဖွင့်ကြည့်လိုက်မိသည်။

ညီမငယ်၏သမီး၊ လေးနှစ်ရွယ်တူမလေးသည် ပြုံး၍ ကျွန်တော့်အား ကြည့်နေ၏။ သူက -

"နေမကောင်းလို့လား"

"ကောင်းပါတယ်" ဟု ကျွန်တော်က ခေါင်းညိတ်ပြလိုက် သည်။



"ဒါဖြင့်. . . ဘာဖြစ်နေလဲ-"

"ဘာမှမဖြစ်ပါဘူးကလေးရယ်"

"ဘာမှမဖြစ်ပါဘူးသာပြောတယ်။ မျက်လုံးထဲမှာလဲ မျက်ရည်တွေနဲ့"

"ဪ. . ."

ကျွန်တော်သည် မျက်လုံးထဲက မျက်ရည်များကို လက်ဝါး ဖြင့်ဆွဲယူပွတ်ပစ်လိုက်မိပါ၏။

ဟုတ်ပါလိမ့်မည်။ ကျွန်တော်သည် ကိုယ့်ကိုယ်ကို သတိမပြု မိဘဲ ကြေကွဲနေရပြီဖြစ်ပါသည်။ မိမိစိတ်ဓာတ်တွေကျနေလေပြီ လား။ ဗေဒင်ဆရာပြောခဲ့သလို လူမသေသောကြောင့် ဘဝသေရ လေတော့မည်လား။

ကျွန်တော် အားတင်းရပါမည်။ ဘဝကိုပြန်ပြီး တည်ဆောက် ရပါဦးမည်။ ရင်ထဲမှာ ကြိတ်၍ စီးကျနေရသည့် မျက်ရည်များကို ကြိုးစားတားဆီးရပါမည်။

**ခမမေ့သဘောထား**

တစ်နေ့တွင် အိမ်ရှေ့ဝရံတာ၌ ကျွန်တော်တစ်ယောက် တည်း ငေးငိုင်နေခိုက် မေမေက-

"မေမေကတော့ မင်းတို့ကိစ္စကို မပျက်စေချင်ပါဘူး။ ခဏစိတ်ရှည်ရှည်ထားစောင့်နေ့ဘ်။ မောင်နှမတွေကို အေးအေး ဆေးဆေးပြောရင် ရလိမ့်မယ်ထင်ပါတယ်" ဟု ဆို၍ မောင်နှမများ ထဲမှာ မည်သူကတော့ ပြောလျှင်ရနိုင်လိမ့်မည်။ မည်သူကတော့ မှုတသောစိတ်ထားရှိသည်။ မည်သူ၏ သဘောထားကတော့ မသိနိုင်သေးဘူး စသဖြင့် ကျွန်တော့်အား ပြောပြနေသိမ့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုနည်းတူ မေမေသည် မစန္ဒာအားလည်း-

“အချိန်တော့ နည်းနည်းစောင့်နော်-သမီး။ တဖြည်းဖြည်းတော့ အားလုံးအဆင်ပြေသွားမှာပါ။ သားသမီးတွေကိုလဲ ပြောကြည့်ပါဦးမယ်” ဟူ၍ အများကွယ်ရာ၌ ပြောဆိုနှစ်သိမ့်ရှာလေသည်။

ဆွေမျိုးသားချင်းအချို့ကမူ -

“ဟယ်-နင်တို့ကိစ္စ အဆင်ပြေအောင် ငါတို့ကြားဝင်ပေးချင်ပါတယ်။ ဒါပေမဲ့-စကားစကြည့်လိုက်ရင် နင်တို့မောင်နှမတွေက ဘာအမိပ္ပာယ်မှမရှိဘဲ တင်းမာလွန်းနေတော့ ငါတို့ဘယ်လိုလုပ်လို့ရမလဲ” ဟု ဆိုကြ၏။

**ကျွန်တော်တို့နှစ်ယောက်ဘဝ**

မစန္ဒာကမူ ကျွန်တော့်ထံ နေ့စဉ်လာမြဲလာပါသည်။ ကျွန်တော်စိတ်ကြည်သာအောင် စကားတွေပြောရှာပါသည်။ တစ်ခါတလေလည်း ကျွန်တော်တို့နှစ်ယောက်သည် ဘာစကားမှ မဆိုမိကြဘဲ ငေးငိုင်ထိုင်နေမိကြရ၏။

မစန္ဒာသည် သူ့ဆန်နီပစ်ကပ်ကားလေးကိုယူလာ၍ ကျွန်တော့်အကြောင်းကိစ္စရှိရာ၊ သွားလိုရာနေရာများသို့ လိုက်ပို့ပေး၏။ အလုပ်ကိစ္စလုပ်ကိုင်စရာရှိလျှင်လည်း သွားလာကူညီလုပ်ကိုင်ပေး၏။

တစ်ခါတစ်ရံတော့လည်း ကျွန်တော်တို့သည် စီးလာသောကားကို လမ်းဘေးထိုးရပ်လျက် စိတ်ပြေရာပြေကြောင်း စကားပြောရင်း အချိန်တွေကုန်ရ၏။ တစ်ခါတစ်ရံ ရန်ကုန်မြစ်ကမ်းဘေး၌ ကားကိုရပ်၍ အဝေးရှုပြင်သို့ ငေးမျှော်၍ မျက်ရည်ဝိုင်းနေမိရလေသည်။



**ကျန်မျက်စိတစ်လုံးအဖြစ်**

တစ်နေ့တွင် ကျွန်တော်သည် သတင်းစာကို လှန်ရာ သတင်းစာပေါ်၌ မည်းမည်းအမှုန်လေးများ လွင့်နေသည်ဟု မြင်မိသဖြင့် ထိတ်လန့်သွားမိ၏။ လက်ရှိအားကိုးနေရသော လက်ျာဘက်မျက်စိသည် ယခင်လက်ဝဲဘက်မျက်စိကဲ့သို့ ဖြစ်ပြီလားဟု စိတ်ပူသွား၏။

မစန္ဒာလာသောအခါ ကျွန်တော့်မျက်စိအကြောင်းကို ပြောပြရ၏။ သူလည်း စိတ်ပူစွာ ဆေးရုံသို့ ဖုန်းလှမ်းဆက်လေသည်။

ဆေးရုံမှ ယခင်ကျွန်တော့်မျက်စိကို ခွဲပေးသော ဆရာဝန်အမျိုးသမီးသည် ကျွန်တော့်အား ချက်ချင်း သူ့ထံလာခဲ့ရန် မှာ၏။

သို့နှင့် ကျွန်တော်တို့ဆေးရုံသို့ သွားကြ၏။ ဆေးရုံ၌ အရေးတကြီး ကျွန်တော့်မျက်စိကို စစ်ဆေးပေးကြ၏။ ကျွန်တော့်လက်ျာဘက်မျက်စိသည် ယခင်လက်ဝဲဘက်မျက်စိဖြစ်ခဲ့သလို ဝေဒနာမျိုးတော့ မဟုတ်ပါ။

“ဒါက မျက်စိထဲမှာ ဂျယ်လီတွေပျော်ကျတာပါ။ သိပ်စိတ်မပူပါနဲ့။ တချို့ဆို ဒီလိုပဲဖြစ်တတ်ပါတယ်” ဟု ဆရာဝန်အမျိုးသမီးက ပြောပြသည်။

“အဲဒီအမှုန်လေးတွေက တဖြည်းဖြည်း များများလာပြီး နောက်ဆုံးမှောင်သွားတဲ့အဖြစ်မျိုး ရောက်မသွားနိုင်ဘူးလား-ဟင်” ဟု ကျွန်တော်က မေးကြည့်မိ၏။

သူက ဘာမျှပြန်မပြောပါ။

**သွေးဆောင်ဖြားယောင်းမှု**

မစန္ဒာနှင့် ကျွန်တော်မှာ တရားဝင်လက်ထပ်ခဲ့ပြီး တစ်နှစ်ခွဲကျော်လာသည့်တိုင်၊ သူကတစ်အိမ်၊ ကိုယ်ကတစ်အိမ် နေထိုင်လာခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တွင် အိမ်၌ မောင်နှမတစ်တွေစုံခိုက်၊ မစန္ဒာသည်လည်း ကျွန်တော်နှင့်ရှိနေစဉ် ကျွန်တော်တို့အား -

"လင်မယားဆိုပြီး ပေါင်းလည်းမပေါင်းဘဲနဲ့ အလကား ရှုပ်နေတယ်။ ဒီအရှုပ်ကိုရှင်းဖို့လိုတယ်" စသဖြင့် ဝိုင်းဝန်းအပြစ်တင် စကားဆိုကြ၏။

"မမတို့လင်မယားတောင်နေလို့ရတဲ့ အမေ့အိမ်မှာ ကိုယ့်ကျတော့ မနေရဘူးလို့ ဝိုင်းညစ်ထားကြတော့ ငါတို့မှာ တစ်ကွဲ တစ်ပြားစီဖြစ်နေရတော့တာပေါ့" ဟူ၍ ကျွန်တော်ကပြောလိုက် သောကြောင့် မောင်နှမတွေစကား အခြေအတင်ပြောဖြစ်သွားရ တော့သည်။

ပြောရင်းဆိုရင်း စကားလုံးများပြင်းထန်လာပြီး တစ်ဦးက ကျွန်တော်တို့နှစ်ယောက်အား ကုလားထိုင်တစ်လုံးကို ကိုင်မြှောက်၍ ရွယ်၏။

ကျွန်တော်သည် အနီး၌ ထိုင်နေသည့် မစန္ဒာကို လှမ်းဖက် ထားလိုက်ပြီး -

"ရိုက်ရက်ရင် ငါတို့ခံပါ့မယ်။ ရိုက်ပါ-ရိုက်လေ" ဟု ကျွန်တော်က ခေါင်းထိုးခံပေးလိုက်သည်။

ကုလားထိုင်ကိုင်မြှောက်ထားသူက စိတ်လျှော့ပြီး လက်ထဲ က ကုလားထိုင်ကို ပြန်ချထားလိုက်၏။

ညီမငယ်က-

"အင်းလေ-မမတို့တောင် နေတဲ့အိမ်မှာ ကိုလေးလည်း နေဖို့တောင်းပိုင်ခွင့်တော့ ရှိပါတယ်။ ဒါဖြင့်လဲ နေပါစေ-" ဟု ဆိုလိုက်လေ၏။



"ကဲ-ဒီလိုဆိုနေချင်လည်းနေ။ ဒါပေမဲ့-ဒီမှာမစန္ဒာလာ နေရင် သူ့အိမ်ကအမေ့ကို သွေးဆောင်ဖြားယောင်းပါတယ်ဆိုပြီး ဒုက္ခပေးလာရင် ခက်မယ်။ ဒီတော့- သွေးဆောင်မဖြားယောင်းပါ ဘူး။ ကိုယ့်သဘောနဲ့ကိုယ်လာနေတာပါဆိုတဲ့ စာလေးတစ်စောင် တော့ ရေးပေးထား" ဟု သူတစ်ပေါက်ကိုယ်တစ်ပေါက် ပြောကြရင်း နောက်ဆုံး နိဂုံးချုပ်လိုက်၏။

**နိဂုံးမချုပ်နိုင်ပါ**

"ကဲကွယ်-နားအေးအောင်ရေးဆိုတာ ရေးပေးလိုက်စမ်း ပါ။ ရေးပေးပြန်တော့ ဒီလိုမဟုတ်ဘူး၊ ဟိုလိုမဟုတ်ဘူး ဖြစ်နေဦး မယ်။ ဒီတော့ ပြောစရာမရှိအောင် တစ်သက်စာအားလုံးပါအောင် သာ ရေးပေးလိုက်" ဟု ကျွန်တော်က မစန္ဒာအား ပြောပြီး၊ ရေးရ မည့်စာသားကို နှုတ်မှ အကြမ်းရွတ်ပြလိုက်၏။

နောက်ညဦး၌ မစန္ဒာရောက်လာပြီး မေမေထိုင်နေသည့် ကုလားထိုင်၏ ခြေရင်းကြမ်းပြင်၌ ဒူးတုပ်ထိုင်ကာ -

"တကယ်တော့ ဒီစာတွေဘာတွေရေးပေးနေရမှာ မလို ဘူးဆိုတာတော့ နားလည်ပါတယ်။ ဒါပေမဲ့-ကျေနပ်အောင် သမီးရေး လာပေးပါတယ်" ဟုဆို၍ မစန္ဒာက မေမေ့လက်ထဲသို့ စာရွက်လေး ထည့်ပေးလိုက်၏။

"ကျွန်မ မစန္ဒာ (အမျိုးသားမှတ်ပုံတင်-) သည် မိမိ၏ ဘဝခရီးတစ်လျှောက်၌ မည်သည့်အကြောင်းအရာ ကိစ္စရပ်မှာမဆို တစ်စုံတစ်ဦး၏ ခြိမ်းချောက်မှု၊ သွေး ဆောင်ဖြားယောင်းမှုမျိုးကိုမျှ လက်မခံဘဲ၊ မိမိကိုယ်ပိုင် အသိတရားဖြင့် မိမိ၏သဘောဆန္ဒအလျောက်သာ

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ပိုင်ဆုံးဖြတ်လုပ်ကိုင်တတ်သူဖြစ်ကြောင်း မိမိကိုယ်ကို မိမိတာဝန်ယူ၍ အောက်တွင် လက်မှတ်ရေးထိုးပါသည်။

မစန္ဒာ။

မေမေသည် စာရွက်လေးကို ဘေးနားသို့ချထားလိုက်ပြီး-

"အတူနေကြတယ်ဆိုတော့ အားလုံးနဲ့ သင့်တင့်အောင် ခနေဖို့၊ သူများမကြိုက်တာတွေ မပြုမိအောင်နေဖို့" စသဖြင့် လူကြီးစကား ဆုံးမဩဝါဒများပေးပါသည်။

မေမေ့အမူအရာ၌ စိတ်ချမ်းသာကျေနပ်သွားသည့် အခြေအနေဖြစ်ပါ၏။

ကျွန်တော်ကား မစန္ဒာကို ကြည့်၍ သနားသွားမိပါသည်။ ကျွန်တော့်လိုလူကိုယူဖို့ သူမှာလိုက်လျောလုပ်ကိုင်နေရရှာသည်မှာ ရင်ထုမနာဖြစ်စရာ ကောင်းလှပါသည်။ မည်သို့ပင်ဖြစ်စေ ပြဿနာတစ်ရပ်ပြီးဆုံးပြီး တစ်မီးအေးပြီဖြစ်၍ စိတ်သက်သာရာ ရသွားမိရလေသည်။

ထိုစဉ် မမက စကားအနည်းငယ် ဝင်ပြောသောအခါ မေမေက-

"ပြီးခဲ့တာတွေ မပြောကြနဲ့တော့။ တော်တော့။ ရှေ့မှာပဲ အဆင်ပြေအောင်နေကြထိုင်ကြ" ဟု စကားကို ပိတ်လိုက်လေ၏။

မမသည် မစန္ဒာရေးလာသော၊ မေမေ့အနီး၌ ချထားသည့် စာကို ကောက်ကိုင်ဖတ်ကြည့်ပြီး-

"စာက ဒီလိုမဟုတ်ဘူး-" စသဖြင့် ပြောနေပြန်သဖြင့် ကျွန်တော်က-

"မမရယ်-စာထဲမှာအားလုံး တစ်သက်စာပါပါတယ်။ တျေနပ်ပါတော့"



မမသည် စကားကိုမဆက်တော့ဘဲ ကြွေနွေးဆည်လိုက်ပြီးနောက်-

"အေးလေ- နောက်တော့ မောင်နှမတွေသဘောပေါ့" ဟု စကားသပ်လိုက်လေသည်။

တွေးထင်သည့်အတိုင်းပင် နောက်တစ်နေ့၌ ညီအစ်ကို မောင်နှမများသည် ဒေါကြီးမောကြီးနှင့် ကြမ်းကြမ်းတမ်းတမ်း စကားတွေပြောကြပြန်၏။

"ဒီစာနဲ့မရဘူး" ဟု ဆိုကြပြန်သည်။

မေမေ၏မနေ့ညက ကြည်သာရွှင်လန်းသော မျက်နှာသည်လည်း မရှိတော့ပါ။ ကျွန်တော်က ငိုင်တွေနေသော မေမေ့အား-

"မေမေရယ်-၊ ကယ်နိုင်လဲကယ်ပါ။ မကယ်နိုင်လဲ ကိုယ်ဘဝအကြောင်းတရားနဲ့ ကိုယ်ပဲရှိပါစေတော့။ ဘယ်သူ့တို့မှလဲ အပြစ်မတင်တော့ပါဘူး။ ရှိပါစေတော့။ ကိုယ့်ငွေကြေးပဲဆိုပါတော့။ အားလုံးကို လက်မြှောက်ရပါတော့မယ်"

နောက်မကြာမီတစ်နေ့၌ ညီငယ်သည် သူ့သူငယ်ချင်းရှေ့နေတစ်ဦးကို ခေါ်လာပြီး စာချုပ်တစ်ခုရေး၍ ကျွန်တော်အား လက်မှတ်ထိုးစေ၏။ စာချုပ်မှာမရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ထိန်းချုပ်ထားသောသဘောပါသည့် စာချုပ်ဖြစ်၏။

ကျွန်တော်သည် ဘာမျှပြောမနေဘဲ လက်မှတ်ထိုးပေးလိုက်ပါသည်။ ကျွန်တော်ကား အားလုံးကို နားလည်လိုက်ပြီး မိမိသွေးချင်းတို့၏ ရင်ထဲ၌ တောက်လောင်နေသော "မီး" ကို မြင်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

**စိတ်ကိုပြန်လည်တည်ဆောက်ခြင်း**

ကျွန်တော်သည် အရာရာကို စိတ်သက်သာအောင် ဖြေနေရပါ၏။ တစ်ဖက်ကလည်း စိတ်အားကို တင်းနေရပါ၏။ နေ့စဉ်လုပ်ဆောင်ဖွယ်ရှိသည့် အလုပ်ကိစ္စများ၌ မိမိစိတ်ကို သွင်း၍ထားရသည်။ စိတ်ကူးပေါ်လျှင် ဆောင်းပါးလေးများ၊ ဝတ္ထုလေးများ ရေးလိုက်သေးသည်။ ဆွေမျိုးသားချင်းအသိမိတ်ဆွေများ အကြောင်းကိစ္စများ၌လည်း ယခင်ကလိုပင် တတ်အားသမျှ မစန္ဒာနှင့်အတူ လိုက်လံကူညီဆောင်ရွက်နေမိ၏။

ညီဝမ်းကွဲတစ်ဦး၏ စီးပွားရေးကိစ္စတစ်ခုကို ကျွန်တော်က ကူညီပေးပြီးသောအခါ၊ ညီဝမ်းကွဲက တစ်ထောင်ကျပ်တန် ငွေစက္ကူ တစ်ထပ်ကို ကျွန်တော့်အား ပေးရင်း-

"ကန်တော့တာပါ" ဟု ဆို၏။

"ကိစ္စမရှိပါဘူးကွာ၊ နေပါစေ-၊ စိတ်သန့်သန့်နဲ့ပဲ ကူညီပါရစေ။ ငါဟာ ဒီလိုလုပ်ကိုင်ပေးနိုင်တာကိုပဲ ကျေနပ်ပါပြီ" ဟု ကျွန်တော်က ပြောလိုက်ပြီး လက်ငင်းမိမိတွေ့ကြုံနေရသော အဖြစ်တွေကို သတိရလျက် ဝမ်းနည်းသွားရလေသည်။

စင်စစ် ကျွန်တော်သည် မလုပ်နိုင်မကိုင်နိုင်သော သူသာဖြစ်၏။ သို့သော် ကျွန်တော်သည် မည်သူ၏အကျိုးစီးပွားကိုဖြစ်စေ လုပ်နိုင်ကိုင်နိုင်သလောက် လုပ်ခဲ့သည်သာ ဖြစ်၏။

ဤသို့လုပ်နိုင်ကိုင်နိုင်နေသည်ကို ကံကြမ္မာက မလုပ်ကိုင်နိုင်အောင် ထိန်းချုပ်မှု၊ ကန့်သတ်မှုများ ပြုလာသော်လည်း ကျွန်တော်က တတ်စွမ်းသမျှ လုပ်နိုင်သလောက် လုပ်ကိုင်နေရသည့် မိမိအဖြစ်ကို စိတ်မကောင်းဖြစ်သွားရခြင်းဖြစ်လေသည်။



**လမင်းပုံရိပ်**

မစန္ဒာနှင့် ကျွန်တော့်မှာ မိမိတို့၏ အဆင်မပြေရသော ဘဝလမ်းကြောင်း၌ အချိန်ကြာမြင့်စွာ ရပ်တည်လာရလျှင် စိတ်ဓာတ်ရေးရာများမှာ ချို့တဲ့လာမည်ကိုလည်း စိတ်ပူလာပါသည်။ သို့ဖြစ် မစန္ဒာအတွက် စိတ်သက်သာမှုရစေရန် လုပ်ငန်းတစ်ခု တည်ထောင်လုပ်ကိုင်စေပါသည်။

ဂျပန်နိုင်ငံရှိ သူ့အစ်ကိုကပို့ပေးထားသော ဗီဒီယိုကင်မရာလေးဖြင့် အမှတ်တရပွဲများ၊ မှတ်တမ်းတင်များကို "လမင်းပုံရိပ်" ဟူသော အမည်ဖြင့် မစန္ဒာကိုယ်တိုင် ဗီဒီယိုကင်မရာကိုင်၍ လိုက်ရိုက်၏။ တစ်ပွဲလျှင် ငွေကျပ်သုံးသောင်းခွဲ၊ လေးသောင်းခန့် ရိုက်ခဈေးရှိနေစဉ်၌ ကျွန်တော်တို့က ငွေကျပ်တစ်သောင်းဝန်းကျင်ခန့် ဈေးဖြင့်လုပ်ကိုင်ပေးသောအခါ မိတ်ဆွေသစ်များ၊ လောကသစ်များ တိုးပွားလာရလေသည်။

လုပ်ကိုင်ရသည့် အလုပ်ကလည်း ကြည်သာရွှင်လန်းသော နေရာဌာနများတွင်ဖြစ်သည့်အပြင်၊ လမင်းပုံရိပ်ကို လိုလိုလားလား လက်ခံကြိုဆိုကြသောကြောင့် မစန္ဒာမှာ စိတ်တက်ကြွလာရ၏။ လုပ်ရင်းကိုင်ရင်းလည်း လုပ်ငန်းကျွမ်းကျင်လာလေသည်။

**ကောင်းမှုများဘက်သို့ စိတ်ကိုဦးတည်**

ကျွန်တော်သည် ညစဉ်ပုတီးစိပ်၏။ အိပ်ရာထက်၌ တရားမှတ်ရင်း အိပ်ပျော်ခြင်းသို့ ညင်သာစွာ ကူးပြောင်းစေရ၏။

တစ်ခါတစ်ရံ အိပ်မပျော်နိုင်သည့် ညများ၌ အိပ်ရာခေါင်းရင်းရှိ ပြတင်းပေါက်ကိုဖွင့်၍ ကောင်းကင်ဆီသို့ငေးမောနေမိတတ်၏။ ကောင်းကင်၌ မည်းမှောင်နေခြင်းကို မြင်ရလျှင် မိမိဘဝသည်လည်း ထိုသို့ဖြစ်နေပြီလားဟူ၍ တွေးမိ၏။

www.burmeseclassic.com

www.burmeseclassic.com

အချိန်အားသည့်အခါတိုင်း ကျွန်တော်သည် အလှမွေးထားသော ငါးလေးများ၊ လိပ်ကလေးများကို အစာကျွေးရင်း သူတို့ သဘာဝအတိုင်း ကူးခတ်သွားလာလှုပ်ရှားနေခြင်းများကို ကြည့်လျက် စိတ်၏ တင်းမာမှုများကို လျော့စေရ၏။

ကျွန်တော်သည် လကုန်ရက်တိုင်း မေမေ့ခြေရင်းမှာထိုင်၍ မေမေ့လက်ထဲသို့ ငွေကျပ် ခြောက်သောင်းကိုထည့်ကာ လက်အုပ်ချီလျက် ရှိသေစွာ ကန်တော့ပါသည်။ ဤသို့ ပြုခြင်းဖြင့် မိမိစိတ်ကို သက်သာ ချမ်းသာမှု ရှိစေရလေသည်။

တစ်ဖက်ကလည်း ကုသိုလ်ကောင်းမှုများ၊ လူမှုရေးဆောင်ရွက်မှုများကို အာရုံထားလုပ်ကိုင်ရင်း၊ ယင်းအကြောင်းအရာများအပေါ် မိမိစိတ်ကို လွှဲထားရ၏။

ဇီဝိတဒါနသံဃာဆေးရုံနှင့် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ စသည့်တို့၌ တတ်အားသမျှ ငွေပဒေသာပင် အလှူများလည်း လှူဖြစ် ပါ၏။

နှင်းဆီကုန်းဘိုးဘွားရိပ်သာ တစ်ဆယ့်ငါးကြိမ်မြောက် ငွေပဒေသာပင် အလှူရေစက်ချပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုညှိခံပွဲ ဖိတ်ကြားလွှာရရှိသောအခါ၊ ကျွန်တော်သည် စိတ်အပြောင်းအလွဲလေးများ ဖြစ်စေလိုသော သဘောဖြင့်၊ ယင်းအခမ်းအနားသို့ တက်ရောက်လိုစိတ် ဖြစ်မိလေသည်။

သို့ဖြစ်သည့်အတိုင်း မစန္ဒာနှင့် ကျွန်တော်သည် ယင်းအခမ်းအနားသို့ လာခဲ့၏။

ထိုမှ ကြိုဆိုညှိခံသူများသည် ကျွန်တော့်အား အခမ်းအနားကျင်းပရာ ခန်းမကြီးထဲသို့ ပွေ့ချီခေါ်သွားကြ၏။ ယင်း



ပတ်ဝန်းကျင်ဝယ် ကျွန်တော့်စိတ်သည် အလိုအလျောက်အေးချမ်းကြည်နူးလာမိရ၏။

ရေစက်ခွက်လာချပေးအခါ ကျွန်တော်သည် ရေစက်ချရင်း စိတ်၌ အမှတ်အသားတစ်ခု ဖြစ်သွားရ၏။

ကျွန်တော်သည် ဤသို့သော ကောင်းမှုမျိုးများကို မိမိ အစီအစဉ် မိမိသဘောဖြင့် အတော်အတန် ဆောင်ရွက်ခဲ့ဖူးသည်မှာ မှန်ပါသည်။ သို့သော် တစ်ကြိမ်တစ်ခါမျှ ဤသို့ ရေစက်ခွက်ကိုင်လျက် ရေစက်မချခဲ့ရဖူးဘူးပါ။ ဤနေရာမှာ ဤသို့ ရေစက်ချလှူဖူးခြင်းသည် ကျွန်တော့်အဖို့ ပထမဦးဆုံးအကြိမ် ဖြစ်ပါ၏။

**ဘိုးဘွားတို့တွက်နေရာ**

ဤဘိုးဘွားရိပ်သာကို ၁၉၃၃ ခုနှစ်၌ အဘွားဒေါ်ဦးဇွန်းက စတင်တည်ထောင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ နောင်တွင် မြန်မာ့အလင်း သတင်းစာ ဆရာဦးတင်က အဘွားဒေါ်ဦးဇွန်း၏ လုပ်ဆောင်ချက်များကို ဆက်လက် အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်၏။

ယခုအခါ ခိုကိုးရာမဲ့ အဘိုး (၁၀၀)နှင့် အဘွား (၁၄၀)ကို ပြုစုစောင့်ရှောက်ထားလျက်ရှိကြောင်း သိရ၏။

ဘိုးဘွားများအတွက် ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ အဆောက်အအုံပဒေသာပင်၊ အထွေထွေပဒေသာပင် စသဖြင့် ငွေ ပဒေသာပင်လေးမျိုး လှူဒါန်းနိုင်အောင် ထားရှိပေး၏။

ကျွန်တော်သည် ခိုကိုးရာမဲ့ ဘိုးဘွားများအတွက် စီစဉ်လုပ်ကိုင်ထားပုံများ ကောင်းမွန်လှခြင်းကို တွေ့မြင်လိုက်ရသဖြင့်

www.burmeseclassic.com

www.burmeseclassic.com

စိတ်၌ ချမ်းသာခြင်း ပီတိဖြစ်မိပြီး၊ မိမိလည်း တတ်စွမ်းနိုင်ပါက ယင်းကဲ့သို့ လူမှုရေးလုပ်ငန်းများ လုပ်ဖြစ်အောင် ကြိုးစားဦးမည်ဟူ၍ စိတ်၌ ဖြစ်မိလေ၏။

**လျှပ်စစ်ဘီးတပ်ကုလားထိုင်**

နံနက်စောစော အိပ်ရာမှမထမီ ဖုန်းသံမြည်လာ၍ ကောက်ကိုင်လိုက်ရာ-

"ကိုလေးလား. ."

"အေး- ဟုတ်တယ်"

"ကိုလေးဖို့ လျှပ်စစ်ဘက်ထရီမော်တာနဲ့သွားတဲ့လှည်းလေး ဝယ်ထားပြီးပြီ။ သိပ်ကောင်းတာပဲ။ လမ်းမပေါ်မှာလဲ သွားလို့ရတယ်။ အသစ်ဆိုရင် ဒေါ်လာခုနစ်ထောင်လောက် ပေးရမှာ။ ခုတော့ သုံးပြီးပြန်ရောင်းတာမို့ အဲဒီလောက်တော့ မပေးရဘူး။ ကိုလေးဘဝမှာ မော်တော်ကားထက် ဒီပစ္စည်းက မရှိမဖြစ်လိုအပ်လို့ အမှတ်တရဝယ်ပေးတာ။ ခုဝယ်ဖြစ်တော့ ညီမလေးမှာ ဝမ်းတွေသာလို့လေ။ ကိုလေးကို ခုချက်ချင်းပေးချင်လှပြီ။ ကိုလေး သိပ်သဘောကျမှာ"

"ဩော်-"

"ကိုလေးဟာ ညီမလေးတို့ကို စိတ်အားတွေ အများကြီးပေးခဲ့တာ။ ကျေးဇူးတွေလည်း ရှိပါတယ်"

ကျွန်တော်မျက်ရည်ဝဲသွားမိပါသည်။ ယခုဖုန်းပြောနေသူမှာ တစ်ချိန်က ကျွန်တော်တို့ အိမ်ကြီးပေါ်မှာ အတူနေခဲ့ဖူးသော ညီမဝမ်းကွဲလေး ဖြစ်၏။ ယခုမူ သူတို့ညီအစ်မနှစ်ယောက်စလုံး ခြစတြေးလျနိုင်ငံ၌ အလုပ်အကိုင်ဖြင့် အခြေကျနေပြီ ဖြစ်ပါသည်။



"ညီမလေးတို့ နောက်နှစ်လသုံးလလောက်ဆို မြန်မာပြည်ကို ခဏလာလည်မယ်။ အဲဒီတော့မှ ဒီလှည်းလေးယူလာပေးမယ်နော်" စသဖြင့် သူက အားတက်သရော ဝမ်းပန်းတသာ ဖုန်းပြောပြီး ဖုန်းချသွား၏။

ကျွန်တော့်မှာ ယခုလို နေရေးထိုင်ရေးပြဿနာတွေရှိပြီး စိတ်ဓာတ်သိမ်ငယ်နေစဉ်၌ ဤကဲ့သို့ သူ့စေတနာနှင့် သူ့ကူညီဖေးမခြင်းမျိုး ကြုံရသောအခါ စိတ်ဝယ် ခံစားမှုတစ်ခုတော့ ဖြစ်ရလေသည်။

**လူသားဖြစ်သောကျွန်တော်**

ကျွန်တော်သည် မိမိဘဝကိုလည်း မိမိဘာသာ ပြန်လည်သုံးသပ်နေမိ၏။ ကျွန်တော်သည် လူ့လောကသို့ ရောက်ရှိပြီး လူမည်ဘဝ၌ မိမိကိုယ်မိမိ အသက်ရှင်ရပ်တည်နိုင်အောင် သေမင်းနှင့် စစ်ခင်းခဲ့ရ၏။

အသက်ရှင်ရပ်တည်နိုင်ပြန်တော့လည်း မိမိသည် ကိုယ်လက်အင်္ဂါမသန်စွမ်းသူ ဖြစ်သောကြောင့် မိမိပတ်ဝန်းကျင်နှင့် လူ့လောကကို ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် ကြိုးစားခဲ့ရ၏။ ထို့မှတစ်ဖန် လူ့လောက လူ့ပတ်ဝန်းကျင်အား အကျိုးပြုနိုင်ရန် တန်ဖိုးရှိသော လူသားတစ်ဦးဖြစ်အောင် မိမိကိုယ်မိမိ ပန်တီးကြည့်ခဲ့မိ၏။

နောက်ဆုံး လူ့လောကမြစ်ပြင်ကျယ်၌ ကျွန်တော်သည် လူသားတစ်ယောက်အဖြစ် ရုန်းကန်ကူးခတ်ရင်း လောကဓံမုန်တိုင်းနှင့် ကြုံရလေ၏။ ထိုအခါ "ဘဝ၏နိဂုံး" လေလားဟု ကျွန်တော်တွေးထင်လာမိသည်။

"ဘဝခရီးအဆက်တွင်မူ ကျွန်တော်ဖြတ်သန်းတွေ့ကြုံခံစားခဲ့ရသည့်စေတနာများ၊ ဝေဒနာများ၏အရင်းအနှီးဖြင့် ငြိမ်းချမ်း

www.burmeseclassic.com

www.burmeseclassic.com

ပျော်ရွှင်သောခရီးလမ်းအဖြစ် တည်ဆောက်ခွင့်ရမည်ဟု မျှော်လင့်မိပါသည်။

အခြားသူများ၏ဘဝများနှင့် ကွဲပြားစွာ လျှောက်လှမ်းခဲ့ရသည့် ဘဝအခြေအနေကို အားကျသူများ၊ စာနာသူများ၊ နှစ်သိမ့်ကြသူများနှင့် ကျွန်တော်၏အောင်မြင်မှုကို မျှဝေခံစားခဲ့ကြသူမိတ်ဆွေသားချင်းများကိုလည်း ရင်မှကျေးဇူးဖြစ်တည်ထွန်းပါသည်။

အထူးသဖြင့် ကျွန်တော်၏ လျှောက်လှမ်းရမည့်ဘဝ ခရီးအဆက်တွင် ကျွန်တော်၏ ဘဝနွံအတွင်း၌ တစ်လျှောက်လုံး ထပ်ကြပ်မကွာ ပါဝင်ခဲ့ကြသည့် ကျွန်တော်၏မိသားစုများနှင့်နားလည်ပျော်ရွှင်မြူးရလျက် မစန္ဒာနှင့်အတူ သားစဉ်မြေးဆက်လက်ဆင့်ကမ်းရမည့် ကောင်းမှုမျှဝေတတ်သည့် မိသားစုကြီးအဖြစ်ဦးဆောင်ရပ်တည်ခွင့်လည်း ကြုံချင်ပါသည်။ ကြုံခွင့်လည်းရပါစေဟု ဆန္ဒပြုမိပါသည်။

ကျွန်တော်သည် "ဦးနှောက်တစ်လုံး- လက်တစ်ဖက်ရှေ့ခရီးအစ" ဟူသော စာအုပ်ကို ရေးခဲ့ပြီး နှစ်ပေါင်းနှစ်ဆယ့်ငါးနှစ်ခန့် ကြာသောအခါ "ဦးနှောက်တစ်လုံး- လက်တစ်ဖက်-မျက်စိတစ်လုံး- ဘဝခရီးနိဂုံး" ဟူသည့် စာအုပ်ကို ရေးမည်ဟုစိတ်ကူးလိုက်၏။

သို့သော် "ဘဝခရီးနိဂုံး" ဟူသည် မဖြစ်နိုင်ဟု ကျွန်တော်တွေးမိပြန်သည်။ လူသည် ဦးနှောက်ကောင်းမွန်နေသမျှ အသက်ရှင်နေသရွေ့ကာလပတ်လုံး "ဘဝခရီးနိဂုံး" ဟူ၍ မရှိနိုင်သေးဟုတွက်ဆမိ၏။ "ဘဝခရီးအဆက်" သာရှိနိုင်ပါမည်။

"မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကို
ထား။ ပြောပြုတွေးလျှင်၊ သတိယှဉ်၊ ဆင်ခြင်ဉာဏ်ရှေ့သွား
စိတ်ထားဖြောင့်မှန်၊ ခွင့်လွှတ်ရန်၊ သည်းခံမေတ္တာထား



လုံ့လနှင့်ဖွဲ၊ မလျှော့ဘဲ၊ အမြဲတင်းတင်းထား။ အရာရာတွင်၊
အသုံးဝင်၊ အောင်မြင်ကြောင်းတရား"

ချမ်းမြေ့ဆရာတော်ဘုရား၏ ဩဝါဒများကို နှလုံးသွင်း၍ မေတ္တာပွားပုံများကိုလည်း ကျွန်တော်သည် စားလုံးကြီးကြီးဖြင့် မိတ္တူကူးကာ အဖြူရောင်သင်ပုန်းပေါ်၌ ချိတ်ဆွဲထားပါသည်။

"အားလုံးသတ္တဝါတွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ အစစအရာရာအဆင်ပြေကြပါစေ"

"အားလုံးသတ္တဝါတွေ ဘေးကင်းကြပါစေ၊ ရန်ကင်းကြပါစေ၊ စိုးရိမ်ခြင်းကင်းကြပါစေ၊ ပူဆွေးခြင်းကင်းကြပါစေ၊ ကြည်လင်ရွှင်လန်းချမ်းမြေ့ကြပါစေ"

"အားလုံးသတ္တဝါတွေ ဒေါသမာန်မာန ကင်းကြပါစေ၊ ရန်မူလိုခြင်း ကင်းကြပါစေ၊ နှိပ်စက်လိုခြင်း ကင်းကြပါစေ၊ သတ်ဖြတ်လိုခြင်း ကင်းကြပါစေ၊ ရန်ငြိုးသိုခြင်း ကင်းကြပါစေ၊ မနာလိုခြင်း ကင်းကြပါစေ၊ စိတ်ထားပြူစင် မေတ္တာဝင်ချစ်ခင်ကြင်နာကြပါစေ"

"အားလုံးသတ္တဝါတွေ လိမ်ညာလှည့်ဖြားရှောင်ရှားကြပါစေ၊ ကောက်ကျစ်စဉ်းလဲ ရှောင်လွှဲကြပါစေ၊ ကုန်းချောစကား ရှောင်ရှားကြပါစေ၊ ကြမ်းတမ်းစကား ရှောင်ရှားကြပါစေ၊ ကြိမ်းမောင်းစကား ရှောင်ရှားကြပါစေ၊ ရန်လိုစကား ရှောင်ရှားကြပါစေ၊ အနှစ်မဲ့စကား ရှောင်ရှားကြပါစေ၊ အကျိုးမဲ့စကားရှောင်ရှားကြပါစေ၊ ဟုတ်မှန်ကျိုးရှိ အနှစ်ပြည့်၍ ပိယဝါစာချိုသာစကား မေတ္တာထား ပြောကြားကြပါစေ"

www.burmeseclassic.com

www.burmeseclassic.com

"အားလုံးသတ္တဝါတွေ သူ့ပစ္စည်းကို ရယူလိုခြင်း ကင်းကြပါစေ၊ သူ့အကျိုးကို ဖျက်ဆီးလိုခြင်း ကင်းကြပါစေ၊ အယူမှားကို စွဲယူလိုခြင်း ကင်းကြပါစေ၊ ယူမှားကင်းကြ လောဘကို သိမ်း ဒေါသထိန်း အေးငြိမ်းကြပါစေ"

"အားလုံးသတ္တဝါတွေ ဥစ္စာခနေပြည့်စုံကြပါစေ၊ အလှူဒါန ပြုနိုင်ကြပါစေ၊ ကိုယ်ကျင့်သီလထိန်းနိုင်ကြပါစေ၊ ဥပုသ်သီလ စောင့်နိုင်ကြပါစေ၊ သမထတရားပွားနိုင်ကြပါစေ၊ ဝိပဿနာ တရား ပွားနိုင်ကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ လိုအင်ဆန္ဒမှန်သမျှ ပြည့်ဝကြပါစေ"

"သူတော်စိတ်မြတ်၊ အငြိမ်းခေတ်၊ လွှမ်းပတ်ကမ္ဘာတည် ပါစေ၊ မေတ္တာစိတ်မြတ်၊ အအေးခေတ်၊ လွှမ်းပတ်ကမ္ဘာ မြဲပါစေ၊ သတ္တဝါမှန်သမျှ၊ ဘေးမခ၊ အေးမြချမ်းသာ ရှိပါစေ၊ သတ္တဝါမှန်သရွေ့၊ တရားတွေ့ ချမ်းမြေ့သာယာ ရှိပါစေ..။

မောင်စိန်ထွေး

BURMESE CLASSIC .com

ပ၊စ၊လ/၈၁၄/၀၃/စာပေ (စာတည်း)/၃၀၀၀+၅၀၀အုပ်/အောင်ဆန်း

www.burmeseclassic.com